
www.burmeseclassic.com

ကံ့ရာဇာနှင့်မိုက်ခဲသုံးယောက်




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စ ဂုဏံ အဟံ ဝန္ဒာမိ

## မင်းစက္ကူ-ကံရာဇာနှင့် မိုက်ခဲသုံးယောက်

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၅၅၀၂၀၈
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၀၃၁၂၀၇
ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ မတ်လ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်မြင့်မြင့်တင် (မြင့်သီရိပုံနှိပ်တိုက်) အမှတ် (၂၀၈)၊ လမ်း - ၃၀၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးလှနိုင် (မြိုတ်စာပေ) အမှတ် (၆၆)၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြိုတ်စာပေ၊ (ဖုန်း - ၇၀၄၄၉၀) အမှတ် - ၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်မြို့။
စီစဉ်သူ - ကိုလှနိုင် (မြိုတ်)
အထက်မြန်မာပြည် ဖြန့်ချိရေး - နဂါးစာပေ၊ (မန္တလေး) ထွန်းဦးစာပေ၊ (မန္တလေး)

**မြိုတ်စာပေ** မှ

## ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု စာရေးဆရာ မင်းစက္ကူ၏ ထွက်ပြီးစာအုပ်များ

၁။ မောင်းနှစ်လုံးမောင်ဖိုး ထွက်ပြီး
၂။ ဟိမဝန္တာစေတမာန် ထွက်ပြီး
၃။ မှုက်နှာမည်းကြီးပိုလိမ့်မည် ထွက်ပြီး
၄။ မတစ်ထောင်သား မောင်ထိန်ဘွား ထွက်ပြီး
၅။ သေလာင်စောင်စွယ်ရှန်အသွယ်သွယ် ထွက်ပြီး
၆။ သင်္ချိုင်းတောနှင့် သမျှော်မာယာ ထွက်ပြီး
၇။ ကံရာဇာနှင့် ပတ္တမြားလည်သဲ့ ထွက်ပြီး
၈။ ကံရာဇာနှင့် ပဥ္စလက်စားနှင့်ခြင်နှာ ထွက်ပြီး
၉။ မဟာရာတောင်ကျိန်စာ ထွက်ပြီး
၁၀။ ပြိဒ်မြေ ထွက်ပြီး
၁၁။ အဲ့သော်ယကျွစ်ဒွိ ထွက်ပြီး
၁၂။ လက်ခုပ်သံလား မိုးသံလား ထွက်ပြီး
၁၃။ ပုဂ္ဂလိသစ္စာ ထွက်ပြီး
၁၄။ ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ (၁) ထွက်ပြီး
၁၅။ ဆင်ကြီးမောင်းထီးနှင့် နန်းစဉ်မကိုင်ကြီး ထွက်ပြီး
၁၆။ သချ္ဂြိုဟ်မျက်ရှင် ထွက်ပြီး
၁၇။ ပေါ်ရိုသအငွေ့ပါ ထွက်ပြီး
၁၈။ မောဂိုယ်မာယာ ထွက်ပြီး
၁၉။ ကျောက်မောင်းသံနှင့်ရွှာပျောက်ကြီး (ပ+၃) ထွက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

**ငင်းခက္ကာ ၏ ဆက်လက်ထွက်ရှိလာတော့မည့်ရှုမ္ပိုရဆန်းကြယ်လုံးချင်းဝတ္ထုများ**


| | |
|---|---|
| ၀။ မြိုင်တောကြီးနှင့် သူဖောင်မင်းသမီး (မင်းခကြာ) | ထွက်ပြီး |
| ၁။ သေလာဟီမသခင် | ထွက်ပြီး |
| ၂။ မီးပြတိုက်သရွေ (မင်းခကြာ) | ထွက်ပြီး |
| ၃။ စိတ္တဒေဝီ | ထွက်ပြီး |
| ၄။ ကမ္ဘာ့ရဆန်းကြယ်ဝတ္ထုတိုများ (ဂုနက်ကြီး) | ထွက်ပြီး |
| ၅။ မုန်တိုင်းခေါ်သံ | ထွက်ပြီး |
| ၆။ ဇော်ဂီချစ်သူ (မင်းခကြာ) | ထွက်ပြီး |
| ၇။ သံလက်ကေရီ | ထွက်ပြီး |
| ၈။ မာယာအိမ်ကြီး (မင်းခကြာ) | ထွက်ပြီး |
| ၉။ စနေသားကြောင်ပျံ | ထွက်ပြီး |
| ၀။ ယက္ခဒေဝီ | ယခုထွက်ပြီ |
| ၁။ ကံရာဇာနှင့် မိုက်ခဲ(၃)ယောက် | |
| ၂။ ရလေလိုလေ မောင်ဖိုးတေ | |
| ၃။ ပြောမဆုံးပေါင်တောသုံးတောင် | |
| ၄။ ကုမ္ဘီလကုမာရီ | |
| ၅။ ကံရာဇာနှင့် လက်ပြတ်တာတေ | |
| ၆။ ဘုတာဝါဟနအရှင် | |
| ၇။ ကျောက်ခွားကိုးကောင် ပိုတစ်ထောင် | |
| ၈။ မရဏာနဒီလှိုင်း | |


# အခန်းစဉ်

## ကံရာဇာနှင့်မိုက်ခဲသုံးယောက်


၁။ ကမ္ဘာ့ခေါင်မိုး

၂။ မိုက်ခဲတိမ်နီ

၃။ မိုက်ခဲဇောတိ

၄။ မိုက်ခဲဒေဝေါ

၅။ ခန္ဓလူမျိုးစုတို့ရဲ့နေရာ

၆။ နဂါးမောက်တောင်

၇။ နဂါးတစ်ကောင်၏အမြီးရှာတွေ့ပြီ

၈။ နဂါးတိုင်းပြည်လေ

၉။ ရွှေပုဆိန်ရပြီ

၁၀။ သူတော်ဂန္ဓ၏အတိတ်ဘဝဇာတ်ကြောင်း

၁၁။ သူတော်ဂန္ဓအကျဉ်းကျခံရခြင်း

၁၂။ ကျိန်စာသင့်နေကြသောရွာကလေး

၁၃။ ရေခဲမြစ်ထဲက ဆင်သေကောင်ကြီး

၁၄။ ငှက်မျက်နှာနှင့်လူများ

၁၅။ ထပ်ဆင့်အသက်ဘေးအန္တရာယ်များ

၁၆။ အန္တရာယ်မှလွတ်မြောက်သွားခြင်း

၁၇။ အမွှာပူးနဂါးနှစ်ကောင်

၁၈။ လူပုကလေးအဖိုးတစ်ဦး

၁၉။ နဂါးပြည်သို့ဖြတ်လမ်း

၂၀။ နဂါးပြည်ကို ကံရာဇာရောက်သွားခြင်း

၂၁။ ကံရာဇာနှင့်မိုက်ခဲသုံးယောက်

၂၂။ နဂါးမယ်များ

၂၃။ နဂါးများဆီကလွတ်မြောက်ဖို့

၂၄။ နှင်းမုန်တိုင်းထဲမှာ

၂၅။ စောင့်နေသူဂူနန်းရှင်

၂၆။ ကျိန်စာဆိုးကလွတ်မြောက်ကြပြီ


www.burmeseclassic.com

www.burmeseclassic.com

# မင်းစက္က

# ကံရာဇာနှင့်မိုက်ခဲ့သုံးယောက်



(၁)

## ကမ္ဘာ့ခေါင်မိုး

လူတစ်ယောက်။

တောကြီးမြက်ဝန်းထဲမှာ အဖော်မပါတစ်ယောက်တည်း ...ာက်လျှောက်ပင်၊ ပြေးလာနေလျက်ရှိသည်။ လက်ထဲမှာ ...င်းရှည်သေနတ်ကြီးတစ်လက်ကိုကိုင်ထားသည့် ခေါင်းပေါ် ...ဂျွန်းဂဲလ်ဟက်ခေါ် တောလိုက်မုဆိုးဦးထုပ်တစ်လုံးကိုဆောင်း ...ားသည်။ ဖိနပ်ကလည်း တောစီးဖိနပ်၊ အိတ်နှစ်ဖက်ပါ ကာကီ ...ကြိုပွပွကြီးနှင့်ဘောင်းဘီက အရောင်အသွေးအတူတူ။

လည်ပင်းမှာလည်း အားကောင်းသည့်မှန်ပြောင်းတစ် ...တ်ကို ဆွဲထားသေးသည်။ ထိုသူကား. . .

ထိုသူကား. . . ကံရာဇာ. . .

ကံရာဇာသည် ရှေ့ကိုပြေးနေရင်းကား နောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မအေးသလို မကြာခဏနောက်ကိုလှည့်လှည့်ကြည့်သည်။ ထိ
နောက်ဆက်ပြီးတော့ ပြေးနေပြန်သည်။ ဤတောအုပ်ကိုလွန်
မြောက်သွားရင်း သူ့အတွက်အသက်အန္တရာယ်က ဝေးသွားလိမ့်
မည်ဟုထင်မိသည်။

သူ့နောက်ကိုလိုက်နေကြသည်။ ရန်သူတွေကတော့. . .

ညကမှောင်နေသည်။ တောရိပ်တောင်ရိပ်က ညဘက်
မှာဖိုပြီးတော့မည်းမှောင်လျက်ရှိသည်။ အမှောင်ထုကြီးတစ်ခုလုံး
က ပတ်ဝန်းကျင်ကိုဝါးမြိုထားလျက်။

သို့သော်. . . ကံရာဇာ၏မျက်လုံးတွေက အမှောင်ကို
ခွင်းပြီးတော့ ကောင်းစွာပင်မြင်နိုင်သည်။ ဤသို့သောစွမ်းအင်
မျိုး မည်သို့ရရှိခဲ့သလည်းဆိုသည်ကို မသိပါ။ သူ့မျက်လုံးတွေက
လမ်းမှာမည်သည့်အရာကိုမှ မတိုက်မိဘဲ တောင်လျှောက်ပင်
ပြေးလာနိုင်ခဲ့သည်။ အမှောင်တေဖောက်အလင်းမျက်လုံးများကို
သူမည်ကဲ့သို့ပိုင်ဆိုင်ခဲ့သလည်းဆိုသည်ကိုလည်း မပြောတတ်ပါ။

"ဖလပ်. . . ဖလပ်. . . ဖလပ်"

တောင်ပံခတ်သံများလိုလို ကြားလိုက်ရသည်။ သိလိုက်
သည်။ လာပြီ၊ လာပြီ၊ သူ့နောက်က လိုက်လာနေကြပြီ
ကံရာဇာသည် သစ်ပင်ကြီးတစ်ပင်၏အကွယ်မှာ ဝင်ရပ်လိုက်
သည်။ သေနတ်တင်းထိန်းခလုတ်ကိုဖြုတ်လိုက်၏။

"ချောက်"

အမှောင်ထဲမှာ ပျံသန်းလာသောဖြူဖြူအကောင်ကြီး
တစ်ကောင် ရှည်လျားသောအတောင်ကြီးနှစ်ဖက်ကိုဖြန့်ကာ
သစ်ပင်ကြီးတစ်ပင်ပေါ်က ပျံသန်းလာနေသည်။ အမှတ်တမဲ့





ကြည့်လျှင် ကြီးမားသောငှက်ကြီးတစ်ကောင်ဟု ထင်ရသည်။
တကယ်လည်း ငှက်ဖြူကြီးတစ်ကောင်ပါပေ။

သို့သော်. . . သေသေချာချာကြည့်လျှင် ကွဲလွဲချက်တွေ
ကရှိနေသည်။ ဖြူဆွတ်သော တောင်ပံကြီးနှစ်ခုသည် လင်းနို့
အတောင်ပံများပမာရှိနေကြသည်။ တွဲဆက်နေသော အရည်ပြား
များပင် ငှက်မွေးတောင်များ မပါရှိကြ။

လည်တံက လင်းတစ်ကောင်ကဲ့သို့ပင် ရှည်၍အတိုင်း
ပင် ခြေတံတွေကတော့ ငှက်တစ်ကောင်၏ခြေတံများအတိုင်းပင်။

ဆိုစရာရှိသည်က ဦးခေါင်းပိုင်းပင်ဖြစ်သည်။ ငှက်နှုတ်
သီးကဲ့သို့ပါရှိသော်လည်း ဦးခွံမှာလူခေါင်းနှင့်ဆင်ဆင်တူနေ
သည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံကမှအစ လူမျက်နှာနှင့်တူနေ
သည့် အချက်ပင်တည်း။ ပါးစပ်က ငှက်နှုတ်သီးပုံဟုဆိုသော်
လည်း အနည်းငယ်ကျယ်ပြန့်နေသည်။ လူသားတစ်ယောက်၏
ပါးစပ်ပြုနေပုံမျိုးနှင့် လုံးဝတူညီနေသည့်အတွက် တစ်ကိုယ်လုံး
ကြည့်လျှင် ငှက်တစ်ဝက်၊ လူတစ်ဝက်သတ္တဝါဟုဆိုရမည်သာ
တည်း။ ငှက်မျက်နှာကြီးမှာ ယသဒိစရာကောင်းလောက်အောင်
ပင် အကြည့်ရ အရုပ်ဆိုးလှသည်ဟု ဆိုရမည်သာ။

ခြေထောက်နှစ်ချောင်းကလည်း ခြေဖဝါးများသည့်
လူသားတစ်ယောက်၏ ခြေဖဝါးများနှင့်ခပ်ဆင်ဆင်တူနေသည်။
ရှည်လျားချွန်ထက်နေသော ခြေသည်းတွေရှိသည်။

ပျံသန်းလာရာမှာတော့ မြန်ဆံလွန်းလှသည်။ အမြန်ပျံ
ဝဲပြီး အောက်ကိုငုံ့ကြည့်ကာ သားကောင်ကိုရှာဖွေနေသည်။
သူရှာဖွေနေသည်က မနုဿသားကောင်ပင်။ ထို့နောက်

www.burmeseclassic.com



ကြီးမားသော အတောင်ကြီးတွေကိုကြည့်ကာ အောက်သို့ သေသောပင်နိမ့်ဆင်း လာခဲ့လေသည်။

ငှက်ကြီးသည် မြေသို့မရောက်မီမှာပင်။

"ဂိုး"

အော်သံတစ်ချက်က ထွက်ပေါ်လာခဲ့သည်။ အာရုံကြောများ က ရှင်သန်လာသည်။ ရန်သူမည်သည့်နေရာမှာရှိနေသည်ကို အလိုလိုနေရင်းနှင့်ကိုသိနေသည်။ ထို့ကြောင့် ကံရာဇာရှိရာသစ်ပင် ကြီးအောက်ကို တဟုန်ထိုးပင်ပျံသန်းကာဝင်ရောက်လာခဲ့လေရာ-

"ငါပုန်းနေတာတောင် မြင်နိုင်တဲ့ကောင်ကြီး"

ကံရာဇာသည် ငှက်ကြီးကိုကြည့်ပြီး ဒေါသထွက်သွားခဲ့ လေ၏။ ဒေါသနတ်ဖြင့် လူခေါင်းသဏ္ဍာန်မျက်နှာကြီးကို ထိုးချိန် လိုက်သည်။ မောင်းကွင်းထဲရှိ ခလုတ်ပေါ်မှာလက်ညှိုးကိုကပ်ထား လိုက်လေ၏။

ငှက်ကြီးက ကံရာဇာဆီကိုထိုးပြီးတော့ပျံသည် လာလေရာ ငှက်မျက်နှာကြီးက ဦးသထက်နီးကပ်လာခဲ့လေပြီ။ မိမိရရချိန်ပြီး သည်နှင့် ခလုတ်ကိုဖိချလိုက်လေရာ-

"ဒိုင်း"

ကျယ်လောင်သောပေါက်သံကွဲသံကြီးတစ်ခုက ထွက်ပေါ် လာပြီ။ တစ်တောလုံးကို ရိုက်ခတ်သွားခဲ့လေ၏။ လူငှက်ကြီး၏ ခေါင်းက ပွင့်ထွက်သွားကာ အစအနပင် မကျန်ရအောင်ပျောက် ကွယ်သွားခဲ့လေ၏။ ထို့နောက် အောက်ကိုတရှိန်ထိုးပင်ပစ်ကျလာ လေတော့၏။

"အုံး"





အရှိန်ဖြင့်အရုပ်ကြိုးပြတ်ပစ်ကျလာခဲ့၍ မြေပြင်နှင့်ပြင်းထန် သောရိုက်ခတ်သံကြီးက ထွက်ပေါ်လာခဲ့လေသည်။ ငှက်ကြီးသည် အတောင်တွေတဖျတ်ဖျတ်နှင့် ရိုက်ခတ်ကာ ခြေနှစ်ချောင်းက လှုပ် ရှန်းကန်လျက်ရှိနေသေးသည်။ နောက်တော့မှငြိမ်ကျသွားခဲ့လေ

ကံရာဇာသည် ခေါင်းမရှိတော့သောငှက်ကြီး၏အနားကို ချောက်လာခဲ့သည်။ ထို့နောက် မျက်လုံးတွေက အတန်ကြာခိုက် ကြည့်နေသေးသည်။ နောက်ထပ်ရောက်လာနိုင်သေးသည့် အန္တရာယ်ကရှိသေးသည်။ ဝန်းကျင်ကိုတစ်ချက်ဝေ့ကြည့်လိုက်ပြီး နေရာမှ အလျင်မြန်ဆုံးထွက်လာခဲ့လေ၏။

\+ + + + +

ရုတ်တရက် မမျှော်လင့်ဘဲ မြူတွေကဆိုင်းလာခဲ့သည်။ ဆိုးအငွေ့တွေလိုပင် ရှေ့မှာလွှင့်ပါးနေလျက်ရှိနေကြသည်။ မြင် ကွင်းတွေက ဝေဝါးသွားခဲ့သည်။ ပီပြင်စွာပင် မမြင်နိုင်ပါလေတော့ ကံရာဇာက မြူတွေထဲတို့ ထိုးဖောက်ပြီးတော့ဝင်သွားခဲ့သည်။ မြက် ခြောက်တောကြီးကို ဖြတ်သန်းသွားရသည်။ မြက်များနှင့် ခြေ ထောက်၊ အဝတ်ပွတ်ထိခိုက်သံများက ထွက်ပေါ်လာခဲ့ကြသည်။ ဝန်းကျင်မှာ အသံများကထိုက်ခတ်နေကြသည်။

အမှောင်ထဲမှာ လွန့်လူးနေသော နှင်းမြူကန့်လန့်ကာကြီး သည် ကြီးမားသောဝိညာဉ်ကိုယ်ထည်ကြီး လှုပ်ရှားနေသည်နှင့်ပင် တူနေတော့သည်။ ဝိညာဉ်များအားလုံးစုပေါင်းကာ ဆိမ်းထိုးနေ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ပင်။

ယင်းဝိညာဉ်ကန့်လန့်ကာကြီး၏နောက်ကွယ်မှာ မည်သည့်အရာရှိနေသလည်းဆိုသည်ကို မပြောတတ်။ ကံရာဇာစိတ်ထဲမှာ မိမိနှင့်မပတ်သက်သောနေရာတစ်ခုက စောင့်ကြိုနေသည်ဟု ထင်မိလိုက်လေသည်။ နောက်မှာ လည်းမိမိကို အနှောင့်အယှက်ပေးကြမယ့် အကောင်အလောင် များက အချိန်မရွေးပင်ရောက်လာနိုင်လေ သည်။

"ရှေ့မှာ ရန်သူလား၊ မိတ်ဆွေလားဆိုတာမသိနိုင်ဘူး။ လောလောဆယ် နောက်ကရန်ကပိုပြီးတော့ အရေးကြီးတယ်၊ ဘာပဲဖြစ်ဖြစ် ငါရှေ့ကိုပဲဆက်ပြီးတော့သွားမယ်"

ဆုံးဖြတ်ချက်ချလိုက်လေ၏။ ဝိညာဉ်ကန့်လန့်ကာကြီးသည်။ သူ့ကိုလက်ထပ်ပြီးတော့ ခေါ်နေသလိုပင်၊ မြူတွေက အထပ်ထပ်ဖိသိပ်လာကြသောအခါ ဘာဆိုဘာမှ မမြင်နိုင်တော့။

သို့သော် ကံရာဇာသည် သေနတ်ကို ထမ်းကာ မြူနှင်းထုကြီးထဲကိုဖောက်ကာ ဝင်သွားခဲ့လေ၏။ အထဲကိုရောက်သွားခဲ့သည်။ အဲ. . . ရှေ့ငါးလအကွာလောက်ကိုကျော်ပြီး ဘာမှမမြင်နိုင်တော့ မြေပြင်သည်လည်း တဖြည်းဖြည်းနှင့်နိမ့်ဆင်းလာခဲ့သည်ဟု ထင်မိရလေသည်။

ထိုစဉ်

"ဂိုး"

"ဂိုး"

"ဖလပ် . . . ဖလပ် . . . ဖလပ်"

နောက်ကျောမှ မမျှော်လင့်သောအသံများက ထွက်ပေါ်





လာခဲ့ကြလေသည်။ ကံရာဇာ သဘောပေါက်သွားခဲ့လေပြီ၊ ငှက်ဆိုးကြီးများက နောက်ကနေလိုက်လာခဲ့ကြပြီဖြစ်၏။ လူခေါင်းမျက်နှာနှင့် ပုံပန်းမကျသော ငှက်ဆိုးကြီးများသည် နောက်ကနေဘဟုန်ထိုးပင်လိုက်လာခဲ့ကြလေပြီတည်း။ လမ်းမှာလည်း ကံရာဇာ၏ လက်ချက်ဖြင့် သေဆုံးနေခဲ့သော မိမိ၏အဝတ်များကိုလည်း မြင်ခဲ့ကြရ၍ ကြီးစွာသောဒေါသထွက်နေကြသည်။

ငှက်ကြီးများသည် လျင်မြန်သောအဟုန်ဖြင့် ပျံသန်းလာခဲ့ကြသောကြောင့် ကံရာဇာကိုပင်မီလာခဲ့ကြလေသည်။ ငှက်ကြီးများကား ဆယ်ကောင်ထပ်မနည်းရှိကြသည်။ ရှေ့မှာ နှင်းလိုက်ကာကြီးကာကာ ဆီးနေ၍ အရှိန်ဖြင့်ပျံသန်းလာကြသော ငှက်ကြီးများက ရုတ်တရက်ထွက်သွားကြလေ၏။ အလိပ်လိုက်၊ အလိပ်လိုက်ထကြွလူးလွန့်လျက်ရှိနေသော နှင်းမြူထုကြီးက တံတိုင်းကြီးခြားကာ တားဆီးထားသလိုလည်းဖြစ်နေသည်။

ထွက်နေသော အခိုးအငွေ့များသည် မကောင်းဆိုးရွားဝိညာဉ်ကောင်များ၏လက်တံများပမာပင် ငှက်ဆိုးအချို့သည် မြူနှင်းထုကြီးကိုထိုးဖောက်ကာ မဝင်ရဲကြ။ ဘေးမှာသာလျှင်ဝဲပိုက်ကာ ပျံသန်းနေကြသည်။

သို့သော် နှစ်ကောင်၊ သုံးကောင်ကတော့ သတ္တိကောင်းကြဟန်တူသည်။ အရှိန်ကိုမသတ်ဘဲ ထိုးဖောက်ပြီးတော့ဝင်သွားခဲ့ကြလေ၏။

ထိုစဉ်မှာပင် ထူးခြားသောအဖြစ်အပျက်များက မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့ကြလေ၏။

"ဝေါ"



www.burmeseclassic.com

www.burmeseclassic.com



အသံကြီးတစ်ခုက ဝေါကနဲဆိုထွက်ပေါ်လာခဲ့သည်။ မြ
ထုကြီးသည်လည်း တဖြည်းဖြည်းနှင့်ဝဲလှည့်ခဲ့သည်။

"ဝီး. . . ဝီး. . . ဝီး. . . ဝီး"

မြူဝဲကြီးထဲမှ ကြောက်မက်ဖွယ်ရာအသံဆိုးကြီး၊ တစ
ဝီးဖြင့် အော်မြည်လာခဲ့လေရာ ကံရာဇာသည် ထိုအသံများ
ကြားနေရသည်။ တဖြည်းဖြည်းဖြင့် ကျယ်လောင်လာခဲ့သည်
သူ့နားကိုပင် လက်နှစ်ဖက်ဖြင့်ပိတ်ထားရသည်အထိ ပေါက်ကွဲ
ကြီးလိုလို နားမခံနိုင်ပါ။

ညအမှောင်မှာ ဆွတ်ဆွတ်ဖြူသော အလင်းရောင်
ထူးဆန်းစွာပင် လင်းလက်လာခဲ့လေသည်။ ထိုအသံဆိုးကြီး
ခေါင်းထက်မှထွက်ပေါ်လာ၍ မော့ကြည့်မိလိုက်လေရာ-

ကြီးမားသောအဖြူရောင် ဝဲကန်တော့ကြီးတစ်ခု
မမျှော်လင့်ဘဲတွေ့လိုက်ရလေသည်။ ယင်းအရာကြီးသည် ထိ
ဘက်အဝအိုးကျယ်ကြီး အောက်ပိုင်းကိုသေးတွယ်ပြီးတော့ ဆင
လာခဲ့သည်။

လင်ဆင်နာမောင်းပမာပင်တည်း။

ယင်းအရာကြီးသည် အောက်ကိုတဖြည်းဖြည်းနှင့် နိ
ပြီးတော့ဆင်းလာခဲ့လေသည်။ မိမိ၏ခေါင်းထက်မှာ ဖြစ်ရကာ
အန္တရာယ်ပြုနိုင်သည်ကို ကောင်းကောင်းပင်သဘောပေါက်သွာ
ခဲ့ရလေ၏။

ထို့ကြောင့်

ယင်းအရာကြီးနှင့်တင်းဝေးရာကို အားသွန်ပြီးတော့ပြေ
သည်။ လေစုတ်ဝဲကြီးက ကံရာဇာ၏ခံပင်ဖွေးများကိုပင် ထော





ထသွားစေသည်အထိ စုတ်ဆွဲလျက်ရှိနေလေပြီ။ တစ်ကိုယ်လုံး
လည်း မြောက်ပါသွားမတတ်ဖြစ်သွားခဲ့ရလေ၏။ ကံရာဇာသည်
သေနတ်ကိုထမ်းကာ ရုန်းကန်ပြီးတော့ပြေးသည်။ လေစုတ်ဝဲ
ကြီးကလည်း နောက်ကလိုက်လာလေသည်။

မြူထုကြီးထဲကို ထိုးဖောက်ဝင်ရောက်လာသော ငှက်ဆိုး
ကြီးသုံးကောင်သည် နောက်ကြောင်းကိုပြန်လှည့်ပြေးရန်ကြိုးစား
ကြသည်။ သူတို့ကြောက်ရမည့်အရာကြီးက ပေါ်လာခဲ့လေပြီ။
သို့သော် နောက်ကျသွားခဲ့လေပြီတည်း။ ရှေ့ဆုံးကတစ်ကောင်ကို
ခရုပတ်သဏ္ဍာန်မွှတ်နေအောင်လည်ပတ်နေသော လေစုတ်ဝဲကြီး
က ဘေးတိုက်ပင်စုတ်မြို့ယူသွားခဲ့လေ၏။ ငှက်ဆိုးကြီး လှစ်ကနဲ
ဆိုပါသွားခဲ့သည်မှာ မြန်လိုက်ပါဘိ။ နောက်. . . တစ်ကောင်ပြီး
တစ်ကောင်ဆိုသလို လေဝဲကြီး၏ဆွဲယူစုတ်မြို့လိုက်ခြင်းကို ခံသွား
ခဲ့ကြရလေသည်။ ယင်းလိုအခိုက်အတန့်အချိန်မျိုးမှာ ဝါ၊ နီ၊
ပြာ၊ စိမ်းအရောင်မျိုးစုံတို့က ထွက်ပေါ်လာကြလေသည်။

ကံရာဇာသည် နောက်မှလိုက်လာသောလေစုတ်ဝဲကြီး
ကြောင့် ရှေ့ကိုသာအားစိုက်ပြီးတော့ ပြေးနေလျက်ရှိလေ၏။

သို့သော် လေဝဲကြီးက ပိုပြီးအားကောင်းစွာဖြင့် လိုက်
လာခဲ့လေရာ ကံရာဇာ၏ကိုယ်အပေါ်တည့်တည့်ကို ရောက်လာ
ခဲ့သည်နှင့်တပြိုင်နက်

"အား"

ကံရာဇာကို လေစုတ်ဝဲကြီးက ချက်ချင်းပင်စုတ်ယူသွား
ခဲ့လေတော့သည်။ မိမိကိုယ်ခန္ဓာယ်တစ်ခုလုံး မြေပြင်ပေါ်မှ
မြောက်တက်သွားကာ ဝဲကြီးထဲကိုပါသွားခဲ့လေ၏



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာသည် လွန်စွာမှပင်သတိကြီးသူဖြစ်လေသည်။ ရုတ်တရက်သတိလစ်သွားမတတ်ဖြစ်သွားခဲ့ရသည်ကို အားတင်းပြီးတော့ ထိမ်းလိုက်ရလေ၏။

“ငါဘယ်ရောက်နေသလဲ၊ ငါဘယ်ထဲမှာလဲ”

ပိတ်ထားသောမျက်ခွံတွေကိုဖွင့်ပြီးတော့ ကြည့်မိလိုက်သည်။ ကြီးမားသော ဖလ်ထန်ချောင်းကြီးတစ်ခုထဲကို ရောက်နေသလိုပင် လေစုတ်ဝဲကြီး၏နံရံများသည် မြွေအခွေပုံကြီးပမာ အဆစ်အလစ်များဖြစ်နေသည်။ အပေါ်ကိုတဖြည်းဖြည်းနှင့် မြင့်တက်သွားခဲ့သည်။ အောက်ကိုငုံ့ကြည့်လိုက်တော့လည်း နက်ရှိုင်းလျက်ရှိသည်။ ဘာမှမမြင်နိုင်ပေ။

သူသည်လေစုတ်ဝဲကြီး၏ အလယ်မှာရောက်နေသည်။ မည်သည့်အရာများနှင့်လည်း မထိမတွေ့ပေ။ ဝဲကြီး၏ပတ်ပတ်လည်နံရံများသည် မိမိနှင့်အလှမ်းကွာဝေးနေကြသည်။ လေစုတ်ဝဲကန်တော့ကြီးက တဝီးဝီးနှင့်လည်ပတ်ကာ ရွေ့လျားသွားနေသည်။ ကံရာဇာသည်လည်း လိုက်ပါသွားရလေသည်။

နားထဲမှာ တဝီဝီနှင့်အော်မြည်နေသော အသံများကြောင့် နားအူသောဝေဒနာကို ခံစားနေရသည်။ မိမိကိုယ်ခန္ဓာတစ်ခုလုံးသည် မည့်သည့်အရာနှင့်မှမထိတွေ့ဘဲ လွတ်လပ်စွာပင် လိုက်ပါသွားခဲ့လေသည်။

တကယ်တော့ ကံရာဇာသည် လေစုတ်ဝဲကြီး၏အလည်မှာရောက်ရှိနေသည်။ ဘေးနှစ်ဖက်ကိုလည်း မကပ်၊ အပေါ်ကိုလည်း တရှိန်ထိုးတက်မသွား၊ လေထဲမှာတုံ့နေသလိုပင်တည်း တဝီးဝီးနှင့်အော်မြည်နေကြသံများက နားပခ်သာအောင်ပင်။





ထို့ကြောင့် သေနတ်ကို ပခုံးမှာလွယ်လိုက်ရသည်။ ယ်ကူသည်။ အခက်အခဲမရှိပေ။ နားနှစ်ဖက်ကိုလက်ဝါးများ အုပ်ကာ ပိတ်ထားမိလိုက်သည်။ အသံတွေက တော်တော် သွားသည်။ သိပ်ပြီးတော့ မယိရောက်နားတွေကအူနေသည်။ ကို့အမြင့်ပိုင်းမှနေ၍ ခေါ်ဆောင်သွားနေသည်ဟု ထင်မိသည်။ တိတစ်ချက်လစ်သလိုဖြစ်သွားခဲ့ရသည်။ မည်သည့်အကြောင်း ကြောင့်လည်းတော့မသိ။ ခန္ဓာကိုယ်သည်လည်း တန့်ကနဲဆို သွားခဲ့ရလေသည်။

မိမိသည်လေထဲမှာမျောနေသလို ဖြစ်နေပြီးမှ ဆွဲခါရမ်း ိုက်ရသလို လွင့်ထွက်သွားသည်။ ထိုအခါရင်ထဲမှာ အေးကနဲ ကနဲဖြစ်သွားခဲ့ရလေ၏။ လေစုတ်ပဲကြီးထဲမှလွတ်မြောက် ားသည်။ ပတ်ဝန်းကျင်မြင်ကွင်းသည် အောက်တည့်တည့်မှာ နေသည်။ နှင်းများဖုံးလွှမ်းကာ ဆွတ်ဆွတ်ဖြူလျက်ရှိသော ောင်တန်းကြီးများသည် ကံရာဇာ၏အောက်မှာရှိနေကြသည်။

ကံရာဇာသည် အောက်ကိုတရှိန်ထိုးပစ်ပြီးတော့ကျသွား လျှင် သေဖွယ်ရာသာရှိတော့သည်ဟု သွေးလန့်သွားခဲ့ရလေ သည်။ ဘယ်နည်းနှင့်အသက်ရှင်နိုင်ပါလေတော့။ ထိုကြောင့် ျက်လုံးတွေကိုစုံမှိတ်ထားလိုက်ရလေသည်။

သို့သော် သူထင်သလိုလားဖြစ်မလာခဲ့ပေ။ ခန္ဓာကိုယ် ည်လေစီးကြောင်းမိနေကာ အောက်ကိုတဖြည်းဖြည်းနှင့်ကျ ာလျက်ရှိသည်။ အံ့အားသင့်မိရလေသည်။ ကံတရားက ထောက်အပံ့ပေးခဲ့ပြန်လေပြီ။ သူသည် မကုန်ဆုံးနိုင်သေး အောက်မြေပြင်သည်လည်း ဖွေးဖွေးဖြူလျက်ရှိနေကာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆီးပြီးကြိုနေလျက်ရှိသည်။ အောက်ကိုဒါရိုက်ကျဆင်းလျက်ရှိသော ခန္ဓာကိုယ်သည် မြေပြင်နှင့်ငါးပေလောက်အကွာလောက်ကျမှ ပစ်ကျသွားခဲ့ရလေသည်။

''ဘုတ်''

''အား''

အမာခံတစ်ခုနှင့်ပြင်းထန်စွာပင်ထိတွေ့သွားမိပြီဟု ထင်မိလိုက်သည်။ သို့သော် သူကျသွားခဲ့သည်ကား နှင်းပုံကြီးပေါ်ကိုသာတည်း။ အိစက်ညက်ညောသောဂွမ်းမွေ့ယာကြီးက ဆီးပြီးခံလိုက်သလိုပင် ကံရာဇာသည် ချက်ချင်းပင်လူးလဲပြီးတော့ ထမိလိုက်သည်။ ဝန်းကျင်ပတ်ကုန်းသည် ဆွတ်ဆွတ်ဖြူနေလျက် ကောင်းကင်မှာ ကြယ်တွေကလင်းလက်တောက်ပလျက်ရှိနေကြသည်။ ကြယ်ရောင်များကိုပင် အားကိုးအားထားပြုကာ လမ်းကိုရှာရမည်လား။ သို့သော် ထင်မြင်ချက်တစ်ခုကဝင်လာခဲ့ရသည်ကား။

''ကြယ်ရောင်ထက်အားကောင်းတဲ့ အလင်းဓာတ်ကြီးတစ်ခုကရှိနေတယ်၊ ဒါကြောင့်မို့ ငါပတ်ဝန်းကျင်ကိုကောင်းကောင်းမြင်နိုင်တာပေါ့''

အလင်းရောင်သည် ဘေးပတ်ပတ်လည်မှာလည်း တောက်ပလျက်ရှိသည်။ အကဲခတ်နေဆဲမှာပင် ပိုပြီးတော့လင်းထိန်လာသည်။ အတန်ကြာမှ အလင်းအားလျော့သွားသည်။ ထို့နောက် တစ်နေရာတည်းမှာ အလင်းအားကပိုပြီးတော့ကောင်းလာကာ အခြားတစ်နေရာမှာတော့ အားနည်းသွားပြန်သည်။ တစ်ယုတို့စီဖြစ်ပေါ်လျက်ရှိနေလေသည်။





ကံရာဇာသည် နေရာမှကြာကြာမနေဘဲ ဦးတည်ရာကိုလျှောက်သွားချင်စိတ်ဖြစ်ပေါ်လာမိသည်။ ကျောပိုးအိတ်ကို ပြင်ကာလွယ်သည်။ သေနတ်ကိုပြန်လည်၍စစ်ဆေးသည်။ အသေးအဖွဲ့ကအစ ပျက်စီးခြင်းမရှိခဲ့၍ စိတ်ကျေနပ်သွားခဲ့ရလေသည်။

ထိုစဉ် မျက်နှာမူမိသောရှေ့တည့်တည့်မှာ အလင်းဝိုင်းကြီးတစ်ခုက ထူးဆန်းစွာပင်ထွက်ပေါ်လာခဲ့လေသည်။ ယင်းအလင်းဝိုင်းကြီးမှ ဖြန့်ကြက်သော အလင်းရောင်များသည် ကံရာဇာဆီကိုပင်ရောက်လာခဲ့လေ၏။ အလင်းဝိုင်းကြီး၏ရှေ့မှာ သဏ္ဌာန်တစ်ခုက ပေါ်လာခဲ့လေသည်။ တရွေ့ရွေ့ဖြင့် လျှောက်လှမ်းကာလာနေသည်။ ကံရာဇာနှင့်မျက်နှာချင်းဆိုင် လျှောက်လာနေခြင်းပင်ဖြစ်သည်။

တဖြည်းဖြည်းလျှောက်လာနေသောသူသည် အလင်းရောင်အောက်မှာပျောက်သွားလိုက်၊ ခေါ်လာလိုက်နှင့်ရှိနေသည်။ လွန်စွာမှဝေးကွာနေရာပေမင့်လည်း တစ်ခါတစ်ရံမှာ ဖျက်ကနဲဖျတ်ကနဲ ခုန်ကျော်ကာ နီးကပ်လာသလိုပင်။

မကြာမီ ထိုသူ၏သဏ္ဌာန်သည် တဖြည်းဖြည်းနှင့် ထင်ရှားလာခဲ့လေ၏။ လက်မှာ တောင်ဝေးတစ်ချောင်းကိုကိုင်ပြီး နှင်းလွှာပြင်ထုပေါ်မှာ ထောက်ကာထောက်ကာလျှောက်လာနေသည်။ ရှည်လျားသောဆံပင်များသည် အလိပ်လိုက်၊ အခွေလိုက်ဖြစ်နေကြကာ ခေါင်းထက်၊ ဘေးဘက်ကိုကျနေကြသည်။ ယင်းထိပ်မှာတော့ လက်သီးဆုပ်ဆန့်ရှိ ဆံစုလုံးကြီးကရှိနေလေသည်။

ရှည်လျားသော မုတ်ဆိတ်ကျင်စွယ်များကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ညွှန့်အထိကျနေကြလေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် အညိုရောင်အင်္ကျီနှင့်လုံချည်ကို ဝတ်ဆင်ထား၏။ ဤအရပ်မှာ အညိုရောင်ကို ဝတ်ဆင်ထားသောသူဖြစ်နေ၍ အံ့အားသင့်သွားမိသည်။ အမှန်ဆိုလျှင် အဖြူရောင်ကိုသာဝတ်ဆင်တတ်ကြသည် မဟုတ်ပါလား။

ထို့အပြင် လွန်စွာမှအေးသောဒေသတွင် ပါးလွှာသော အဝတ်ကိုဝတ်ဆင်ထားသူဖြစ်၍လည်း ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည်မှာ အံ့အားသင့်ဖွယ်ရာပင်။ ယင်းပုဂ္ဂိုလ်ကြီး၏ အဝတ်မဲ့သော လက်မောင်း၊ လက်ဖျံများကအစ အရောင်တစ်မျိုးထွက်နေသည်။ မျက်နှာပြင်သည်လည်း ရောင်ပြေးလေးတွေ ထွက်ပေါ်နေသည်ကို မြင်နေရသည်။

"ဒီနေရာဟာ ဘယ်လိုနေရာမျိုးလည်း ခင်ဗျာ"

ကံရာဇာက လက်အုပ်ချီပြီးတော့မေးလိုက်သည်။

ထိုပုဂ္ဂိုလ်ကြီးသည် စူးလက်သောမျက်လုံးတွေဖြင့် ကံရာဇာကိုအကဲခတ်ကာ ကြည့်လိုက်ပြီး. . . .

"မင်းရောက်နေတာ ကမ္ဘာ့ခေါင်မိုးတွေပေါ့"

ကံရာဇာအံ့အားသင့် သွားမိလေသည်။ ကမ္ဘာ့ခေါင်မိုးဆိုသည်ကား တိဘက်တောင်တန်းကြီးများကို ရည်ရွယ်ကာပြောလိုက်ခြင်းပင်ဖြစ်သည်။ မိမိသည် တိဘက်ပြည်ထဲကို ရောက်လာခဲ့လေသလော. . . .

"လူလေး ဒွိဟစိတ်ဖြစ်မနေနဲ့၊ မင်းအခုရောက်နေတာ တိဘက်နယ်ထဲမှာပဲကွယ့်"

ထိုပုဂ္ဂိုလ်ကြီးက ကံရာဇာ၏စိတ်အတွေးကို သိဟန်တူ





သည်။

ပိုပြီးတော့အံ့အားသင့်မိသည်က ပါဠိနွယ်သောစကားကိုပြောခဲ့သောကြောင့်ပင်တည်း။ ကံရာဇာသည် ကောင်းစွာလေ့လာသင်ကြားထားသောကြောင့် အလွယ်တကူနားလည်ခဲ့ခြင်းပင်ဖြစ်သည်။

"ဒါပေမယ့် မင်းရောက်နေတဲ့နေရာဟာ ပင်လယ်ရေပြင်ထက် ပေနှစ်သောင်းကျော်ပိုပြီးမြင့်တဲ့နေရာ၊ ကမ္ဘာ့နေရာများရဲ့ သုံးပုံတစ်ပုံလောက်ကိုယူထားတဲ့နေရာဖြစ်တယ်၊ မင်းတစ်ယောက်ကလွဲလို့ ဘယ်သူမှရောက်မလာကြသေးဘူး၊ လာနိုင်မို့လည်း မလွယ်ကြဘူး၊ ပြောရရင်တော့ ဒီနေရာဟာ သာမာန်လူတစ်သိန်းမှာ တစ်ယောက်ရောက်နိုင်ခဲ့တဲ့ မဟာဝမ္ပနယ်မြေကြီးပဲဖြစ်ကြတယ်

ဒီနေရာဟာ သူတော်စင်တွေတရားရှာမှီးကြတဲ့နေရာ၊ မိမိတို့ရဲ့ဆန္ဒ၊ ရည်မှန်းချက်၊ ပေါက်ရောက်မှုတွေလို့ ကိုယ်သန့်ရာရည်စူးပြီး ကျင့်စဉ်တွေနဲ့ကျင့်ကြံအားထုတ်တဲ့နေရာပဲဖြစ်တယ်လူလေး၊ လူ့အသက်၊ သတ္တဝါတွေရဲ့အသက်ကို နှန်သတ်ရှုပြုမယ့်လူတွေအတွက် မဟုတ်ပါဘူး"

ကံရာဇာသည် ကိုယ်ပေါ်မှာလွယ်ထားသော သေနတ်ကြောင့် မလုံမလဲဖြစ်သွားခဲ့ရလေ၏။

"ကျွန်တော်ဟာ သူတစ်ပါးရဲ့အသက်ကို တမင်တကာလိုက်ပြီး သတ်ဖြတ်နေတဲ့ သူ၊ သွေးဆာနေတဲ့သူမဟုတ်ပါဘူး၊ အကြောင်းတစ်ခုကြောင့် မမျှော်လင့်ဘဲရောက်လာတဲ့သူပါ၊ လက်နက်ကိုကိုင်ဆောင်ရတာကို ရွံရှာမုန်းတည်းမိပါတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်နဲ့ဝတ္တရားအရကိုင်ဆောင်ရတာပါ

လမ်းခရီးမှာ ရန်ရှာလာကြမယ့် တောကောင်တွေရဲ့အန္တရာယ်က ကာကွယ်ဖို့အတွက်လည်းပါပါတယ်''

''မှန်တာပေါ့ ဒီလိုပဲဖြစ်ရပေမပေါ့၊ မင်းရဲ့အပြောနဲ့စိတ်ထားက ဖြောင့်မတ်မှန်ကန်ပါပေတယ်၊ ကဲ. . .ကဲ. . . မင်းကိုငါနောက်ထပ်မေးခွန်းတွေ မထုတ်လိုတော့ပါဘူး၊ မည်သူမသို၊ ကိုယ့်အကြောင်းကိုယ်သိကြတဲ့ သူတွေပဲမဟုတ်လား

တကယ်တော့ မင်းဒီကိုရောက်လာခဲ့တဲ့ အခြေအနေကမမျှော်လင့်မိတဲ့ ခေါ်ဆောင်မှုကြောင့်ပဲ၊ မင်းသာဒီကိုရောက်မလာခဲ့ရင် မိစ္ဆာကောင်တွေရဲ့ရန်က လွတ်မြောက်ဖို့ဆိုတာ မလွယ်လှဘူး''

ထိုအခါကျမှ ကံရာဇာသည် မိမိဤနေရာကိုရောက်လာခဲ့ရခြင်းသည်။ တစ်ဦးတစ်ယောက်၏ပံ့ပိုးမှုဆိုသည့်ကို သိလာခဲ့ရလေသည်။ ဤသူတော်စင်ကြီးသည် မိမိကိုလာရောက်ခေါ်ဆောင်ခြင်းပဲဖြစ်မလား။ မိမိ ဤနေရာကိုရောက်နေခြင်းကို မလွဲမသွေသိနေ၍လည်း ဖြစ်လာလိမ့်မည်။

''ငါနာမည်က အာစိက္ကာ၊ ဒီနေရာမှာကြာကြာရပ်နေရင်း မင်းအေးခဲပြီးတော့ သေသွားနိုင်တယ်၊ အနားယူဖို့လည်းအချိန်တန်ပြီ၊ ငါနဲ့လိုက်ခဲ့ပါ''

သူတော်စင်ကြီး အာစိက္ကာသည် လာရာလမ်းနှင့်ဆန့်ကျင်ဘက် အရပ်ကိုထွက်သွားခဲ့သည်။ ကံရာဇာလည်း နောက်ကလိုက်ပါသွားခဲ့လေသည်။ တစ်ထွာခန့်နက်သော နှင်းထုကြီးကိုဖြတ်ပြီးတော့သွားရသည်။ မိမိ၏ဖိနပ်က နှင်းဟပ်မှာနစ်မြုပ်





နေသော်လည်း၊ အစိက္ကာ၏ဖဝါးပြင်များက မမြုပ်ပဲရှိနေကြသည်။ င်းများပေါ်မှာပင် ရပ်လိုက်ပြီးတော့သွားနေလျက်။

ကံရာဇာသည် နောက်ကနေလမ်းလျှောက်လိုက်နေဆဲမှာပင် မျက်တောင်တစ်ခတ်စာတိုင်းမှာ ပြောင်းလည်းမှုတွေကဖြစ်ပေါ်လာကြသည်။ အာရုံရိပ်ထဲမှာ မြင့်မားသောတောင်ကုန်းကြီးများက ဘေးဘီဝဲယာမှာ ပေါ်လာကြသည်။ မြင့်မားသောသစ်ပင်ကြီးများသည်လည်း မျက်စိရှေ့လျှောက်မှာ ရုတ်တရက်ရောက်လာသလိုပင်။

လမ်းပင်သိပ်ပြီး မလျှောက်လိုက်ရဟုထင်မိသည်။ ရှေ့မှာ အဆောင်အဦကြီးတစ်ခုက နှင်းဖွဲဖွဲကြလာမှ ဘွားကနဲဆိုပေါ်လာခဲ့လေသည်။ ယင်းအဆောက်ဦကြီးသည် အုတ်ကျောက်များဖြင့် ခန့်ထည်ဖိုင်ခန့်ငွာပင်တည်ဆောက်ထားသည်။ ရှေးဟောင်းကျောင်းတော်ကြီးတစ်ခုပင်ဖြစ်သည်။

လှေကားထစ်များဆီကိုရောက်သွားကြသောအခါ ဖိနပ်ကိုချွတ်လိုက်သည်။ သူတော်စင်ကြီး အာစိက္ကာက ရှေ့ကနေတက်သွားသည်။ ကျောင်းတော်ကြီးသည် အနီးကိုရောက်မှမြင့်မားလှသည်ကိုသိရသည်။ ထောင့်ချိုးများကိုတစ်ကွေ့ပြီးတစ်ကွေ့ပတ်ပြီးတော့ တက်သွားခဲ့ရသည်။

ကျောင်းတော်ကြီး၏တံခါးဝကို ရောက်လာခဲ့လေပြီ။ တံခါးများကပွင့်နေကြသည်။ တဖွဲဖွဲဖြင့်ကျနေသော နှင်းဖတ်၊ နှင်းပွင့်များသည် ကျောင်းထဲသို့တိုင်ရောက်နေကြသည်။

ကျောင်းအဝမှာ ကြီးမားသောနဂါးရုပ်ကြီးနှစ်ကောင်အတစ်ဖက်တစ်ချက်စီမှာ ရှိနေကြသည်။ နဂါးတစ်ကောင် ဖော



www.burmeseclassic.com

www.burmeseclassic.com



ထိုးနေနေသည့်ဟန်ဖြစ်ပြီး ကိုယ်ထည်ကနံရံမှာကပ်နေသည်။ အမြီးကအပေါ်မှာ ပါးစပ်ကြီးက ဟာဖြဲလျက်ရှိသည်။ ကံရာဇာက နဂါးတစ်ကောင်၏ကိုယ်ထည်ကို လက်ဖြင့်ပွတ်သပ်ပြီးကိုင်တွယ်ကြည့်သည်။ လက်ကိုချက်ချင်းပင်ပြန်ပြီးတော့ ရုပ်မိလိုက်သည်။ နဂါးကြီး၏ကိုယ်ထည်သည် အေးစက်မနေဘဲ နွေးထွေးလျက်နေသောကြောင့်ပင်တည်း။

ထို့အပြင် မာကျောမနေဘဲ ပျော့ပျောင်းလျက်ရှိနေသေးသည်။ ကျောက်သားဖြင့် လုပ်မထားသောနဂါးကြီးတစ်ကောင်၏ သစ်သားကိုယ်ထည်လည်းမဟုတ်၊ သွေးသားနှင့်နဂါးကြီးတစ်ကောင်ကို ထိတွေ့လိုက်ရသလိုပင် နဂါးကြီးနှစ်ကောင်၏မျက်လုံးများသည် ကြည့်ပြာရောင်တောက်ပနေလျက်ရှိရာက တဖြည်းဖြည်းနှင့်အရောင်ပြောင်းလာခဲ့လေသည်။ ပတ္တမြားသွေးရောင်နီမြန်းလာခဲ့သည်။ မျက်လုံးမှသွေးရောင်များက ဝန်းကျင်ကိုပင်ဖိတ်လျှံဖြာပြီးတော့ကျလာမဲ့ကြလေသည်။ သူ့ကိုကိုင်လိုက်၍ ဒေါသထွက်သွားသလိုပင် တစ်ကောင်တော့ အရုပ်ကြီးတွေဟုတ်မဟုတ်။ မည်သို့မှဆုံးဖြတ်၍မရ။

''အပြင်မှာအေးဟယ်၊ ဝင်လာခဲ့ပါ၊ နဂါးတွေက ကျောင်းစောင့်နဂါးတွေပါ၊ မင်းကိုဘာမှမလုပ်ကြပါဘူး၊ သူတော်မှန်း၊ မသူတော်မှန်းခွဲခြားပြီးတော့ သိတတ်ကြပါတယ်''

အာစရိက ကျောင်းထဲကလှမ်းပြောလိုက်သည်။ ကံရာဇာလည်း နဂါးကြီးနှစ်ကောင်ကိုတစ်ချက်ကြည့်ပြီး ကျောင်းထဲကို ဝင်သွားခဲ့လေသည်။





## (၂)
## မိုက်ခဲတီမိန်

ရန်ကုန်မြို့။

တရုတ်တန်းရှိ စားသောက်ဆိုင်တစ်ဆိုင်။

အချိန်မှာ ညကိုးနာရီသာသာ။

ဆိုင်ထဲရှိလူများသည် သောက်စားလျက်ရှိနေကြကာ ဖန်ခွက်သံ၊ ဖွန်းသံ၊ ပန်းကန်သံများက ထွက်ပေါ်နေကြသည်။ ဤနေရာကို လူကောင်းများကမလာကြ။ ဖဲသမား၊ ဂျင်သမား လောင်းကစားသမားများအများဆုံးစုဝေးကြသည့်နေရာ။ ဒုစရိုက်မှုများပြုလုပ်ရန်မကောင်းသော အကြံအစည်များဖြင့် တိုင်ပင်ဆွေးနွေးကြသည့်စုရပ်။

ဆိုင်၏အပေါ်ထပ်မှာလည်း ဘိန်းခန်း၊ လောင်းကစားဝိုင်းများက ရှိနေကြသည်။ ကျင်ဖောင်သည် ဤအလုပ်များဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စီးပွားလမ်းဖြောင့်နေသည်။ သူ့ကိုအကာအကွယ်ပေးလာသူမှာ လူမိုက် ကျောက်ပန်းပင်နီဖြစ်သည်။ သူသည်မျက်နှာပြင်ထက်မှာ ကျောက်ပေါက်မာများရှိပြီး ပန်းများပမာဖြန့်ကြနေကြသောကြောင့် ကျောက်ပန်းဟုအမည်ရရှိသွားခဲ့ခြင်းပင်ဖြစ်သည်။

မျက်နှာထားဆိုးရသည့်အထဲမှာ နက်ရှိုင်းသော ကျောက်ပေါက်မာရာကြီးများကြောင့် ကြောက်စရာကောင်းလှသည်။ လက်ရဲဇက်ရဲသမားတစ်ဦးဖြစ်ပြီး ခါးကြားမှာဓားမြှောင်တစ်ချောင်းကိုအမြဲထိုးထားသည်။ အခကြေးငွေယူပြီး လူ့အသက်ကိုရန်ရှာတတ်သည်။ ကောက်ကျစ်သောစိတ်ရှိသောကြောင့် လူမိုက်အချင်းချင်းပင် သတိထားပြီးတော့ဆက်ဆံကြရသည်။ ကြောက်ကြရသည်။ ကျောက်ပန်းကား တရုတ်တန်းကိုကြီးစိုးနေသော လူမိုက်အမိပတိကြီးပင်တည်း။

ကျောက်ပန်းသည် စားပွဲတစ်လုံးမှာတစ်ယောက်တည်းထိုင်နေသည်။ သူရှိနေသောစားပွဲကို မည်သူမှမလာကြရပေ။ ဤဆိုင်ထဲကလူများသည် သူ့လူများသာဖြစ်ကြသည်။ ဒုစရိုက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုနေကြသူများက ကျောက်ပန်းကို ဆက်ကြေးပေးကြရသည်။ ပြဿနာဖြစ်လာလျှင် ကျောက်ပန်းက အမိုက်ခံပြီးတာဝန်ယူကာဖြေရှင်းပေးသည်။

ကျင်မောင်က တိုက်ရာပါ၊ စိုးရပါများကို သူနိုးချေးဖြင့်ဝှက်ကာဝယ်ယူသည်။ လူမိုက်များသည် ကျောက်ပန်းကိုမပြောင်ကြ။ ကျောက်ပန်းသည် ကျင်မောင်နှင့်အလိုတူအလိုပါတည်း။

ဆိုင်ထဲမှလူများသည် ကျောက်ပန်ရမ်းကားတတ်သည့်အကြောင်းကိုသိထားကြသည်။ ကျောက်ပန်းရောက်လာလျှင်





ထွက်သွားတတ်ကြသည်။ ရန်ရှာမည်ကိုစိုးသောကြောင့်ပင်ဖြစ်သည်။

"ငါရောက်လာတာနဲ့ လူတွေကထွက်ထွက်သွားတတ်ကြတယ်။ အေး ဒီတစ်ခါပြန်ထွက်ရဲထွက်ကြည့်ကြ၊ ငါ့အကြောင်းကောင်းကောင်းသိသွားကြမယ်"

ကျောက်ပန်းက ထိုသို့ကြိမ်းဝါးခဲ့၍ မည်သူကမှဆိုင်ထဲက ထွက်မသွားရဲကြပေ။ သူနှင့်ပက်ပင်းတိုးမိကြသောသူများသည် ကံဆိုးကြသူများပင်တည်း။

ကျင်မော်ကကျောက်ပန်းဆီကိုလျှောက်လာပြီး အရက်တစ်လုံးလာချပေးသည်။ ကျောက်ပန်းသည် မိုက်ကြေးခွဲကာကျင်မောင်ထဲမှ အလကားရိတ်နေခြင်းပင်ဖြစ်သည်။ ကျင်မောင်ကလည်း ကျောက်ပန်းကိုအကာအကွယ်ယူကာ အမြှုပ်ထုတ်နေသည့်ကိစ္စကအများကြီး၊ ထောင်မြင်ရာစွန့်သည့်သူ။

"ဟော့ကောင် ကျင်မောင်၊ မင်းရဲ့လူက ဒီကနေ့လာမယ်ဆိုတာ ကျိန်းသေလို့လားကွ"

"သူကတနင်္လာနေ့တိုင်း လာတတ်ပါတယ်ဆရာကြီး၊ အဲဒီရက်တွေမှာ လာနေကြပါ"

"အေး ငါကတနင်္လာဆို မလာဖြစ်ခဲ့တာကိုး၊ ကောင်းပြီလေ၊ ဒီလူနဲ့ဒီကနေ့တွေ့ကြတော့မှာပေါ့"

ကျောက်ပန်းက ကျိန်းဝါးလိုက်ပြီး ဖန်ခွက်ကို ဆောင့်ချလိုက်သည်။

"ဒေါက်"

ဆိုင်ထဲရှိလူတွေအားလုံး၏ မျက်နှာအသီးသီးက



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပန်းဆီကိုရောက်သွားခဲ့ကြလေသည်။ အလိုမကျမှု တစ်ခုရှိနေသည်ကို သိလိုက်ကြလေပြီ။

မကြာမီ ဆိုင်ထဲကိုလူတစ်ယောက်က ဝင်လာခဲ့သည်။ ဘိုကေလို ကြော့နေအောင်ဖီးထား၍ ပြောင်လက်နေသည်။ ဘလေဇာ ကုတ်အင်္ကျီကိုဝတ်ဆင်ထားပြီး ရှပ်အင်္ကျီကတော့ အဖြူရောင်သက်သက်၊ ပန်းရင့်ရောင်မာဖလာကို လည်ပင်းမှာပတ်ထား၍ ဖြူဝင်းသော အသားအရောင်နှင့်လိုက်ဖက်နေသည်။ နှုတ်ခမ်းမွေးစွနှင့် လူပုံကန့်သည်။ လမ်းလျှောက်ပုံကအစ ညင်သာသည်။ တောက်ပြောင်သော ရှူးဖိနပ်ကို ကြွရုံလေးသာကြွပြီး တစ်လှမ်းချင်းလှမ်းလာသည်။ ဘိုင်စကုတ်မင်းသားတစ်ယောက်၏ဟန်မျိုး၊ သို့သော် တမင်ဂိုဏ်ဖမ်းနေခြင်းတော့မဟုတ်။ သူ၏မူပိုင်ဟန်ပင်။

"ဟော လာ၊ လာပြီ ဆရာကြီး၊ သူပဲ. . . သူပဲ"

ကျင်မောင်သည် ဝင်လာသူကိုကြည့်ပြီး တုန်တုန်ရီရီနှင့် ပြောလိုက်လေသည်။ ကျောက်ပန်းအကြည့်က ထိုလူ့ဆီကို ရောက်သွားခဲ့လေ၏။ ယင်းအကြည့်က မလိုတမာအကြည့်မျိုးပင်တည်း။

ကျောက်ပန်းသည် ကျင်မောင်ကိုမျက်အရိပ်မျက်နှာကဲပြလိုက်သည်။ ကျင်မောင်သည် ကောင်တာဆီကိုပြန်လျှောက်သွားသည်။

"ဘာသုံးဆောင်မလဲ ဆရာ"

"ကျော်နီဝါကား နှစ်ပတ်လောက်ပေးကွာ၊ ပုလင်းလိုက်ဝယ်လည်း ငါကကုန်မှာမဟုတ်ဘူး"





ထိုသူ၏လေသံက အေးအေးဆေးဆေးပင် ပျော့နွဲ့နွဲ့အမူအရာမျိုးရှိသည်။

"ရပါတယ်ဆရာ၊ လိုသလောက်သာပြောပါ"

"ကျေးဇူးပဲကွာ"

ကျင်မောင်သည် ဖန်ခွက်ထဲကို လိုသလောက်ထည့်ပေးလိုက်သည်။ ဆော်ဒါပုလင်းနှင့်ရေခဲတုံးလေးများထည့်ထားသော ပန်းကန်ကိုပါချပေးလိုက်သည်။

ထိုသူက ကိုယ်တိုင်ရောနှောလိုက်ပြီး မြေပဲဆံတစ်စေ့ကို ကောက်ဝါးနေသည်။ ဖန်ခွက်ကိုနှုတ်ခမ်းမှာတေ့ပြီးသောက်မည်ပြုသောအခါ လူတစ်ယောက်ကအနားကိုရောက်လာပြီး ထိုသူ၏လက်ကောက်ဝတ်ကို အတင့်ရဲစွာပင် ဆုပ်ကိုင်ထားလိုက်လေ၏။

"အကောင်းစားအရက်ကို သောက်နိုင်တဲ့လူ၊ မင်းက ဘယ်သူလည်းကွ၊ ဒီဆိုင်ထဲကို လူစိမ်းတစ်ယောက်လာချင်ရင် ငါ့သဘော တူမှဖြစ်တယ်ကွ"

ဆိုင်ထဲမှလူများ၏အာရုံသည် သူတို့နှစ်ယောက်ဆီကို ရောက်သွားခဲ့ကြလေ၏။ ပွဲကြီးပွဲကောင်းတော့ ကြည့်ရတော့မည်။ လူစိမ်းအတွက် စိုးရိမ်မိသွားခဲ့ကြသည်။ ကျောက်ပန်းနှင့်မှ ပက်ပင်း တိုးမိလေခြင်းဟု။

လူစိမ်းသည် ကျောက်ပန်း၏အပြုအမူကြောင့် တုန်လှုပ်သွားခြင်းမဖြစ်မိပေ။

"မိတ်ဆွေ၊ ခဏလေးသည်းခံပါ၊ ကျုပ်တစ်ငုံလောက်တော့ သောက်ပါရစေဦး။ ပြီးတော့မှ စကားပြောကြတာပေါ့"

ထိုသူ၏စကားကြောင့် ခက်ထန်သောကျောက်ပန်း၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီးသည် ရှုံ့မဲ့သွားခဲ့ရလေ၏။ သူ့ကိုပမာမခန့်ပြန်ပြီးပြော ရမလားဟု ဒေါသထွက်သွားခဲ့ရလေသည်။

"မင်းက ငါ့ကိုမထိလေးစားနဲ့၊ ငါဘာကောင်လည်း ဆိုတာ မသိသေးဘူးမှတယ်၊ မင်းငါ့ကိုပြန်ပြောဝံ့တာ ငါ့အကြောင်း မသိသေးလို့ပဲ၊ ပေးစမ်း"

"အား"

အော်သံက ထွက်ပေါ်လာသည်။ ကျောက်ပန်း၏မျက်နှာ ကြီးက နာကျင်စွာပင်ရှုံ့မဲ့သွားခဲ့ရသည်။ ကျောက်ပန်းတက်သွား ၏။ လူစိမ်းက ကျောက်ပန်း၏လက်ကောက်ဝတ်ကို လက်ညှိုး လက်မကြားမှညှပ်ကာ ညှစ်ထားလိုက်သောကြောင့်ပင်။ ကျောက်ပန်း မရှုသာမရှိုက်သာဖြစ်နေစဉ်မှာ လူစိမ်းကဖန်ခွက် ကိုညာလက်ဖြင့်ကိုင်ကာ တစ်ငုံသောက်လိုက်သည်။ ပြီးတော့မှ ကျောက်ပန်း၏မျက်နှာကို ပက်ထဲ့လိုက်လေ၏။

"ဖျန်း"

"အား"

ထို့နောက် ကျောက်ပန်း၏ရင်ဘက်ကိုတွန်းပစ်လိုက် လေ၏။ အခန်းထဲကလူများမှာ မထင်မှတ်သောအခြေအနေ ကြောင့် အံ့အားတသင့်ဖြစ်သွားခဲ့ကြရလေ၏။ လူစိမ်းကတော့ အပြုံးမပျက်။

"တရုတ်တန်းမှာ လူမိုက်အဓိပတိကြီးဆိုပြီး နာမည် ကြီးနေတာ ခုတော့ဖြုတ်ကိုက်သလောက်နာတာတောင် သေ မလောက်အော်ရသလား"

"ဟော့ကောင် မင်းကငါ့ကိုစမ်းတယ်ပေါ့လေ၊ ကျောက်





ပန်းဘာကောင်လည်းဆိုတာ မင်းအခုသိစေရမယ်"

"မိတ်ဆွေက ကြိမ်းဝါးနေပြန်ပြီ၊ ဘာအစွမ်းအစမှမရှိပဲ အသလွတ်ကြိမ်းဝါးနေတာ မရှက်ဘူးလား"

"အံမာ မင်းကငါ့ကိုစိမ်ခေါ်နေပြန်ပြီ. . . ကိုင်း"

ကျောက်ပန်းသည် ခါးကြားထဲမှဓားမြှောင်ကိုဆွဲထုတ် လိုက်လေ၏။ လူမိုက်ဆိုသည်မှာ အခြေအနေကို သုံးသပ်တတ်သူ များမဟုတ်ကြပေ။ လူစိမ်းဆီကိုဂရုမမူးထိုးပြေးဝင်လာလေတော့ သည်။ ထို့နောက် ဓားမြှောင်ကလူစိမ်း၏နှလုံးသားတည့်တည့် ဆီကိုဝင်သွားခဲ့လေ၏။

"ဟာ"

လူအများ၏အာမေဋိတ်သံများက အသီးသီးပင်ထွက် ပေါ်လာခဲ့ကြလေသည်။ လူစိမ်းသည် တစ်ခါတော့ဖြင့်အကျိုးနဲ့ပြီဟု တချို့ကတော့မကြည့်ရဲကြကာ မျက်နှာလွှဲထားလိုက်ကြလေ၏။

သို့သော် လူစိမ်းသည်ကျောက်ပန်း၏ဓားကိုင်လက်ကို ဖုတ်ကုတ်ပစ်လိုက်ပြီး လက်ထဲကဓားမြှောင်ကိုလုယူလိုက်လေ၏။ တစ်ဆက်တည်းမှာပင် လက်သီးတစ်လုံးက မေးရိုးကိုပင့်ကာ ကော်တင်လိုက်တော့-

"ဗွပ်"

"အား"

ကျောက်ပန်း၏ဖက်သည် လန်ထွက်သွားခဲ့ရပြီ။ သူထိုင် နေသည့်စားပွဲပေါ်ကို ပစ်ကျသွားခဲ့ရလေသည်။ စားပွဲရော လူပါ သုံးတွေးပြီးတော့ လဲကျသွားခဲ့ရသည်။ လူစိမ်း၏မျက်နှာကြီး သည် သွေ့ပြည်းပြည်းနှင့်နီမြန်းလာကာ ချောမောခန့်ညားသော အသွင်မှ



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းခက်ထန်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း စသည် မျက်နှာထားသို့ အဆင့်ဆင့်ပြောင်းလည်းသွားခဲ့လေ သည်။

လူစိမ်းကိုကြည့်နေကြသော သူများသည်လည်း အံ့အား သင့်သွားကြရုံမက အထိတ်တလန့်ပင်ဖြစ်သွားခဲ့ကြရလေသည်။

"ဟာ ဘီလူးတစ်ဘက်မျက်နှာကြီး ဖြစ်သွားပါလား"

အားလုံး၏ရှေ့မှောက်မှာ ပဥ္စလက်အတတ်ပညာဖြင့် လှည့်စားခံလိုက်ရသလိုပင် မျက်လုံးတွေကလည်း ပိုပြီးတော့ ပြူးကျယ်လာကြကာ မီးတောက်မီးလျှံများပင်ထွက်လာကြတော့ မလားမှတ်ရသည်။

သို့သော် မျက်တောင်တစ်ခတ်စာအတွင်းမှာပင် ထို မျက်နှာကြီးသည် ပျောက်ကွယ်သွားသည်။ နဂိုမျက်နှာအတိုင်း ပြန်ပြီးတော့ဖြစ်သွားခဲ့သည်။ မယုံကြည်နိုင်စရာကောင်းလောက် အောင်ပင် ပြန်ပြီးပြောင်းလည်းသွားသည်က ဟုတ်မှဟုတ်ပါလေ ဟုပြန်ပြီးတော့တွေးမရအောင်ပင် ဖြစ်သွားခဲ့ကြရလေသည်။ လူစိမ်း၏မျက်နှာသည် စောစောကလိုပင်အေးအေးဆေးဆေးပင်

"ကိုယ့်လူက မိုက်ပုံမိုက်နည်းလိုသေးတယ်၊ ကိုယ် တကယ် အစွမ်းသတ္တိမရှိဘဲနဲ့ မိုက်ပြနေတာဟန်ဆောင်နေတာ ဲ တကယ်မိုက်တဲ့သူနဲ့တွေ့ရင် ကိုယ်ကပဲခံရတာပဲတယ်"

ကျောက်ပန်းသည် လဲကျနေရာကလူးလဲကာ ထမည် အပြုမှာလူစိမ်းက အနားကိုလျှောက်လာသည်။ တည်ငြိမ်သော မျက်လုံးတွေဖြင့် ကျောက်ပန်းကိုစိုက်ကြည့်လိုက်ပြီး

"နောက်တစ်ခါ မင်းကျုပ်နဲ့တွေ့ဖို့မကြိုးစားနဲ့၊ ကျုပ်က စိတ်ထွက်လာရင် ဟိုရန္တာန်ပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်၊ အရိုးအသစ်တွေ





ချိုးဖြုတ်ပစ်တတ်တယ်၊ မယုံရင်စမ်း ကြည့်လာလေ"

လူစိမ်းက ကျောက်ပန်း၏ဓားမြှောင်ကို ပြန်ပေးလိုက် သည်။ ကျောက်ပန်းမယူနိုင် လက်ကတုံ့ကျင်နေသောကြောင့် ဖြစ်သည်။ ထို့ကြောင့်လူစိမ်းက ခြေထောက်နှစ်ချောင်းကြား ပစ်ချပေးလိုက်သည်။

"ငါ့ကိုမှတ်မိအောင် မကြိုးစားနဲ့၊ မိုက်ခဲတိမ်နီတဲ့"

လူစိမ်းသည် ဆိုင်ထဲကအေးဆေးစွာပင်ပြန်ပြီး ထွက် သွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## (၃)
## မိုက်ခဲ သူ့ဇာတ်

ကားတစ်စီးသည် လမ်းမကြီးပေါ်မှာလျှင်မြန်သော အရှိန်ဖြင့် မောင်းလာခဲ့လေသည်။ ကျောက်မြောင်းဘက်ကိုရောက်လာသည့်အခါကျမှ အရှိန်ကိုလျှော့ပစ်လိုက်လေသည်။ ထို့နောက် လမ်းဟာစ်လမ်းထဲသို့ ဝင်ရောက်လာခဲ့သည်။ စတူဒီဘေကာ ကားနက်ကြီးထဲက လူသုံးယောက်က ထွက်လာခဲ့ကြသည်။

ထို့နောက် တိုက်တစ်လုံး၏လှေကားအတိုင်း တက်လာခဲ့ကြလေသည်။ တတိယထပ်ကိုရောက်သော် အတူပါလာသူထဲမှ တစ်ယောက် အခန်းတစ်ခုရှေ့မှာရပ်လိုက်သည်။ ထိုသူက မည်သည့်သော့မဆိုဖွင့်၍ရသော မာစတာကီးဖြင့်သော့ကိုဖွင့်လိုက်သည်။ သံဘာဂျာတံခါးပွင့်သွားသည်။ အထဲမှာကျွန်းတံခါးက တစ်ထပ်ရှိနေသေးသည်။ အာမခံကြေးသော့ခယောက်တ





ဘာကီးကပင် အနိုင်ယူသွားခဲ့လေသည်။

ဤအိမ်ခန်းပိုင်ရှင်က မရှိ၍ ဤမျှအတင့်ရဲစွာပင် ခဲ့ဖက်ရဲရှိနေကြသည်။ ထို့နောက် တိုက်ခန်းထဲကိုဝင်လာကြလေသည်။ လက်နှိပ်ဓာတ်မီးသုံးလက်က အခန်းထဲမှာ ထိုး ဒီထိုးနှင့်ရှုပ်ယှက်ခတ်သွားခဲ့ကြလေသည်။

စားပွဲတွေ၊ အံဆွဲတွေကိုတစ်ခုပြီးတစ်ခု ဖွင့်ကာရှာဖွေကြသည်။ တစ်နေရာပြီးတစ်နေရာ စိမ်ပြေနပြေမွှေနှောက်ပြီး ရှာကြသည်။ တစ်ယောက်နှင့်တစ်ယောက်စကားမပြောကြပေ။ မျက်နှာအမူအရာများဖြင့်သာပြောကြသည်။ တစ်ယောက်တည်း အိပ်ခန်းဟုထင်ရသည့်နေရာကို လျှောက်သွားသည်။ သော့တုဖြင့်ဖွင့်လိုက်၏။

''ကလစ်''

သော့ကလွယ်ကူစွာပင် ပွင့်သွားခဲ့လေ၏။ ဓာတ်မီး ထင်သည့် အိမ်ခန်းထဲမှာ ဖျတ်ကနဲဖျတ်ကနဲဆိုသလို ရောက်ခဲ့လေရာ တွေ့လိုက်ရသည်က ကုတင်ဘေးရှိမီးခံသေတ္တာ လုံးပါလာသူခေါင်းဆောင်နှင့်ကူ လူတစ်ယောက်က မီးခံသေတ္တာနားကိုကပ်သွားခဲ့သည်။ ထို့နောက် မီးခံသေတ္တာကို စားပြီးတော့ဖွင့်လေတော့သည်။ ထိုသူသည် သော့ဝိဇ္ဇာကနားပင်တည်း။

မကြာမီ. . .

''ကလစ်''

သော့ပွင့်သွားခဲ့လေပြီ။ စိတ်လှုပ်ရှားမှုကိုယ်စီဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ရန်ကများ

www.burmeseclassic.com



သည် လက်အိတ်စွပ်ထားသောလက်ဖြင့် မီးခံသေတ္တာတံခါးကို ဆွဲဖွင့်လိုက်လေသည်။

''ဟင်''

''ဟင်''

လူသုံးယောက်၏ အာမေဋိတ်အသံသံက မသက်မသာ ပင်ထွက်ပေါ်လာခဲ့ကြလေသည်။ ရန်ကနားသည်ပင် မီးထိုးထား သောလက်ကို အမြန်ပင်ရုတ်မိလိုက်လေ၏။ အထိတ်အလန့် သက်ပြင်းမောများက ကိုယ်စီပင်ထွက်ပေါ်လာခဲ့ကြလေသည်။

သူတို့တွေ့လိုက်ကြရသည်ကား. . .

ဖွေးဆွတ်နေသော လူအရိုးခေါင်းကြီးတစ်ခုပင် ဟောင်းပက်နေသောမျက်လုံးပေါက် နှစ်ပေါက်ထဲမှာ မှိုင်း စက္ကူလိပ်အမည်းနှစ်လိပ်ကို ထိုးသွားထားသည်။ ဟပြဲနေသော ပါးစပ်ပေါက်နေရာမှာ ဆေးပြင်းလိပ်တစ်လိပ်က ရောက်ရှိနေ သည်။ မသဒီစရာမြင်ကွင်းကို စိတ်မသက်မသာဖြင့်ကြည့် လိုက်ကြသည်။ အထဲမှာ သူတို့မျှော်လင့်နေကြသော အဖိုးတန် ပစ္စည်းများရှိမနေကြပါ။

ဆေးပြင်းလိပ်ခဲထားသော အရိုးခေါင်းကြီး၏ပြုံးယှဲ သူတို့အားလုံး၏တက်ကြွနေသောစိတ်ကို ချိုးနှိမ်လိုက်သလိုပင် ဖြစ်သွားခဲ့ရလေ၏။

ထိုစဉ် အမှတ်မထင်ဆိုသလို မမျှော်လင့်မိသောဖြစ်ရပ် က ထပ်မံပြီးတော့ဖြစ်လာခဲ့လေရာ။

အရိုးခေါင်းမခဲထားသော ဆေးပြင်းလိပ်သည် မီးရဲတက် လာခဲ့ယေ၏။ ရှိုက်သွင်းလိုက်၊ မှုတ်ထုတ်ပစ်လိုက်နှင့်ပြု





လေရာ မီးကလည်းရဲတက်လာလိုက်၊ မှိန်သွားလိုက်နှင့် မီးခိုး ငွေ့တွေကလည်း တလူလူနှင့်တက်လာခဲ့လေတော့သည်။

ထို့အပြင် မျက်လုံးပေါက်တွေထဲမှာ ထိုးထည့်ထားသော မှိုင်းခံစက္ကူလိပ်မည်းမည်းကြီးတွေကလည်း တဖြည်းဖြည်းနှင့် မီးတက်လာခဲ့ကြလေ၏။ မီးခိုးတွေကလည်းအူပြီးတော့ ထွက်လာ ခဲ့ကြလေသည်။

''ဟင်''

''ဟာ''

အထိတ်တလန့်ဖြင့် နောက်ကိုလျှင်မြန်စွာပင် ဆုတ်မိ လိုက်ကြသည်။ အူပြီးထွက်လာကြသောမီးခိုးငွေ့များကို အားလုံး ရှူမိလိုက်ကြလေ၏။ ထို့ကြောင့် ခေါင်းထဲမှာမူးနောက်ဝေရီသွား ခဲ့ကြရလေသည်။

သုံးယောက်စလုံးအခန်းထဲမှ ပြေးထွက်လာခဲ့ကြသည်။ မီးခိုးငွေ့များသည် အခန်းအပြင်ကိုအူပြီးတော့ထွက်လာပြီး အရိုး ခြောက်ကြီးသဏ္ဌာန်ပြောင်းလည်းသွားခဲ့လေ၏။

နောက်ကိုလှည့်ကြည့်လိုက်ကြရာ ပါးစပ်ကြီးဖြဲကာ လိုက်လာသော အရိုးခြောက်အငွေ့တန်းကြီးလို ချောက်ချားဖွယ် ရာကောင်းအောင်တွေ့လိုက်ကြရလေ၏။

''ဟာ. . . အမလေး၊ နောက်ကလိုက်၊ လိုက်လာပြီ''

အော်ပြီး တံခါးပေါက်ဆီကိုထွက်ပြေးကြသည်။

သို့သော် တံခါးပေါက်ဝမှာ လူတစ်ယောက်။

တံခါးကိုပိတ်ပြီးတော့ ကျောမှီကာရပ်နေသည်။

အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားသည်။ မျက်နှာကိုတော့

www.burmeseclassic.com



သဲကွဲစွာမမြင်ရပေ။

"မင်းတို့ ငါ့ကိုကျော်ပြီးတော့ပြေးနိုင်ရင် ပြေးကြ...ကွာ"

ထိုသူက အေးဆေးသောလေသံဖြင့် ပြောလိုက်လေ...

"ဟင်"

ထိုသူကိုမမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွားခဲ့ကြလေသည်။ တစ်ယောက်က မီးခလုတ်ကိုရှာ...လေရာ-

"မီးခလုတ်ကိုရှာဖို့မကြိုးစားနဲ့"

ထိုသူ့ထံမှ အသံကထွက်ပေါ်လာခဲ့ပြန်သည်။ တ...ယောက်က ထိုသူ၏မျက်နှာကို မီးထိုးကြည့်လိုက်ရာ-

"ဝှစ်"

"ဒုတ်"

"အား"

ဓားမြောင်တစ်ချောင်းက လေထဲမှာလွင့်ထွက်သွား...သည်။ ကုလားဒိန်ကပြားကောင်၏လက်ခုံမှာ သွားပြီးတော့စိုက်...သည်။ မချိမဆန့်ပင်အော်ထွက်သွားသည်။ ထိုသူသည်ကျန်...ယောက်ဆီကိုပြေးဝင်သွားခဲ့သည်။ သူတို့၏မျက်လုံးတွေထဲ...ပြေးဝင်လာသောသူသည် တစ်ယောက်မဟုတ်။ သုံးလေးယော...ဖြစ်သွားသည်။

ထို့ကြောင့် မည်သူ့ကိုတိုက်ခိုက်ရမှန်းမသိကြ။ ...အထဲမှာ မျက်လုံးတွေထဲမှာဖြစ်လာခဲ့ရသည်က အရိုးစုသဏ္ဍာ...အခိုးအငွေ့တန်းကြီးပင်ဖြစ်သည်။ လူတွေကြားထဲမှာလည်း...





...ပြီးတော့ သွားလာလျက်ရှိသည်။ တစ်ခါတစ်ရံမှာ သွားမပါသော...ပါးစပ်ကြီးကိုဖြဲကာ မျက်နှာချင်းဆိုင်တရှိန်ထိုးဝင်လာခဲ့သည်။

"အား"

လူကိုဝင်ရောက်တိုက်ခိုက်သွားခဲ့သည်။ သို့သော်တစ်ဦးတစ်ယောက်ကိုမှ မထိခိုက်ခဲ့ပါ။ စောစောက မီးခိုးငွေ့များကို ရှုမိခဲ့ကြကတည်းက ထင်ချင်ရာထင်၊ ဖြစ်ချင်ရာလို့မြင်နေမိကြခြင်းသာ။ လူတွေ၏အာရုံကိုပြောင်းလဲစေတတ်သော အငွေ့တစ်မျိုးဖြစ်ဟန်တူသည်။ အထိတ်တလန့်စိတ်များကလည်း အလိုလိုနေရင်းနှင့်ဝင်ရောက်လာခဲ့ကြဟန်တူသည်။ ထိုအထဲမှာ မီးခိုးငွေ့သဏ္ဍာန်အရိုးစုကြီးဟာ လူတွေကြားထဲမှာ ဖြတ်သန်းပြီး ဟားဟားဟဲဟဲနှင့်သွားနေလေရာ မီးခိုးတန်းဖြူဖြူကြီးက သူတို့၏စိတ်ကိုဖိစီးထားသလိုခံစားနေကြရလေသည်။

သူတို့ကိုတိုက်ခိုက်ရန် ပြေးဝင်လာသောသူသည်လည်း ...တို့အာရုံထဲမှာ တစ်ယောက်တည်းမဟုတ်ဘဲ သုံးလေးရောက်ပွားသွားခဲ့လေ၏။

ထိုသူသည် ကုလားဒိန်သုံးယောက်ကို လက်ရိုက်မပါဘဲ သတ်ပုတ်တိုက်ခိုက်လေတော့သည်။

"ဖြောင်း"

"ခွပ်"

"အား"

သူတို့ကိုတစ်ယောက်တည်းက တိုက်ခိုက်သော်လည်း ရုပ်တူအရုပ်အမောင်းတူ၊ ဆင်တူလူသုံးယောက်က တစ်ပြိုင်တည်းတိုက်ခိုက်လိုက်သလိုပင်၊ ခံစားလိုက်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကြမ်းပြင်ထက်မှာ တဘိုင်းဘိုင်းနှင့်ပစ်ပြီးတော့ လဲကျကုန်ကြသည်။

ထိုအခါ ထိုသူကမီးခလုတ်ကိုဖွင့်လိုက်လေ၏။

''ထောက်''

တစ်ခန်းလုံးလင်းထိန်သွားခဲ့သည်။ ထိုသူသည်ရှေ့မှာ မားမားကြီးရပ်ကာ တစ်ယောက်စီကိုလိုက်ပြီးတော့ကြည့်နေ သည်။ ကုလားဒိန်သုံးယောက်သည် ဖူးယောင်ကိုင်းနေသော မျက်နှာ၊ လက်မှာမားဒဏ်ရာရထားသူ၊ အရှိက်ကိုထိထားကြသူ များဖြင့် မလှုပ်နိုင်၊ မယှက်နိုင်ရှိနေကြလေသည်။

''စိန်ဘာဘူ ရတနာသိုက်အဖောက်ခံရတဲ့ကိစ္စကြောင့် မင်းတို့ငါ့ဆီကိုရောက်လာခဲ့ကြတာ မဟုတ်လား၊ ငါ့ကိုသက် မကောင်းဖြစ်နေကြတာမဟုတ်လား။ ပစ္စည်းတွေကိုပြန်လိုချင်လို့ မင်းတို့ကိုနိုင်းလိုက်တာဆိုရင် မှားပြီ၊ ဦးတည်ချက်ကလွဲသွား ပြီ၊ အဲဒီဖောက်ထွင်းမှုကိစ္စဟာ ငါနဲ့မဆိုင်ဘူး၊ မပတ်သက်ဘူး''

ထိုသူသည်လက်သွက်ခြေသွက်ရှိသလောက် လေသံက အေးဆေးလှသည်။

''ဟုပ်တယ် ဘာဘူက ကျုပ်တို့ကိုငွေပေးပြီနိုင်းလိုက် တာပဲ၊ ပစ္စည်းတွေကိုခင်ဗျားယူသွားတာတဲ့၊ ပြန်ပေးပါ''

''ဖျန်း''

ထိုသူ၏လက်ဝါးက သော့ဝိဇ္ဇာရန်ကနား၏ ပါးပြင်ပေါ် ကို ရောက်သွားခဲ့လေ၏။

''ငါ့ကိုမင်းက ပြောရဲတဲ့သတ္တိရှိသလား၊ ရန်ကနား မင်းအကြောင်းငါကောင်းကောင်းကြီးသိတယ်၊ ရန်ကုန်မှာ မင်း





ဟာသော့ဝိဇ္ဇာရန်ကနားဆိုတာ နာမည်ကြီးပဲ၊ မင်းကော စိန် ဘာဘူတိုက်ကိုဖောက်တာ မဖြစ်နိုင်ဘူးလား''

''ကျုပ်က အချင်းချင်းဘယ်တော့မှမလုပ်ဘူးဗျ''

''ဖျန်း''

လက်ဝါးကပါးပြင်ထက်ကို နောက်တစ်ချက်ကျသွားခဲ့ သည်။

ရန်ကနား၏လည်ပင်း လည်ထွက်သွားခဲ့လေ၏။ ကျန် လူနှစ်ယောက်သည် မည်သည့်အကြောင်းကြောင့်လည်းမသိ။ ထိုသူ့ကိုအလိုလိုနေရင်း ကြောက်ရွံ့နေမိသည်။ ပြန်ပြီးတိုက်ခိုက် ရဲသောသတ္တိမရှိကြပေ။ စောစောက ဝေ့ဝဲသွားလာနေသော အရိုးခြောက်သဏ္ဌာန် မီးခိုးငွေ့တန်းကြီးသည်လည်းမရှိတော့ပေ။

''မင်းက အချင်းချင်းမလုပ်ဘူးဆိုတော့ ကိုယ်လူမျိုး မဟုတ်ဘူးဆိုရင် လုပ်တယ်ပေါ့၊ ဖောက်ထွင်းခိုးယူတယ်ပေါ့ ဟုတ်လား''

''ဒီ. . . ဒီလိုသဘောမျိုးနဲ့ပြော ပြောတာမဟုတ်ပါဘူး ခင်ဗျာ၊ အမိပ္ပာယ်က''

''တော်ပြီ အဓိပ္ပာယ်တွေ ဘာတွေလုပ်မနေနဲ့တော့ မင်းတို့လည်တယ်ဆိုတာ မိုက်ခဲဖောတိ အိပ်နေသလောက်ပဲ ရှိသေးတယ်။ မင်းတို့လိုလက်ပါးစေတွေကို ငါကြည့်လို့မရတာ ကြာပြီ၊ ဒီတစ်ကြိမ်နောက်ဆုံးပဲဖြစ်ပါစေ

အေး နောက်တစ်ကြိမ်ငါ့တိုက်ထဲကို ဒီလိုပဲဖောက်ထွင်း ပြီးဝင်ဦးမယ်ဆိုရင်တော့ မင်းတို့အားလုံးတစ်ယောက်မကျန် အဝိစိကိုပို့ပစ်လိုက်မယ်။ ငါကမင်းငို့ကို ဒုက္ခရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



အဝေးကနေလုပ်လို့ရတယ်ကွ၊ ဒါနမှုနာပဲရှိသေးတယ်၊ ငါ့အကြောင်းကိုမင်းတို့ပိုပြီးသိအောင် ထပ်ပြရဦးမလား''

''တော် တော်ပါပြီ မိုက်ခဲဇောတိ၊ ကျွန်တော်တို့သဘောပေါက်ပါပြီ၊ ကြောက်ပါပြီခင်ဗျာ၊ မပြပါနဲ့တော့''

ရန်ကနားနှင့်သူ့လူများသည် မိုက်ခဲဇောတိကို ထိတ်လန့်လျက်ရှိနေကြလေသည်။ ထိုသည်ထက်ပိုပြီးတော့ ထိတ်လန့်နေကြသည်။ နဂိုရှိသောပင်ကိုသတ္တိများသည်လည်း ပျောက်ကွယ်ကုန်ကြလေပြီ ထိုသူသုံးယောက်သည် မိုက်ခဲဇောတိကို ကြောင်စီစီမျက်လုံးများဖြင့် ကြည့်နေကြသည်။ သူတို့၏မျက်လုံးတွေထဲမှာ မိုက်ခဲဇောတိသည် မှော်ဆရာကြီးဖြစ်နေသည်။ ကဝေကြီးဖြစ်နေသည်။ နောက်ထပ်မည်သို့များ ဒုက္ခပေးဦးမလည်းဟုတွေးသောကသိမ်ငယ်နေကြသည်။

''မင်းတို့သွားကြတော့''

မိုက်ခဲဇောတိက ခတ်ပြတ်ပြတ်ပင်ပြောလိုက်သည်။ ထိုအခါ ဖောက်ထွင်းသမားကုလားဒိန်သုံးယောက်သည် မိုက်ခဲဇောတိစိတ်မပြောင်းမီ တိုက်ခန်းပေါ်မှ ဒရောသောပါးပင် ဆင်းပြေးကြလေတော့သည်။ လှေကားပေါ်မှာ တဝုန်းဝုန်းနှင့်အသံများက ဆူညံသွားခဲ့ကြလေသည်။ ဘေးဘီရှိအခန်းများကလူများသည်လည်း ဤမျှလောက်ဆူညံနေကြသည့်တိုင် မနိုးကြသည်က အံ့အားသင့်စရာပင်။

မကြာမီ ကားမောင်းထွက်သွားသံကိုကြားလိုက်ရလေ၏ သွေးရူးသွေးတမ်းနှင့် အပြင်းပင်မောင်းထွက်သွားခဲ့ကြသည်။ မိုက်ခဲဇောတိသည် တံခါးများကိုပြန်ပိတ်လိုက်သည်။ သော့အသစ်





များဖြင့် အထဲမှပြန်ခတ်လိုက်လေသည်။ ထို့နောက်မီးများကိုပြန်ပြီးတော့ ပိတ်လိုက်သည်။ အိပ်ခန်းမီးလိုက်ဖွင့်လိုက်သည်။

ထို့နောက် မီးခံသေတ္တာထဲက မီးရှိုက်ဖွာနေသော ပလပ်စတစ်အရိုးခေါင်းကြီးကိုယူလိုက်ကာ ပြုံးမိလိုက်လေသည်။

❦❦❦❦❦



www.burmeseclassic.com

www.burmeseclassic.com



(၄)

## မိုက်ခဲဧဒဝေါ

နယ်စပ်တစ်နေရာ။

တောကြီးတောင်ကြီးကာဆီးလျက်ရှိနေကြပြီ။

နှင်းမြူများကလည်း ကစ်ချိန်လုံးအတောမသတ်ကျ ဆင်းလျက်ရှိသောနေရာ။

လူတစ်စုသည် ဆင်သုံးကောင်၊ လားခြောက်ကောင် မြင်းဆယ်ကောင်တို့နှင့်အတူ တောလမ်းတစ်လျှောက် ဖောက်ထွက်လျက်ရှိနေကြသည်။

လူတစ်စုဆိုသည်ကား. . .

မျက်နှာဖြူစစ်ဖက်အရာရှိများ ပါဝင်ကြသောအဖွဲ့ပင်း အရာရှိသုံးယောက်၊ နီဂလိုးနှင့်ဂေါ်ရာစစ်သားများအဖွဲ့နှင့် လမ်းပြ သုံးယောက်ဟို့ပါလာကြသည်။ အရာရှိများနှင့်အတူ အားလုံး





မြင်းကိုယ်စီနှင့်လိုက်ပါလာကြလေသည်။

ဆင်သုံးကောင်နှင့်ဝန်တင်လားများပေါ်တွင် အသုံးအဆောင်ပစ္စည်းများ၊ လျှို့ဝှက်ကာတင်လာသော အဖိုးတန်ပစ္စည်းများပါလာခဲ့ကြသည်။

ထိုသူတို့သည် မြန်မာ၊ အိန္ဒိယနယ်စပ်တစ်နေရာမှာ ရောက်ရှိနေကြသည်။ လမ်းကျွမ်းသောကချင်လူမျိုးမုဆိုးနှစ်ယောက်နှင့် မြန်မာတစ်ယောက်ကိုရွာများမှ ခြိမ်းခြောက်ပြီးတော့ ခေါ်ဆောင်လာခဲ့ကြသည်။ လမ်းပြလုပ်နိုင်းသည်။ အိန္ဒိယသို့ ဆက်ထွက်သောလျှို့ဝှက်လမ်းကြောင်းများကို သူတို့သိထားကြသည်ဆိုပြီး လက်နက်ပြခြိမ်းခြောက်ကာခေါ်ဆောင်လာခဲ့ကြခြင်းပင်။

လမ်းပြသုံးယောက်ကိုလည်း မြင်းတစ်ကောင်စီပေးကာ ရှေ့မှသွားစေခဲ့သည်။ တကယ်တော့ ထိုမုဆိုးများသည်မိမိတ်ပန်းကျင်များလောက်မှာသာ ကျင်လည်ကျက်စားနေကြသူများဖြစ်ကြသည်။ ကုလားဖြူများက ဤလမ်းကြောင်းကိုဖွတ်အတင်းပင်ရှာဖွေကာ သွားစေခဲ့ကြ၍ သေဘေးကြောင့်လိုက်ပါလာခဲ့ကြရခြင်းပင်တည်း။

''မောင်မင်းတို့ အခုဘယ်လိုသွားနေကြတာလဲ''

ဗိုလ်မှူးအဆင့်ရှိသောသူက လမ်းပြများနှင့်အနားကို မြင်းနှင့်တိုးကပ်လာပြီး မေးလိုက်သည်။ သူ့စိတ်ထဲမှာမြန်မာများကိုယုံကြည်မှုမရှိပေ။

''ဟေ့ ပင်းတို့ကိုသခင်ကြီးက မေးနေတယ်လေကွာ၊ ဘယ်ကိုသွားနေကြသလဲဟဲ့''



www.burmeseclassic.com

www.burmeseclassic.com



ခါးမှာ ပျောက်(ခြောက်လုံးပြူး) ကိုထိုးထားသော မြန်မာစကားပြန်က ခပ်ထန်ထန်ပင်မေးလိုက်လေသည်။

"ခင်ဗျားတို့သွားချင်ကြတဲ့လမ်းပဲလေ"

မြန်မာလမ်းပြကလည်း စကားကိုတုံ့ကိုပြုတ်ပြတ်ပင်ပြန်ပြောလိုက်လေသည်။

"မင်းစကားကို ကောင်းကောင်းပြောပါ၊ သခင်ကြီးတွေစိတ်ဆိုးအောင်မလုပ်နဲ့၊ တစ်လမ်းလုံးဂျစ်ကန်ကန်လုပ်လာခဲ့တယ်၊ ငါရှိနေလို့ မင်းတို့သက်သာနေတယ်မှတ်ပါ"

"ဟေ့ မင်းကလည်းမြန်မာအချင်းချင်း စကားကိုကောင်းကောင်းပြော၊ သခင်အားရကျွန်စာဝလုပ်မနေနဲ့၊ သဘောပေါက်လား၊ မင်းတို့ရဲ့အခြေအနေနဲ့ ကံကြမ္မာဟာ ငါတို့လမ်းပြတွေရဲ့လက်ထဲမှာရှိနေတယ်ဆိုတာကိုလည်း နားလည်လား"

မြန်မာလမ်းပြကလည်း တစ်စက်ကလေးမှမလျှော့ လေသံတင်းတင်းနှင့်ပင်ပြန်ပြီးတော့ ပြောလိုက်လေသည်။

လမ်းပြသည် မကြောက်မရွံ့ အမှန်အတိုင်းပဲပြောလိုက်ခြင်းပင်ဖြစ်ပါ၏။ ကုလားဖြူတွေ နိုးကြောင်နိုးဝှက်နှင့်သယ်ယူလာခဲ့ကြသော ပစ္စည်းများကိုတစ်လမ်းလုံးပင် သင်္ကာမကင်းဖြစ်လာခဲ့ရသည်။ တကယ်တော့ လမ်းပြမှဆိုးသုံးယောက်စလုံးသည် ပညာအခြေခံအဆင့် အတော်ရှိပြီးသားဖြစ်ကြသည်။ အကျိုးအကြောင်းကိုနားလည်ကြသည်။ ဆင်ချင်တုံတရားရှိပြီးကြသူများပင်တည်း။

စကားပြန်မှာ မြန်မာလမ်းပြက ကိုတော်၏စကားကြောင့် မျက်စိမျက်နှာပျက်သွားခဲ့ရလေသည်။ ဤကောတောင်လမ်းထဲ





ကို လိုက်ပါလာခဲ့ရသော်လည်း ကြာလေစိတ်ထဲမှာ မသိုးမသန့်ဖြစ်လာလေလေပင်။ ရှေ့မှာကြီးမားစွာသောအန္တရာယ်တစ်ခုကကိန်းသေပင်စောင့်ကြိုနေသည်ဟု အထင်ရှိနေမိသည်။

"ဒီလမ်းပြတွေနဲ့ ပြဿနာအတက်ခံလို့မဖြစ်ဘူး၊ သင်းတို့ကငါတို့ကိုပစ်ပြီးတော့ ထွက်ပြေးသွားခဲ့ရင် အားလုံးဒုက္ခရောက်ကုန်ကြလိမ့်မယ်"

မျက်နှာဖြူစစ်ဗိုလ်မှူးက စကားပြန်နှင့်လမ်းပြကိုတာတို့ပြောနေကြသည့်စကားအဖြေကိုစောင့်နေလေသည်။

"မောင်မင်းသူက ဘာပြောတာလဲ၊ စကားကောင်းကောင်း မပြောဘူးလား၊ ကျွန်ုပ်ကိုပြောစမ်း၊ ဒီနေရာမှာတင်အပြတ်ရှင်းပစ်လိုက်မယ်"

"မ မဟုတ်ပါဘူး သခင်ကြီး၊ ကျွန်တော်တို့ လမ်းမှန်အတိုင်းသွားနေကြတာပါလို့ ပြောပါတယ်"

မျက်နှာဖြူ ဗိုလ်မှူးက စကားပြန်ကို မယုံသလို ကြည့်လိုက်လေသည်။ လမ်းပြက တင်းမာသော မျက်နှာထားနှင့်ပြီး ပြောလိုက်သည်ကို သူမြင်သွားခဲ့သည်မဟုတ်ပါလား။

နှင်းငွေ့က ပိုပြီးတော့ သိပ်သည်းစွာ ကျလာခဲ့ကြသည်။ ဆယ်ပေအကွာလောက်ကိုသာ မြင်ရတော့သည်။ ရှေ့မှာ ဘာအုံကြီးတစ်ခုက ဆီးပြီးတော့ ကြိုနေပြန်လေသည်။

ဘယ်ဘက်မှာလည်း အောက်ဘက်ကို ဆင်းသွားသော ချိန်းစောင်းလမ်းကြီးက ပုံနေလျက်ရှိလေသည်။ လမ်းက နှစ်ခုဖြစ်နေသည်။

"ဟိတ် ခဏရပ်လိုက်ကြဦး"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖြူ အရာရှိက လမ်းပြသုံးယောက်ကို တားဆီး လိုက်လေသည်။ တင်းမာသောလေသံကြောင့် မြင်းများကို တွံ့ကနဲဆို ရပ်စေလိုက်ကြသည်။

ခေါင်းဆောင်မျက်နှာဖြူဗိုလ်မှူးက မြင်းနှင့်အတန်ရှေ့ ကို တိုးလာခဲ့လေသည်။

"လမ်းက နှစ်ခု ဖြစ်နေတယ်၊ မင်းတို့က ဘယ်လမ်းက သွားကြမလို့လဲ"

စကားပြန်မှတစ်ဆင့် . . .

"အောက်လမ်းက သွားမယ်"

"မလိုချင်ဘူး။ အပေါ်လမ်းက သွားမယ်၊ အောက်လမ်း က ပိုပြီးတော့ ရှုပ်ထွေးနေတယ်၊ မင်းတို့မှာ ဘာအကြံအစည် ရှိကြသလဲဆိုတာ ငါမသိဘူး၊ ဒါပေမယ့် ဒါ လမ်းမှန်မဟုတ် ဘူးဆိုတာကိုတော့ သိတယ်၊ ငါတို့ကို ညာပြီးခေါ်သွားကြဖို့တော့ မစဉ်းစားကြနဲ့"

"ရော ခက်ပြီ၊ ဒီကုလားဖြူက ငါတို့ကို အလိုလိုနေရင်း သင်္ကာမကောင်း ဖြစ်နေတာကိုး"

မြန်မာစကားကျွမ်းသော ကချင်လမ်းပြနှစ်ဦးက မြန်မာ လမ်းပြမှူးဆိုး ကိုတာကို . . .

"သင်းတို့ ဆန္ဒရှိသလို လုပ်ကြပါစေဗျာ၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြတဲ့သူတွေချည်းပဲ မဟုတ်လား ကိုတာ"

လမ်းပြမှူးဆိုး ကိုတာက ခေါင်းညိတ်လိုက်ပြီး . . .

"ကောင်းပြီလေ၊ ကျုပ်တို့ကို မယုံကြည်ဘူးဆိုရင်လည်း သဘောပဲ"





"ဟော ဒီတောအုပ်ထဲကို ဝင်မယ်၊ ဒီအတိုင်းသွားမယ် ဒါလမ်းမှန်ပဲ၊ မင်းတို့ရှေ့ကသွား"

ကုလားဖြူအရာရှိ၏စကားကြောင့် လမ်းပြမှူးဆိုး ကိုတာ ပြုံးမိလိုက်သည်။ ထို့ကြောင့် လမ်းပြမှူးဆိုး သုံးယောက် က ရှေ့မှထွက်သွားခဲ့ကြလေသည်။

မြူနှင်းတွေ ဖောက်ကာကျနေကြသည့်အထဲမှာ တော အုပ်ထဲကို ဝင်ခဲ့ကြလေပြီ။ တစ်တောလုံးသည် အပ်ကျသံကိုပင် ကြားရလောက်အောင် တိတ်ဆိတ်လျက်ရှိနေသည်။

တောကောင်တို့ သွားလာနေကြ လမ်းများကို ဟိုနေရာ ဒီနေရာများမှာ တွေ့နေကြရသည်။ သို့သော် တောကောင်ဆို၍ ဘာမပြောနှင့် ရှဉ့်တစ်ကောင်ကိုသော်မှ မတွေ့ရပေ။

ထိုစဉ် . . .

အူး . . . ဝူး . . . ဝူး

မမျှော်လင့်ပဲ ထွက်ပေါ်လာကြသောအသံများ ချက်ချင်း ဆိုသလိုပင် တစ်တောလုံး၊ တစ်တောင်လုံး ဆူညံသွားခဲ့လေသည်။

"ဟာ ဒါ ဆင်ရိုင်းတွေရဲ့ အသံပဲ"

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ကြလေသည်။

အူး . . . ဝူး . . . ဝူး

အူး . . . ဝူး . . . ဝူး

အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက် နှာမှာ အဆက်မပြတ် ထွက်ပေါ်လာခဲ့ကြသော ကောင်ရေများ လှသော ဆင်ရိုင်းတို့၏ အသံများ မြေတုန်ကာ ကြောက်ခမန်း လိလိုပင် . . .



www.burmeseclassic.com

www.burmeseclassic.com



ဝန်တင်ဆင်သုံးကောင်သည် မမျှော်လင့်ဘဲ ကြားလိုက်
ရသော အသံများကြောင့် တရှူးရှူးတရှဲရှဲနှင့် ရှိကုန်ကြလေ
တော့သည်။ ဆင်ဦးကင်းထက်မှာ လိုက်ပါလာကြသော ဆင်ဦး
များသည် ချွန်းများကိုင်ကာ မိမိတို့၏ဆင်များကို နှိုင်အောင်
ထိန်းနေကြရသည်။

မြင်းများ၊ လားများမှာလည်း ဆောက်တည်မရအောင်
ပင် ဖြစ်ကုန်ကြလေ၏။

ဟီး . . . ဟီး . . . ဟီ . . . ဟီ . . .

''ဘာသံတွေလဲ''

ကုလားဖြူများမှာ ဟိုကြည့်ဒီကြည့်နှင့် ချောက်ချာ
ကုန်ကြလေသည်။ လမ်းပြမုဆိုးများမှာ မည်သည့်နေရာ
ထွက်ပေါ်လာကြသည့် အသံတွေများလည်းဟု ခန့်မှန်း၍မရလေ

''ကောင်ရေ ရာကျော်ရှိသည့် ဆင်အုပ်ကြီးပဲ၊ ကျွန်တော်
တို့ သွားမယ့်လမ်းမှာ ရှိနေတယ်၊ ဒီဘက်ကို လာနေကြတာလည်း
ပဲ ဖြစ်နိုင်တယ်''

ကိုတာက ခန့်မှန်းလိုက်ရာ ကချင်လမ်းပြနှစ်ယောက်
ကလည်း ခေါင်းညိတ်ကာ ကိုတာ့ စကားကို ထောက်ခံလိုက်
ကြလေသည်။

စကားပြန်မှတစ်ဆင့် ကုလားဖြူမှာလည်း သိသွားခဲ့ကြ
လေတော့သည်။

''ဟာ မဖြစ်ဘူး မဖြစ်ဘူး၊ နောက်ကိုပြန်ဆုတ်
ပြန်ဆုတ်ကြ၊ အောက်လမ်းကပဲ သွားကြမယ်''

ကုလားဖြူဗိုက်မှူးက ချက်ချင်းပင် နောက်ကို ပြန်ဆုတ်





လေသည်။

သို့သော် . . .

ဝူး . . . အူး . . . အူး

ဆင်ရိုင်းအော်သံများက သူတို့ထွက်လာခဲ့ကြသည့်
ဘက်မှ ထွက်ပေါ်လာခဲ့ကြပြန်လေသည်တကား။

''မရတော့ဘူး၊ ဆင်ရိုင်းတွေက ကျုပ်တို့ကို ဝိုင်းထား
ပြီး ထွက်ပေါက်တွေ ပိတ်နေပြီ''

လမ်းပြကိုတာက အခြေအနေကို နားလည်သဘော
ပေါက် သွားခဲ့ရလေသည်။

ဒုန်း . . . ဒုန်း . . . ဒုန်း . . . ဒုန်း

ထိုစဉ် . . .

မြေပြင်တုန်ဟည်းကာ ထွက်ပေါ်လာခဲ့ကြသည်များ

''ဆင်ရိုင်းကြီးတွေ ဒီဘက်ကို ပြေးလာနေကြပြီလား''

ကုလားဖြူစစ်သားများ၏ အော်ဟစ်သံ၊ အထိတ်တလန့်
အော်ဟစ်ကြသံများသည် အုပ်စုထဲမှ ပွက်လောရိုက်သွားခဲ့ကြ
လေတော့သည်။ ထိုအခါ ဆင်များ၊ မြင်းများ၊ လားများသည်
လည်းတော့ ယောက်ယက်ခတ်သွားကြကာ ဦးတည်ရာကို ပြေး
ကုန်လေတော့သည်။

''ဟာ လုပ် လုပ်ကြပါဦး''

ပတ်ဝန်းကျင်တစ်ခုလုံးသည် လူ၊ တိရစ္ဆာန်များ၏
အော်ဟစ်သံ၊ ကြောက်လန့်မှုများဖြင့် ပွက်လာရိုက်သွားခဲ့ကြ
လေတော့သည်။

နံနက်ခင်းကာလလေပေမယ့် ရုတ်တရက် အမှောင်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ထူထည်းစွာ ကျဆင်းလျက်ရှိသော နှင်း ကြားမှာ ပြေးကာနေကြသော မည်းမည်းသဏ္ဍာန်များ။ ဆင် ကြီးများပင်တည်း။

ဂူး . . . အူး . . . အူး

များစွာသော ကောင်ရေများရှိသည့် တောဆင်ရိုင်း များသည်ကား ကုလားဖြူတို့ ရှောင်ပြေး၍ မရနိုင်လောက်အော ပင် ပတ်ပတ်လည်မှ ဝန်းရံကာ လေးဘက်လေးတန် ပြေးလာခဲ့ကြလေပြီတည်း။

လမ်းပြ ကိုတာနှင့်အဖော် ကချင်မုဆိုး နှစ်ယောက်တို့သည် သစ်ပင်ကြီးနှစ်ပင်ကြားမှ ကယ်ပေါ် လှမ်းမြင်လိုက်ကြသည်နှင့် . . .

"ဟိုမှာ အဲဒီနေရာကနေ ထွက်ကြမယ်"

မြင်းများကို တဟုန်ထိုးနှင်ကာ ပြေးထွက်လာ သည်။ ဆင်ရိုင်းများ၏ အန္တရာယ်မှ လွတ်မြောက်သွာ လေ၏။

ကုလားဖြူစစ်ဗိုလ်မှူးနှင့် ကုလားဖြူဗိုလ်ကြီးအ ကြသူ နှစ်ယောက်တို့သည် မြင်းများ၊ ဝန်တင်လားမျ ဗိုင်းပြီးတမ်းကြသော်လည်း မနိုင်မနင်း ဖြစ်နေကြသည်။ အ တကြားဖြင့် ဦးတည်ရာကို ထွက်ပြေးနေကြသောကြောင့် လိုမှ မတတ်နိုင်ကြတော့"

ထိုစဉ် . . .

သူတို့ပဲ ပျက်စီးမှားကြလေသလားမသိ၊ ဆင်ရိုင်း တစ်ကောင်ပေါ်မှာ လူတစ်ယောက်ကို တွေ့လိုက်ကြရ





ထိုသူသည် ဆင်ဦးကင်းထက်မှာထိုင်ကာ လိုက်ပါလာ ဂျုန်ဂဲလ်ဟက်ခေါ် မုဆိုးဦးထုပ်ကို ဆောင်းထားသည်။ များ ဝတ်လေ့ဝတ်ထရှိသည့် အကျီအောင်းဘီတို့ကို ဝတ် ထားလေသည်။ လက်ထဲမှာလည်း အမဲလိုက်သေနတ်ကြီးကို ဆောင်ထားသည်။

သူ စီးလာသော ဆင်ရိုင်းကြီးမှာ အစွယ်များတွန့်လိမ် ကောက်လျက်ရှိသည်။ ရှည်လျားလှသည့် အစွယ်ကြီး ချောင်းက ကြီးမားတုန်နိုင်လှသည်။

"ဟာ ဒီက္ကုး ဆင်ရိုင်းကြီးကိုတောင် စီးလာတယ်၊ ဟုတ် သား၊ မဖြစ်နိုင်ဘူး၊ ဒါ သာမာန်လူ မဖြစ်နိုင်ဘူး၊ တစ္ဆေ၊ ဖြစ်ရမယ်၊ မကောင်းဆိုးရွားကောင်၊ ငါတို့ကို အနှောင့် က် လာပေးတာပဲ"

ကုလားဖြူစစ်သားများမှာ ရောမဆင်ရိုင်းကြီးပေါ်က ကြည့်ပြီးတော့ သွေးပျက်သွားခဲ့ကြလေ၏။ တဂူးဂူး ပါးနှင့် အော်ပြီး ပြေးဝင်လာနေကြသော ဆင်ရိုင်းကြီးများ နှင်းတောထဲမှာ ရှုပ်ယှက်ခတ်နေကြသည်။

ကုလားဖြူ စစ်သားများသည် မြင်းများကို မထိန်းနိုင် လိုက်ပါသွားခဲ့ကြလေရာ မမျှော်လင့်ဘဲ . . .

"အား . . . "

နွံ့အိုင်ကြီးထဲကို ပစ်ပြီးတော့ကျသွားခဲ့ကြလေသည်။ ရေအလူပါ နစ်သွားခဲ့ကြသည်။ ကုလားဖြူအရာရှိ သုံးယောက် လည်း အားလုံးနှင့်အတူ မြင်းပေါ်မှ လွင့်စင်ပြီး နွံ့အိုင်ကြီး ကျသွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘွပ်''

''အား''

''အား''

အလန့်တကြားနှင့် ရုန်းကန်ကြရင်း ကိုယ်လုံး
တဖြည်းဖြည်းနှင့် ပိုပြီးတော့ နစ်မြုပ်သွားနေကြသည်။ ထို
ကျမှာ သေဘေးကို သိသွားခဲ့ကြပြီး ကြောက်လန့်တုန်လှု
လေသည်။

''ကယ်ပါ၊ ကယ်ကြပါ''

ဣန္ဒြေကို မငဲ့ကွက်နိုင်ကြတော့ပဲ၊ သွေးပျက်ကာ
ဟစ်ပြီး အကူအညီတောင်းကြသံများက ပွက်ပွက်ညံသွား
လေတော့သည်။

ထူးခြားချက်တစ်ခုသည်ကား . . .

နှင်းတောထဲမှာ အော်ဟစ်ပြီး ရုန်းလိုက်ကာ ပြေးလာ
ကြသော တောဆင်ရိုင်းကြီးများသည် ရှေ့ကို တက်လာ
မရှိတဲ့ နေရာပင် ပတ်ချာလည်နေကြရင်း တဖြည်းဖြည်
ပျောက်ကွယ်သွားခဲ့ကြခြင်းပင်တည်း။

ထိုအချိန်တွင် . . .

မျက်နှာဖြူများနှင့်အတူ ပါလာခဲ့ကြသည့် အိမ်ဆင်
သုံးကောင်နှင့်အတူ လားအချို့သည်လည်း နွံနစ်နေကြ
ကုလားဖြူများရှိရာဆီကို တဖြည်းဖြည်းနှင့် လာနေကြ

ဆင်ဦးစီးများနှင့် အတူ ပါလာသူ တစ်ယော
စောစောက ဆင်ရိုင်းကြီးတစ်ကောင်ပေါ်မှာ တွေ့လိုက်ရ
သူပင်တည်း။ ထိုသူသည် နွံနစ်နေကြသည့်သူများ၏ အန





ရောက်လာသည်။

''ဘယ်လိုလဲ၊ တော်တော့်ကို မှတ်လောက်သားလောက်
ရှိသွားကြပြီလား''

''မင်း မင်း ဘယ်သူလဲ''

နွံ့ထဲမှာ ခါးတစ်ဝက်ခန့် နစ်မြုပ်နေကြသည့် လူတွေ
ထဲမှာ ကုလားဖြူဗိုလ်မှူးက မျက်နှာထားတင်းတင်းနှင့် မေး
လိုက်၏။

''ကျုပ်လား၊ မသိသေးလို့မေးတာဆိုရင်လည်း ဖြေရ
တာပေါ့၊ ဒီးအနားပတ်ဝန်းကျင်မှာ ကျက်စားနေတဲ့ မိုက်ခဲဒေဝေါ
ဆိုတာ ငါပဲကွ''

မိုက်ခဲဒေဝေါက အင်္ဂလိပ်စကားကို ပီပီသသကြီး
ပြောလိုက်လေရာ . . .

''ဘာ မိုက်ခဲဒေဝေါ ဟုတ်လား''

ထိုနာမည်ကို ကြားလိုက်ရသည်နှင့် ကုလားဖြူဗိုလ်မှူး
မှာ အံ့အားသင့်သွားခဲ့ရလေတော့သည်။ မိုက်ခဲဒေဝေါ၏
အကြောင်းကို သူတို့ကြားဖူးခဲ့သည်မှာ ကြာလေပြီ။ သူကား
မျက်နှာဖြူ အစိုးရ၏ ဆုငွေထုတ်ထားခြင်းခံရသော သူပင်တည်း။

မိုက်ခဲဒေဝေါသည် အမည်ရင်းဖြစ်ချင်မှဖြစ်မည်။
မျက်နှာဖြူများကို လွှာဖွံ့စားသည့်နေရာမှာ ကြောက်ခမန်းလိလိ
ပင် ဖြစ်သည်။ ဂမ္ဘီရအတတ်များကိုလည်း တတ်မြောက်ထားသူ
ဟု လက်ခံထားကြလေ၏။ သူဒုက္ခအများဆုံးပေးသောသူများမှာ
မျက်နှာဖြူများ၊ အလိုတော်ရိများပင် ဖြစ်ကြသည်။

''မင်းတို့ နိုးကြောင်ခိုးဝှက်နဲ့ သယ်ယူလာခဲ့ကြတဲ့ ပါကို



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရဲ့ အဖိုးတန် သယံဇာတပစ္စ၊ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတွေကို ငါက ပြန်ပြီးသိမ်းထားလိုက်ပြီလို့ မင်းတို့ရဲ့ အရှင်သခင်တွေကို ပြန်ပြောပြဖို့ မလွယ်တော့ပါဘူးလေ''

မိုက်ခဲဒေဝါက ရိုတိုတိစကားမျိုး ပြောလိုက်လေရာ

''ဟေ့ကောင် မင်းလိုကောင်မျိုးက ငါ့လိုလူတစ်ယောက်ကို ဒီလို ပမာမခန့်ပြောရသလားကွ၊ မင်းကို ကောင်းကောင်းအရေးယူရမယ်၊ နှစ်အကန့်အသတ်မရှိ ထောင်ချပစ်မယ်''

''ဟား ဟား ဟား ဟား မင်းက ငါ့ကို ဖမ်းမယ်ဟုတ်လား။ ကိုယ့်အခြေအနေကိုလည်း ပြန်ပြီးတော့ ကြည့်ပါဦး။ မင်းတို့အားလုံးရဲ့ ဘဝဟာ ဒီနွံ့တောကြီးရဲ့အောက်မှာပဲ အဆုံးသတ်ရတော့မှာကွ''

ဒေါသထွက်နေသော ကုလားဖြူဗိုင်မှူးသည် သူ၏ အခြေအနေကို ယခုမှပင် သဘောပေါက်သွားခဲ့လေတော့သည်။ သူနှင့်အတူ နွံ့ထဲကို ရောက်နေကြသော ကုလားဖြူစစ်သားများနှင့် မြန်မာစကားပြန်၊ မြင်းအချို့၏ အခြေအနေများသည်လည်း လွတ်မြောက်ဖို့ မျှော်လင့်ချက် မရှိသလောက်ပင်။

နွံ့ထဲမှာ အားလုံးအလန့်တကြားနှင့် ရုန်းကန်နေကြသည်ဖြစ်ရကား လှုပ်လေမြုပ်လေပင် . . . ။

''အား ကယ် ကယ်ကြပါဦး''

သွေးရူးသွေးတမ်းနှင့် အော်ဟစ်သံများက ဆူညံလျက် ရှိနေကြလေသည်။

''ဟေ့ ဟေ့ကောင် မင်း မင်း ငါတို့ကို ဒီနွံ့ထဲရောက်အောင် ပရိယာယ်ဖင်ပြီး တမင်တွန်းပို့လိုက်တာ မဟုတ်လား





မင်းဟာ မိစ္ဆာကောင်ပဲ၊ စေတန်နတ်ဆိုးပဲ၊ ငါတို့ကို ဒီနွံ့ထဲက လွတ်မြောက်အောင်လုပ်ပေး၊ မင်းကို အပြစ်ဒဏ်က လျော့ပေါ့ပေးဖို့ ငါပြောပေးမယ်''

''မလိုပါဘူး၊ ငါက ငါရဲ့ တိုင်းပြည်နဲ့လူမျိုးအတွက် ဆောင်ရွက်နေတာ၊ အဲဒါကြောင့် မင်းတို့မျက်နှာဖြူတွေက အပြစ်ပေးဖို့ မလိုဘူး။ ဒီပစ္စည်းတွေသာ ငါတို့နိုင်ငံက ထွက်သွားခဲ့ရင်သာ ငါ့မှာ အပြစ်ရှိတယ်၊ စွမ်းဆောင်နိုင်လျက်သားနဲ့ ပြန်ပြီးရအောင်မယူနိုင်လို့လေ၊ ဒါကြောင့် ငါ့မှာ ဘာအပြစ်မှ မရှိဘူး''

''တကယ် အပြစ်ရှိတာက မင်းတို့ပဲ၊ ငါတို့နိုင်ငံထဲကိုလည်း ကျူးကျော်ပြီးတော့ ဝင်လာသေး၊ ငါတို့ တန်ဖိုးထားတဲ့ အဖိုးတန် ပစ္စည်းတွေကိုလည်း မတရားယူချင်သေး၊ သူခိုးက ဟာစိတ်တယ်၊ နေခဲ့ကြပေတော့၊ ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲ၊ ဟိုစကားပြန်ကောင် မင်းက မြန်မာတစ်ယောက်ဖြစ်ပြီးတော့ ကုလားဖြူတွေနဲ့ပေါင်းပြီး သစ္စာဖောက်တယ်၊ မင်းလည်း ဒီနွံ့အိုင်ထဲမှာပဲ အိပ်ပြီး၊ ဘဝကူးကောင်းအောင် ဆုတောင်းလိုက်ပေတော့''

''ကျွန် ကျွန်တော် မှားပါပြီဗျာ၊ နောက်ကို ဒီလို မဖြစ်စေရတော့ပါဘူး၊ ကယ်ပါ ကယ်ပါဗျာ''

စကားပြန်က တောင်းပန်သည်။ မိုက်ခဲဒေဝါသည် နေရာမှ လှည့်ထွက်လာခဲ့ရာ . . .

''ဒီ ဒီမှာ ငါတို့ကို ပစ်မထားခဲ့ပါနဲ့''

ကုလားဖြူဗိုလ်မှူးက သွေးရူးသွေးတန်းဖြင့် ပြောလိုက်ရာ မိုက်ခဲဒေဝါသည် ရှေ့ကိုသာဆက်ပြီးတော့ လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အားလုံးမျှော်လင့်ချက် ကုန်ဆုံးသွားပြီ။ မရဏသေမင်းနှင့် ရင်ဆိုင်ကြရတော့မည်ဟု ချောက်ချားစွာပင် နားလည်လိုက်ကြသည်။ မိုက်ခဲဒေဝေါ သူတို့ရှေ့မှောက်မှ ပျောက်သွားပြီး တခဏအကြာတွင် နွယ်ကြိုးတွေ တထွေးကြီးနှင့်အတူ ပြန်ရောက်လာခဲ့သည်။ ကြိုးစတစ်ဖက်ကို သစ်ပင်များမှာချည်ပြီး ကျန်ကြိုးစများကို နွံထဲက လူများအား ပစ်ပြီးပေးလိုက်သည်။ ထိုသူများက မိုက်ခဲဒေဝေါ၏ အပြုအမူကို အံ့အားတသင့်နှင့် ဖြစ်သွားခဲ့ကြရလေ၏။ မိုက်ခဲဒေဝေါကား သူတို့၏ ရှေ့မှောက်မှ ထွက်သွားခဲ့လေပြီ။





(၅)

## ခန္တလူမျိုးစုကျိုရဲ့ နေရာ

မြင်းတစ်စီးသည် တောလမ်းတစ်လျှောက် ဒုန်းစိုင်းကာ ပြေးနေလျက် မြင်းပေါ်မှလူသည် မြင်းကို နိုင်နင်းစွာပင် စီးနိုင်သောသူ၊ ကျွမ်းကျင်သောသူတစ်ယောက် ဖြစ်နေသည်။

ထိုသူသည် ပတ်ဝန်းကျင်ကိုလည်း အကဲခတ်ရင်း လိုရာခရီးကိုလည်း ဦးတည်ကာ သွားနေရင်း၊ လမ်းမှာ မျက်လုံးနှစ်လုံးကို ကောင်းစွာအသုံးချသွားခဲ့လေသည်။

ရာသီဥတုက အေးမြသော်လည်း သူက မမှုသလိုပင်၊ မြင်းပေါ်မှ လိုက်နေရင်းနှင့်ပင် ကိုယ်မှာ ချွေးတစိုစိုနှင့် ရှိနေလေသည်။ မြင်းကိုလည်း အနားပေးလိုလှပြီဖြစ်၍ တော်တော်ကလေးခရီးပေါက်လာသောအခါ မြင်းကို ရပ်နားလိုက်လေသည်။

ရှေ့မှာ ရေအိုင်ကြီးတစ်ခုကို လှမ်းပြီးတော့ မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကြီးမားသော ရေအိုင်ကြီးသည် ဆယ်မိုင်ပတ်လည်ခန့်ရှိမည်ဖြစ်ပြီး ကန်ရေဖြစ်သည်။ စိမ်းညို့လျက်ရှိနေလေ၏။ ထူးခြားချက်မှာ ကန်ရေပြင်မှာ အပေါ်ယံ တင်းမာလျက်ရှိနေသည်။ ရေခဲစပြုနေသော အခြေအနေပင်ဟည်း။

"ငါ ဘယ်နေရာကို ရောက်လာတာလဲ၊ ဒီနေရာကို ရောက်လာတာ တော်တော်လေးကို စိတ်ဝင်စားစရာပဲ"

အံ့အားသင့်ခြင်းနှင့်အတူ သတိလည်းကြီးစွာ ထားမိရသည်။ ထူးခြားသော နယ်မြေတစ်ခု ဖြစ်နေသည်ကို နားလည်စပြုလာမိသောကြောင့်ပင်တည်း။

ကံရာဇာသည် မြင်းပေါ်မှ ဆင်းလိုက်သည်။ သူနှင့်အတူ နောက်လျှောက်ပင် ခရီးနှင်လာခဲ့သော ရဲဘော်ရဲဘက်တစ်ဦးလည်း ဖြစ်နေသည်။ မြင်းကြီးမှာ နာတရှူးရှူးဖြင့် မှုတ်နေလျက်ခေတ္တအနားရခဲ့ပြီကို သိလိုက်၍ ပျော်ရွှင်သွားဟန်တူသည်။ အေးခဲသော ဒေသဖြစ်သော်လည်း မြင်းညိုကြီး၏ ကိုယ်ပေါ်မှာ ချွေးကာစိုနေလျက်ရှိကာ အရည်ပြားသည် ပူနွေးလျက်ရှိနေလေသည်။

မြင်းညိုကြီးသည် ရေငတ်ပြေဟန်တူသည်။ မိမိသည်လည်း ထို့အတူပင် ကံရာဇာသည် မြင်းညိုကြီးကို ကန်စပ်ဆီသို့ ခေါ်သွားသည်။ အပေါ်ယံရေမျက်နှာပြင်သည် အေးခဲလျက်ရှိနေသည်ဖြစ်ရကား မှန်သားပြင်ကို ကြည့်ရသကဲ့သို့ မိမိတို့၏အရိပ်သဏ္ဍာန်များကို ပြန်ပြီးတော့ မြင်နေရလေသည်။ ကံရာဇာသည် ခါးပတ်ပေါ်မှ အမဲလိုက် ဓါးမြှောင်ကို ထုတ်ယူကာ ဓါးရိုးဖြင့် ရေပြင်ကို ခတ်ဆက်ဆက်လေးရိုက်ထည့်လိုက်လေ





သည်။

ရေပြင်သည် အက်ကွဲသွား၏။ ရေခဲများကြေမွသွားသည်။ အပေါ်ယံတင်းမာနေသော ရေခဲသားအထုသည် လက်မဝက်လောက် ရှိပေလိမ့်မည်။ ရေပူးကို ရေထဲမှာ နှစ်ကာ ရေဖြည့်သည်။ သောက်သည်။ အေးစက်သော ရေသည်လည်း ချောင်းထဲမှတစ်ဆင့် ဝမ်းထဲသို့ တောက်လျှောက်ဆင်းသွား၏။

မြင်းညိုကြီးကိုလည်း ရေတိုက်သည်။ အားပါးတရသောက်လေ၏။ ရေကိုသောက်သုံးလိုက်ရ၍ သက်ရှိသတ္တဝါနှစ်ဦးစလုံး ခွန်အားအသစ်များ ဖြစ်ပေါ်လာကြလေသည်။

စောစောက ကွဲကြေသွားသော ရေခဲအပိုင်းအစများနေရာမှာ ဘေးမှ ရေခဲများက ရွေ့လျားသွားလာပြီး ပြန်၍ ပိတ်သွားခဲ့ကြလေ၏။ လျှင်မြန်လိုက်သည့်ဖြစ်ခြင်း။

ထိုစဉ် . . .

ရေခဲပြင်ထက်မှာ ထင်ဟပ်လာသော အရိပ်တစ်ခုကို မြင်လိုက်ရလေ၏။

"ဟင် . . ."

ကံရာဇာသည် အပေါ်ကို မော့ပြီးတော့ ကြည့်လိုက်မိလိုက်လေ၏။ မိန်းကလေးတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ တစ်ကိုယ်လုံး ဖြူဆွတ်သော ဝံရေအင်္ကျီနှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည်။ ခေါင်းဆောင်းသည်လည်း ဂိုင်းစက်သော ဝက်ပံရေဖြူရှည်ပင် ဖြစ်သည်။

ကိုယ်ပေါ်မှာ လေးမြှားနှင့် ဓါးရှည်တစ်ချောင်းကိုလည်း တွေ့လိုက်ရသည်။ အသားပေးက ဖြူဝင်းနေလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤလို နေရာမျိုးမှာ မိန်းကလေးတစ်ယောက်ကို မထင်မှတ်ဘဲ တွေ့လိုက်ရသောကြောင့် ထူးဆန်းနေသည်။

မိန်းကလေးက ကြည်လင်သော အပြုံးဖြင့် ကံရာဇာကို ကြည့်နေသည်။ ကံရာဇာသည် မြင်းကိုဆွဲပြီးတော့ တက်လာခဲ့လေသည်။ မိန်းကလေးသည် နောက်သို့ အနည်းငယ် ဆုတ်သွားခဲ့သည်။

"မင်းက ဘယ်သူလဲ"

ကံရာဇာ၏စကားကို မိန်းကလေးက နားလည်ဟန် မတူပေ။ ဤနေရာသည် ဟမူးနှင့်နီးသလား၊ ဝေးသလားမသိ။ မိန်းကလေး၏ ဝတ်စားဆင်ယင်ပုံအရ အိန္ဒိယသူလေးလည်း မဖြစ်နိုင်။ အိန္ဒိယစကားကို နားမလည်လျှင် မည်သည့်ဘာသာစကားကို သုံးရပါမည်နည်း။

"ရှင်ကရော ဘယ်သူလဲ"

မိန်းကလေး၏ တုန့်ပြန်စကားကြောင့် ကံရာဇာ အံ့အားသင့်သွားခဲ့ရလေသည်။ အိန္ဒိယစကားဖြစ်သော်လည်း ရှေးကျသော စကားဖြစ်နေသည်။ ထိုအခါကျမှ မိန်းကလေးက ကံရာဇာ၏ စကားကို ချက်ချင်းပြန်မဖြေခြင်းမှာ အကဲခတ်နေသောကြောင့်ပင် ဖြစ်ဟန်တူသည်။

"ငါက ဒီနေရာကို မရည်ရွယ်ဘဲနဲ့ ရောက်လာခဲ့တာပါ၊ အမှန်အတိုင်းပြောရရင် ငါ မျက်စိလည်လာတာ"

မိန်းကလေး ကံရာဇာ၏ မျက်နှာကို ဖျတ်ကနဲဆို ကြည့်လိုက်သည်။ မယုံကြည်သည့်သဘောမျိုးပင်လား . . . ။

"ရှင် အမှန်အတိုင်း ပြောနေတာလား"





"ငါ အမှန်အတိုင်း ပြောနေတယ်၊ မယုံနိုင်စရာ ဘာ…းရှိလို့လဲ"

"ထားပါတော့လေ ရှင်ကို ကြည့်ရတာ ဒီလိုလူစားမျိုး …တ်မယ် မထင်ပါဘူး။ နေလည်းမမြင်ရတဲ့နေရာ၊ လလည်း …မြင်ရတဲ့နေရာမျိုးကို ရောက်လာတဲ့သူဟာ လူထူးပဲ"

"နေစမ်းပါဦး၊ ဒီနေရာဟာ ဘယ်လိုနေရာမျိုးမို့လဲ၊ …မ်းသိရင် လှူတိုင်းလာလို့ရတာပဲ မဟုတ်လား"

"လူတိုင်း လမ်းလည်း မသိနိုင်ဘူး၊ သိလည်း လာလို့ …ရဘူး၊ သိအောင်ကြိုးစားလို့လည်း မရဘူး၊ ရှင်တို့ရဲ့ စိတ်ကူး …ထဲမှာတောင် ပုံဖော်လို့မရတဲ့နေရာပဲ၊ ဒါဟာ ပါဠလိပုတ်ရဲ့ …စိတ်အပိုင်းတစ်ခု"

"ပါတလိပုတ်ရဲ့ အစိတ်အပိုင်းတစ်ခု"

ကံရာဇာက တိုးတိုးလေးပြောလိုက်ပြီးတော့ ဂါထာရွတ် …လို ရွတ်နေမိလိုက်သည်။

"ပါတလိပုတ်ဆိုတာ အရင်ကနာမည်ပဲ၊ အခု အိန္ဒိယ …ိုင်ငံကို ခေါ်တာ၊ ဒီလို ရှေးကျတဲ့နာမည်မျိုးကို ဘာဖြစ်လို့ …သုံးရတာလဲ"

ကံရာဇာ နားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရလေ သ …သည်။

တောကြီးတောင်ကြီးတွေထဲမှာ ရှေးဟောင်းလူမျိုးစုတွေ …နေကြသေးတယ်။ သူတို့ဆီက ခွဲထွက်သွားခဲ့ကြတဲ့ လူတွေ …အတူ ပါမသွားကြဘူး၊ ကိုယ့်နေရာ၊ ကိုယ့်ဒေသမှာပဲ ကျန်နေ …ကြတယ်၊ အခု ငါ တွေ့လိုက်ရတဲ့ မိန်းကလေးဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ကျန်ရစ်ခဲ့ကြတဲ့ မျိုးနွယ်[illegible]ဟော ်းတွေထဲကပဲ ဖြစ်နေမလား။

ကံရာဇာလည်း စိတ်ထဲမှာ အမျိုးမျိုးပင် တွေးတော နေမိသည်။ အကူးသဖြင့် ပါတလိပုက်၏ အစိတ်အပိုင်းဆိုသော နေရာကို ပိုပြီးတော့ စိတ်ဝင်စားနေမိလေသည်။ လွန်စွာမှ အေးခဲ သောနေရာမျိုးရှိသည်ပဲလား။ ဤလိုတစ်ဝက်တစ်ပြက် ရေခဲ နေသော ရေအိုင်ကျယ်ကြီး၏ အခြေအနေက ထူးဆန်းနေသည် ပါဌလိပုတ်မှာ ဒါမျိုးရှိသလားဟူ၍ . . . ။

''ခရီးပန်းလာခဲ့တယ် မဟုတ်လား၊ ကောင်းကောင်း အနားယူဖို့ လိုအပ်နေပြီ၊ ကျွန်မနဲ့လိုက်ခဲ့ပါ''

မိန်းကလေးက ဖိတ်ခေါ်လိုက်သည်။ ရွှန်းလဲ့သောမျက် ဝန်းတွေထဲမှာ ဖော်ရွေမှု၊ ညှို့ဝတ်ကျေပွန်လိုမှုတွေကို တွေ့ လိုက်ရသည်။

''ကျေးဇူးပဲ၊ ငါလည်း ဘယ်မှာနားရမှန်းမသိဘူး။ အတိုင်းသာနေရင် တစ်ကိုယ်လုံး အေးခဲသွားမှာပဲ''

မိန်းကလေးသည် ကံရာဇာ၏ မြင်းညိုကြီးကို ဇက်ကြိုး မှဆွဲကာ ရှေ့ကနေ ထွက်သွားသည်။ နှစ်ယောက်အတူ လျှောက် လာကြရာ လမ်းတွင် မြွားဒဏ်ရာဖြင့် သေဆုံးနေသော တော ဆိတ်တစ်ကောင်ကို တွေ့လိုက်ရလေသည်။

''ဒါ မင်း ပစ်ထားတာလား''

''ဟုတ်တယ်''

မိန်းကလေးက တောဆိတ်၏ ခြေထောက်များ စုစည်းကာ ကြိုးနှင့်ချည်လိုက်လေသည်။





''ငါ့မြင်းပေါ်ကို [illegible]တင်[illegible] [illegible]ဘယ်''

ကံရာဇာက သားကောင်ကို မိန်းကလေးနှင့်အတူ [illegible]ပြီး မြင်းပေါ်သို့ တင်လိုက်လေသည်။

ကောင်းကင်ထက်မှာ ကျဆင်းလာကြသော ဆီးနှင်းဖတ် [illegible]က လမ်းတလျှောက် ဖွေးဖွေးလှုပ်နေလျက် ရှိနေကြသည်။

လွန်ကဲသော အအေးဓာတ်ပါသည့် လေက မမျှော်လင့် [illegible]ဘဲချက်ငွေ့ယမ်းပြီး တိုက်ခိုက်လိုက်သည်။ နှင်းဖတ်များက [illegible]သာသောဖြင့် လွင့်ထွက်သွားခဲ့ကြလေသည်။ လူတစ်ကိုယ် [illegible]သည်း ကျင်ကန်နေအောင် အေးစက်သွားခဲ့ရလေသည်။

သစ်ပင်ကြီးများထက်မှာလည်း နှင်းတွေက တင်နေကြ [illegible] ဖွေးဖွေးလှုပ်နေလျက် ရှိကြသည်။ မကြာမီ . . .

လူသူ အရိပ်အယောင်များကို မြင်တွေ့လာရလေသည်။ [illegible]အရွက်များပါသော တောင်းကြီးများကို လမ်းသွားကြသူ [illegible] အမွေးရှည်နွားကြီးများကို နောက်ကနေတင်ပြီး လိုက်သွား [illegible]သူများ၊ အချို့မိန်းကလေးများသည် ဖျင်အင်္ကျီ၊ ဂါဝန်ရှည် [illegible]များကို ဝတ်ဆင်ထားကြကာ မိမိတို့ကိစ္စရှိသော အရပ်ကို [illegible]နေကြသည်။ အချို့ယောကျ်ားများသည် သားမွေးထည် [illegible]ကိုသာ ဝတ်ဆင်ထားကြသည်။

ခါးမှာ သားရေခါးပတ်ပြားကြီးများကို ပတ်ထားကြကာ [illegible]ဘက်များ၊ ဓါးမြှောင့်များကို ချိတ်ဆွဲထားကြလေသည်။ [illegible]သည် ဓါးရှည်များကို ဓါးအိမ်ထဲထည့်ကာ ကိုယ်မှာ စလွယ် [illegible]လွယ်ထားကြသည်။

အထူးသဖြင့် သူတို့၏ ရုပ်ရည်များသည် မြန်မာတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဆင်တူကြလေသည်။ မြန်မာသည်ပင် သူတို့လူမျိုးစုမှ
ဆင်းသက်လာကြလေသလော။

ရေကန်ကြီး၏ဘေးမှာ လူတစ်စုသည် ငါးများနေ
သည်။ ရေခဲနေသော ကန်ရေပြင်အပေါ်ယံ မျက်နှာပြင်
ဖောက်ပြီး ငါးမျှားချိတ်ချကာ မျှားနေကြခြင်းပင် ဖြစ်
ငါးတွေက ငါးမျှားချိတ်ကို သုတ်လိုက်တိုင်းမှာ ကောတစ်ကော
ဟောတစ်ကောင်စရသလို ပါလာခဲ့ကြလေသည်။ ထိုငါးမျှား
အဆင်းသွင်ပြင်နှင့် ပုံသဏ္ဌာန်များကို မမြင်ဘူးပါ။ အ
ရောင်ငါးကြီးများပင် ဖြစ်ပါ၏။

မကြာမီ . . .

အနိမ့်ပိုင်းတစ်နေရာကို ဆင်းသွားခဲ့ကြသည်။ မြင်
သစ်မှာ အိမ်များကို မတွေ့ရသော်လည်း ကျောက်သားများ
တည်ဆောက်ထားကြသော ဂူအိမ်များပင်တည်း။ သ
အလျောက်ဖြစ်ပေါ်နေသော ဂူများလည်း ရှိကြသည်။ လူ
ဂူအိမ်များကိုလည်း တွေ့ရသည်။ လက်ရာသေသပ်ကော
မွန်ကြပြီး၊ သဘာဝဂူများနှင့်မခြား တည်ဆောက်ထားနိုင်
သည်။

ကံရာဖသည် ဤဒေသတွင် လူမနေနိုင်ဟု ယူဆ
သော်လည်း ယခုလို တွေ့လိုက်ရသည့်အခါမှာ အံ့အားတသင်
ဖြစ်မိရလေသည်။

လူနေအိမ်များနှင့် ဝေးလာခဲ့ရပြန်သည်။ သစ်ပင်
နှစ်ပင်ကြားမှာ နှင်းများဖုံးလွှမ်းလျက်ရှိသော ကျောက်ဂူ
တစ်လုံးကို တွေ့လိုက်ရလေ၏။





လူနေအိမ်များနှင့် ဝေးလာခဲ့ရပြန်သည်။ သစ်ပင်ကြီး
ပင်ကြားမှာ နှင်းများဖုံးလွှမ်းလျက်ရှိသော ကျောက်ဂူကြီး
လုံးကို တွေ့လိုက်ရလေသည်။

"အဲဒီမှာ ကျွန်မတို့နေကြတာ"

မိန်းကလေးက ကျွန်မတို့ဟူသော စကားကို ပြောသည်။
အပြင် မည်သူတွေများ နေထိုင်ကြသေးသနည်း။ မိသားစု
ဖြစ်ပေလိမ့်မည်။ ဂူအနားကိုရောက်သွားကြသည်။ အနီးကို
က်မှ ကြီးမားကျယ်ဝန်းသော ဂူကြီးတစ်လုံးဖြစ်နေသည်ကို
လိုက်ရလေတော့သည်။

မိန်းကလေးသည် ဂူရှေ့မှာရပ်ကာ အသံပြုလိုက်၏။

"အဖ ဒီမှာ ဧည့်သည်ပါလာတယ်"

ချက်ခြင်းလိုလိုပင် မြင့်မားသော အရပ်အမောင်းရှိပြီး
ကြံ့ခိုင်တောင့်တင်းသော ကိုယ်လုံးရှိသည့် လူကြီးတစ်ယောက်
ဂူထဲက ထွက်လာခဲ့လေသည်။ ထိုလူကြီးသည် ထူထဲသော
အမွေးအမွှေးထည်ကဲ့သို့ အင်္ကျီအရှည်ကြီးကို ဝတ်ဆင်ထား
သည်။ ရှည်လျားသောဆံပင်များသည် ပခုံးအထိကျဆင်းလျက်
နေကြသည်။ အသက်ကတော့ လေးဆယ်ဝန်းကျင်လောက်
ရှိလိမ့်ဦးမည်။

"သြော် ဧည့်သည်လည်း ပါလာခဲ့တာကိုး၊ လာကွယ်၊
လာ ဟဲ့ မီနူး မြင်းကို ခေါ်သွားပြီး အစာကောင်းကောင်း
ကျွေးထားလိုက်လေ"

ထိုအခါကျမှ မိန်းကလေး၏ အမည်မှာ မီနူးဟု သိလိုက်
လေသည်။ သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်တွင် လူနှစ်ယောက်ကလည်း အပြင်မှနေ၍ သူတို့ဆီကို ရောက်လာခဲ့ကြလေသည်။

"ဟော အီကူးနဲ့ အီဘူးတို့လည်း ပြန်လာကြပြီ"

"ဟုတ်ကဲ့ အဖ၊ ကျွန်တော်တို့ အမဲကောင်ရဲ့နောက်က လိုက်ရင်း နယ်လွန်သွားကြလို့ပါ"

အီကူးက ပခုံးထက်မှာ ထမ်းထားသော ဒရယ်ကဲ့သို့ အကောင်တစ်ကောင်ကို အောက်သို့ ပစ်ချကာ ပြောလိုက်သည်။ ထို့နောက် ကံရာဇာကို ခပ်စိမ်းစိမ်းပင် ကြည့်နေလိုက်ကြလေ၏

"သူက မိန္နူး ခေါ်လာခဲ့တဲ့ ဧည့်သည်ပဲကွယ့်"

"ဩော် မိန္နူးရဲ့ ဧည့်သည်လား၊ ခရီးဝေးက လာခဲ့တယ် ထင်ပါရဲ့"

"ဟုတ်ကဲ့"

ကံရာဇာက ချောင်းစွာပင် ပြန်ပြီးတော့ ဖြေလိုက်လေ၏ အီဘူးက မြင်းပေါ်မှ မိန္နူး ပစ်ခတ်ခဲ့သော သားကောင်ကို ယူ လိုက်သည်။ ထို့နောက် မြင်းကြီးကို အစာကျွေးရန် အနားယူ စေရန် သူကပင် ခေါ်သွားခဲ့လေ၏။

"ကဲလာ သူငယ် အပြင်မှာ အေးတယ်၊ ဂူထဲကို ဝင် ကြစို့"

ထိုလူကြီး၏အမည်မှာ မာနားဟု သိရလေသည်။

ကျယ်ဝန်းသော ကျောက်ဂူကြီးထဲမှာ သင့်တင့်သော အနွေးဓါတ်က ရရှိနေလေသည်။ ထမင်းစားပွဲသည် ဟင်းကောင်းများဖြင့် ဖြိုင်ဖြိုင်ဆိုင်ဆိုင် ရှိလှသည်။ မိန္နူး၏မိခင် လီမာသည် လွန်စွာမှဟင်းချက်ကောင်းသူ ဖြစ်၏။ ကျက်တင်





သားသော အသားများ၊ အသားစိုများ၊ ဟင်းသီးဟင်းရွက်ပြုတ် များဖြင့် စားရသည်မှာ အရသာရှိလှလေသည်။

ဟင်းခတ်အမွှေးအကြိုင်များသည် သစ်ရွက်များ၊ သစ် ခေါက်များသာ ဖြစ်ကြသည်။ မိန္နူးကလည်း မိခင်လီမာနှင့်အတူ ကူပြီးတော့ ချက်ပြုတ်ပေးလေသည်။

အီကူးနှင့်အီဘူးတို့ကလည်း ကံရာဇာကို တွေ့ကာစက စိမ်းမှုရှိကြသော်လည်း နောက်တော့ လိုလားစွာပင် ဧည့်ခံ ကြလေသည်။ ကံရာဇာနားနေသောအချိန်မှာ ကိုယ်ပေါ်မှ အောက်ကိုချထားသော ပြောင်းရှည်သေနတ်ကြီးနှင့် ပစ္စတို သေနတ်ကို မမြင်ဘူးသောပစ္စည်းကဲ့သို့ အံ့အားတသင့်ပင် ကိုင်တွယ်ကြည့်ရှုကြလေသည်။ အီဘူးက . . .

"ဒါ ဘာလို့ ခေါ်သလဲ"

"သေနတ်လို့ ခေါ်တယ်၊ သားကောင်တွေ၊ ရန်သူတွေ ကို ပစ်ရတယ်"

"ရန်သူတွေ ဟုတ်လား၊ လူတွေကို ပြောတာလား"

"ဟုတ်တယ်၊ ကိုယ့်ကို အန္တရာယ်လာပြုတဲ့သူတွေကို ဆိုလိုတာပါ၊ အကြောင်းမဲ့ကြီးတော့ မပစ်ခတ်ရပါဘူး"

"ဩော် ဩော်"

ထို့နောက် . . .

အီကူးနှင့်အီဘူးတို့သည် ဗိုက်ပြည့်လို့သွားခဲ့ကြပြီဖြစ်၍ ထားသော အမဲကောင်များကို ဖျက်ရန် နေရာမှာ ထွက်သွား ခဲ့ကြလေ၏။ မိန္နူးနှင့်မိခင်လီမာလည်း လိုက်သွားခဲ့ကြလေ သည်။ မိန္နူး၏အကြည့်သည် ကံရာဇာအပေါ်မှာ ဖွယ်ရစ်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအကြည့်ပင် ဖြစ်သည်။

ဂူထဲမှာ ကံရာဇာနှင့်မာနားတို့ နှစ်ဦးသာ ကျန်ရစ်ခဲ့ကြ လေ၏။ ကံရာဇာသည် မာနားကို မိမိတော့လိုက်ရင်း မမျှော် လင့်ဘဲ ဤနေရာကို ရောက်လာခဲ့ရသည့်အကြောင်း ပြော လိုက်လေ၏။ မာနားက ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေ သည်။ ကံရာဇသည် သူတို့ပြောကြသည့် ဘာသာစကား မနည်းလိုက်မီရန် ပြောရလေသည်။

"ဦးတို့က ဘာလူမျိုးပါလည်း ခင်ဗျာ"

"ငါတို့ဟာ ရှေးဘိုးဘွားတွေရဲ့ မှတ်တမ်းမှတ် စကားအရဆိုရင် ခန္ဓလူမျိုးစုက ဆင်းသက်လာတယ်လို့ သိ တယ်၊ အင်မတန်ရှေးကျလွန်းလို့ ဒီနာမည်ကို တော်ရုံလူတွေ မသိနိုင်ကြတော့ဘူး"

[လွန်ခဲ့သော နှစ်ပေါင်း ငါးရာကျော်ကျော်က ထိုင်းနိုင် မြောက်ပိုင်းတွင် နေထိုင်ခဲ့ကြသော လန္နလူမျိုးများဟူ၍ ရှိ ကြသည်။ ယင်းတို့၏ ယဉ်ကျေးမှု အမွေအနှစ်လက်ရာများ ဘုရားဝတ်ပြုရာ အုတ်ကျောင်း၊ နံရံများ၌ နံရံဆေးရေးပန်း များအဖြစ် တွေ့ရှုရာကြရလေသည်။ လန္နယဉ်ကျေးမှုသည် လန်းပန်၊ လန်းဖုန်၊ ဖင်းမယ်၊ ဖင်းရိုင်၊ ဖရဲ၊ နန်နှင့်ဖလို နယ်များ၌ ပျံ့နှံ့လျက်ရှိကြသည်။

ဘုရားအိုး၊ ကျောင်းအိုများဖြစ်ကာ ပျက်စီးကုန်ကြ ပြီ။ တော်တော်များများကိုတော့ ထိန်းသိမ်းစောင့်ရှောက် ကြသည်။ ယခု ခန္ဓလူမျိုးစုဟုလည်း လန္နမှရှေးအတီ ကတည်းက ခွဲထွက်သွားသော လူမျိုးပင်လော။]





ကံရာဇာက မိမိ၏ ထင်မြင်ချက်နှင့်အတွေးကို ထုတ် ၍ မပြောပြပေ။ မာနားက သူ၏ စကားကို ဆက်သည်။

"မင်း ကျိန်စာဆိုတာကို ယုံသလား"

ကံရာဇာသည် မမျှော်လင့်သော မေးခွန်းကြောင့် အံ့ သင့်သွားမိလေသည်။ မာနားသည် ကံရာဇာ၏ အဖြေကို မျှော်လင့်နေ၏။

"ကျိန်စာနဲ့ပတ်သက်ပြီးတော့ အမျိုးမျိုး ပြောဆိုနေ တာတွေကိုတော့ ကြားဖူးပါတယ်၊ မှတ်တမ်းမှတ်ရာတွေထဲ လည်း ဖတ်ဖူးပါတယ်၊ ကျိန်စာကြောင့် ထိခိုက်သွားတယ်၊ နာသွားတယ်ဆိုတာတွေဟာ တစ်ကယ်လား၊ တိုက်ဆိုင်မှု ဆိုတာ ဆုံးဖြတ်လို့ မရပါဘူးခင်ဗျာ"

"မင်းကတော့ ကျိန်စာအတိုက် မခံရသေးဘူး၊ ကျိန် နဲ့ မပတ်သတ်တဲ့သူဆိုတာ ဒီလိုပဲ ပြောမှာပေါ့လေ၊ ငါတို့က တော့ ကျိန်စာဆိုတာကို ယုံတယ်၊ လက်ခံတယ်၊ ဘာကြောင့် လည်းဆိုတော့ . . . "

မာနားသည် စကားကို ရှေ့ဆက်ပြီး ပြောသင့်၊ မပြောသင့် ချင့်ချိန်နေမိသည်။

"ပြောပါခင်ဗျာ၊ ကျွန်တော့်အနေနဲ့ ခရီးတစ်ထောက် ရင်း ဗဟုသုတ ရတာပေါ့ဗျာ"

"အေး မင်းစိတ်ဝင်စားတယ်ဆိုရင်တော့ ငါပြောပြမယ် အစချီကာ လွန်စွာမှ စိတ်ဝင်စားစရာကောင်းသော ဇာတ် ကြောင်းတစ်ခုကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၆)

## နဂါးမောက်တောင်

အဝေးကနေကြည့်လျှင် တောင်ကြီးသည် လွန်
ကြီးမားလှသော နဂါးကြီးတစ်ကောင် ရစ်ခွေနေသည်နှင့် တူ
လေသည်။

မြင့်မားသော တောင်ထိပ်ကြီးသည်ပင် အမော
ထောင်နေသော နဂါးကြီး၏ ဦးခေါင်းသဏ္ဌာန် ရှိနေသည
ဆီးနှင်းများက တောင်ထိပ်မှာ ဝေ့နေကြလျက်ရှိနေလေ
နဂါးကြီး၏ ပါးစပ်ထဲမှ ထွက်နေကြသော အခိုးအငွေ့မျာ
ဟူနေလေသည်။ မီးခိုးမျှင်များသဏ္ဌာန် လေမှာ လွင့်ပါးလျ
ရှိနေကြသည်။

ဒေသခံများက ယင်းတောင်ကြီးကို နဂါးမောက်တော
ဟု ခေါ်ဆိုကြသည်။ တစ်ခါတစ်ရံမှာ နဂါးကြီး၏ ပါးစပ်ထဲ





ရှည်လျားသော အခိုးအငွေ့များက တစ်နေ့လုံး တစ်ညလုံးပင် ထွက်နေတတ်သည်။ နဂါးကြီး အိပ်ယာက နိုးထပြီး အသက်ဝင်နေသော အချိန်ဟူ၍ လက်ခံထားသော အချိန်ပင် ဖြစ်သည်။

ထိုအခါ . . .

လူဝေ့က နဂါးမောက်တောင်ကြီးကို စားကောင်းသောက်ဖွယ်တို့ဖြင့် ပူဇော်ပသကြသည်။ ယာဇ်နတ်ကို ပူဇော်ရာတွင် သတ္တဝါတို့၏ အသွေးအသားများဖြစ်သာ ပူဇော်ကြသည်။ တိရစ္ဆာန်တို့၏ အသက်သွေးပေါင်းများစွာတို့သည် သွေးချောင်းစီးခဲ့ကြရလေသည်။

ထိုသို့ပူဇော်ပသပါမှ မိမိတို့၏ လယ်ယာမြေများ၊ စိုက်ခင်းများ ဝိုးတက်ကောင်းမွန်ခြင်း၊ မိုးလေဝသမှန်ကန်ခြင်းများဖြင့် ကောင်းကျိုးချမ်းသာများ ရရှိနိုင်ကြသည်ဟု ယူဆကြပေသည်။

နဂါးမောက်တောင်ကြီးက အထစ်အထစ်များနှင့် ရှိနေလေရာ သဘာဝအလျောက် ဖြစ်ပေါ်နေသော်လည်း ယင်းအထစ်များသည် အသက်ရှိထင်ရှား နဂါးကြီးတစ်ကောင်၏ ကိုယ်ထည်နှင့်တူနေသည်ကားအမှန်ပင်။ နဂါးမောက်တောင်ကြီး၏ ထူးခြားချက်တစ်ခုမှာ အမြီး၏အဆုံးပိုင်းကို ရှာမတွေ့ခြင်းပင်တည်း။ ယင်းအတိုင်းသည် ခွေရစ်နေသော ကိုယ်ထည်ထဲမှာပင် ပျောက်ဆုံးလျက်ရှိသည်။ မြေကြီးထဲသို့လည်း ထိုးစိုက်ပြီးတော့ ဝင်နေသည်ဟု လူကြီးသူမများက ဆိုကြသည်။

နဂါးအမြီးအဆုံးပိုင်းအထိ ရောက်အောင် သွားနိုင်လျှင် နဂါးတိုင်းပြည်အထိ ဒုတ်မှတ်ထိရောက်သွားနိုင်သည်ဟုလည်း

www.burmeseclassic.com



ရှေးအတီးအတေ ဘိုးဘွားဘီဘင်များက အတိတ်တဘောင်စကား ထားခဲ့ကြလေသည်။

သို့သော် . . .

ထိုဒေသမှ လူအများသည် တစ်ဦးတစ်ယောက်က နဂါးပြည်သို့ ရောက်သွားမည်ကို လွန်စွာမှပင် စိုးရိမ်လျက်ရှိကြလေသည်။ အဘယ်ကြောင့်ဆိုသော် . . .

"နဂါးပြည်ကိုသာ တစ်ယောက်ယောက်က ရောက်သွားခဲ့ရင် အဲဒီလူဟာ အမှားတစ်ခုကို ကျူးလွန်မိပြီးသား ဖြစ်သွားလိမ့်မယ်၊ အဲဒီအမှားဟာ ငါတို့ လူမျိုးစုတစ်ခုလုံးကို ထိခိုက်သွားနိုင်တယ်"

ဟု နတ်ဆရာကြီးများက ဟောကိန်းများ ဟုတ်ထားကြလေသည်။ ယင်းဟောကိန်းကား ကာလတာရှည်ခဲ့လေပြီ။ ကြာမြင့်ခဲ့လေပြီ၊ နဂါးပြည်သို့ မည်သူမှ မရောက်နိုင်ဟု အစအဆုံးအထိ တစ်ထစ်ချ ယုံကြည်ထားကြသည်။

သို့သော် . . .

တစ်နေ့သောအခါတွင်ကား . . .

မမျှော်လင့်သော အခြေအနေများက ဖြစ်လာခဲ့ကြလေသည်။ ယင်းကြောင့်ပင်လျှင် ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်များက အားလုံးအပေါ်မှာ ကျရောက်လာခဲ့လေတော့ရာ . . .

+++++





တစ်ရက်တွင် . . .

ပီဖလန်ဆိုသည့် ရွာလေးတစ်ရွာမှ မိုးအမည်ရှိ လူငယ်လေးတစ်ယောက်သည် တောထဲသို့ တစ်ဦးတည်းပင် အမဲလိုက်ရန် ဝင်သွားခဲ့သည်။ မိုးသည် အဖော်မပါဘဲ မကြာခဏပင် အမဲလိုက် ထွက်တတ်သည်။ ခွန်အားဗလနှင့်လည်း ပြည့်စုံသူဖြစ်ရာ သူပစ်ခတ်ရရှိသည့် ကျား၊ သမင်၊ ဝံဝယ် အစရှိသည့် အမဲသားကောင်များကို ပခုံးထက်မှာထမ်းပြီး ရွာသို့တစ်ဦးတည်းပင် သယ်ယူလာလေ့ရှိသည်။

ပစ်ခတ်ရရှိလာခဲ့သည့် အမဲသားကောင်များကို မိမိအိမ်အတွက် ချန်လှပ်ထားပြီး ရွာသူရွာသားများကိုလည်း ဝေငှ၍ ပေးတတ်လေသည်။ ထို့ကြောင့် မိုးကို တစ်ရွာလုံးက ချစ်ခင်ကြလေသည်။ သည်ကနေ့မှာတော့ မိုးသည် တစ်မနက်လုံးလိုလို အမဲကောင်များကို ရှာမရဘဲ ရှိနေလေသည်။

"မိုး ငါ့ဆီကို လာခဲ့"

ထိုစဉ် . . .

အသံတစ်သံက မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့လေသည်။ ဩဇာအပြည့်ရှိသောအသံ၊ ဆွဲဆောင်မှုရှိသောအသံဖြစ်သည်။ မိုးသည် နေရာမှရပ်လိုက်ကာ နားစွင့်နေမိလိုက်သည်။

"ငါပဲ စိတ်ထင်နေမိတာလား"

ဇဝေဇဝါ ဖြစ်နေစဉ်မှာပင် . . .

"မိုး ငါ့ဆီကို လာခဲ့"

အသံက ထပ်ပြီးတော့ ထွက်ပေါ်လာခဲ့ပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသည် အကြားအာရုံထက်သန်သော မိုဆိုးပီပီ၊ အသံမည်သည့်နေရာက လာသည်ကို ခန့်မှန်းသိရှိသွားမိခဲ့ရလေသည်။ ထို့ကြောင့် တောက်လျှောက်ပင် လိုက်သွားခဲ့လေသည်။

ကြီးမားသော သစ်ပင်ကြီးများ၊ ခြုံဘုတ်ကြီးများကို ကျော်လွှန်ပြီးတော့ လိုက်သွားသည်။ မကြာမီ စမ်းချောင်းတစ်ခုနားသို့ ရောက်သွားခဲ့လေတော့သည်။ မည်သည့်နေရာကို လိုက်ရမှန်းမသိ၍ ရပ်နေမိပြန်လေသည်။

''မိုး ဆက်ပြီးတော့ လျှောက်လာခဲ့ပါ''

အသံကိုကြားလိုက်ရပြန်သည်။ အသံရှင်လည်း မိုးကိုမြင်နေရသလိုပင်၊ မိုးသည် သို့ခါတ်အမိခံနေရလသိုပင် အသံလာရာဆီသို့ မှန်းဆပြီးတော့ ဆက်လက်၍ လျှောက်သွားခဲ့သည်။

''ဒုတ်''

''အား''

အမှတ်မထင်ဆိုသလို တစ်စုံတစ်ခုကို ခလုတ်တိုက်မိသွားခဲ့လေသည်။ သားမွေးဖိနပ်ပါးပါးလေးကို စီးလာမိ၍ အနည်းငယ် နာကျင်သွားခဲ့လေသည်။ မိမိတိုက်မိသောအရာကို ငုံ့ကြည့်မိလိုက်ရာ ကြေးကွင်းကြီးတစ်ခု ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ အတော်ကြီးမားသော ကြေးကွင်းကြီးတစ်ခုပင်။

မူလက မြေကြီးထဲမှာ နစ်မြုပ်နေဟန်တူသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြေပေါ်သို့ ပေါ်လာဟန်တူလေသည်။

''ကြေးကွင်းကြီးတစ်ခုပါလား၊ ဘယ်လိုအကြောင်းကြောင့် ဒီနေရာမှာ ရှိနေပါလိမ့်''





အံ့အားသင့်သွားခဲ့ရပြီး၊ ဒူးထောက်ကာ လက်ဖြင့်ဆုပ်ကိုင်လိုက်မိသည်နှင့် ကြေးကွင်းသည် လက်ထဲမှာ တဆက်ဆက်ဖြင့် တုန်ခါလာလေတော့သည်။

''ချွင် . . . ချွင် . . . ချွင် . . . ချွင်''

နားထဲမှာ သံကြိုးလှုပ်ခတ်သံ တချွင်ချွင်ကိုလည်း အဆက်မပြတ်ပင် ကြားလာခဲ့ရလေသည်။

''ဘယ်က ထွက်ပေါ်လာတဲ့ သံကြိုးသံတွေလဲ''

သေသေချာချာနားထောင်ကြည့်မိသောအခါ မြေကြီးအောက်မှ ထွက်ပေါ်လာသော အသံများပင်တည်း။

''ဟောဒီ မြေပြင်အောက်ကပဲ၊ သေချာတယ်၊ အောက်မှာ ဂလိုင်တွင်းကြီးများ ရှိနေသလား''

အထင်နှင့် တွေးတောမှု မဆုံးမီမှာပင် . . .

''ဟော့ အဲဒီ ကြေးကွင်းကိုဆွဲလိုက်၊ မြန်မြန်ဆွဲလိုက်''

''ဟင်''

ထွက်ပေါ်လာသောအသံမှာ မြေအောက်ထဲကပင်တည်း။

''အောက်မှာ လူရှိနေတယ်၊ ဟုတ်တယ်၊ လူရှိနေတယ်၊ မြေကြီးအောက်မှာ နစ်မြုပ်နေတယ်''

မိုးသည် လက်မှာ ကိုင်ထားသော လေးကို ပခုံးမှာ လွယ်လိုက်သည်။ ထို့နောက် ကြေးကွင်းကို ဆုပ်ကိုင်ပြီး ဆောင့်ဆွဲလိုက်လေရာ . . .

''ဟီး . . . ဟီး . . . ဟီး . . . ဟီ''

ရုပ်တရက်ဆိုသလို မြေပြိုသည် သိမ့်သိမ့်တုန်ခါသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေတော့သည်။ တဟီးဟီးတဟဲဟဲအသံကြီးလည်း မြည်ဟည်း လာကာ သစ်ပင်တွေလည်း ယိမ်းခါသွားခဲ့ကြလေ၏။

''ဖြောင်း''

''ဖြောင်း''

တစ်ပင်နှင့်တစ်ပင် ပင်လုံးခြင်း၊ ပင်ကိုင်းခြင်း တဖြောင်းဖြောင်းနှင့် ရိုက်ခတ်သွားခဲ့ကြလေ၏။ မိုးသည်ပင် ယိမ်းထိုးကာ ရှေ့ကို ဟပ်ထိုးလဲကျသွားမတတ် ဖြစ်သွားခဲ့ရ လေ၏။

ထိုစဉ် . . .

သံကြိုးကို ဆုပ်ကိုင်ထားသောနေရာမှ မြေပြင်သည် ဟဖြည်းဖြည်းနှင့် အက်ကွဲလာကာ မိုးက အခြေအနေကို အံ့အား တသင့်ဖြင့် ကြည့်နေဆဲမှာပင် . . .

''အ . . . အား''

နောက်ဆုံးမှာတော့ အောက်ကို ရောက်သွားခဲ့လေ၏ ပျော့ပျော့အရာတစ်ခုဆီကို ကျသွားခဲ့သည် ဖြစ်ရကား ကျော အနည်းငယ်အောင့်သွားသည်ကလွဲ၍ ဝေဒနာမခံစားရပေ။ ထို့နောက် ဘေးကိုလိမ့်ပြီးတော့ ကျသွားခဲ့ပြန်လေသည်။

မိုးသည် မိမိ၏ အောက်မှာခံနေသောအရာကို သိလို သည်နှင့် ချက်ချင်းပင် ဒူးထောက်ကာ ကြည့်မိလိုက်သည်။ သတိကတော့မြဲသည်။

''ဟင်''

မိုး၏ မျက်လုံးအစုံသည် ဝိုင်းစက်သွားခဲ့ရသည်။ သူတွေ့လိုက်ရသည်ကား လူကြီးတစ်ယောက်ပင်။ ရှည်လျား

သော ဆံပင်များ၊ မုတ်ဆိတ်မွေးရှည်ကြီးများက မညှပ်၊ မဖြတ် ခဲ့သည်မှာ နှစ်ကာလအတန်ကြာခဲ့ပြီပို ဖော်ညွှန်းလျက်ရှိသည်။ ပါးမြိုင်းမွေးများကအစ အားလုံးငွေရောင် လွှမ်းလျက်ရှိနေလေ သည်။ ထိုလူကြီးသည် ပလက်အနေအထားဖြင့် ရှိနေလေသည်။ အောက်ပိုင်းတွင် နံငယ်ပိုင်း။ (ဆာဒူးများ၊ ဖထီးများ ဝတ်ဆင် သကဲ့သို့ ဝတ်ဆင်ထားသည်။ သို့သော် ထိုပုဂ္ဂိုလ်များလည်း မဖြစ်နိုင်ပါ။) တစ်ထည်ကို ဝတ်ဆင်ထားသည်။

မိုးသည် ထိုလူကြီး၏ ကိုယ်ပေါ်ကို ကျသွားခဲ့ရခြင်းပင်။ အပေါ်ကိုမော့ကြည့်လိုက်သောအခါ တွင်းပေါက်ကြီးတစ်ခုကို တွေ့ရလေသည်။ မိမိသည် ထိုအပေါ်မှ ကျလာခဲ့ခြင်းပင်။ ဤမျှ မြင့်မားသောနေရာမှ ကျလာခဲ့သော်လည်း မြေပြင်သက်သက် ပေါ်သို့ ကျခဲ့ခြင်းမဟုတ်။ လူတစ်ယောက်၏ ကိုယ်ပေါ်ကို ကျ လာခဲ့ခြင်းပါလား။ ထိုလူကြီးသည် လူတစ်ယောက်လုံးပစ်ကျခံ ခဲ့ရသည့်ဒဏ်ကို ခံနိုင်ရည်စွမ်းရှိနေပါလား။ သို့မဟုတ် တစ်ကိုယ်လုံး ပစ်ကျခဲ့သည့်ဒဏ်ကြောင့် ဒဏ်ပိကာ သေဆုံး သွားခဲ့ပြီလား။

ထိုလူကြီး၏ လက်ထဲမှာရော ခြေထောက်တွေမှာရော လက်ကောက်ဝတ်၊ ခြေကျင်းဝတ်တွေမှာ သံကြိုးတွေ ခတ်ထား သည်၊ သံကြိုးလေးချောင်းစလုံးကို ကျောက်သားပြင်တစ်ခုစီ ပေါ်မှာ ငုတ်များဖြင့် ရိုက်ထားလေသည်။

ခါးမှာ သံမဏိခါးပတ်ပြားကြီးတစ်ခုကို ပတ်ထားသည်။ ခါးပတ်မှာ ရစ်ပတ်ထားသော သံကြိုးရှည်ကြီးသည် မိုးကိုင် ဆောင်ထားသည့် သံကြိုးကြီးပင် ဖြစ်သည်။ ယင်းသံကြိုး၏အစ







www.burmeseclassic.com

www.burmeseclassic.com



သံကွင်းကို မြေပြင်မှာ ငုတ်ရိုက်ထားခြင်းပင် ဖြစ်သည်။ မိုး၏ လက်ထဲမှာ ယခုထက်ထိ ကိုင်ဆောင်ထားဆဲပင်။

မိုးသည် ထိုလူကြီးတစ်ကယ်ပင် သေဆုံးသွားခဲ့ပြီလားဟု စိုးရိမ်စိတ်ဖြင့် အနားကို တိုးသွားကာ ကြည့်လေသည်။ မျက်နှာတွေကို ပိတ်ထားသော ထိုလူကြီးသည် မကြာမီမှာပင်လျှင် တဖြည်းဖြည်းနှင့် ပွင့်လာခဲ့လေသည်။

"ဟာ တော်ပါသေးရဲ့၊ မသေဘူး၊ မသေဘူး"

မိုးလည်း ဝမ်းသာသွားခဲ့လေသည်။ ထိုလူကြီးက မိုးကို ပက်လက်အနေအထားမှ ကြည့်လိုက်လေ၏။

"မိုး မင်း ငါ့ဆီ ရောက်လာပြီလား"

အသံက ပျော့ပျော့မဟုတ်ဘဲ၊ တည်ငြိမ်စွာပင် ထွက်ပေါ်လာခဲ့လေသည်။

"ဟုတ်ပါတယ်၊ ဒါနဲ့ အဖိုးက ဘယ်သူလဲ၊ ကျွန်တော့်နာမည်ကို ဘယ်လိုများ သိနေပါသလဲခင်ဗျား"

"ဒါကတော့ မဆန်းပါဘူးလေ၊ မင်းဟာ ငါ့အပေါ်ကနေ အမြဲဟန်း ဖြတ်သပြီးသွားနေကျပဲ၊ ငါကတော့ မင်းကို မြင်နေရတယ်၊ မင်းကတော့ ငါ့ကို မြင်မှာ မဟုတ်ဘူး၊ ငါဟာ တစ်ဦးတစ်ယောက်ကိုမြင်မိတာနဲ့ အမည်ကိုပါ လူနဲ့တွဲပြီးတော့ သိတယ်၊ မင်းဟာ လျှင်မြန်ဖျတ်လတ်ပြီး စိတ်ကောင်းရှိတယ်"

"သတ္တိလည်းကောင်းတယ်၊ အဲဒီအတွက် မင်းဆီက အကူအညီတောင်းဖို့ ဆုံးဖြတ်လိုက်တာပဲ"

"အကူအညီဟုတ်လား၊ ကျွန်တော်က အဖိုးကို ဘယ်လိုအကူအညီမျိုး ပေးရမှာလည်း ခင်ဗျာ"





"ငါ နေနေရတဲ့ အခြေအနေကိုလည်း မင်းမြင်တဲ့ ာတိုင်းပဲလေ၊ တစ်သက်လုံး ဒီလိုပဲ နေနေရတာ၊ အနှစ်သုံး ယ်တိတိရှိခဲ့ပြီ၊ ငါ အစာမစားရဘူး၊ မြေကြီးထဲက စိမ့်ပြီးတော့ လာခဲ့တဲ့ ရေစက်ရေပေါက်တွေကိုပဲ ငါသောက်ပြီး အသက်ရှင် ာခဲ့ရတယ်"

"အသက် သုံးဆယ်လုံးလုံး၊ အစာမစားဘဲ၊ ရေသောက် အသက်ရှင်နေခဲ့တာဆိုပဲ၊ ဖြစ်နိုင်ပါ့မလား"

မိုး၏စိတ်ထဲက ထင်မြင်ချက်ကို လူကြီးက သိသွား၏။

"ငါဟာ ရေဓါတ်နဲ့ ကျင့်ကြံအားထုတ်လာတဲ့သူ ဖြစ် ယ်၊ ဒါကြောင့် ငါ့ရဲ့ခန္ဓာကိုယ်ထဲမှာ သွေးတွေဟာ ပြောင်း သွားပြီး ရေတွေနဲ့ပြည့်နေတယ်၊ အစာမစားရပေမယ့်လည်း မရှိဘူး၊ ရေနဲ့ပဲ အသက်ဆက်လို့ရတယ်"

"သူတို့ဟာ ငါ့ကို သေစေချင်လို့ ဒီအတိုင်းပဲ လှောင် ည်ပြီး ထားပစ်ခဲ့ကြတာ၊ ဒါပေမယ့် ကံအားလျော်စွာပဲ ကြီးပေါ်က အမှတ်မထင်ကျလာခဲ့တဲ့ ရေစက်ကြောင့် ငါ့ရဲ့ ယ်ထဲမှာ ရေဓါတ်မပြတ်စေပဲ အသက်ရှင်ခွင့် ရလာခဲ့တယ်"

တစ်ချိန်က ငါ့ကိုယ်ပေါ်ကဖြတ်ပြီး စီးဆင်းသွားတဲ့ စမ်း ာင်းဟာ ခုတော့လမ်းကြောင်းပြောင်းလဲသွားပြီ၊ ငါ ရေမရ ဘူး၊ မင်းကိုငါ အကူအညီတောင်းရတာဟာ အသက်ရှင် တည်နိုင်ဖို့လည်းပါတယ်၊ ငါ့ရဲ့ လွတ်မြောက်ရေးအတွက် ည်းပါတယ်"

မိုးသည် ထိုလူကြီးကို ကြည့်ပြီးတော့ သနားသွားခဲ့လေ ည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ ဒီသံကြိုးတွေကို ဖြတ်ပေးရမလား"

လူကြီးက ခေါင်းကို ခါရမ်းလိုက်သည်။

"ဒါ မင်းထင်သလို ရိုးရိုးသံကြိုးတွေ မဟုတ်ဘူးကွယ်... အစီအရင်နဲ့ လုပ်ထားတဲ့ သံကြိုးတွေ၊ မင်းမှာ လက်န... ကရိယာတွေပါလည်းပဲ တတ်နိုင်မှာမဟုတ်ဘူး၊ ဒီအနှောင်အ... တွေကို ဖြတ်တောက်နိုင်တဲ့ လက်နက်ဟာ သူတို့ဆီမှာ... ရှိတယ်"

"သူတို့ဆိုတာ ဘယ်သူ့ကို ရည်ညွှန်းပြီးတော့ ပြော... တာလဲ ခင်ဗျာ"

"နဂါးမောက်တောင်ကြီးရဲ့အောက်မှာရှိတယ်၊ ရွှေ... တစ်လက်ပဲ၊ မင်း အဲဒါကို ရအောင်ယူပြီးရင် ငါ့ဆီကို ပြန်လာ... ဒီအနှောင်အဖွဲ့တွေကို ခုတ်ပိုင်းပစ်နိုင်ပြီပေါ့ကွာ"

"နဂါးမောက်တောင်ကြီးရဲ့ အောက်ဆိုတော့၊ ဟာ အဲ... နေရာကို ဘယ်လိုသွားလို့ရမှာလဲ၊ လမ်းစလည်းမရှိ၊ ဘယ်သူ... လည်း မရောက်ဘူးတာ၊ ကျွန်တော်ကကော ဘယ်လိုသိမှာလဲ..."

"အဲဒီအတွက် မင်း မပူပါနဲ့၊ လမ်းကို ငါသိပါတယ်... နဂါးမောက်တောင်ကြီးရဲ့ အမြီးအဆုံးပိုင်းကို ငါတစ်ယောက်... လွဲလို့ ဘယ်သူကမှ မသိဘူး၊ ငါ မင်းကို လမ်းပြပေးလို... ပါ့မယ်"

"ကျွန်တော် ကူညီနိုင်မယ်ဆိုရင်တော့ သိပ်ကောင်း... ပေါ့ဗျာ"

"မင်းမှာ အစွမ်းအစရှိပြီးသားပါ၊ အရေးကြီးတာ... မင်းဟာ နဂါးမောက်တောင်ကြီးပေါ်ကို ဘယ်သူမှ မသိအောင်...





...သွားနိုင်ဖို့ပဲ၊ မင်းငါ့ကို ကူညီနိုင်၊ မကူညီနိုင်၊ ဒါပဲပြောပါ"

"ဟာ ကျွန်တော် အဖိုးရဲ့ဒုက္ခကို ဒီအတိုင်း ကြည့်မနေ... ကူညီပါ့မယ်"

"ကောင်းပါပြီကွယ်၊ ကဲ ငါ့ပါးစပ်ထဲက မှုတ်ထုတ်...တဲ့ပစ္စည်းကို မင်း ဖမ်းယူလိုက်ပေတော့"

လူကြီး၏ ဗိုက်သားပြင်သည် လှိုင်းထလာသည်။ ...လိမ့်နှင့် တက်လာသည်။ ဗိုက်ထဲမှ မြိုချထားသော ...လုံးတစ်လုံးကို အူလမ်းကြောင်းမှတစ်ဆင့် တဖြည်းဖြည်းနှင့် ...ယူနေခြင်းပင် ဖြစ်သည်။ ထို့နောက် ပါးစပ်ထဲကို ရောက်...ခဲ့လေသည်။

"ဖူး"

ပါးစပ်ထဲမှ ဖူးကနဲဆို မှုတ်ထုတ်လိုက်သောအခါ အလုံး...လုံးသည် လေထဲသို့ မြောက်တက်သွားသည်။ မိုးက အရှိန်... လွင့်ထွက်လာသော ထိုပစ္စည်းလေးကို လျှင်မြန်စွာပင် ဖမ်း...လိုက်လေသည်။ လက်ဆုပ်ကို ဖြန့်လိုက်သောအခါ လက်ဖ... ဝါဝါအလုံးလေးတစ်ခုကို တွေ့လိုက်ရလေသည်။ လက်ဝါး...ပေါ်မှာ လျှောက်ပြီးပြေးနေ၍ ဖမ်းထားလိုက်ရသည်။

"မင်း အဲဒါကို မြိုချလိုက်"

မိုးသည် ထိုလူကြီး၏ ဝမ်းထဲ၊ ပါးစပ်ထဲမှ ထွက်လာ... ပစ္စည်းကို မြိုချနိုင်းနေ၍ စိတ်ထဲမှာ တစ်မျိုးတစ်မည် ...သွားခဲ့ရလေသည်။

လူကြီးက သူ့ကို ဘာမှမပြောဘဲ စိုက်ကြည့်လိုက်... မည်သည့်အကြောင်းကြောင့်လည်းမသိ။ မကြာမီ



www.burmeseclassic.com

www.burmeseclassic.com



ထိုလုံးလုံးအရာလေးကို မြို့ချချင်စိတ် ပေါ်က်လာခဲ့လေသ
ထို့ကြောင့် စိတ်မထိန်းနိုင်တော့ဘဲ ပါးစပ်ထဲသို့ ပစ်ထည့်လ
လေသည်။ လုံးလုံးအရာလေးသည် ပါးစပ်ထဲမှာ လျှောက်
နေပြီးမှ အစာပြွန်လမ်းကြောင်းထဲသို့ လျောကနဲဆို ဆင်း
ခဲ့လေသည်။ တခဏတွင်းမှာပင် မိမိတစ်ကိုယ်လုံးလည်း မှိုး
လို ပေါ့ပါးသွားသည်ဟု ထင်မိလိုက်သည်။ ခွန်အားတွေလ
ပိုပြီးတော့ ပြည့်ဝလာသလိုပင်။

"ဒါ ငါစီရင်ထားတဲ့ စကြ္ဝဠာလသိဒ္ဓိ ဓါတ်ရှင်လုံ
အမှောင်ကိုလည်း ဖောက်ထွင်းပြီးတော့ မြင်နိုင်တယ်၊ ဒါပေ
တရားတဲ့ကိစ္စတွေမှာသာ အသုံးပြုလို့ရတယ်၊ မတရားမှုတွေ
အားပေးပြီးသုံးရင်တော့ မျက်လုံးက ဖောက်ထွက်သွားလိမ့်မ

"ဗျာ ဒါဆိုရင် ကျွန်တော် သွားရမယ့်ကိစ္စက"

"မင်း အဲဒီအတွက် မစိုးရိမ်ပါနဲ့၊ ငါက မတရားခံ
ပါ၊ မင်းကိုတော့ နောက်တော့မှာ အကျယ်ရှင်းပြတော့
ငါ မင်းကိုတစ်ခုတော့ မှာလိုက်မယ်၊ ရွှေပုဆိန်ကို တစ်
တည်းနဲ့အပြီး ယူရမယ်၊ မယူနိုင်ခဲ့ရင်တော့ ငါလည်းသေ
မင်းလည်း ငါ့ဆီကို ပြန်လာနိုင်မှာ မဟုတ်တော့ဘူး"

"ကောင်းပါပြီဗျာ၊ ကျွန်တော့်အသက်နဲ့လဲပြီး
မရရအောင် ဆောင်ရွက်ခဲ့ပါ့မယ်"

"မင်း အောင်မြင်မှာပါ၊ ငါ့နာမည်ကိုလည်း သေ
ချာချာမှတ်ထား၊ သူတော်ဂန္ဓတဲ့"

သူတော်ဂန္ဓ သူတော်ဂန္ဓ

မိုးသည် သူတော်ဂန္ဓ၏ အမည်ကို ထပ်တလဲလဲ





တ်နေလေ၏။ ယခုမှပင် သတိထားမိသည်။ သူတော်ဂန္ဓ၏
ယ်သည် နှစ်ပေါင်းများစွာ ကြာလာသည့်တိုင် အနံ့အသက်ဆိုး
ကမရှိ၊ ပန်းတစ်မျိုးအနံ့ သင်းပျံ့စွာ ထွက်နေသောကြောင့်
င်တည်း။

သူတော်ဂန္ဓသည် မိုးကို ခရီးလမ်းကြောင်း ပြောပြလေ
သည်။ မိုးကလည်း မှတ်ဉာဏ်ကောင်းသူမို့ ခဏအတွင်းမှာပင်
င်းထဲမှာ စွဲမြဲစွာဖြင့် မှတ်မိသွားခဲ့လေသည်။

"ကဲ မင်း ဒီနေ့တော့ ရွာကိုပြန်၊ မနက်ဖြန်မနက်
စောကျမှပဲ ခရီးစထွက်ပေတော့"

"ကျွန်တော် အပေါ်ကို ဘယ်လိုပြန်ပြီးတော့ တက်လို့
င်မလဲ ခင်ဗျာ"

"ယောဂျာ်းပဲကွာ၊ မင်း ကျလာခဲ့တဲ့အပေါက်ဆီကို
နေလှမ်းပြီး ခုန်ကြည့်လိုက်ပါလား"

"ဖြစ်ပါ့မလား အဖိုး"

"မင်းကလည်း စစ်မရောက်ခင်ကတည်းက မြားကုန်
င်နေပြီ"

မိုး၏ စိတ်ထဲမှာလည်း မရိုးမရွဖြစ်လာကာ အလိုလိုပင်
ချင်လာခဲ့လေရာ၊ တ်စချက်တည်း ခုန်လိုက်သည်နှင့်
ာက်ကနဲတက်သွားခဲ့ရာ မြေပြင်ထက်မှ ပတ်ကြားအက်
ပေါက်ကြီးကိုပင် ကျော်ပြီးတော့ ထွက်သွားခဲ့လေ၏။ မိုးလည်း
အားသင့်သွားမိသည်။ ထို့နောက် ထိုနေရာမှ လျှင်မြန်စွာပင်
တ်လာခဲ့လေ၏။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com



(၇)

## နဂါးတစ်ကောင်၏အမြီးရှာတွေ့ပြီ

မိုးသည် နောက်တစ်နေ့ နံနက်စောစောမှာပင်။ အိမ်
ထွက်လာခဲ့သည်။ စောလိုက်သမှ အမှောင်အား ကောင်းနေ
အချိန်ပင်တည်း။

သူ့ကိုယ်ပေါ်မှာ လေးမြှားလက်နက်များနှင့် ရိက္ခ
ခြောက်များက ပါလာခဲ့ကြသည်။ မနေ့က သူတော်ဂန္ဓဆီ
အပြန်မှာ လမ်းတွင် တောင်ဆိတ်တစ်ကောင်ကို ပစ်ခတ်
ရရှိခဲ့သည်။

အိမ်အတွက် ချန်ထားပြီး၊ အသားများကို တစ်အိမ်နည်း
နည်းစီ ပေးဝေခဲ့လေသည်။ ယနေ့နံနက်မှာလည်း ဒဏ်
ကြောင့် လွတ်ထွက်သွားသော သားကောင်နောက်ကို လိုက်
ဟူသော အကြောင်းပြချက်ဖြင့် ထွက်လာခဲ့ခြင်းပင်၊ ပြဿ





ရှိပါ။ ဤမျှစောစော သွားရသလားဟုလည်း မမေးကြပါ။

နဂါးမောက်တောင်ကြီး၏ တောင်ခြေကို မိုးမလင်းမီ
ရောက်သွားရန်က အရေးကြီးသည်။ မိမိကို မည်သူမှ မမြင်နိုင်
မီက ပိုပြီးတော့ပင် အရေးကြီးလေသည်။

ထို့ကြောင့် . . .

မိုးသည် လူသွားလူလာနည်းသော တောလမ်းကိုမှ ရွေး
ပြီး လျှောက်လာခဲ့လေသည်။ ရန်မူမည့် သားရိုင်းသတ္တဝါများကို
လည်း မျက်စိလျင်လျင်ထားပြီးတော့ ကြည့်ကာ သွားရသည်။

ထူးခြားချက်တစ်ခုမှာ . . .

မိုးသည် မြေပြင်ပေါ်မှာလျှောက်ပြီးတော့ သွားနေရသည့်
တိုင် တစ်ခါတစ်ရံမှာ ခြေလှမ်းတွေက ပိုပြီးတော့ ပေါ့ပါးသွက်
လက်လာသည်။ လေဟုန်စီးရသကဲ့သို့ပင်။ တစ်နေရာမှတစ်နေ
ရာသို့ လျှင်မြန်စွာပင် ရောက်သွားသည်ဟု သိနေသည်။

"ငါ့စိတ်ကပဲ ဆောင်နေလို့လား မသိဘူး၊ ငါ့စိတ်ထဲ
ညွှန်ရွယ်လိုက်တာနဲ့ ခဏကလေးပဲ ရောက်ရောက်သွားတယ်"

မကြာမီ . . .

လက်ခုပ်တစ်ဖောင်ခန့် မြင့်မားသော တောင်ပို့ကြီးတစ်ခု
က ရှေ့မှာဆီးပြီးတော့ ခံနေသည်။ တောင်ပို့ကြီးသည် လမ်းကို
ပိတ်ဆီးထားသည် ဖြစ်ရကား . . . ဘေးမှ ကွေ့ပိုက်ပြီးတော့
သွားရန် ကြားလမ်းမရှိပေ။

"ဟာ ရှေ့မှာ အတားအဆီးတစ်ခုက ဆီးပြီးတော့
ခံနေပါလား၊ ဒါကြီးကို ကျော်လွှားပြီးတော့ သွားရရင် အချိန်ကုန်
သိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် . . .

မိုးသည် အဆင်ပြေမည့်လမ်းကို ရှာဖွေရန် ထိုနေရာမှ ထွက်လာခဲ့လေသည်။ အတော်ခပ်လှမ်းလှမ်းသို့ ရောက်လာသော အခါ စိတ်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်လာခဲ့လေသည်။

ဝမ်းဗိုက်ထဲမှာလည်း လှိမ့်လှိမ့်ပြီးတော့ တက်လာခဲ့ သည်။ ငုံ့ကြည့်လိုက်သောအခါ ဝမ်းပြင်အရည်ပြားသည် လှိုင်း ထနေသလို အလိမ့်လိုက်၊ အလိမ့်လိုက် ဖြစ်ပြီး၊ လှုပ်ရှားနေသည် ကို တွေ့လိုက်ရလေသည်။ တစ်ကိုယ်လုံးလည်း လှုပ်လာကာ သွေးကြွလာသည်။

''ငါ ဒီတောင်ပို့ကြီးကို ရအောင်ကျော်မယ်''

ထို့ကြောင့် . . .

နေရာမှ ချက်ချင်းပင် ပြန်လှည့်လိုက်လေသည်။ ထိုအခါ မိမိ၏စိတ်ကို မထိမ်းနိုင်တော့ဘဲ တောင်ကုန်းကြီးနှင့်တူသော တောင်ပို့ကြီးဆီကို ပြေးဝင်သွားခဲ့သည်။ အနားသို့ ရောက်သော အခါ စိတ်ကအလိုလို တက်ကြွလာသည်နှင့် တောင်ပို့ကြီးကို လွှားကနဲဆို ခုန်ကျော်လိုက်လေတော့သည်။

မိုးသည် တစ်ဖက်သို့ ပေါ့ပါးညင်သာစွာပင် ကျရောက် သွားခဲ့လေသည်။ မိမိကိုယ်တိုင် ထိုသို့ဖြစ်သွားခဲ့ရသည်။ အခြေ အနေကိုလည်း မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွား လေ၏။

''အို ဘာပဲဖြစ်ဖြစ် စဉ်းစားနေဖို့ အချိန်မရှိတော့ဘူး''

ထို့နောက် . . .

ရှေ့ခရီးကို ဆက်ပြီးတော့ ထွက်လာခဲ့လေသည်။





''ဝေါင်း''

ကျားကြီးတစ်ကောင်၏ ဟိန်းဟောက်မာန်ဖီသံကို အမျှော်လင့်ဘဲ ကြားလိုက်ရလေသည်။ မိုးက နားပါးသည် မည် သည့်အရပ်က ထွက်ပေါ်လာသော အသံဆိုသည်ကို ခန့်မှန်းမိ လိုက်သည်။

ထင်သည့်အတိုင်းပင်။ ကိုက်နှစ်ဆယ်အကွာလောက်ရှိ ချုံကြီးတစ်ခု၏ နောက်ကွယ်မှာ ကျားကြီးတစ်ကောင်ကို တွေ့ လိုက်ရလေသည်။ ကျားကြီးသည် မိုးကို ခုန်အုပ်တော့မည် အနေ အထားမျိုး ရှိနေသည်။

မိုးက လေးညို့မှာ မြှားတစ်ချောင်းကို တင်လိုက်လေ၏။ ကျားကြီးကို သေချာစွာ ချိန်ရွယ်ပြီး မိမိရရရှိသည်နှင့် မြှားတံကို လက်မှ လွှတ်လိုက်တော့မည်ပြုသောအခါ ကျားကြီးမှာ ချုံထဲမှ နေ၍ လျှင်မြန်စွာပင် ခုန်အုပ်လိုက်လေတော့သည်။

''ဟာ''

''ဝုမ်း''

မမျှော်လင့်သော အခြေအနေကြောင့် မိုးမှာ အံ့အားသင့် သွားခဲ့ရလေသည်။ မြှားတံသည်လည်း ညို့မှ ထွက်သွားခဲ့သည်။

သို့သော် . . .

တစ်ကြိမ်တစ်ခါမှ လွဲချော်မှုမရှိခဲ့သော မြှားတံသည် ယခုတစ်ကြိမ်မှာတော့ လွဲချော်သွားခဲ့ရလေပြီ၊ မိုးသည် သူ့ကိုယ် ပေါ်သို့ ကျလာခဲ့သော ကျားကြီးကို ခုန်ရှောင်လိုက်သည်။ ကျား ကြီးက မြေပြင်ပေါ်သို့ ပစ်ကျသွားခဲ့လေ၏။ မိုးသည် မိမိပိုင်း လျှင်မြန်စွာဖြင့် ရှောင်တိမ်းလိုက်နိုင်သည်ကို အံ့အားသင့်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျားကြီးသည် ရန်သူကို မမိလိုက်သည့်အတွက် ဒေါသကြီးစွာ ထွက်သွားခဲ့ရလေ၏။

''ဝေါင်း''

ထို့ကြောင့် ဒေါသတကြီးဖြင့် တစ်ချက်ဟိန်းဟောက်လိုက်ကာ မြေပြင်မှာ ဝပ်ကျသွားသော အနေအထားမှ နောက်တစ်ကြိမ် တိုက်ခိုက်ရန် အားယူလိုက်ပြန်သည်။

မိုးသည် ကျားကြီး၏ အခြေအနေကို ကောင်းစွာပင်သဘောပေါက်သွားခဲ့လေ၏။ ချက်ခြင်းပင် မိမိကဦးအောင် တိုက်ခိုက်ရန် မြားတံကို ကျည်တောက်ထဲမှ ထုတ်ယူရန် လက်ကလှမ်းလိုက်သည်။ သို့သော် မြားကျည်တောက်ကား မရှိတော့ကျကျန်ရစ်ခဲ့လေပြီ။ နောက်တစ်ကြိမ် ရန်ပြုလာမည့်ကျားကြီးကို မည်သို့ခုခံရန် စဉ်းစားနေဆဲမှာပင် ကျားကြီးကား နောက်ခြေနှစ်ချောင်းကို မြေပြင်မှာ ဆောင့်ကာခုန်ထွက်လာခဲ့လေပြီတည်း။

မိုး၏ မျက်လုံးများသည် ပြာဝေသွားခဲ့ရသည်။ မိမိဘာလုပ်လို့ လုပ်မိလိုက်မှန်းပင် မသိလိုက်ပေ။ သူ၏ ညာလက်သီးတစ်လုံးသည် ကျားကြီး၏ လည်တိုင်ဆီသို့ ပစ်သွင်းလိုက်လေ၏။

''ဂွတ်''

လက်သီးနှင့်လည်တိုင် ထိခိုက်သံကို ကြားလိုက်ရသည်။

''ဝေါင်း''

ကျားကြီးက နာကျင်စွာ ကြောက်စရာအသံကြီးဖြင့်ဟိန်းဟောက်ကာ အော်ဟစ်လိုက်ပြီးမှ မြေပြင်ထက်ကို ကျသွားခဲ့ရလေသည်။ ထို့နောက် ပါးစပ်ထဲမှ သွေးများထွက်ကျလာကာ





လူးလိမ့်နေလေတော့သည်။ လည်တိုင် သွင်သွင်ကျိုးသွားသော ကျားကြီးသည် တခဏအကြာမှာ သေဆုံးသွားခဲ့လေတော့၏။

မိုးသည် အဖြစ်အပျက်ကို မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။ ကျားကြီးတစ်ကောင်လုံးကို လက်သီးတစ်လုံးဖြင့် နိုင်အောင် သတ်နိုင်ခဲ့သော စွမ်းအားမျိုးကို မည်သို့ ရရှိခဲ့လေသနည်း။ စဉ်းစားသော်လည်း အဖြေကမပေါ်။

ယင်းနေရာမှာ အတန်ကြာရပ်နေပြီးမှ မိမိကိစ္စကို ပြန်လည်၍ သတိရလာခဲ့သည်။ ထို့ကြောင့် နေရာမှ ချက်ခြင်းပင် ထွက်လာခဲ့လေသည်။

နောက်ထပ်အနှောင့်အယှက်များကို ထပ်ပြီးမတွေ့ရတော့။ ဝေလီဝေလင်းအချိန်မှာပင် နဂါးမောက်တောင်ကြီး၏ တောင်ခြေကို ရောက်လာခဲ့လေသည်။ တောင်ကြီးကား မြင့်မားလှသည်။ တကယ်တက်မည်ဟု စိတ်ကူးဖြင့် ရောက်လာခဲ့သော်လည်း မြင့်မားလှသည်ကြောင့် စိတ်မောသွားခဲ့ရလေသည်။

''မိုး မင်း နောက်ကြောင်းပြန်ဖို့ စိတ်ကူးနေတာလား၊ မင်းအတွက် အချိန်မရတော့ဘူးနော်''

သူတော်ဂန္ဓ၏အသံက နားထဲသို့ အလိုလိုပင် ဝင်လာခဲ့လေသည်။

''ငါ သူ့ကိုကယ်ဖို့ ကတိပေးထားပြီးပြီ၊ ကတိတစ်လုံးကို မဖျက်ဘူး၊ ငါ နောက်မဆုတ်ဘူး''

မိုးသည် မိမိ၏ ဗိုက်ကို ပြန်ပြီးတော့ စမ်းလိုက်မိသည်။ မရည်ရွယ်ဘဲနှင့်စမ်းမိလိုက်ခြင်းပင်။ အရည်ပြားအောက်မှာ အလုံးလေးတစ်လုံး၊ သူတော်ဂန္ဓက သူ့ပါးစပ်ထဲကို ပစ်ထည့်

www.burmeseclassic.com



လိုက်၍ မြို့ချမိလိုက်သော အလုံးလေးလို့ သူပြန်ပြီးတော့ သတိရ သွားခဲ့လေ၏။ ယင်းပစ္စည်းလေးကြောင့် စွမ်းအားတွေက အလိုလို ဖြစ်ပေါ်လာခဲ့သည်ပဲလား။

ချက်ခြင်းမှာပင် အတွေးကို ဖြတ်ပစ်လိုက်သည်။ နဂါးမောက်တောင်ကြီးပေါ်သို့ တက်နိုင်မည့် အဆင်အပြေဆုံး လမ်းကို ရှာသည်။ တောင်ကြီးက မတ်စောက်နေသည်။ နဂါးကြီး တစ်ကောင် ရစ်ခွေထားသလိုပင်၊ အရစ်အရစ်တွေ ဖြစ်ပေါ်နေ လျက် အခွေပုံကြီးကို ဆင့်ထားသလို အထပ်ထပ်ဖြစ်နေသည်။

တောင်ကြီးကား ရောမနဂါးကြီးတစ်ကောင်က ကိုယ် ထည်ရှည်မျောမျောကြီးမို့ အဆင့်ဆင့်ခွေထားသည်နှင့် မခြားပင် ရှိနေလေသတည်း။

မိုးကာ တက်ကြွသောစိတ်ဖြင့် အဆင်အပြေဆုံးနေရာ ကရွေးပြီး တောင်ကြီးပေါ်သို့ စတင်၍ တက်လာခဲ့လေသည်။ တော်တော်လေးကို ကုပ်ကပ်ပြီးတော့ တက်လာခဲ့ရသည်။ သို့ သော် စိတ်က စောင်နေ၍ပဲလားမသိ။ တခဏအတွင်းမှာပင် တောင်ကြီး၏ အလယ်လောက်အထိ တက်လာနိုင်ခဲ့သည်။

မတ်စောက်မှုကပိုသော တောင်မြင့်ကြီးဖြစ်သော်လည်း အခက်အခဲအနည်းငယ်ရှိသည်မှအပ ပေါ့ပါးသောစိတ်နှင့်ခန္ဓာ ကိုယ်က တာင်အလယ်အထိရောက်ရန် အထောက်အပံ့ပေးခဲ့ လေသည်။ နဂါးမောက်တောင်ကြီးသည် နဂါးရစ်အခွေပေါင်း နှစ်ဆယ်ကျော်ရှိရာ၊ နောက်ထပ်တစ်ကြိမ်ထပ်ပြီးတော့ ကြိုးစား လိုက်သည်နှင့် တောင်ထိပ်နှင့်အနည်းငယ်သာ ကွာဝေးသော နေရာသို့ ရောက်သွားခဲ့လေသည်။





မိုးရောက်သွားသောနေရာသည် နဂါးကိုယ်ထည်ကြီး ရစ်ပတ်ထားသော နေရာကဲ့သို့ ပြည့်ဖောင်းဖောင်းကြီး ဖြစ်နေ သည်။ အနည်းငယ်ကျယ်ပြန့်သည်။ လူနှစ်ယောက်ယှဉ်ပြီး ကောင်းကောင်းလျှောက်သွားနိုင်သည်။ ယင်းနေရာသည် သစ်ပင်အချို့ပေါက်နေကြသည်။ တောင်နံရံမှာ တွယ်ကပ်ပြီး ပေါက်နေသော သစ်ပင်ကြီးတစ်ပင်သည် ကြီးမားလှသည်။ ပင်မ ကိုယ်ထည်ကြီးသည် တောင်အောက်ကို ကိုင်းပြီးတော့ ကျနေ သည်။

''ဒါလောက်ကြီးမားတဲ့ အပင်ကြီးက တောင်နံရံ၊ တောင်စောင်းလိုနေရာမျိုးမှာ ပေါက်နေတယ်၊ အောက်ကိုလည်း ကျမသွားဘူး၊ အသည်းယားစရာပါလား''

မိုးသည် သစ်ပင်ကြီးဆီကို လျှောက်သွားသည်။ အနား ကို ရောက်သွားသောအခါ သစ်ပင်ကြီးသည် လေမတိုက်ပဲနှင့် အလိုလိုပင် လှုပ်ယမ်းလာခဲ့သည်။ ယိမ်းထိုးလာလေသည်။

''ဟင် ဒီသစ်ပင်ကြီးက ဘယ်လိုကြောင့် လှုပ်ယမ်းလာ ခဲ့ရတာလဲ၊ သစ်ပင်ပေါ်မှာ သတ္တဝါတစ်ကောင်ကောင်များ ရှိနေ လို့များလား''

တောင်ကမ်းပါးယံနားကိုရောက်သော် သစ်ပင်ကြီးပေါ် ကို မော့ကြည့်မိလိုက်လေသည်။ မည်သည့်သတ္တဝါကိုမှ မတွေ့ရ ပေ။ ကြီးမားသော သတ္တဝါတစ်ကောင်ကောင်က သစ်ပင်ပေါ်ကို ရောက်နေမှသာလျှင် အပင်ကြီးကို လှုပ်ခါယမ်းနိုင်မည် ဖြစ်သည်။

ထိုစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဟင်း . . . ဟင်း"

ညည်းညူသံကို ကြားလိုက်ရသည်။ မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိပေ။

"အင်း . . . ဟင်း . . . ဟင်း . . . ဟင်း"

အဆက်မပြတ် ထွက်ပေါ်လာသော ညည်းညူသံကို သေသေချာချာနားစွင့်မိလိုက်ရာ ဤအပင်ကြီးဆီကပင် ဖြစ်နေသည်ကို သလိုက်ရလေသည်။

"ငါ အပင်ကြီးရဲ့အနားကို ပိုပြီးတော့ နီးကပ်လာလေလေ ညည်းညူသံက အဆက်မပြတ် ထွက်ပေါ်လာလေလေပဲ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ"

မိုးသည် သူ့ဗိုက်သားပြင်အောက်က အလုံးလေးကို လက်ဖြင့်မသိမသာ စမ်းမိလိုက်လေသည်။ ယင်းအလုံးလေးသည် တဆတ်ဆတ်ခုန်နေလျက်ရှိသည်ကို သတိထားမိလိုက်သည်။

"ဟုတ်ပြီ ငါ့ဗိုက်ထဲကို ရောက်နေတဲ့ ဒီပစ္စည်းလေး ကြောင့်ပဲ ဖြစ်ရမယ်"

မိုးသည် ဤလုံးလုံးအရာလေး၏ စွမ်းအင်ကို သဘော ပေါက်စပြုလာခဲ့လေပြီ။ အပင်ကြီးကို သေချာမော့ကြည့်လိုက် သောအခါတွင် လွန်စွာမှကြီးမားလှသော နဂါးကြီးတစ်ကောင်၏ အမြီးပိုင်းနှင့်တူနေသည်ကို တွေ့လိုက်ရလေ၏။

"ဒါ သစ်ပင်ကြီးမှ ဟုတ်ရဲ့လား၊ နဂါးကြီးတစ်ကောင် ရဲ့ အမြီးပိုင်းနဲ့ တော်တော့်ကို တူတာပဲ"

စဉ်းစားရင်း တစ်ချိန်က လူကြီးသူမျာပြောဖူးခဲ့ကြသည့် နဂါးမောက်တောင်ကြီး၏အကြောင်းကို ပြန်လည်သတိရလာမိ





လေသည်။

"ပျောက်ဆုံးနေတဲ့ နဂါးကြီးရဲ့အမြီးပိုင်း ဒါများဖြစ်နေ လေား"

တကယ်တော့ နဂါးကြီး၏ အမြီးပိုင်းသည် ဝှက်ထား ခြင်းလည်းမဟုတ်ပေ။ သစ်ပင်ကြီးသဏ္ဌာန်ဖြစ်ကာ မြေပြင်ထက် သို့ ထိုးထွက်နေခြင်းပင်တည်း။ သူတော်ဂန္ဓကလည်း လျှို့ဝှက်စွာ ထင် မှာလိုက်သေးသည်။

"အပင်ကြီးကြီးတစ်ပင်က တောင်စောင်းမှာ ထူးထူး ခြားခြားပေါက်နေလိမ့်မယ်၊ အဲဒီအပင်ကြီးဟာ ဘာနဲ့တူသလဲဆို တာ သေသေချာချာကြည့်၊ အဲဒီနေရာကနေ မင်းဆင်းသွားရ မှာပဲ"

"ဟာ ဒါ နဂါးကြီးရဲ့ အမြီးအဆုံးပိုင်းပဲ၊ သူတော်ဂန္ဓက အဲဒီလို ပွင့်ပွင့်လင်းလင်း မပြောလိုက်ဘူး။ ဒါလောက်သေရေး ရှင်ရေးကိစ္စကြီးမှာတောင်"

သူတော်ဂန္ဓကို အပြစ်တင်မိလိုက်လေသည်။ တစ်ကယ် တော့ အပင်ကြီးသည် စကြ္ဝဠာလသိဒ္ဓိဓါတ်ရှင်လုံးကြောင့် မခံနိုင် ဖြစ်ကာ တုန်လှုပ်နေခြင်းပဲ ဖြစ်သည်။ မည်သူကမှ ဤသစ်ပင် ကြီးကို နဂါးကြီး၏ အမြီးပိုင်းဟု သိကြလိမ့်မည် မဟုတ်ပေ။

ကမ်းပါးယံမှာ ပေါက်နေသော အပင်ကြီးသည် အမြစ် ပိုင်းက မြေကြီးထဲကို ထိုးပြီးတော့ ဝင်နေလျက်ရှိသည်။ မိုးသည် အောက်ကို ငုံ့ကြည့်လိုက်ရာ အမြစ်၏ အရင်းပိုင်းမှာ အပေါက် ကြီးတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေ၏။

"ဒါ တောင်ကြီးရဲ့ အတွင်းပိုင်းကို ဝင်တဲ့အပေါက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်''

ထင်ကြေးပေးလိုက်သော်လည်း မှန်ကန်နေသည်။ ထို့ကြောင့် တောင်ကမ်းပါးယံထိပ်မှနေ၍ တွယ်ကပ်ကာ သစ်ပင်ရင်းဆီသို့ ခုန်ချလိုက်လေ၏။

''ဝေါ ... ဝေါ''

သစ်ပင်ကြီးတစ်ပင်လုံး သိမ့်သိမ့်ခါသွားရလေသည်။ ထိုအခါ နဂါးကြီးတစ်ကောင်၏ အမြီးပိုင်းကြီး ဝှေ့ယမ်းခါလိုက်သလိုပင် ဖြစ်သွားခဲ့ရလေသည်။ မိုးသည်လည်း အပင်အရင်းပိုင်း၏ တွင်းပေါက်ကြီးထဲကို ကျသွားခဲ့ရလေသည်။

♛♛♛♛♛





(၈)

## နဂါးတိုင်းပြည်ဆော

မိုးသည် အပင်ကြီး၏ အောက်ဆုံးရှိ အပေါက်ထဲသို့ ...တော့ ကျသွားခဲ့လေသည်။ တကယ်တော့ အပင်ကြီးသည် ...အလျောက် ဖြစ်ပေါ်နေသော်လည်း ကိုယ်ထည်ပေါ်ရှိ ... အရစ်၊ အခေါက်များမှာ အကြေးကွက်များ ထနေသည်။ ...ကြောင့် မြွေဟာစ်ကောင်(သို့မဟုတ်) နဂါးတစ်ကောင်၏ ...ကြေးကွက်များနှင့် တူနေလေသည်။

အပေါက်ကြီး၏ အတွင်းပိုင်းမှာ လိုင်ခေါင်းရှည်ကြီးနှင့် ...နှံ့တူသည်။ ချောမွတ်နေသည်ဖြစ်ရကား ကိုယ်လုံးသည် ...တိုက်ပြီး ပါသွားခဲ့လေသည်။ အတွင်းမှာ မှောင်မိုက်နေ... ချက်ခြင်းလိုလိုပင် အရာအားလုံးကို မြင်နိုင်စွမ်းရှိလာခဲ့...သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မျက်လုံးတွေဟာ ဘာကြောင့် အမှောင်ထဲကို ဖော
ပြီးတော့ မြင်နိုင်စွမ်းရှိသွားရတာလဲ"

မိုး နားမလည်နိုင်အောင် ဖြစ်သွားခဲ့ရသည်။ သို့သေ
ချက်ခြင်းမှာပင် သူတော်ဂန္ဓ၏စကားကို ပြန်ပြီးကော့ ကြ
မိခဲ့ရလေသည်။

"ဒါ ငါစီရင်ထားတဲ့ စက္ခုဗလသိဒ္ဓိဓါတ်ရှင်လ
အမှောင်ကိုလည်း ဖောက်ထွင်းပြီးတော့ မြင်နိုင်တယ်"

"သြော် ဒါကြောင့်ကိုး"

မိုး သဘောပေါက်သွားခဲ့ရသည်။ သို့သော် ဤစက္ခု
သိဒ္ဓိဓါတ်ရှင်လုံးကြောင့် ဤသို့ အမှောင်ထဲမှာ မြင်နိုင်စွမ်
ရသည်လော။ အခြားအကြောင်းတစ်ခုခုကြောင့်လောဟူ
အတွေးမျိုးဖြင့် မခွဲခြားနိုင်ခဲ့ပါ။

မိမိ၏ခန္ဓာကိုယ် အရည်ပြားပေါ်ရှိ ဓါတ်ပစ္စည်းမျ
သစ်ခေါင်းကြီးထဲရှိ ဓါတ်ပစ္စည်းများ ပေါင်းစပ်ပြီး အ
သတ္တိရုပ်စွမ်းမင်အများ ဖြစ်ပေါ်လာ၍လော၊ သူတော်
ဤသိဒ္ဓိပေါက်ဓါတ်ရှင်လုံး၏ အစွမ်းသတ္တိကို ဖော်ပြပြီး အာ
အဖြင့် စိတ်ဓါတ်တက်ကြွအောင် မြှင့်တင်ပေးခဲ့ခြင်းပေ

မိုးသည် အောက်ကို လျှောပြီးတော့ တဖြည်းဖြည်
ဆင်းလျက်ရှိရာက အရှိန်မြန်လာသည်။ အပင်ကြီး၏ အမြ
မှ လွတ်မြောက်ခဲ့ပြီဟုထင်သည်။ တကယ်တော့ သူသည်
မောက်တောင်ကြီး၏ အတွင်းပိုင်း အောက်ခြေဆီသို့ သွ
ခြင်းပဲ ဖြစ်သည်။ ပထမတော့ ဘေးပတ်ပတ်လည်ရှိ လိုင်
နံရံများကို လက်ဖြင့်ထိတွေ့၍ ရနိုင်သေးသည်။ နံရံမျာ





ာမှတ်နေကြသည်။

နောက်တော့ ပွန်လုံးသဖွယ် လိုဏ်ခေါင်းကြီးသည်
ည်းဖြည်းနှင့် ကျယ်ပြန့်လာသည်။ မိမိ၏ တင်ပါး၊ ကျောပြ
ထိတွေ့နေသော နေရာမှတစ်ပါး ရှေ့၊ ဘေးဘီဝဲယာတို့မှ
ာ်ဖြင့် စမ်းသလောက် မထိတွေ့နိုင်တော့ပါ။ ဝေးသွားခဲ့မှ
ပြီတည်း။

"ငါ့ကို နဂါးကြီးတစ်ကောင်က မြိုနေတဲ့အတိုင်း
"

တစ်ကယ်တော့မိုးသည် နဂါးကြီးတစ်ကောင်၏ ဝမ်းကဲ့
မောက်တောင်ကြီး၏ အလယ်အူကြောင်းအတိုင်းကျဆင်း
ပင်ဖြစ်သည်။ နိမ့်လျှောအနေအထားဖြင့် လျှောတိုက်ပြီးတော့
င်းနေသောကြောင့် သက်သာရာရနေလေသည်။ ကို
မကြာမီ . . . လား။

မိုး၏ တစ်ကိုယ်လုံး ခြေလွတ်လက်လွတ် ဖြစ်လေပြီ။
သည်။ ခန္ဓာကိုယ်သည် မည်သည့်အရာနှင့်မျှ မငြိ။ ဂမ္
ပဲ လေထဲမှာ မြောက်ကနဲဆို ဖြစ်သွားခဲ့ရလေသည်နေရာမှ
"အား" ည်သူမှ

အတွယ်အတာမရှိတော့သောအခါ ရင်ထဲမှာ အေး
သွားခဲ့ရလေသည်။ နက်ရှိုင်းသော ချောက်ကြီးထဲကို ကျသွား
ည်ဟု တင်မိလိုက်သည်နှင့် လန့်ပြီးတော့အော်မိလိုက်လေ

"ဆွမ်း"

အေးစက်သော အထိအတွေ့ကို ခန္ဓာကိုယ်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရသည်။ မိုး ရေထဲသို့ ကျသွားခဲ့ခြင်းပင် ဖြစ်သည်။ ရေနက်ထဲသို့ ကျသွားပြီး စုံးစုံးမြုပ်သွားခဲ့ရလေ၏။

"ရေ ရေ၊ ငါ ရေထဲကို ကျသွားခဲ့တာပဲ"

အသိက ချက်ခြင်းလိုလိုပင် ဝင်လာခဲ့ရသည်။ အိပ်မက် ဟုတ်ပါ။ အေးစက်သော အတွေ့အထိကို လတ်တလော ခံစား က်ရသောကြောင့် သိလိုက်ခြင်းပင်။

"နဂါးမောက်တောင်ကြီးရဲ့ အတွင်းသားအောက်ခြေ ကန်ကြီးလား၊ မြစ်ကြီးလား၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ မယုံ ရာပါပဲလား"

ရေအောက်ကို မည်မျှအနက်အထိ ရောက်သွားသ မသိပါ။ သတိကို ကိုယ်နှင့်မကွာစေခဲ့။ ချက်ခြင်းလိုလို ခြေအစုံကိုဆောင့်ကာ ရေမျက်နှာပြင်ပေါ်သို့ တရှိန်ထိုးပင် က်ခဲ့လေ၏။

သတ္တိ "အား"

ဤသို့ ချက်ခြင်းလိုလိုပင် ရေမျက်နှာပြင်ပေါ်သို့ ရောက်လာခဲ့ အဖြစ်သည်။ မိုးမြင်လိုက်ရသည်ကား မိုးကောင်းကင်ကြီးကဲ့ သော် မျက်နှာပြင်ကြီးပင်တည်း။ သို့သော် ကောင်းကင်ပြာ ဆန်မဟုတ်။ ညိုမှိုင်းနေသော အဆင်းရှိသည့် ကောင်းကင် မှုဟု ဆိုနိုင်သည်။ ထူးခြားချက်က တိမ်လိုလို အခိုးအငွေ့ သည် ရွေ့လျားသွားလာနေခြင်းပင်တည်း။

"ငါ ဘယ်လို နေရာမျိုးကို ရောက်နေတာလဲ"

နားမလည်နိုင်အောင်ပင် ရှိနေရသည်။ ကမ်းခြေသ သိပ်မဝေးလှပေ။ အေးစိမ့်လျက်ရှိသည်။ ရေထဲမှာ ကြာ





နေနိုင်။ ထို့ကြောင့် ကမ်းဘက်သို့ ကူးလာခဲ့ရလေသည်။ ကမ်း ဘက်မှာ တွယ်ပြီးနားနေပြီးမှ အပေါ်ကို ကုပ်ကပ်ပြီးတော့ တက် သွားခဲ့လေသည်။

မိုးသည် မိမိကိုယ်ပေါ်မှာ ပါလာသော လေး၊ မြား တက်နက်များကို မတွေ့တော့၊ ပျောက်ဆုံးသွားခဲ့လေပြီ။ ခါးမှာ ပတ်ထားသော ဓါးမြောင်တစ်ချောင်းသာ ပါလာတော့သည်။

"ဟင် ရွှေပုဆိန်၊ ရွှေပုဆိန်"

သူတော်ဂန္ဓမာလိုက်သည့် ရွှေပုဆိန်ကို ချက်ခြင်းပင် သတိရသွားခဲ့လေ၏။

"ငါ ဘယ်နေရာမှာ ရှာရမှာလဲ"

ဤနေရာမှာ မိမိ၏ အစွမ်းအစကို အသုံးချရတော့မည် ကို နားလည်သွားမိသည်။ တစ်ရက်အတွင်း ဤရွှေပုဆိန်ကို ရအောင်ယူခဲ့ရမည်ဟု သူတော်ဂန္ဓက မှာခဲ့သည်မဟုတ်ပါလား။ ယခုဆိုလျှင် အချိန်တော်တော်များများ ကုန်ဆုံးသွားခဲ့လေပြီ။

မိုးသည် သတိထားပြီးတော့ လျှောက်လာခဲ့သည်။ ဂမ္ဘ တစ်တွေနှင့် ကျောက်ဆောင်တွေ ပေါများနေကြသည့်နေရာမှ န်းလျှိုးကွယ်လျှိုး သွားလာ၍ရနိုင်သည်။ မိမိကိုယ်ကို မည်သူမှ မြင်နိုင်စေရန် သတိထားပြီးတော့ သွားနေရသည်။

ထိုစဉ် . . .

စကားပြောသံတွေလိုလို၊ ရယ်မောသံတွေလိုလို၊ မမျှော် လင့်ဘဲ ကြားလိုက်ရလေရာ . . .

"ဟင် အသံတွေ ကြားနေရတယ်"

အသံလာရာဆီသို့ မှန်းပြီးတော့ လျှောက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စောင်လို ကျောက်တောင်ပိုကြီးတွေလို ကြားထဲက လျှောက်သွားခဲ့သည်။ စောစောက သူ ကျခဲ့သည့် ချောက်နှင့် တစ်ဆက်တည်း ကမ်းစပ်အတိုင်း လိုက်သွားခဲ့သည်။ အသံတွေ က ပိုပြီးတော့ နီးကပ်လာခဲ့သည်။

ကမ်းစပ်အနေအထားသည် သိသာစွာပင် ပြောင်းသွားခဲ့လေ၏။ အလယ်မှာ ကျွန်းမို့မို့နှင့် တောအုပ်စိမ်းစိမ်းလေး နေရာမျိုးကို လှမ်းပြီးတော့ မြင်လိုက်ရသည်။

ရေသည် ကြည်ပြာလဲ့လဲ့နှင့် စိမ်းနေလျက်၊ ငှက်ဝါရောင် လည်း သန်းနေသည်။ အရောင်မျိုးစုံနှင့် တောက်ပနေသော ချောပြင်မှာ မိန်းကလေးတစ်စုသည် ရေကူးနေကြသည်။ ဆော့ကစား နေကြသည်။

မိန်းမပျိုလေးများသည် ရင်ညွန့်အောက်မှ အစိမ်းရောင် ထမီလိုလိုအရာကို ဝတ်ဆင်ထားကြသည်။ တစ်ကိုယ်လုံး ချပ် ချပ်ယပ်ယပ်ပင် ရှိနေကြသည်။ ပြည့်ဖြိုးသော ခန္ဓာပဋ္ဌတို့ကို အရှိအတိုင်း ဖော်ပြနေကြသလိုပင်။

ရှည်လျားသော ဆံကေသာတို့ကို ထိပ်မှစုပြီး စည်း နှောင်ထားကြသဖြင့် အမောက်များနှင့် တူနေကြသည်။ အသား ရောင်သည် ဝါဝင်းစိုပြေနေကြကာ ဖြူဝင်းနုသောမျက်နှာများ သည် ပုရိသတို့အတွက် ညှို့ငင်အား ကောင်းလှသည်။

မိန်းမပျိုးလေးများသည် သီးချင်းသီးဆိုသူကဆို၊ ရေကူး သူကကူး၊ တစ်ဦးနှင့်တစ်ဦး စကားပြောသူတွေကပြောကြနှင့် ပျော်နေကြသည်။

"ဟင် မိန်းကလေးတွေပါလား၊ တော်တော်လှကြတာပဲ





ကျောက်တောင်ကြီးရဲ့ အတွင်းအောက်မှာဆိုတော့ မဟုတ် ချောရေ နဂါးမယ်လေးတွေပဲ ဖြစ်ရမယ်"

မိုးသည် ဆွဲဆောင်မှုအားကောင်းသော နဂါးမယ်လေး တို့၏ အလှကို မြင်လိုက်ရသောအခါ တခဏတော့ မင်ဘက် ကာ ငေးကြည့်နေမိလေ၏။ နောက်တော့မှ သတိရသွားကာ

"ဟင် ငါ့မှာ သူတော်ဂန္ဓိုင်းလိုက်တဲ့ တာဝန်ရှိပါသေး ဒါတွေကိုကြည့်ပြီး အချိန်ဖြုန်းနေလို့ မဖြစ်တော့ဘူး"

မိုးသည် အမြင်အာရုံကို လွှဲပြောင်းလိုက်တာ ထိုနေရာမှ ပြင်းပင် ထွက်လာခဲ့မိလေသည်။ အသိကြောင့် သတိတရား ထိန်းချုပ်နိုင်သောသူပင်တည်း။

ထိုစဉ် . . .

"ဟိတ် ရပ်စမ်း၊ မင်း ဘယ်သူလဲ"

မမျှော်လင့်ဘဲ အသံတစ်သံ ထွက်ပေါ်လာခဲ့လေရာ

"ဟင်"

အသံလာရာဆီသို့ လှည့်ကြည့်မိလိုက်သည်။ မိုး၏ တစ် ကိုယ်လုံး ကြက်သီးမွေးညင်းများပင် ထသွားခဲ့ရလေသည်။ အရပ် ခြောက်ပေခန့် မြင့်မားသည့်လူထွားကြီးတစ်ယောက်ပင်။ ခန္ဓာကိုယ် အိတ်ပိုင်းသည် အဝတ်ဗလာနှင့်၊ ပါးမြိုင်းမွေးများ၊ မုတ်ဆိတ်ကျင် များက မျက်နှာပြင်တက်မှာ နေရာယူနေကြသည်။ ခါးအောက် မှာ နံငယ်ပိုင်းလေးကိုသာ ဝတ်ဆင်ထားသည်။ လက်ထဲမှာ တစ်ခေချောင်းကို ကိုင်စောင့်လျှက်သား . . . ၊

ထိုလူကြီးသည် မိုးကို တင်းမာခက်ထန်သော မျက်နှာ ကြီးဖြင့် ကြည့်နေသည်။ ထိုအကြည့်သည် အကြည်းရှိသူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ပြာကျသွားလောက်သည်။

"မဖြစ်ဘူး၊ ငါ အမိခံလို့မဖြစ်ဘူး၊ ပြေးမှ ပြေးမှ"

မိုးသည် ထိုသူနှင့်ယှဉ်းပြီး တိုက်ခိုက်ရန် မဖြစ်နိုင်

သိသောအခါနေရာမှရုတ်ရက်ပင် ထွက်ပြေးသွားလေတော့သည်

"ဖေ့ကောင်၊ မပြေးနဲ့၊ မပြေးနဲ့၊ ဒီတို့နေရာကို လူမ ဝင်တယ်ဖေ့၊ လိုက်ကြ၊ အမိဖမ်းကြ"

ထိုလူကြီးသည် အော်လည်းအော်၊ လက်ထဲမှ ကိုင်ထား သည့် လှံရှည်နှင့်လည်း ပစ်ထည့်လိုက်လေတော့သည်။

"ဝှစ်"

"ဟာ"

မိုးက နောက်ကိုလှည့်ကြည့်ပြီး ခုန်ရှောင်လိုက်လေ လက်ခုပ်တစ်ဖောင်မက မြှောက်တက်သွားခဲ့လေသည်။ လှံသ မိုး၏ ကိုယ်အောက်မှ လွတ်ထွက်သွားခဲ့လေသည်။ ထို့နော အောက်ကို ဖွဖွညင်သာသာလေး ပြန်ပြီးတော့ ကျလာခဲ့လေ

ထိုလူကြီး၏ အော်သံကြောင့် အခြားသူများသည် ဟိုမှဒီမှ အလျှိုလျှိုပင် ထွက်လာခဲ့ကြလေသည်။ တား ယက်နက်များ၊ ငါးမန်းဆူးတောင်များ၊ ငါးအစွယ်ကြီး ငါးလိပ်ကျောက်မီးများကို ကိုင်ဆောင်ထားကြသည်။

"ငါ့ကို ဝိုင်းကြတော့မယ်၊ ငါ အရင် လွတ်အော ပြေးမှ"

မိုးသည် စိတ်ထဲမှ လွတ်အောင်ပြေးမည်ဟု ဖြစ် စားမိသည့်အတိုင်း တဟုန်ထိုးပင် ပြေးထွက်လာခဲ့သည်

"ပြေးပြီဟေ့၊ ပြေးပြီ၊ မလွတ်စေနဲ့"





တစ်ယောက်တစ်ပေါက်အော်သံများက ထွက်ပေါ်လာခဲ့ ကြသည်။ မိုး၏နောက်က စုပြုံပြီးတော့ ဝိုင်းလိုက်ကြလေတော့ သည်။

"ဟာ လိုက်လာကုန်ကြပြီ"

ပတ်ဝန်းကျင်သည် လုံလောက်သော အလင်းရောင် ကိုရနေလျက်ရှိသည်။ မိုးက ကမ်းစပ်မှ ဖယ်ကျဉ်ကာ အဟန့် အတားမရှိနိုင်ဟု ထင်ရသည့်နေရာကို ဦးတည်ပြီးပြေးသည်။ နောက်က ပြေးလိုက်လာကြသောသူများပင် လိုက်မမီနိုင်ကြ။

ထိုစဉ် . . .

ရုတ်တရက် အမှောင်ကျသွားသည်။ ပတ်ဝန်းကျင် တစ်ခုလုံးကို ဘာမှမမြင်ရတော့။ အမှောင်ချပြီးတော့ ရန်သူကို မမြင်မကမ်းဖြစ်သွားစေပြီး အမိဖမ်းရန် အစီအစဉ်ပင်။ မိုးသည် ရုတ်တရက် မျက်လုံးတွေ ပြာဝေသွားခဲ့ရသည်။ ရောက်သည့် နေရာမှာပင် ခြေစုံရပ်လိုက်ရလေ၏။

သို့သော် . . . .

ဟာလာအတွင်းမှာပင် မျက်လုံးတွေက အမှောင်ထဲမှာ မြင်နိုင်စွမ်းရှိလာခဲ့ရသည်။ မိုး၏ မျက်လုံးတွေသည် ရှူးလက် တောက်ပြောင်လာခဲ့သည်။ ထို့ကြောင့် မိမိကိုယ်မိမိ အံ့အားသင့် မိရလေသည်။ တာရှည်စွာ အံ့အားသင့်ဖို့ အချိန်မရှိပါ။ မိုး ဆက်ပြီးတော့ ပြေးရပြန်သည်။ ရန်သူများက ညာသံပေးကြပြီး ထပ်ချပ်မကွာပင် လိုက်လာကြလေသည်။

မိုးသည် တောင်ပူစာများ၊ ကုန်းမြင့်များ၊ ကျောက် ဆောင်ကဲ့သို့သော အရာများကို ကျော်ပိုက်ပြီးတော့ ပြေးမနေ



www.burmeseclassic.com

www.burmeseclassic.com



တော့။ စိတ်ထဲမှာရှိသည့်အတိုင်း အားလုံး၏အပေါ်မှ ကျော်လွှားပြီးတော့ ပြေးသည်။ ခန္ဓာကိုယ်သည် ပေါ့ပါးလိုက်သည့်ဖြစ်ခြင်း၊ တခဏအတွင်းမှာပင် ခရီးက ပေါက်လာခဲ့လေသည်။ တစ်နေရာကိုအရောက်မှာ မိုးတွေ့လိုက်ရသည်ကား . . . ။





(၉)

## ရွှေပုဆိုးနီရုပ်ပြ

ကြီးမားသောဂူကြီးတစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။ ဂူပေါက်ဝသည် သတ္တဝါကြီးတစ်ကောင်က ပါးစပ်ကိုဟထားသည်နှင့် တူနေသည်။ သေသေချာချာကြည့်လိုက်သောအခါ လွန်စွာမှာ ကြီးမားသောနဂါးကြီးတစ်ကောင်သည် မြေပြင်ထက်မှာ မေးတင်ထားသည့်အတိုင်းပင်။

နှာခေါင်းမှ ပါးမြိုင်မွေးများ၊ မေးမုတ်ဆိတ်မွေးများသည် တစ်ကယ့်သက်ရှိပစ္စည်းများကဲ့သို့ပင် လက်ရာမြောက်လှသည်။ ညိုသည့်ကျောက်သားလည်းဟု အမျိုးအစားခန့်မှန်း၍မရနိုင်ပေ။ နဂါးကြီး၏ မျက်လုံးနှစ်လုံးမှာ ပတ္တမြားမီးကျိုခဲများပမာ ရဲရဲနီတောက် ရှိနေလေသည်။

www.burmeseclassic.com



"ငါ လောလောဆယ် ဒီအထဲကိုဝင်ပြီး ပုန်းနေမှ ဖြစ်မယ်"

မိုးသည် နဂါးခံတွင်းဂူကြီးထဲကို ဝင်သင့်၊ မဝင်သင့် ချိန်ဆနေမိသေးသည်။ နောက်က လိုက်လာကြသော ရန်သူများ၏အသံများက နီးကပ်လာခဲ့ပြီဖြစ်ရကား . . . ။

"ဘာပဲဖြစ်ဖြစ်၊ တောက်လျှောက်ပြေးနေရင် တစ်ချိန်ချိန်မှာ ငါ့ကို မိသွားမှာ ကျိန်းသေတယ်၊ ဒီဂူကြီးထဲကိုပဲ ဝင်ပြီးတော့ ပုန်းအောင်းနေတာ အကောင်းဆုံးပဲ"

ဆုံးဖြတ်ချက်ကို လျှင်မြန်စွာပင် ချမိလိုက်လေသည်။ ထို့ကြောင့် နဂါးခံတွင်းဂူကြီးထဲသို့ ပြေးဝင်သွားခဲ့သည်။

ကျယ်ဝန်းသော ဂူကြီးထဲသို့ မိုးရောက်သွားခဲ့သည်။ အမှောင်ချထား၍ ဂူထဲမှာ မှောင်နေသော်လည်း မိုး၏ အမှောင်ဖောက်အလင်းမျက်လုံးများက ဂူအတွင်းရှိ အခြေအနေကို ကောင်းစွာပင် မြင်နိုင်စွမ်းရှိကြလေသည်။ ဂူနံရံများ၊ ကြမ်းပြင်များသည် ရွှေပြားများကို ကပ်ထားကြ၍ အမှောင်ထဲမှာပင်လျှင် တောက်ပနေကြသည်။ ဂူအမိုးသည် လက်ခုပ်နှစ်ဖောင်လောက် မြင့်မားပြီး မျက်နှာကြက်မှာ နီရဲသော အလုံးကလေးများကို မြုပ်ထားသည်။ ပတ္တမြားများဖြစ်ဟန်တူသည်။

အချို့ရောများတွင် တဖျတ်ဖျတ်နှင့် မျက်တောင်ခတ်နေကြသလို ရှိနေကြရကား။ စိန်ပွင့်လေးများကို မြုပ်နှံထားသည်ဟု သိလိုက်ရသည်။

"ဒီဂူကြီးဟာ တော်တော့်ကို တန်ဖိုးရှိပါလား၊ ဒါတွေ သာ ငါပိုင်ဆိုင်ရရင် ပစ်သက်လုံးစားလို့ကုန်နိုင်မှာ မဟုတ်ဘူး





ငါ့မိဘတွေလည်း ချမ်းချမ်းသာသာနဲ့ နေရမယ်၊ ငါလည်းတစ်ချိန်ကျရင် အိမ်ထောင်ပြုမှာပဲ၊ ငါ့မိသားစုအတွက် မတောင့်မတ ကြောင့်မကျဖြစ်အောင် ဒီပစ္စည်းတွေက အထောက်အပံ့ဖြစ်စေမှာပဲ"

မိုး၏ အသိအာရုံထဲသို့ လောဘစိတ်က လွှမ်းခြုံသွားခဲ့လေရာ . . .

"မိုး မင်းမတော်လောဘစိတ်တွေ ဝင်လာပြီ၊ အဲဒီဟာတွေထက် အဆတစ်ရာမက များပြားတဲ့ ရတနာတွေကို ငါပေးနိုင်တယ်၊ ကိုယ့်အလုပ်ကို မမေ့နဲ့"

သူတော်စဉ်၏ အသံက နားထဲကို ဝင်လာခဲ့ပြန်သည်။ မိုးသည် သတိပြန်ဝင်သွားခဲ့ရပြန်လေ၏။

"ဟာ သတိလစ်သွားပြီ၊ လာရင်းကိစ္စကိုတောင် မေ့သွားတယ်၊ သူတော်စဉ်ဟာ ငါ့ကို အဝေးကနေပြီးတော့ ကြည့်နေသလိုပါပဲလား"

မိုးသည် လောဘရမက်ကိုလည်း အချိန်မီပင် သတ်နိုင်လိုက်သည်။ ရွှေပုဆိန်ကြီးကို မည်သည့်နေရာမှာ ရှာရမှန်းမသိ။ လောလောဆယ်တော့ ရန်သူတွေက မိမိကို မမိနိုင်စေရန် ပုန်းအောင်းနိုင်ဖို့ပင်။

ဂူကြီးက ကျယ်ဝန်းလှသည်။ နဂိုက မှုံမွှားမွှားအလင်းရောင်မျိုးဖြင့် ပိုးတဝါးရှိနေသော်လည်း မိုး၏မျက်လုံးတွေက အမှောင်ထဲမှာ နေ့မှာကဲ့သို့ ကြည်လင်ရှင်းလင်းစွာ မြင်နိုင်လေသည်။

ဂူကြီး၏ အတွင်းပိုင်းဆီကို တဟုန်းထိုးပင် ပြေးဝင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်နေရာကို ရောက်သွားသောအခါ ရှေ့မှာတစ်စုံတစ်ခု ကို မြင်လိုက်ရသလို ခြေလှမ်းတွေ တုံ့သွားခဲ့ရလေသည်။ နဂါး ကြီးတစ်ကောင်က ရစ်ခွေလျက်ရှိနေသည်။ ကြီးမားသောနဂါး ကြီး၏ အရစ်ခွေကြီးသည် ဟစ်ခုပြီးတစ်ခုဆင့်လျက်ရှိနေသည်။ ပါးပျဉ်းကြီးက ဂူကြီး၏အမိုးကိုပင် ထိလုနီးပါး။

ပါးပျဉ်းခွက်ကြီး၏အောက်မှာ ရွှေကလပ်ကြီးတစ်ခု၊ ကလပ်ထဲမှာ တင်ထားသည့်အရာကား ရွှေပုဆိန်ကြီးပင်တည်း။ မိုး၏ရင်ထဲမှာ လှိုက်ကနဲဆို ဖြစ်သွားခဲ့ရလေ၏။

''ဟာ ရွှေပုဆိန်ကြီးပါလား၊ လက်စသတ်တော့ ဒီဂူကြီး ဟာ ရွှေပုဆိန်ကြီးထားတဲ့နေရာ ဖြစ်နေတာကိုး၊ ငါ မရည်ရွယ် ဘဲ ဒီအထဲကို ဝင်လာမိခဲ့တာ မှန်သွားပြီ''

ရင်ထဲမှာ ဖော်မပြနိုင်အောင်ပင် ဝမ်းသာသွားခဲ့ရလေ သည်။

''ငါ ဒီရွှေပုဆိန်ကြီးကို ဘယ်လို ရအောင်ယူရပါ့မလဲ''

စဉ်းစားနေရင်းကပင် ခန္ဓာကိုယ်ထဲမှ တဖျင်းဖျင်းနှင့် ဖြစ်လာခဲ့ရလေ၏။ ထို့ကြောင့် စိတ်ကို မယိမ်းနိုင်တော့ဘဲ နဂါး ရုပ်တုကြီးဆီကို တဟုန်ထိုးပင် ပြေးသွားခဲ့လေသည်။ အနားကို ရောက်သောအခါ ဖခွထားသော နဂါးရစ်များကို ကုပ်ကပ်ဖက် တွယ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် တက်သွားခဲ့လေတော့သည်။

လက်ကုပ်ခြေကုပ်ကလည်း မြဲသည်။ ခန္ဓာကိုယ်က လည်း ပေါ့ပါးညင်သာလွန်းလှပါဘိ။ တခဏအတွင်းမှာပင် ကလပ်ခွက်ဆီကို ရောက်သွားခဲ့လေသည်။ ရွှေပုဆိန်ကြီးကား မိုး၏ အနားမှာရှိနေပေပြီ။ မိုးမှာ ရင်တထိတ်ထိတ်နှင့် ရှိနေ





သည်။

ရွှေပုဆိန်ကြီးကား မိမိ၏ရှေ့မှောက်မှာ ရောက်နေလေ ပြီ။ မျက်လုံးများကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့ရသည်။

''သူတော်အဖိုးဂန္ဓရဲ့ ဆန္ဒပြည့်တော့မယ်၊ ငါလည်း သူ့ကို ကူညီနိုင်တော့မယ်''

မိုးသည် စိတ်လှုပ်ရှားနေကာ ဝမ်းသာမဆုံးလည်း ဖြစ် နေမိရလေသည်။ အချိန်ကားမရှိတော့ပေပြီ။ ထို့ကြောင့် လက်က ရွှေပုဆိန်ကြီးဆီကို လှမ်းလိုက်မိလေရာ . . .

ထိုစဉ်မှာပင် . . . ၊

ဂူထဲကို ရန်သူများက ဝင်ရောက်လာခဲ့ကြလေသည်။ ထိုသူများသည် အမှောင်ချထားသော ဂူထဲမှာ မြင်နိုင်သော မျက်လုံးပိုင်ရှင်များ ဖြစ်ကြလေသည်။

''ဟိုကောင် ဒီအထဲကို ဝင်ပြီးပုန်းနေမှာပဲကွ၊ သေသေ ချာချာ ရှာကြစမ်း''

အရပ်ခုနစ်ပေခန့်မြင့်မားသော လူထွားကြီးက သူ့လူ များကို အမိန့်ပေးလိုက်လေသည်။ ထိုလူများသည် ဂူထဲနေရာ အနှံ့ပြေးသွားခဲ့ကြသည်။ မိုးသည် နဂါးကြီး၏ ပါးပျဉ်းနောက် ကွယ်ရှိ အထစ်ကလေးပေါ်မှာ ပုန်းအောင်းလျက်ရှိနေလေသည်။ လက်ထဲမှာတော့ ရွှေပုဆိန်ကြီးကို ယူထားပြီးခဲ့လေပြီ။

လူထွားကြီး၏ မျက်လုံးတွေ နဂါးရုပ်အထက်ပိုင်းဆီကို မော့ကြည့်လိုက်လေရာ . . .

''ဟာ ငါတို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက ထိန်း သိမ်းဆည်းထားခဲ့တဲ့ ရွှေပုဆိန်ကြီး မရှိတော့ဘူး၊ ဟဲ့တတ်



www.burmeseclassic.com

www.burmeseclassic.com



မှလွဲရော၊ ဟိုကောင်ယူသွားတာပဲ ဖြစ်ရမယ်၊ ဒီကောင် ဒီအထဲမှာပဲ ရှိလိမ့်ဦးမယ်၊ မလွတ်စေနဲ့ဟေ့''

လူထွားကြီးက ဒေါသအကြီးအကျယ် ထွက်သွားခဲ့ရလေသည်။ သူကိုယ်တိုင်လည်း နှာတရှုံ့ရှုံ့နှင့် လိုက်ပြီးတော့ အနံ့ခံလျက် ရှိနေလေသည်။ မကြာမီ လူထွားကြီး၏ ခေါင်းသည် နဂါးရုပ်ကြီး၏ အပေါ်ပိုင်းဆီသို့ တဖြည်းဖြည်းနှင့် မော့သွားခဲ့လေ၏။

''ဒီကောင် အပေါ်မှာပဲ ရှိနေသေးတယ်၊ အစွမ်းအစရှိတယ် သတိထားရမယ်''

မိုးကို သူကိုယ်တိုင် ဖမ်းမည်ဟု ဆုံးဖြတ်လိုက်လေသည်။ ထို့ကြောင့်လည်း နဂါးပုံအခွေကြီး၏ နောက်ဘက်ဆီသို့ မသိမသာဝင်သွားခဲ့လေသည်။ ကျောဘက်၊ အောက်ဆုံးအခွေရစ်တစ်နေရာမှာ လျှို့ဝှက်တံခါးတစ်ခုက ရှိသည်။ အခွေတစ်နေရာသို့ လက်ဝါးနှင့်ပုတ်လိုက်ရာ အပေါက်ကြီးတစ်ပေါက် ဖြစ်သွားခဲ့လေသည်။

လူထွားကြီးသည် အထဲကို ဝင်သွားခဲ့သည်။ နဂါးကြီး၏ အထက်ကိုတက်ရန် လှေကားထစ်များ ရှိလေသည်။

မိုးသည် သူ့ကို လူတွေက ဝိုင်းပြီးတော့ ရှာနေကြသည်ကို မြင်တွေ့နေရသည်။

''ငါ့ကိုတော့ ရှာနေကြပြီ၊ ရွှေပုဆိန် ငါ့လက်ထဲကို ရောက်ကာမှ အဖမ်းခံလို့ မဖြစ်တော့ဘူး၊ ငါ လွတ်မြောက်မှ ဖြစ်မယ်''

မိုးသည် နဂါးအခွေကြီးပေါ်ကနေသင်း၍ မဖြစ်နိုင်တော့





သိသွားခဲ့ရလေသည်။ စိတ်ထဲမှာ အောက်ကို ခုန်ချချင်စိတ်များက အလိုလိုပင် ဖြစ်ပေါ်လာမိခဲ့လေရာ . . . ၊

''ငါ ခုန်ချရင် ရလိမ့်မယ်ထင်တယ်''

ကိုယ့်ကိုယ်ကို ယုံကြည်မှုများ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ခုန်ချရန် စိတ်ကူးဖြစ်ပေါ်လာမိသည်နှင့် . . . ၊

ထိုစဉ် . . .

နဂါးရုပ်ကြီးထဲမှ တက်လာကာ အပေါ်ကိုရောက်လာသော လူထွားကြီးကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရလေရာ

''ဟင် ဟိုလူကြီး ဒီအပေါ်ကို ရောက်လာတာပါလား၊ ...တော့ ဒီနဂါးရုပ်ကြီးထဲမှာ လျှို့ဝှက်လမ်းတစ်လမ်းကတော့ ...ပြီ။

အကွယ်မှ ချောင်းကြည့်နေသော မိုးသည် လူထွားကြီး ...တွေ့သွားလေပြီ။ မိုးက ရိပ်ကနဲဆို ခေါင်းကို အရုပ်မှာ လူထွား...လည်း မိုးကို မြင်သွားခဲ့ပြီ ဖြစ်၏။

''ငါထင်တဲ့အတိုင်းပဲ၊ မင်းက ဒီအပေါ်မှာကိုး''

ဒေါသတကြီးဖြင့် မိုးဆီကို ပြေးဝင်အလာမှာ နေရာက ...သဖြင့် မိုးမှာ မရှောင်သာတော့။ လက်ထဲမှာ ကိုင်ထားသော ...ကို သတိရသွားခဲ့လေသည်။

''မတတ်နိုင်တော့ဘူး၊ ဒါကြီးနဲ့ပဲ''

လူထွားကြီးက ငါးမန်းစွယ်ကဲ့သို့သော အထစ်အထစ် ...ပါသော ဓါးရှည်ကြီးဖြင့် မိုးရှိရာကို ခုန်ဝင်လာခဲ့သည်။ ...ပျဉ်းကြီး၏အကွယ်မှာရှိနေသော မိုးသည် မတတ်သာ ...ဲ ရွှေပုဆိန်ကို တင်းကြပ်စွာ ဆုပ်ကိုင်ကာ ရင်ဆိုင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။ လူထွားကြီးက ငါးမန်းစွယ်ကြီးဖြင့် မိုးကို အ... ပြတ်ခုတ်ချလိုက်လေ၏။

မိုးက သတိကြီးစွာထားသူပီပီ ကပ်သီးကပ်သပ်နေ... လေးမှာ ကပ်ရှောင်လိုက်ရလေ၏။ လူကြီးက မိုး၏ လက်ထ... ရွှေပုဆိန်ကို ပြန်ပြီးလုယူရန်ဇောဖြင့် တရမန်းကြမ်း ထိုး... သည်။ မိုးက ပြန်ပြီးတော့ မတိုက်ခိုက်လိုသော်လည်း မိမိအသ... ကို ကာကွယ်ရတော့မည်။

တစ်ကြိမ်တွင် . . .

ငမန်းစွယ်ကြေးဓါးကြီးက မိုး၏ လည်ပင်းဆီသို့ အ... ဖြင့် ကျအလာမှာ မိုးက ရွှေပုဆိန်ဖြင့် တိုက်ခိုက်ပစ်လိုက်သ...

"ထန်"

"အား"

ရွှေပုဆိန်အသွားက ကြေးဓါးကြီးကို ထိခိုက်သွားသည်... ရှတ်တရက် မီးထတောက်သွား၍ လူထွားကြီး၏လက်ထ... လွတ်ကျသွားခဲ့လေ၏။ သို့သော် လူထွားကြီးသည် မိုးကို လ... ချည်းသက်သက် ဝင်ရောက်တိုက်ခိုက်လေတော့သည်။ တိုက်... သည့်မှာ လျှင်မြန်လွန်းလှသည့်ဖြစ်၍ လက်ဝါးနှစ်ဖက်က မ... လည်တိုင်ကို ဆုပ်ကိုင်မိလျက်သား ဖြစ်သွားခဲ့လေတော့သ...

မိုးသည် အခြေအနေကို သိလိုက်ရလေပြီ။ လူထွား... က မိုး၏ လည်ပင်းကို မဖျစ်ညှစ်မီမှာ လက်ထဲရှိ ရွှေပုဆိန်... ခုတ်ချလိုက်လေတော့သည်။

"အား"

ငယ်သံပါအောင် အော်ဟစ်လိုက်သံသည့် ကြောက်...





...ယ်ရာ အသံဆိုးကြီးအဖြစ် ထွက်ပေါ်လာခဲ့လေတော့သည်။ ...ကား မိမိမလုပ်ချင်သောအလုပ်ကို ပြုလုပ်မိခဲ့လေပြီ။ လူထွားကြီး၏ မျက်နှာအထက်မှာ မီးကျွမ်းသလို မီးသွေးခဲပမာ မည်း...တက်သွားခဲ့ရသည်။ ပုဆိန်ဖြင့် ခုတ်မိသော ဒဏ်ရာသည် ထိုသို့ ဖြစ်သွားရသည့်အတွက် အံ့အားသင့်သွားမိခဲ့ရလေသည်။ သို့သော် လူထွားကြီးသည် မိုးကို မျက်လုံးပြူးကြီးများဖြင့် စိုက်ကြည့်ကာ လက်နှစ်ဖက်က လွှတ်ထွက်သွားခဲ့လေ၏။

ထို့နောက် တစ်ကိုယ်လုံး မီးကျွမ်းသလို တဖြည်းဖြည်း ...ည်းတက်လာပြီး နောက်ကိုလျှန်ကျသွားခဲ့လေ၏။ ရုပ်တုထက် ...အောက်သို့ ပြုတ်ကျသွားခဲ့လေသည်။

"အား"

မိုးသည် ရွှေပုဆိန်၏ အံ့ချီးဘွယ်ရာကောင်းသော အစွမ်းသတ္တိကို မြင်တွေ့လိုက်ရပြီဖြစ်ရကား တုန်လှုပ်သွားခဲ့ရပေသည်။

နဂါးရုပ်တုကြီး၏ အောက်မှာလည်း ရန်သူတွေက ...ကျသေခဲ့ပုံသွားခဲ့ပြီဖြစ်သော လူထွားကြီး၏ အခြေအနေဆိုးကို ...င်းပြီးတော့ ကြည့်နေကြသည်။ ထို့နောက် မိုးဆီသို့ မော့ကြည့်လိုက်ကြကာ . . . ။

"ငါတို့ရဲ့ စစ်ကဲကြီးကို လုပ်ကြံသတ်ဖြတ်လိုက်ပြီဟေ့၊ ...သင်းကို အလွတ်မပေးကြနဲ့၊ ရွှေပုဆိန်ကို ရအောင်ပြန်ယူကြ၊ ...န်သူကို အလွတ်မပေးဘဲ သတ်ဖြတ်ပစ်"

မကျေမနပ်နှင့်အော်ပြီးတော့ ပြောလိုက်စဉ်မှာပင် မထင်...တ်သော အခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့ရလေ၏။ မိုးသည် ...ါးရုပ်တုကြီးပေါ်က ရုတ်တရက်ခုန်ချလာခဲ့သည်။ လက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွှေပုဆိန်ကို မြှောက်ကိုင်ထားလေ၏။ ဤမျှရဲရင့်ပြီး သတ္တိကောင်းသော လူတစ်ယောက်ကို အံ့အားတသင့်ဖြင့် ကြည့်နေကြဆဲမှာပင် မိုးသည် အားလုံး၏အလယ်ကို ကျလာခဲ့လေတော့သည်။

"ဟိတ် ရန်သူ"

ထိုအခါကျမှ မင်တက်မိနေကြရာက သတိရသွားကြပြီး မိုးကို ဝိုင်း၍တိုက်ခိုက်ကြလေတော့သည်။ မိုးကလည်း လက်ထဲမှာ ရွှေပုဆိန်ကြီးရှိနေပြီဖြစ်၍ ဘာကိုမှမကြောက်တော့။ အားလုံးကို ရင်ဆိုင်ကာ ပတ်ချာလှည့်၍ တိုက်ခိုက်လေသည်။ တကယ်တော့ ရွှေပုဆိန်ကြီးက လေးလံသည်။ တော်ရုံလူမကိုင်နိုင်၊ မိုး ကိုင်ဆောင်နိုင်ခြင်းသည် ခန္ဓာကိုယ်ထဲကို ရောက်နေသည့် သိဒ္ဓိဓါတ်ရှင်လုံးကြောင့်လား။

ပုဆိန်ကြီးသည် မိုး၏ လက်ထဲတွင် ကိုင်ဆောင်ထားသည်မှာ သစ်ရွက်လေးတစ်ရွက်လိုပင်။ ပေါ့ပါးသွက်လက်သည်။ ပြေးဝင်လာကြသော ရန်သူများကို တစ်ဦးပြီးတစ်ဦး ခုတ်ပိုင်းလျက်ရှိသည်။

"အား"

ပုဆိန်ချက်မိသွားကြသောသူများသည် နက်ကျော်သော အသံကြီးများဖြင့် အော်ထွက်သွားခဲ့ကြသည်။ ဒဏ်ရာမှ သွေးများက ထွက်မလာကြ။ ပုဆိန်သွားက ကိုယ်ကိုထိသွားခဲ့ပသည်နှင့် ကျင်စက်နှင့်အတို့ခံလိုက်ရသလို နာကျင်မှုကြီးစွာပင် ခံစားလိုက်ကြရသည်။

ဒဏ်ရာရသွားသောနေရာမှစပြီး တစ်ကိုယ်လုံး မည်





က်သွားခဲ့သည်။ မီးကျွမ်းသွားသလိုပင် မျက်နှာကအစ ပုံပျက်န်းပျက် ဖြစ်သွားခဲ့ကြသည်။ ဤမျှအစွမ်းထက်လှသော လက်က်ကို မိုးလည်း မသုံးဘူးခဲ့။ အတိုက်ခိုက်ခံကြရသောသူများာလည်း တစ်ချက်မိရုံနှင့် သေဆုံးသွားရသည့်အထိ ထိရောက်စွာ ခံစားလိုက်ကြရသည်။

ဤပုဆိန်ကြီးနှင့်ပတ်သက်ပြီး ကြားဖူးထားကြသော်သည်း အစွမ်းထက်မြက်မှုကိုတော့ ယခုမှပင် သိကြရတော့သည်။ သက်တွေ့မြိုးမြိုးမြက်မြက် ခံစားသွားကြရလေပြီတကား။

"လာခဲ့ကြစမ်း၊ သတ္တိရှိရင် ရှေ့ကို တိုးလာခဲ့ကြလေ၊ ကိုမှာမြင်တယ်မဟုတ်လား၊ လူတွေဘယ်လိုသေကုန်ကြသလဲဆိုတာ"

မိုးက ရွှေပုဆိန်ကြီး တဝင့်ဝင့်နှင့် ခြိမ်းခြောက်လိုက်သည်။ ထိုသူများသည် အနားကိုလည်း မကပ်ရဲတော့။ လွန်းမင်းမှာပင် ကြောက်လန့်နေကြသည်။ ထို့နောက် နေရာမှ ထွက်ပြေးကြလေတော့သည်။

"ဘယ်သူမှမရှိတော့ဘူး၊ ဒီကနေ ငါအမြန်ဆုံးထွက်မှ"

ထိုအချိန်သည် မိုးအတွက် အခွင့်ကောင်းမို့ နဂါးရေထဲ အမြန်ဆုံးပင် ပြေးထွက်လာခဲ့သည်။

သို့သော် . . .

စောစောက ထွက်ပြေးသွားခဲ့ကြသူများနှင့်အတူ နောက်ထပ်လူစုပြီးတော့ မိုးနောက်ကို ပြေးလိုက်လာကြသည့်ရန်သူများ။

"မလွှတ်စေနဲ့ဟေ့ သူ့လက်ထဲကို ရွှေပုဆိန်ပါသွားပြီ"

"လိုက်လာကြပြီ၊ ငါ့နောက်မှာ အများကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးက ဆင်းလာခဲ့သည်။ နဂါးမောက်တောင်ကြီး၏ အမြှ ပေါက်နေရာဆီသို့ မှန်းပြီးတော့ ပြေးသည်။ နောက်ကလိုက်လာ ကြသူတွေများထဲတွင် မုတ်ဆိတ်မွေးဖြူဖြူရှည်ရှည်ကြီးနှင့်လူကြီး တစ်ယောက်လည်း ပါလာခဲ့လေသည်။

"ဟိတ် သူငယ်၊ မင်းရဲ့ လက်ထဲက ရွှေပုဆိန်ကို ချထားခဲ့ပါ၊ ဒါဟာမင်းနဲ့ မပတ်သက်တဲ့ပစ္စည်းပဲ၊ ငါတို့ပစ္စည်းကို ပြန်ပြီးထားခဲ့ရင် မင်းကို အသက်ရှင်လျက်နဲ့ ပြန်ထွက်ခွင့် ပြုမယ်"

မိုးသည် နောက်မှပြေးရင်းလိုက်လာသော အသံရှင်ကို သိလိုသည်နှင့် လှမ်းကြည့်မိလိုက်လေသည်။ မိုးမြင်လိုက်ရသည် ကား လွန်စွာမှခန့်ညားသော လူကြီးတစ်ယောက်ပင်၊ လက်ထဲ မှာလည်း ဖြူးဝင်းတောက်ပသော လုံးလုံးအရာလေးတစ်ခုကို ကိုင်ထားသည်။

အမှောင်ထဲမှာ ဝက်ပြီးကိုင်ထားသော်လည်း မိုးက ကောင်းစွာမြင်လိုက်ရလေသည်။ ထိုအရာသည် ပုလဲလုံးလေးနှင့် သဏ္ဍာန်တူသည်။ အလင်းရောင်အနည်းငယ်က လက်ချောင်း လေးတွေကြားထဲက ယိုစိမ့်ပြီးတော့ ထွက်နေကြသည်။

တကယ်တော့ ယင်းသည် ပုလဲလုံးမဟုတ်၊ လောင်မီး လက်နက်ပင်တည်း။ နဂါးများ၏ ခံတွင်းထဲမှာ ငုံထားလေ့ရှိသည်။ မိုးကား ယင်းလက်နက်၏ အစွမ်းသတ္တိကို မသိပေ။

ထိုလူကြီးသည် ဝန်းကျင်ကို အမှောင်ချထားသော်လည်း မိုးက အရာအားလုံးကို မြင်နိုင်စွမ်းရှိနေသည့်အတွက် အံ့အား သင့်နေလျက်ရှိသည်။ မိုးက ထိုလူကြီး၏လက်ထဲက ပစ္စည်းကို





ကာမကောင်းဖြစ်လာခဲ့လေသည်။ ထို့ကြောင့် အဖြေမပေးတော့ ထိုနေရာက တချိုးတည်းပင် လှည့်ပြေးလေတော့သည်။

"ဟိတ် မပြေးနဲ့၊ မပြေးနဲ့၊ လိုက်ကြဟေ့ ဒီပုဆိန်ကြီး သွားလို့ မဖြစ်ဘူး"

လူကြီးက ဣန္ဒြေမဲ့စွာဖြင့် အော်ဟစ်ပြီးတော့ အမိန့်ပေး က်လေသည်။ လူတွေက လက်နက်မျိုးစုံကို ကိုက်တွယ်ကာ ာုန်ထိုးပြေးလိုက်ကြသည်။ မိုးသည် ရိုးရိုးတန်းတန်း မပြေး တော့ဘဲ၊ ခုန်၍ ခုန်၍ ပြေးသည်။ တစ်ချက်ခုန်လိုက်လျှင် အဝေး ကို ရောက်ရောက်သွားခဲ့လေသည်။ နောက်မှ လိုက်လာသော ကြီးသည် မိုး၏ အစွမ်းသတ္တိကို မယုံကြည်နိုင်လောက်အောင် ဖြစ်သွားခဲ့ရလေတော့၏။ ထို့ကြောင့် မိုးလွတ်သွားမည်ကို ၍ သတိလက်လွတ်ဖြစ်သွားကာ လက်ထဲရှိသောအရာဖြင့် ပေါက်လိုက်လေတော့သည်။

ထိုအရာသည် လေထဲမှာ တဝင်းဝင်းနှင့် ထွက်သွား ည်။ မိုး၏နောက်က လိုက်သွားခဲ့လေသည်။

"စင်"

မိုးသည် နောက်ကိုလှည့်ကြည့်လိုက်ရာ လေထဲမှာ က်လာသော 'ထိုအရာကို ထိတ်လန့်သွားခဲ့ရပြီး၊ ရွှေပုဆိန်နှင့် ပြီးခံလိုက်လေ၏။

"ဒေါင်"

'ထိုဝင်းဝင်းလက်လက်နှင့်အရာသည် ပုဆိန်သွားနှင့် ာ ကန်ထွက်သွားခဲ့လေ၏။ လာရာလမ်းအတိုင်းပြန်ပြီး လှည့် သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟာ”

လူကြီးသည် ထိုအရာကို လိုက်ပြီးဖမ်းသော်လည်း မ
တော့ပေ။ နံ့ရံတစ်ခုနှင့် ပြင်းထန်စွာပင် ရိုက်ခတ်သွားမိသည်

“ဝုန်း”

“အား”

ပေါက်ကွဲသံကြီးတစ်ခုက ပြင်းထန်စွာပင် ထွက်ပေါ်လာ
ခဲ့လေသည်။ အလင်းရောင်များသည်လည်း မျက်လုံးများက
သွားတော့မတတ် ထိန်ဖြာပြီးတော့ ထွက်လာခဲ့ကြလေ
နောက်မှလိုက်လာကြသောသူများသည်လည်း လောက်မီးလ
နက်နှင့် အထိခံလိုက်ရသလို အားလုံးပျောက်ကွယ်သွားခဲ့ကြ
လေတော့၏။





## (၁၀)

## သူတော်ဂန္ဓ၏အဟိတ်ဘယဓာတ်ကြောင်း

ယင်းအချိန်တွင် . . . ။

မိုးသည် သူ မူလက ဆင်းလာခဲ့သည့် အမြီးဖျားတွင်း ပေါက်ကြီးဆီကို ရောက်နေခဲ့လေပြီ။ စိတ်ထဲမှာ အလိုလိုဖြစ်ပေါ်လာခဲ့သောဆန္ဒကြောင့် တအားပြေးသွားကာ ခုန်တက်သွားခဲ့လေသည်။ ခန္ဓာကိုယ်သည် ပေါ့ပါးသွက်လက်ကာ လေထဲမှာ မြောက်ကာနဲ့ဆို ဖြစ်သွားခဲ့လေ၏။ တခဏအတွင်းမှာပင် အမြီးသဏ္ဍာန်အပင်ကြီးထဲမှ လွတ်ထွက်သွားကာ အပြင်သို့ရောက်သွားခဲ့လေ၏။

မိုးသည် နဂါးမောက်တောင်ပေါ်သို့ ပြန်၍ရောက်နေလေပြီတည်း။ လက်ထဲမှာ ရွှေပုဆိန်ကြီးကို ကိုင်လျက်သား . . . ။

“ရပြီ၊ ရပြီ အဖိုးသူတော်ဂန္ဓရဲ့ဆန္ဒပြည့်ပြီ”



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုဆိန်ကိုမြှောက်ကာ အားပါးတရပင် ကြွေးကြော်လိုက်လေသည်။ ထို့နောက် နဂါးမောက်တောင်ကြီးပေါ်က လျှင်မြန်စွာပင် ဆင်းလာခဲ့သည်။ အဆင်းသည် အတက်လောက်မခဲယဉ်းပေ။ မိမိ၏နောက်မှ ရန်သူများသည်လည်း လိုက်လာနိုင်ကြသည်မဟုတ်လော။ တောင်ခြေကို ပြန်ရောက်သော် ရွှေပုဆိန်ကို ငှက်ပျောဖက်များနှင့်ထုတ်၍ တောထဲသို့ မြေးဝင်ခဲ့ပြန်လေသည်။

\+ + + + +

မိုးသည် မူလနေရာကို ပြန်ရောက်သော် ပတ်ဝန်းကျင်အခြေအနေကိုကြည့်ကာ သူတော်ဂန္ဓရှိသည့် တွင်းကြီးထဲကို ခုန်ဆင်းခဲ့လေသည်။ မိုး၏ပျော့ပါးသော ခန္ဓာကိုယ်သည် သူတော်ဂန္ဓ၏ဘေးမှာ ပေါ့ပါးစွာပင်လာ၍ ကျသည်။

"အဖိုး ကျွန်တော် ရွှေပုဆိန်ရလာပြီ၊ ဟောဒီမှာ"

မိုးက လက်ထဲက ရွှေပုဆိန်ကို မြှောက်ပြလိုက်သည်။

"အေး မင်းရဲ့ အစွမ်းအစကို ငါကနဂိုကတည်းက ယုံကြည်ပြီးသားပဲ၊ ကဲ ငါ့ရဲ့ခြေလက်တွေမှာ ချည်နှောင်ထားတဲ့ သံကြိုးတွေကို ခုတ်ဖြတ်လိုက်စမ်းကွာ"

ထိုအခါ မိုးက လက်ကောက်ဝတ်အောက်မှာ ကျောက်ပြားတစ်ချပ်ကိုခုပြီး ပုဆိန်ကို လက်နှစ်ဖက်နှင့်စုံကိုင်၍ မြှောက်ကာ ခုတ်ချလိုက်လေ၏။





"ဝိုး"

"ဒုတ်"

သံကြိုးသည် စီရင်ထားသော ကျောက္ကွင်းပင် ဖြစ်သည်။ ဆိန်သွားနှင့် ထိသည်နှင့် ထောင်းကနဲဆို ပြတ်ထွက်သွားခဲ့လေသည်။

ထူးခြားမှုတစ်ခုသည်ကား သံကြိုးပြတ်ထွက်သွားသည် နှင့် လက်ကောက်ဝတ်မှာ ပတ်ထားသော သံပြားသည်လည်း လိုလိုမီးထတောက်ကာ ထောင်းကနဲဆို ပြတ်ထွက်သွားခဲ့လေ ကျန်လက်တစ်ဖက်နှင့် ခြေကျင်းဝတ်နှစ်ဖက်မှ သံကြိုးများ လည်း ပုဆိန်ကြီးဖြင့် ဖြတ်တောက်ပစ်လိုက်လေသည်။

သူတော်ဂန္ဓသည် ပက်လက်အနေအထားမှ ထရပ်လိုက် ကာ လက်နှစ်ဖက်ကို မြှောက်ပြီး . . . ၊

"ငါ လွတ်မြောက်ပြီ၊ ငါ့ကို နှစ်ပေါင်းများစွာ အကျဉ်း ထားတဲ့ အခုတော့ ငါလွတ်ကျွတ်သွားခဲ့ပြီဟေ့"

ဟု အားပါးတရ ကြွေးကြော်လိုက်လေသည်။ ရွှေပုဆိန် သည် မည်မျှအစွမ်းထက်သလဲဆိုသော် ဖောစောက နဂါးပတ် ကွင်းသံကြိုးများသည် မီးကျွမ်းသွားသလို မည်းနစ်သွားကြ ကာ တဖြည်းဖြည်းနှင့် အရည်ပျော်သွားခဲ့လေ၏။

"ကဲ လူလေး ငါတို့ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ် ဘူး၊ ရန်သူတွေဟာ မင်းနောက်က လိုက်လာခဲ့ကြမှာ နိုးသေးတယ်"

သူတော်ဂန္ဓ၏စကားကြောင့် မိုးက နောက်ကြောင်းကို ပြီးတော့ သတိရသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ကျွန်တော့်ကို မိသွားခဲ့ရင် အသက်ချမ်းသာ ပေးမှာ မဟုတ်ဘူးနော်"

"ကျိန်းသေတာပေါ့ကွာ၊ မင်းကိုသာမဟုတ်ဘူး၊ ဒီ... ပုဆိန်ကို ယူလာခဲ့တာ ငါ့အတွက်ဆိုတာကိုပါ သူတို့သိသွား... လောက်ပြီကွ၊ အဲဒီတော့ ငါ့ကိုပါ သူတို့က ထပ်ပြီးတော့ ရန်... ကြမှာပဲ၊ ဒီတစ်ခါတော့ ငါ့ကို ဒုက္ခပေးဖို့ဆိုတာ မလွယ်တော့ ဘူး၊ ဒါပေမယ့် ဒီနေရာမှာ မင်းရောငါပါမရှိတာ အကောင်းဆုံး ပဲကွ"

မိုးနှင့်သူတော်ဂန္ဓတို့သည် မိမိကို နှစ်ပေါင်းများစွာ ချုပ်... နှောင်ထားခဲ့သော ထာဝရအကျဉ်းဂူကြီးထဲက မြန်မြန်ဆန်ဆန် ပင် ထွက်လာခဲ့ကြလေသည်။ အပြင်ကိုရောက်သော် . . .

"လူလေး မင်းငါနဲ့ ခဏလိုက်ခဲ့ဦး၊ မင်းကိုငါ့ရဲ့ကတိ အတိုင်း ပေးစရာရှိတယ်"

သူတော်ဂန္ဓက မိုးကို ခေါ်ဆောင်သွားခဲ့လေသည်။

+ + + + +

မိုးသည် သူတော်စင်ကြီး၏ နောက်က လိုက်သာသွား... သည်။ လမ်းမဟုတ်သည့်နေရာက သွားနေသလိုပင်။ သွားနေ... သည်ဆိုရအောင်လည်း ဖျတ်ကနဲ၊ ဖျတ်ကနဲဆို ခုန်ကူးကာ ရောက်သွားသလိုပင်။ မြန်မြန်ဆန်ဆန်ပင် ရောက်သွားသည်ဟု ထင်မိသည်။ နောက်ဆုံးမှာတော့ မိုးရောက်သွားသည့်နေရာက...





...သီးနှင်းများပျံ့အံ့ကာ ကျလျက်ရှိသော တောင်ကြီးတစ်တောင် ...သို့ပင်တည်း။

လွန်စွာမှ အေးချမ်းလျက်ရှိသော နေရာတွင် ရေများပင် ...လျက်ရှိနေလေသည်။ မိုးကား ချမ်းစီးသောဒဏ်ကို ခံနိုင်ရည် ...လျက်နေသည်။ ပါးလွှာသော အဝတ်များကို ဝတ်ဆင်ထား၍ ...က်ခိုက်တုန်သော အခြေအနေမျိုးကို မကြုံဆုံမိ။ မိမိရပ်ရွာမှာ ...နေသလိုပင် သက်တောင့်သက်သာရှိနေလေသည်။

ယင်းသို့ဖြစ်ရခြင်းသည် မိမိကိုယ်ထဲမှာ ရောက်နေသော ...ဒ္ဓိဓါတ်ရှင်လုံးကြောင့်ပင်လောဟုပင် တွေးမိရပြန်လေသည်။

ရှေ့မှာ ဆီးနှင်းတွေ ဖုံးလွှမ်းနေသော ကျောက်ဂူကြီး ...စ်လုံးကို တွေ့လိုက်ရလေသည်။ သူတော်ဂန္ဓသည် ကျောက်ဂူ ...ကြီးဆီသို့ ဘည့်မတ်စွာပင် လျှောက်သွားခဲ့သည်။

ဂူကြီးထဲကို ဝင်သွားပြီး ပတ်ချာလည်လှည့်ပြီးတော့ ...ကြည့်လိုက်လေ၏။

"အချိန်သုံးဆယ်လုံးလုံး ဘာမှမပြောင်းလဲသေးပါလား၊ ...နေရာဟာ ငါ့နေရာပဲ"

ဟု အားရကျေနပ်စွာဖြင့် ပြောလိုက်လေသည်။ ထို့ ...နောက် သူတော်စင်ကြီးဂန္ဓသည် မိုးကို . . .

"လာ လူလေး မင်းလည်း ခရီးပန်းလာပြီ၊ ဆာလောင် ...တ်သိပ်နေပြီပေါ့၊ ဒီမှာထိုင်ပါ၊ အေးအေးဆေးဆေးပေါ့"

မိုးက သူတော်ဂန္ဓ၏ရှေ့မှာ ရှိသေစွာဖြင့် ထိုင်လိုက်လေ ...သည်။ သူတော်ဂန္ဓသည် ခပ်လှမ်းလှမ်းရှိ ကျောက်စင်ကြီးတစ်ခု ...ပေါ်မှ နှင်းဖတ်များဖုံးလွှမ်းလျက်ရှိသော ငှက်ပျောသီးတစ်ဖီးကို



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်သည်။ ဤငှက်ပျောသီးသည် ဂူထဲမှာ နှစ်ပေါင်းသုံးဆယ်
ပင် ကြာမြင့်စွာရှိနေပေလိမ့်မည်။

"ရော့ မင်းကြိုက်သလောက်စား"

သူတော်ဂန္ဓက လှမ်းပေး၍ ယူလိုက်ရသည်။ ငှက်ပျော
သီး အလုံးများသည် ကျောက်ခဲပမာ မာကျောလျက်ရှိနေ
သည်ကို စမ်းသပ်မိသည်။

"ဒါလောက်မာကျောနေတဲ့ အသီးတွေကို ငါ ဘယ်
စားရမှာလဲ"

မိုးကု စိတ်ကူးထဲမှာ ပြောလိုက်သည်နှင့်ပင် လက်ထဲ
ရှိနေသော ငှက်ပျောသီးများသည် တဖြည်းဖြည်းနှင့် ပျော့ပြော
လာကြသည်။ မွှေးကြိုင်သော ရနံ့များသည်လည်း ထွက်လာ
ကြလေသည်။ မည်သည့်အကြောင်းကြောင့်လည်း ခန္ဓာကို
တွင်း အပုပ်မတ်ကြောင့်လော။ ဤမျှနှစ်ပေါင်းသုံးဆယ်အ
ကြာနေသည့်အသီးသည် စား၍ကောင်းနိုင်ပါဦးမည်လော။

မိုးသည် တစ်လုံးဖြုတ်ပြီး စားကြည့်လိုက်သည်။ မရဲ
နှင့်စားသည်။ ချိုအေးသောအရသာသည် လျှာပေါ်မှာ စိမ့်
တော့ဝင်သွားခဲ့လေ၏။ ထူးခြားသည်မှာ ငှက်ပျောသီးအရော
ပေမယ့် ထူးကဲစွာပင် ကောင်းမွန်နေလေသည်။ တစ်လုံးစား
သည်နှင့်ပင် ဝမ်းဝသွားခဲ့ရလေ၏။ ရေငတ်သော အရသာ
တစ်ခါတည်း ပျောက်သွားခဲ့လေသည်။

"မင်း ငါ့အကြောင်းကို သိချင်နေမှာပဲ၊ လူက
ငါဘာဖြစ်လို့ အကျဉ်းစံဘဝနဲ့ နှစ်ပေါင်းသုံးဆယ်တိတိ
သလဲဆိုတာ မင်းကို သိစေချင်ပါတယ်၊ အဲဒါကလည်း ငါ့





ဘဝက ပေးဆပ်လိုက်ရတာဆိုပါတော့၊ အဖြစ်အပျက်က ဒီလိုပါ
လေ။

သူတော်ဂန္ဓသည် သူ၏အဖြစ်အပျက်ကို အောက်ပါ
အတိုင်း ပြောပြလေ၏။

\+ + + + +

ရှေးသရောအခါက ဝေပုလ္လအမည်ရှိသော တိုင်းပြည်ကြီး
တစ်ပြည်တွင် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သော ဘုရင်ကြီး
တစ်ပါး ရှိလေသည်။

ယင်းဘုရင်ကြီးသည် သားတော်တစ်ပါးနှင့်သမီးတော်
နှစ်ပါးရှိကြလေသည်။ သားတော်လေး၏အမည်မှာ ကိုမဟာဂန္ဓ
ဟု ခေါ်တွင်ကြလေသည်။ မဟာဂန္ဓသည် မင်းသားတို့တတ်အပ်
သော အဋ္ဌာရသပညာများကို တတ်မြောက်ထားသော်လည်း
မင်းလုပ်အုပ်ချုပ်လိုသော ဆန္ဒမရှိပေ။ ကိလေသာအညစ်အကြေး
များကို စွန့်ပယ်ကာ တောထဲတောင်ထဲမှာ ရသေ့၊ သူတော်စင်
ဘဝတို့ဖြင့် တရားရှာမှီးလိုသူ ဖြစ်လေ၏။

ခမည်းတော်ဘုရင်ကြီးသည် သားတော်လေးကို နန်း
သွန်နန်းလျာအဖြင့် အိမ်ရှေ့ဥပရာဇာထူးလည်း ပေးအပ်နှင်း
ထားပြီးဖြစ်သည်။ ထီးမွေနန်းမွေကို ဆက်ခံစေလိုသူဖြစ်၏။

သို့သော် . . .

မဟာဂန္ဓသည် သူတော်ကောင်းတရားများကို စည်းပူး



www.burmeseclassic.com

www.burmeseclassic.com



ကာ ကောင်းမှုကုသိုလ်များ ပြုလုပ်သည်။ တရားကျင့်ကြံအား ထုတ်လျက်ရှိနေလေသည်။

"ခက်တော့တာပဲ၊ သားတော်လေးဟာ သားကြီးသြရသ ဖြစ်တယ်၊ ထီးနန်းကိုလည်း စိတ်မဝင်စားဘူး၊ တစ်ချိန်ချိန်မှာ တောထွက်ပြီး ရသေ့ရဟန်းပြုသွားမှုဖြင့် နန်းဆက်ပြတ်ေ ချည့်ရဲ့"

ခမည်းတော်ဘုရင်ကြီးမှာ သားတော်လေးအတွက် စိုးရိမ်လျက်ရှိသည်။ တစ်ရက်တွင် သားတော်မဟာဂန္ဓသည် တောထဲတွင် တရားကျင့်ကြံအားထုတ်လျက်ရှိလေရာ တစ်လကိ သီတင်းအထိ ကြာမြင့်သွားသည်။

ယင်းအချိန်တွင်း ဝေပုလ္လကို မည်သည့်နေရာက ရောက်လာကြမှန်းမသိသော ထူးခြားသော ရုပ်သွင်ရှိသည့် ရန်သူ များက မကြာခဏဝင်ရောက်တိုက်ခိုက်လျက်ရှိကြလေသည်။ ယင်းလူမျိုးသည် အမျိုးအမည်မသိ၊ မည်သည့်အရပ်ကလည်း ရောက်လာကြမှန်းမသိ၊ လာရောက်တိုက်ခိုက်ကြရာတွင် တစ် ကြိမ်နှင့်တစ်ကြိမ်အင်အားက များများလာခဲ့သည်။

ဝေပုလ္လမှ ရဲမက်များသည် ရန်သူများကို ရှုပ်ရှပ်ခွဲ တိုက်ခိုက်ကြသော်လည်း မိမိရရ ဖမ်းဆီးမိလိုက်သည့်မရှိ ဝေပုလ္လရဲမက်များကိုသာ သေကြေဒဏ်ရာရစေပြီး ထွက်ပြေး သွားတတ်ကြလေသည်။

"မဖြစ်ချေဘူး၊ သားတော်လေးကို အမြန်ရှာပြီး ဒီထူး ဆန်းတဲ့ ရန်သူတွေကို တိုက်ခိုက်နိုင်းရမယ်"

ထို့ကြောင့် . . .





မဟာဂန္ဓကို မှူးမတ်စစ်သည်ရဲမက်များဖြင့် လှူခဲ့ပြီး ရှာရာ တောထဲတွင် တွေ့ရှိသွားခဲ့လေသည်။ မဟာဂန္ဓတစ်ဦး တည်း တရားကျင့်ကြံအားထုတ်လျက်ရှိလေသည်၊ မှူးမတ်များက ကျိုးအကြောင်းကို လျှောက်တင်ပြီး ခမည်းတော်၏ အမိန့်စာ တင်ပြသည်။

**သားတော်မဟာဂန္ဓ**

အမျိုးအမည်မသိ၊ နေရာမသိ၊ ထူးဆန်းသောရန်သူများ သည် ဝေပုလ္လကို ထိပါးလျက်ရှိပါသည်။ သားတော် လေးနှိမ်နင်း တိုက်ခိုက်မှသာ အောင်မြင်လိမ့်မည်ဟု ခမည်းတော်ယုံကြည်မိသည်။ ထို့ကြောင့် နေပြည် တော်သို့ အမြန်လာရောက်၍ ခမည်းတော်၏ စီမံကွပ် ကဲမှုကို နာခံပါရန်။

ခမည်းတော်

"သြော် ငါ့ရဲ့ ခမည်းတော်ဟာ သက်တော်ကြီးရင့်ပြီး၊ တိုက်ပွဲကို ငါမကူညီနိုင်ရင် တိုင်းပြည်အတွက် ဥပေက္ခာ ရောက်တော့မယ်"

မဟာဂန္ဓသည် မိမိ၏ တရားအလုပ်ကို ခေတ္တရပ်နား ဝေပုလ္လသို့ပြန်ပြီး လိုက်လာခဲ့လေသည်။ ခမည်းတော် ကြီး၏ စီမံကွပ်ကဲမှုကို နာခံကာ စစ်ဗိုလ်ချုပ်ကြီး ရာထူး ထူးဆန်းစွာ ရောက်ရှိလာသောရန်သူများကို တွန်းလှန် တိုက်ရန် ပြင်ဆင်လေတော့သည်။

\+ + + + +



www.burmeseclassic.com

www.burmeseclassic.com



ညကားမှောင်မည်းတိတ်ဆိတ်လျက်ရှိသည်။ လမိုက်ည ပေမို့ ကြယ်ရောင်များနှင့်သာ ကမ္ဘာလောကကြီးတစ်ခုလုံး ဖန်ဆင်းထားလေသည်။ ဝေပုလ္လမြို့တော်ကြီးသည်လည်း အာ လမေ့မို့ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။

ညဥ့်သန်းကောင်ယံကာလသို့ ရောက်လာသောအခါ မြို့တော်၏ ဖြင်ပတွင် အသက်ဝင်လှုပ်ရှားမှုများက ဖြစ်ပေါ်လာ ကြလေသည်။ ခန္ဓာကိုယ်ပေါ်တွင် ငါးအကြေးရောင်အကွက်များ ဖြင့် ချုပ်လုပ်ထားသော ဝတ်စုံများကို ဝတ်ဆင်ထားကြသည် ရဲမက်များက အမှောင်ရိပ်များထဲမှ ထွက်လာခဲ့ကြလေသည်။

နန်းမြို့ရိုးကြီးသည် မြင့်မားလှသည်။ အစောင့်ရဲမက် များ၏ လှုပ်ရှားမှုကို မတွေ့ရ။ ငြိမ်သက်လျက် ရှိလေသည်။ ရန်သူသည် အလစ်မှာလာရောက် တိုက်ခိုက်ခြင်းဖြစ်၍ မိမိ ဘက်က အငိုက်ဖမ်းကာ တိုက်ခိုက်နိုင်ဖို့အတွက် အရေးကြီးသည် ဟုသာ ခံယူထားသည်။ ရန်သူများ၏ ကိုယ်ပေါ်မှာ အကြေးကွက် များပါသော စစ်ဝတ်တန်ဆာများကို ဝတ်ဆင်ထားကြ သည်။ ခေါင်းမှာဆောင်းထားကြသည့် ဦးထုပ်များက န အမောက်သဏ္ဍာန်များ ဖြစ်ကြ၏။ လက်မှာ မါး၊ လှံ၊ ငါးမ ခွယ်ကဲ့သို့သော လက်နက်များကို ကိုင်ဆောင်ထားကြသည် တကယ်တော့ သူတို့သည် နဂါးစစ်သည်များပင်တည်း။ န မောက်ကောင်ကြီးထဲမှာ လျှို့ဝှက်ကာနေထိုင်သော စစ်ကိုလိုလ ကြသည့် ရေးဟောင်းလူမျိုးများပင်တည်း။

နဂါးစစ်သည်များသည် ဖောက်ပြီကာ ရေ့ကိုသာ လာခဲ့ကြသည်။ အန္တရာယ်ကို မမြင်မိကြချေ။ ဒါပိုင်းရော





ာသလိုပင် အလစ်မှာ ဝင်ရောက်တိုက်ခိုက်ဖို့ရန်သာ ကြံစားကြ သည်။ တစ်ဖက်သားကို ထိခိုက်နစ်နာအောင် ပြုလုပ်ပြီးမှ ဆုတ် ခွာပြေးဖို့ရန်ကိုသာ ရည်ရွယ်ထားကြသည်။

မဟာဂန္ဓသည် နဂါးစစ်သည်များ တရွေ့ရွေ့နှင့် လာနေ ကြသည်ကို မြင်တွေ့နေရသည်။

"နဂါးစစ်သည်တွေပဲ၊ သင်းတို့ဟာ အမှောင်ထဲမှာပဲ ကြတယ်၊ အလင်းရောင်နည်းနည်းပါးပါးလောက်ရှိရင် သူတို့ တွက်လုံလောက်တယ်၊ အားကောင်းတဲ့အလင်းရောင်ရဲ့ဒဏ်ကို တို့ မခံနိုင်ကြဘူး၊ အဲဒါဟာ ငါတို့အတွက် လက်နက်ပဲ"

စစ်ဗိုင်ချုပ်ကြီးတာဝန်ကို ယူထားသော မဟာဂန္ဓက သားမှ စစ်ကဲများ၊ ဗိုလ်အဆင့်ရှိကြသောသူများကို ရှင်းပြ က်လေသည်။

"အမှောင်ကိုခွင်းဖို့ အလင်းရောင်ဟာ ငါတို့ရဲ့ လက် က်ပဲ"

မဟာဂန္ဓက ထပ်ပြီးတော့ ပြောလိုက်လေသည်။ ရန်သူ သည် မြို့ရိုးနားသို့ ကပ်လာသည်အထိ အတင့်ရဲစွာဖြင့် ကပ်လာခဲ့လေရာ . . . ၊

"ရှီး . . . ရှီး . . . ရှီး"

ရုတ်တရက် . . . ၊

မြေပြင်ထက်မှ အသံမြည်ပြီး ကောင်းကင်ထက်သို့ ထိုး သွားကြသည့်အရာများ။ နဂါးစစ်သည်များသည် တရှီးရှီး ထွက်ပေါ်လာသော အသံများကြောင့် လှုပ်လှုပ်ရှားရှား သွားခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖောက် . . . ဖောက် . . . ဖောက် . . . ဖောက်"

ကောင်းကင်ယံမှာ တဖောက်ဖောက်နှင့် မြည်သွားကြပြီး စူးလက်သော အလင်းရောင်များက တမဟုတ်ချင်းမှာပင် ထွက်ပေါ်လာခဲ့ကြလေသည်။ နဂါးစစ်သည်တို့၏ မျက်လုံးများသည် ပျာဝေသွားခဲ့ကြရလေ၏။

ဤကားမဟာဂန္ထ၏ အတတ်ပညာပင်တည်း။ နဂါးစစ်သည်များသည် လက်တလောတွင် မတ်ဝန်းကျင်ကို မြင်နိုင်စွမ်း မရှိနိုင်ကြတော့။

"ဝင်တိုက်ကြ"

မဟာဂန္ထ၏ အသံကြီးသည် အားလုံးကို လွှမ်းခြုံသွားကာ ထွက်ပေါ်လာခဲ့လေ၏။ ထိုအခါ ဝေပုလ္လစစ်သည်များသည် လက်နက်များကို ဆွဲကိုင်ကာ နဂါးစစ်သည်များကို တရကြမ်းပင် ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။





(၁၁)

## သူတော်ဂန္ထအကျဉ်းကျခံရခြင်း

နဂါးစစ်သည်များသည် အငိုက်မိသွားခဲ့ကြလေ၏။ ဝေပုလ္လစစ်သည်များက တရမန်းကြမ်းပင် ဝင်ရောက်တိုက်ခိုက်ကြလေသည်။

"အား"

မဟာဂန္ထသည်လည်း ရှေ့ဆုံးမှနေ၍ ရန်သူများကို ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်သည်။ ဝေပုလ္လစစ်သည်များသည် မိမိတို့၏ ခေါင်းဆောင်က ဦးဆောင်ပြီး အတူပါဝင်ကာ တိုက်ခိုက်လာသည့်အတွက် ပိုပြီးတော့ အားတက်လာကြသည်။ ရန်သူများက အကျအဆုံးများလာကြသည်။ တချို့ကြီးစွာသော ဒဏ်ရာများ ရသွားခဲ့ကြသည်။

ကြာလာတော့ ဒဏ်မခံနိုင်ကြတော့ပဲ။ သုတ်ခြေတင် ပြေးကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် တစ်ချို့ ငါနဲ့လိုက်ခဲ့ကြ၊ ရန်သူတွေ ဘယ်အထိ ပြေးကြမလဲလို့ လိုက်ကြည့်ကြမယ်၊ တစ်ချို့မြို့ကို ကာကွယ်ဖို့ စောင့်ကြပ်ပြီး နေခဲ့ကြ"

မဟာဂန္ဓက ချက်ချင်းပင် စီမံခန့်ခွဲလိုက်ပြီး စစ်ကဗိုလ်မင်းနှင့်ရဲမက်အချို့ကိုခေါ်ကာ နဂါးစစ်သည်များ၏နောက်တရကြမ်းပင် လိုက်ကြလေတော့သည်။ ခြေလျင်ပြေးကြသောလူများကို မဟာဂန္ဓတို့က မြင်းများနှင့်လိုက်ကြ၍ မီလာကြပြီးလမ်းမှာသုတ်သင်ပစ်ခဲ့ကြလေသည်။

"ဖုစ်"

"အား"

အချို့မြင်းများဖြင့် ထွက်ပြေးကြသော နဂါးစစ်သည်များသည် နဂါးမောင်တောင်ကြီးဆီကို ရောက်အောင်မပြေးနိုင်ကြတော့။ ပြေးလည်းအချိန်မရကြတော့။ မဟာဂန္ဓဦးဆောင်သောဝေပုလ္လစစ်သည်များက နောက်မှလိုက်လာကြသည်မှာ လွန်စွာမှပင် နီးကပ်လျက်ရှိနေကြလေပြီ။

"ဟိတ် ငါတို့ ဒီဘက်က ပြေးကြမယ်၊ ဝေပုလ္လတွေကို မျက်ခြည်ပြတ်ပစ်ရမယ်"

နဂါးစစ်ဗိုလ်မှူးက အော်ဟစ်ပြီးတော့ သတိပေးလိုက်သည်။ ထို့ကြောင့် မလှမ်းမကမ်းရှိ ကျောက်တောင်ကြီးတစ်ခုဆီကို ဦးတည်ပြီးတော့ ပြေးဝင်သွားခဲ့ကြသည်။ မဟာဂန္ဓတို့ကလည်း ထပ်ချပ်မကွာပင် လိုက်ပါလာခဲ့ကြလေသည်။

"ဟို ကျောက်တောင်ကြီးအောက်က ဂူထဲကို ဝင်ပြေးသွားကြတယ်၊ ပင်မလိုက်ကြနဲ့၊ ဒီကောင်တွေက အမှောင်ထဲမှာ





ပြီးတော့ မြင်နိုင်စွမ်းရှိကြတယ်"

မဟာဂန္ဓက အားမြစ်လိုက်လေသည်။ ကျောက်တောင်ကြီး၏အနားကိုရောက်သော် ရပ်ထားလိုက်ကြသည်။

"ကျောက်တုံးတွေနဲ့ ဂူဝကို ပိတ်ဆို့ထားကြ၊ ဒီကျောက်တောင်ဟာ တစ်ဖက်မှာ ထွက်ပေါက်မရှိဘူး။ သင်းတို့ ဒီအထဲမှာ ဘယ်လောက်ကြာကြာ နေထိုင်ကြမလဲ"

ဝေပုလ္လရဲမက်များက ကျောက်ဆောင်ဝကို ကျောက်တုံးများဖြင့် ပိတ်ဆို့ထားလိုက်ကြလေသည်။ မဟာဂန္ဓအမှူးပြုတော့ ဝေပုလ္လစစ်သည်များသည် ကျောက်ဂူကြီး၏ အနားမှာ ဖွဲကောင်းကောင်းဖြင့် စောင့်နေကြသည်။ ၃-ရက်အကြာတွင် . . . ၊

ကျောက်ဂူထဲမှာ ပုန်းခိုနေကြသည့်ရန်သူများသည် အစာငတ်ရေငတ် ဖြစ်လာခဲ့ကြသဖြင့် ကြံ့ကြံ့မခံနိုင်ကြတော့။ ထို့ကြောင့် ကျောက်တုံးများ ပိတ်ဆို့ထားသောနေရာ အတွင်းဘက်မှနေ၍ အော်ဟစ်ကာ အညံ့ခံကြလေတော့သည်။

"ကျွန်တော်တို့ အညံ့ခံကြပါပြီ၊ ဂူပေါက်ဝကို ဖွင့်ပေးပါတော့"

မဟာဂန္ဓသည် သူ့လူများကို အမိန့်ပေးကာ ဂူဝမှာ ပိတ်ဆို့ထားသည့်ကျောက်တုံးများကို ဖယ်ရှားပစ်စေလေသည်။ အစာငတ်၊ ရေငတ်ဖြစ်နေကြသည့် နဂါးစစ်သည်များကို ရေနှင့် အစားအစာများပေးသည်။

"မင်းတို့ရဲ့အသက်ကို ချမ်းသာပေးလိုက်မယ်၊ ကိုယ့်နေရပ်ကို ကောင်းစွာပြန်ကြတော့၊ နောက်ကိုလည်း ဒီလိုဝေပုလ္လကို လာရောက်တိုက်ခိုက်ကြတာမျိုး မလုပ်ကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ ကျွန်တော်တို့ နောက်ကို မတိုက်ခိုက် တော့ပါ၊ အသက်ကို ချမ်းသာရာပေးတဲ့အတွက် ကျေးဇူးတင် တယ်၊ ခွင့်ပြုပါဦး"

နဂါးခေါင်းဆောင် ဗိုလ်မှူးအဆင့်ရှိသောသူက မ ဂန္ဓကို ကျေးဇူးတင်စကားပြောသည်။ ထို့နောက် မိမိ၏ ရဲမ များနှင့်အတူ နဂါးမောက်တောင်ဆီကို ထွက်ခွာသွားခဲ့ကြ သည်။

[နောင်အခါတွင် နဂါးမျိုးနွယ် စစ်သည်များသ ဝေပုလ္လတိုင်းပြည်ကို မည်သည့်အခါမှ မတိုက်ခိုက်ကြတော့

မကြာမီမှာပင် . . .

ဝေပုလ္လပြည့်ရှင် နတ်ရွာစံသဖြင့် မဟာဂန္ဓမှာ မ မရှောင်သာတော့ဘဲ မင်းပြုရလေတော့သည်။ မိမိ၏ တိုင် ပြည်သားအကျိုးကို ငဲ့ကွက်ပြီးတော့ ဖြစ်သည်။ မဟာဂန္ဓ ကြီးသည် တရားကျင့်ကြံအားထုတ်သော အလုပ်ကို ဝတ္တရားမပျက်ပေ။ ခါတိုင်းလို အချိန်ကောင်းစွာမရသော်လည် ရသည့်အချိန်ကလေးကို ကြိုးစား၍ အားထုတ်ရလေတော့သည်

"ရောက်လေရာဘဝတိုင်းမှာ မည်သည့်နှောင်ကြ မရှိရစေပဲ တရားဓမ္မနှင့်လွတ်လပ်စွာ အားထုတ်ကျင့်ကြံရသေ သူသာ ဖြစ်ရပါလို၏။

မိမိ၏ဆန္ဒပြည့်မီစေရန် တစ်ကိုယ်တည်း အကြိမ်ကြ အခါခါပင် ဆုတောင်းမိလေသည်။ မဟာဂန္ဓမင်းကြီးသည် သ တော် တစ်ရာ့နှစ်ဆယ့်ငါးနှစ်တွင် နတ်ရွာစံလေသည်။

\+ + + + +





ဟိမဝန္တာအရပ်တွင် တောင်စဉ်တောင်တန်းများ လေး ဆယ်ကျော်ကျော်ရှိသည်။ တစ်ခုသော တောင်သည် ပဒုမသေလ တောင်ဟု အမည်တွင်၏။ ကြားမျိုးငါးပါးနှင့်ပြည့်စုံပြီး အင့်အပွင့် အစုံတို့သည် နဝရတ်ကိုးပါးဖြင့် ပြီး၏။ ကြည့်ရှု၍အားမရ၊ မဝနိုင် သော တောင်ထူးတောင်မြတ်ဖြစ်လေ၏။ ယင်းတောင်ပေါ်မှာ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ မိမိတို့၏ ကျင့်စဉ်နှင့်အလုပ်စခန်းများ ကို ဝင်နေကြသည်။

တောင်ကြီး၏အဆင့်ဆင့်၊ အထပ်ထပ်အလိုက် သူနေရာ နှင့်သူ သူတော်စင်များ၊ ရသေ့များ တရားကျင့်ကြံအားထုတ်လျက် ရှိနေကြလေသည်။ တောင်ကြီး၏ အောက်ခြေရှိ တစ်ခုသော သဘာဝကျောက်ဂူကြီးထဲ၌ သူတော်ဂန္ဓအမည်ရှိ သူတော်စင်ကြီး တစ်ဦးသည် တရားကျင့်ကြံအားထုတ်လျက်ရှိသည်။ မှန်ကန် သော ကျင့်စဉ်ကြောင့် မိမိ၏သက်တမ်းသည် အနှစ်တရာကျော် ခဲ့လေပြီ။

တစ်ရက်တွင် သူတော်ဂန္ဓသည် ဂူအပြင်မှာ တဖွဲဖွဲဖြင့် ကျလျက်ရှိသော နှင်းများကို လက်ဖြင့်ခံယူသည်။ လက်ထဲမှာ ပြည့်မောက်လာသောအခါ လက်ဝါးနှစ်ဖက်ဖြင့် ညှပ်လိုက် လေ၏။

နှင်းဖတ်များက ပြားကပ်သွားခဲ့ကြသည်။ မဟာဂန္ဓ သည် လက်ထဲမှ နှင်းဖတ်များကို ကြည့်မိလိုက်လေရာ ထူးခြား သောအသွင်သဏ္ဍာန်များသည် တဖြည်းဖြည်းနှင့် ပေါ်လာခဲ့ကြ လေ၏။ ညဉ့်နက်ကာလမှာ စစ်သည်များသည် တစ်ဖက်နှင့်တစ် ဖက် တိုက်ခိုက်နေကြသည်။ ဝေပုလ္လနှင့်နဂါးစစ်သည်များပင်



www.burmeseclassic.com

www.burmeseclassic.com



တည်။ ယင်းစစ်ပွဲကို ဦးဆောင်ပြီးတော့ တိုက်ခိုက်သူမှာ ဝေပုလ္လ၏ အိမ်ဇရှစီးမင်းသား စစ်မိုလ်ချုပ်ကြီး မဟာဂန္ဓပင်တည်း။

မဟာဂန္ဓသည် စစ်ရှုံးသော နဂါးစစ်သည်များ၏နောက်ကို မိမိ၏ရဲမက်များနှင့်အတူလိုက်ကြသောမြင်ကွင်းက ပေါ်လာပြန်လေသည်။ ထွက်ပြေးကြသော နဂါးစစ်သည်များသည် ကျောက်တောင်ကြီးတစ်ခု၏ ဂူပေါက်ဝထဲကို ဝင်သွားကြလေ၏။

မဟာဂန္ဓနှင့် စစ်သည်ရဲမက်များသည် ကျောက်တောင်ဆီကို ရောက်လာခဲ့ကြသည်။ နဂါးစစ်သည်များ ဝင်သွားခဲ့ကြသော ဂူဝကို ကျောက်တုံးများဖြင့် သုံးရက်တိုင်တိုင် ပိတ်ထားခဲ့ကြလေသည်။ သုံးရက်ပြည့်မှ နဂါးစစ်သည်များသည် ကျောက်ဂူထဲမှ ထွက်ခွင့်ရခဲ့ကြသည်။

သူတော်ဂန္ဓ၏ လက်ဖဝါးပေါ်ရှိ နှင်းဖတ်ပြားပေါ်မှ မြင်ကွင်းများသည် တဖြည်းဖြည်းနှင့် မှိန်ဖါးကာ ပျောက်ကွယ်သွားခဲ့ကြသည်။

အတိတ်ဘဝက အကြောင်းများကို သူတော်ဂန္ဓက ပြန်ပြီးတော့ မြင်လာခဲ့ရခြင်းပင် ဖြစ်သည်။ ထို့နောက် တုန်လှုပ်မှုကင်းသော မျက်နှာဖြင့် ခေါင်းတညိတ်ညိတ်ရှိနေမိသည်။

"ငါ အတိတ်ဘဝက ပြုခဲ့တဲ့ ဝဋ်ကြွေးကို ပြန်ဆပ်ရမယ့်နီးလာပြီဗျ"

သူတော်ဂန္ဓသည် မိမိ၏ အတိတ်ဘဝကို ပြန်ပြီးတော့မြင်နိုင်စွမ်းရှိသော အတိသဉာဏ်ကို ရရှိထားသူ ဖြစ်သည်။ ယခင်ဘဝက ဝေပုလ္လပြည့်ရှင် မဟာဂန္ဓသည် ယခုဘဝတွင်ကား သူတော်ဂန္ဓ ဖြစ်ခဲ့လေသည်။





ဘဝဆုတောင်းကောင်းခဲ့သူပြီမို့ ယခုဘဝမှာ သူတော်[illegible]ကောင်းအလုပ်များကိုသာ လွတ်လပ်စွာလုပ်ခွင့် အားထုတ်ခွင့်[illegible]ခဲ့လေသည်။ ငယ်စဉ်ကတည်းကပင် မိဘ၊ ညီအစ်ကိုမောင်နှမ[illegible]များကို စွန့်လွှတ်ခဲ့ကာ ဟိမဝန္တာအရပ်ကို ရောက်လာခဲ့သည်။ [illegible]ရာသရင်များကို တစ်ဦးပြီးတစ်ဦး တွေ့ဆုံဆည်းပူးခွင့်ရခဲ့သည်။ [illegible]ကံနိုးသော ကျင့်စဉ်များဖြင့်လည်း တိုးတက်အောင်မြင်ခဲ့လေသည်။

မိမိအတိက်ဘဝက အမှတ်မထင်ပြုဘူးခဲ့သော ဝဋ်ကြွေး[illegible]သည် မကြာမီမှာပင်လျှင် ဤဘဝမှာ ဆိုက်ရောက်လာပေတော့[illegible]သည်။ ပေးဆပ်ရတော့မည်ကို သိလိုက်မိသည်။ ယင်း၊ တစ်နေ့[illegible]သည်ကား . . . ။

\+ + + + +

သူတော်ဂန္ဓသည် ကျောက်ဂူကြီးထဲမှာ တစ်ကိုယ်တည်း[illegible]ဘာရားကျင့်ကြံအားထုတ်လျက် ရှိနေလေသည်။ အပြင်ဘက်[illegible]ချမ်းမှတ်ကို ရောက်လုနီးပါး အေးစက်လျက်ရှိနေသော်လည်း [illegible]တော်ဂန္ဓ၏ ခန္ဓာကိုယ်ထဲမှာတော့ သွေးများက ပူနွေးနေကြ[illegible]ကောင်းစွာပင် လည်ပတ်နေကြသည်။ ကျောက်ဂူကြီးထဲမှာလည်း [illegible]ထိတ်က သိပ်သည်းနေလျက် ရှိလေသည်။

အကယ်၍သာ တစ်ဦးတစ်ယောက်က သူတော်ဂန္ဓ၏ [illegible]ကိုယ်ကို လက်ဖြင့်စမ်းသပ်ကြည့်မည်ဆိုလျှင် အရည်ပြား[illegible]သည်း ချောမွတ်ပူနွေးနေလျက်ရှိသည်ကို သိရမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

လူတစ်စုသည် ထူထဲစွာကျရောက်လျက်ရှိသော နှင်းကဗ္ဗလာထဲမှာ တရွေ့ရွေ့ဖြင့် လှမ်းလာနေလျက်ရှိသည် ထိုသူများ၏ ခန္ဓာကိုယ်ပေါ်မှာ အကြေးခွံများဖြင့်ပြီးသည့် ကို ကြပ်အင်္ကျီများကို ဝတ်ဆင်ထားကြသည်။ ရှည်လျားသော ဆံ များကိုလည်း ထိပ်မှာစုပြီး စည်းနှောင်ထားကြသည်။ အမှ မထင် ကြည့်လိုက်လျှင် နဂါးတစ်ကောင်၏ အမောက်နှင့် တူ သည်။

ထိုသူများသည် သူတို့ကိုယ်သူတို့ နဂါးမှဆင်းသက် ကြသော နဂါးမျိုးနွယ်လူသားများဟု ယူဆထားကြသူများ ကြသည်။ နေထိုင်ကြသည်မှာလည်း မြေပေါ်မှာမဟုတ် နဂါးမောက်တောင်ကြီးဟု အမည်ရှိသော တောင်ကြီးတစ်တော ၏အတွင်းအောက်မှာ ဖြစ်ကြသည်။

နဂါးမျိုးနွယ်လူသားများသည် အကြောင်းကိစ္စကြီး ရှိကြမှသာ မြေပြင်ပေါ်ကို တက်လာခဲ့တတ်ကြသည်။ ယခုလည်း အကြောင်းကိစ္စတစ်ခုကြောင့် ကမ္ဘာမြေပြင်ပေါ်ကို တက်လာခဲ့ ခြင်းပင် ဖြစ်သည်။

အားလုံးပေါင်း အယောက်နှစ်ဆယ်ခန့်ရှိမည်ဖြစ် လက်နက်မျိုးစုံကို ကိုင်ဆောင်ထားကြသည်။ ရှေ့ဆုံးကလူ သည် လက်ထဲမှာ သံကြိုးရှည်ကြီးနှင့်တူသော ကျောက်ကွင်း တစ်ခုကို ရစ်ပိုင်းခွေကာ ကိုင်ဆောင်ထားသည်။

ထိုသူသည် ကြီးမားခန့်ထည်သော ကိုယ်လုံးနှင့်မြင့် သော အရပ်အမောင်းရှိသည်။ ရှည်လျားသော ဆံပင်များ





ထိပ်မှာစု၍ ထုံးထားသည်။ ဆံထုံးလုံးလုံးထဲမှာ လက်သန်း ခန့်တုတ်သော ရွှေအပ်တစ်ချောင်းကို ကန့်လန့်ဖြတ် ထိုးစိုက် ထားသည်။

မျက်နှာပြင်သည် လွန်စွာမှတည်ကြည်သော်လည်း ရှည် လျားသော မုတ်ဆိတ်မွေးများနှင့် ပါးမြိုင်းမွေးများကြောင့် မြင်သူ ကြောက်လန့်စေသည်။ ဟန့်စေသည်။ ထိုသူကား နာဂရအမည်ရှိ သော အမတ်ချုပ်ကြီးပင်တည်း။ နာဂရသည် လက်ရုံးရှည်၊ ဒူးရှည်နှင့်ပြည့်စုံသောသူ ဖြစ်လေ၏။

မကြာမီမှာပင်လျှင် ပဒုမသေလတောင်ခြေကို ရောက် ခဲ့လေသည်။ သူတော်ဂန္ဓ၏ ကျောက်ဂူကို လှမ်း၍မြင်လိုက် လေပြီ။ နာဂရ၏မျက်ခုံးနှစ်ဖက်သည် မြင့်တက်သွားခဲ့ရလေ သည်။ ဂူအတွင်းဘက်မှာ ထိုင်နေသော သူတော်ဂန္ဓကိုလည်း မြင်လိုက်ရသောကြောင့်ပင်။

"မဟာဂန္ဓ မဟာဂန္ဓ သင်းက ဒီမှာအမှန်ပဲ ရှိနေတာ ငါတို့ရဲ့ လက်ထဲက ဘယ်နည်းနဲ့မှ မလွတ်နိုင်တော့ဘူး"

နာဂရကစိတ်ထဲမှ ကြိမ်းဝါးလိုက်လေ၏။ သူနှင့်အတူပါ လာကြသောသူများကို မျက်ရိပ်ပြလိုက်သည်။ ထိုသူများသည် ဂူဆီ ပြေးသွားခဲ့ကြသည်။ ဂူကို ဝိုင်းပိတ်ထားလိုက်ကြလေ၏။

နဂရကားလေ၏ လျှင်မြန်သောအဟုန်ဖြင့် ပြေးသွားခဲ့ပြီး သို့ရောက်သော် လက်ထဲက ကျောက်ကွင်းကို လွှတ်လိုက်လေ အသံမမြည်ဘဲ ဒ သက်ဝင်နေသော သတ္တဝါတစ်ကောင် ပြေးထွက်သွားသည်။ ချက်ခြင်းမှာပင် သူတော်ဂန္ဓ ယ်မှာ စွပ်သွားခဲ့လေ၏။ သူတော်ဂန္ဓကား မလှုပ်မယှက်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်နေလျက်ပင်။ နာဂရသည် ကျောက်ကွင်းရှိတစ်ဖက်ကြိုးစကို ကိုင်တွယ်ကာ ဆောင့်ဆွဲလိုက်လေ၏။

သူတော်ဂန္ဓ၏ ခန္ဓာကိုယ်သည် တစ်ချက်ကလေးမျှ မလှုပ်၊ ကျောက်တိုက်ကြီးတစ်ခုလို မတ်မတ် တောင့်တောင့်ကြီး ရှိနေလေ၏။ နာဂရကား မည်မျှပင် အားစိုက်ပြီးတော့ ဆောင့်ဆွဲသော်လည်း ကျောက်ကွင်းမိနေသော သူတော်ဂန္ဓ၏ ခန္ဓာကိုယ်သည် မြေမှာ စွဲနေသည့်အလား တုတ်တုတ်မျှမလှုပ်ပါ။

"ဪ သင်းက ဒါလောက်တောင် စွမ်းနေမှကိုး။ ယောက်ဖတွေ သင်းကို နေရာမှာတင် အဆုံးစီရင်ပစ်လိုက်ကြစမ်း"

နာဂရသည် ဒေါသမထိန်းနိုင်သောကြောင့် သူ့လူများကို အမိန့်ပေးလိုက်လေ၏။ ထိုအခါ ထိုလူများက ဒေါသတကြီးဖြင့် သူတော်ဂန္ဓဆီကို ပြေးသွားခဲ့ကြသည်။

အနားကို မရောက်မီမှာပင် . . .

"အား"

"အား"

ထိုလူတို့သည် တွန်းကန်မှုအားပြင်းထန်သောနေရာက ရောက်သွားကြသည့်အလား။ ရုတ်တရက် လွင့်ထွက်သွားခဲ့ကြလေ၊ ဂူအပြင်ကို ရောက်သွားကြသည့်အထိ လွင့်သွားခဲ့ကြသည်။ အောက်ကို တဖုန်းဖုန်းနှင့် ပစ်ကျကုန်ကြသည်။ အချို့သည် မိမိတို့ ကိုင်ဆောင်လာကြသော လက်နက်များနှင့် ပြန်ပြီးထိခိုက်မိသွားကြကာ သေဆုံးသွားခဲ့ကြလေ၏။

"အား"

"အား"





နာဂရသည် မမျှော်လင့်သော ဖြစ်ရပ်များကြောင့် အံ့ဩ ...ုန်လှုပ်သွားခဲ့ရလေသည်။ ထိုစဉ်မှာပင် သူတော်ဂန္ဓသည် ခမ်း ...ည်ကြီးမှ ပြန်ရောက်လာသည့်အလား မျက်လုံးတွေက အလိုလို ...င် ပွင့်လာခဲ့လေ၏။

"ငါ့ကိုထိရင် အားလုံး အသေဆိုးနဲ့သေကြရလိမ့်မယ်၊ ...င်းက ဘယ်သူလဲ"

သူတော်ဂန္ဓက တည်ငြိမ်သောလေသံဖြင့် မေးလိုက်လေ ...၏။ ဒေါသမပါ၊ သတိပေးလိုက်ခြင်းသာ ဖြစ်ပါ၏။

"ငါ့နာမည် နာဂရ၊ နဂါးမောက်တောင်ကြီးရဲ့ အရှေ့ ...အောက်ခြေနဂါးပြည်က လာခဲ့တာပဲ၊ ဟိုး ငါတို့ရဲ့ ဘိုးစဉ်တောင် ...ဆက်ကတည်းက အဆင့်ဆင့် လက်ဆင့်ကမ်းခဲ့တဲ့စကားအရ ...တ်တမ်းမှတ်ရာများအရ သင်ဟာ ငါတို့ရဲ့ရန်သူဖြစ်ဖူးခဲ့တယ်၊ ...ာတစ်ခုက ငါတို့ရဲ့ နဂါးမျိုးနွယ်တစ်ချို့ကို ဂူတစ်ခုထဲမှာ ...ှောင်ပိတ်ဖူးထားခဲ့တယ်၊ သူတစ်ပါးရဲ့ အနိုင်ယူမှုတွေကိုလည်း ...ခံတတ်ကြဘူး။ အခု သင့်ကို မိပြီ၊ ဂလဲ့စားချေရတော့မယ်၊ ...င် ဘာတတ်နိုင်သေးသလဲ"

"မင်းတို့က အညွှန်းပန်းနံ့လူမျိုးတွေမဟုတ်ဘူးဆိုရင် ...ပုလ္လကို ဘာကြောင့် ကျူးကျော်ပြီးရန်စကြတာလဲ၊ သူတစ်ပါး ...ကို ထိပါးဖို့ကတော့ တတ်နိုင်ကြတယ်၊ ကိုယ့်ကိုထိတော့ ...တတ်ကြတယ်မဟုတ်လား၊ မင်းတို့ဟာ ငါ့ဘဝဆယ့်တစ်ခုခြားပြီး ...ဘာတောင် နောက်ယောင်ခံပြီးတော့ လိုက်လာနိုင်ကြတယ်၊ ...ဒါတော့ကို အံ့အားသင့်ဖို့ ကောင်းကာပဲ"

[သူတော်ဂန္ဓသည် ယခင်ဘဝက ဘုရင်တစ်ဦးဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ယခုသူတော်စင်ဘဝမှာလည်း ပြောဆိုဆက်ဆံမှု ရာဇမာန်အရှိန်အငွေ့က ပါလာခဲ့လေသည်။ မျက်နှာပြင်မှာ ရာဇမာန်က ရိပ်ကနဲ ရိပ်ကနဲဆို ပေါ်လာခဲ့လေသည်။

နာဂရက သူတော်ဂန္ဓကို မခိုးမခန့် အမူအရာဖြင့် ကြည့်လိုက်ပြီး . . .

"ငါတို့မှာ ရှေ့ဖြစ်နောက်ဖြစ်ကို ပြောပြနိုင်တဲ့ ပုရောဟိတ်တွေ၊ ဝေဒပညာရှင်တွေရှိကြတယ်၊ သူတို့ဟာ သေဆုံးသွားကြတဲ့သူတွေရဲ့အကြောင်းကို ပြောပြနိုင်ကြတယ်၊ ဘယ်ဘဝကနေ ဘယ်ဘဝကိုပြောင်းသွားကြတယ်ဆိုတာကို အတိအကျသိကြတယ်၊ ဟောဒီမှာကြည့်"

နာဂရသည် လိပ်ထားသော ရုပ်ပုံကားချပ်ကြီးတစ်ခုကို သူတော်ဂန္ဓအား ပြလိုက်လေ၏။ ပုံထဲမှာလည်း ဝေပုလ္လပြည့်ရှင် မဟာဂန္ဓ၏ ပန်းချီရုပ်ပုံလွှာကို အထင်အရှားပင် တွေ့လိုက်ရလေ၏။ ဝေဒပညာရှင်များ၏ ဟောပြောချက်ကို ပန်းချီအတတ်ပညာရှင်များက စိတ်ကူးဖြင့် ရေးဆွဲထားကြခြင်းပင်။ နာဂရသည် နောက်ထပ်ပန်းချီကားချပ်တစ်ခုကိုပါ ပြသလိုက်လေသည်။ ယခုဘဝရှိ သူတော်ဂန္ဓ၏ပုံပင်တည်း။

"သူတို့ဟာ သင်ဘယ်မှာရှိတယ်ဆိုတာကိုလည်း ညွှန်ပြပေးနိုင်ကြတယ်၊ ဒါကြောင့် ငါတို့ဟာ ဒီကိုရောက်လာခဲ့ကြတယ်၊ သင် ငါ့လက်က ပြေးလို့မလွတ်တော့ဘူး သူတော်ဂန္ဓ"

"ငါကလည်း ပြေးဖို့မရည်ရွယ်ပါဘူး၊ ငါတစ်ဘဝကပြုခဲ့တဲ့အမှားအတွက် အဲဒီဝဋ်ကြွေးကို တစ်ချိန်မှာ ပေးဆပ်ရလိမ့်မယ်ဆိုတာ သိပြီးသား"





သူတော်ဂန္ဓကလည်း တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်လေသည်။ သူတော်ဂန္ဓသည် ဘဝဝဋ်ကြွေးကြောင့် ဤနဂါးပတ်ကျောက်ဂူကွင်းမှ ရုန်းမဖယ်နိုင်ချေ။ မိမိ၏ အကျင့်သီလဖြင့် လွတ်မြောက်နိုင်အောင် လုပ်နိုင်ခဲ့သည်ပဲထား ဤဝဋ်ကြွေးကို မကျေခြင်းဆပ်ရဦးမှာမို့ မကြိုးစားတော့ပါ။

ထို့ကြောင့် . . .

သူတော်ဂန္ဓသည် နာဂရခေါ်ဆောင်သွားသည့်နောက်ကို လိုက်ပါသွားခဲ့ရလေသည်။

\+ + + + +

ပိန်းပိတ်အောင် မှောင်မည်းနေသော တွင်းနက်ကြီးထဲကို သူတော်ဂန္ဓရောက်ရှိနေသည်။ ယင်းတွင်းကြီးသည် တစ်ချိန်က ခန်စွာမှကြီးမားသော နဂါးကြီးများ ကျက်စားရာနေရာ ဖြစ်သည်။ နာဂရသည် သူတော်ဂန္ဓတို့ ပက်လက်အနေအထားဖြင့် အစောက ခြေလက်များကို စီရင်ထားသော နဂါးပတ်ကျောက်ကွင်းကြီးများဖြင့် ချည်နှောင်ထားလိုက်လေသည်။

သူတော်ဂန္ဓ သင်ဟာ ငါတို့ရဲ့ နဂါးမျိုးနွယ်တွေကို ကျောက်ဂူကြီးထဲမှာ ပိတ်လှောင်ထားဖူးခဲ့တဲ့အတွက် ဒီအပြစ်ကို ခံပြီး ပေးဆပ်ရတာပဲဖြစ်တယ်။ အဲဒီအတွက် သင့်ထိုက်နဲ့ ထိုက်ပဲ၊ ဒီတောင်ကြီးထဲမှာ တစ်သက်လုံးပဲ နေရစ်ခဲ့ပေတော့"

နာဂရက အောင်သေအောင်သား စားသောမျက်နှာကြီး

www.burmeseclassic.com



ဖြင့် သူတော်ဂန္ဓကို စေ့စေ့ကြည့်ကာ ပြောလိုက်လေသ
သူတော်ဂန္ဓကလည်း အေးဆေးသောအမူအရာဖြင့် . . .

"နာဂရ မင်းကိုယ်မင်း သိပ်ပြီးတော့ အထင်မ
ငါဟာ မင်းထင်သလို ဒီမြေတွင်းကြီးထဲမှာ တစ်သက်လုံး နေ
ရလိမ့်မယ်လို့ ထင်သလား"

"ထင်တယ်၊ သင်ဟာ ဒီမြေတွင်းကြီးထဲမှာပဲ က
မဲ့ပြီး အရိုးဆွေးရလိမ့်မယ်၊ ကိုင်း ကိုင်း သင်တစ်ယောက်
အေးအေးလူလူနေရစ်ခဲ့ပေတော့"

နာဂရသည် သူတော်ဂန္ဓ၏အနီးမှ ထွက်သွားခဲ့
မြေပေါ်ကို ရောက်သွားကြသော သူနှင့်သူ့လူများနှင့်
သူတော်ဂန္ဓ၏ခါးမှ ဆွဲထားသော နဂါးပတ်ကျောက်ကွင်းသံ
မြေပြင်ထက်မှာ ငုတ်ရိုက်ကာ ထားလိုက်ကြသည်။ မြေပေါ်
သည့် တွင်းပေါက်ကြီးကိုလည်း ပိတ်ပစ်လိုက်ကြလေသည်
ပြင်ထက်မှာ ပေါ်နေသည့် သံကြိုးကွင်းသည်လည်း မြေသ
ဖြင့် ဖုံးအုပ်လိုက်ကြသည်။ နှစ်ပေါင်းများစွာ ကြာလာသော
ယင်းအပေါ်မှာ မြေသားကထပ်၍ တက်လာကြကာ မ
သော မြေပြင်ကြီးဖြစ်သွားခဲ့လေသည်။

♛♛♛♛♛





(၁၂)

## ကျိန်စာသင့်နေကြသောရွာကလေး

သူတော်ဂန္ဓသည် နှောင်းအတိတ်ကာလက သူ၏
ဖြစ်အံ့ပျက်များကို မိုးအား ပြန်ပြီးတော့ ပြောပြခဲ့လေသည်။

"အဲဒါပဲ လူလေး၊ ငါဟာ ဝေပုလ္လပြည့်ရှင်မင်းဘဝက
မှာမိခဲ့တဲ့အပြစ်လေးတစ်ခုကို ပေးဆပ်ခဲ့ရတာပါ၊ ငါဟာ နဂါး
သည်တွေကို ကျောက်ဂူထဲမှာ သုံးရက်ပိတ်လှောင်ခဲ့မိတဲ့
အပြစ်အတွက် ဝဋ်ကြွေးတင်ပြီး နှစ်ပေါင်းသုံးဆယ်တိတိ ဆပ်ခဲ့
တယ်"

"ဪ အဖိုးဆပ်လိုက်ရတဲ့ ဝဋ်ကြွေးက နှစ်ကာလ
ရှည်လွန်းခဲ့ပါလား၊ ဒါပေမယ့် ကျွန်တော် ကယ်လိုက်ရကျိုး
ပြီလေ၊ ဟုတ်တယ် မင်း ကယ်ရကျိုးနပ်ပါကယ်၊ ဒီလို
ကျိုက်ရတာကလည်း မင်းနဲ့ငါဟာ ဘဝပဋ္ဌာန်းဆက်ပါလာ
ဟုတ်လား မိုး၊ အဲဒီအတွက် မင်းရဲ့ကျေးဇူးကို ငါမမေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းအခု ဒီကနေပြန်သွားရင် မိသားစုကိုခေါ်ပြီး တစ်နေရာ သွားရှောင်နေပါတော့၊ မင်းတစ်သက် ရင်းနှင်းပြီးစားဖို့ ငါ လိုက်ပို့မယ်၊ ငါလည်း ဒီဂူကစွန့်ပြီး ပဒုမသေလတောင်ပေါ် တက်တော့မယ်၊ ဒီတောင်ပေါ်မှာပဲ တရားကျင့်ကြံအား တော့မယ်''

''နဂါးမျိုးနွယ်တွေရဲ့ရန်ကို ကြောက်လို့လား အ

''သူတို့ကို ငါ မကြောက်ပါဘူးကွယ်၊ ရန်ကိုရှော သဘောပါ၊ ငါလည်း ရည်ရွယ်ချက်မြောက်အောင် ကျင့်ရဦး ကိုတက်ရဦးမယ်၊ နဂါးတွေဟာ ခြေရာကောက်ကောင်း ကွယ့်၊ မင်းကိုလည်း အနံ့ခံပြီး လိုက်ရှာမှာ ကျိန်းသေ အဲဒါကြောင့် မင်းရဲ့မိသားစုကိုခေါ်ပြီး ရှာကရှောင်ထွက် တော့''

''ကျွန်တော့်ကိုယ်ထဲကိုရောက်နေတဲ့ သိဒ္ဓိရှင် ကိုကော အပိုးပြန်မယူတော့ဘူးလား''

''မယူတော့ပါဘူးကွယ်၊ မင်းရဲ့ကိုယ်ထဲမှာပဲ တ လုံးရှိပါစေတော့၊ ဒါပေမယ့် ဒီ သိဒ္ဓိဓါတ်ရှင်လုံးနဲ့ပတ်သ ဒီပစ္စည်းကိုအကြောင်းထားပြီး မကောင်းမှုမပြုလုပ်ပါနဲ့ ကို ပြန်ပြီးတော့ ထိနိုက်လိမ့်မယ်''

''ရွှေပုဆိန်ကြီးကိုလည်း မင်းပဲ ယူသွားပါ၊ က အတွက် ငါ ရင်းစားဖို့ထပ်ပြီး ပေးလိုက်ပါဦးမယ်လေ၊ ငါ မပျက်စေရပါဘူးကွယ်''

သူတော်ဂန္ဓသည် မိုးကို ကျောက်ဂူကြီး၏ အပြင် ခေါ်သွားခဲ့သည်။ ဆီးနှင်းများက ဝါဖွဲဖွဲနှင့်ကျဆင်းနေ





ကြသည်။ မကြာမီ အပင်တစ်ခုလုံး နှင်းဖတ်များဖြင့် ဖွေးဖွေး သောနေရာကို ရောက်လာခဲ့လေ၏။ ယင်းအပင်ကြီးကား င်လုံး ကျောက်သားအတိ ဖြစ်နေလျက်ရှိသည်။ ပင်ခြေရင်း ထက်လေးပေအကွာလောက်မှာ အခေါင်းပေါက်ကြီးတစ်ခု ရှိနေသည်။

''အထဲကို ဝင်သွား လူလေး၊ ရတနာတွေ တွေ့ရလိမ့် မင်းအလိုရှိသလောက် ယူပါ''

သူတော်ဂန္ဓက လက်ဖြင့် ညွှန်ပြလိုက်သည်။ မိုးလည်း ခေါင်းပေါက်ကြီးထဲသို့ ငုံ့လျှိုးကာ ဝင်လိုက်လေ၏။ ချက်ခြင်း အလင်းဖောက်မျက်လုံးများကြောင့် အမှောင်ထဲကို မြင်နိုင် လာခဲ့ရလေသည်။ အောက်မှာ သဘာဝအလျောက် ဖြစ်ပေါ် သော ကျောက်သားထစ်များ ရှိကြသည်။ လှေကားထစ်များ ဖြစ်သည်။ တဖြည်းဖြည်းနှင့် ဆင်းသွားခဲ့လေသည်။ ပေမျှလောက် ဆင်းသွားပြီးသောအခါ ကျောက်လှေ့ကြီး ကို တွေ့လိုက်ရလေသည်။

ကျောက်လှေ့ကြီးထဲမှာ ရွှေငွေကျောက်သံပတ္တမြားများ ပြည့်တွေ့လိုက်ရသည်။ မိုးသည် လောဘသက္ကာ ဖြစ်ပေါ် ရှိခဲ့ပေ၊ ကိုယ်မှာ ပတ်ထားသောအဝတ်စကို ရတနာများ ဖြန့်ခင်းလိုက်သည်။ လက်ဝါးနှစ်ဖက်ဖြင့် ကျုံးကာ တ်သည်။ လက်ခုပ်ထဲမှာ ပါလာကြသော ရတနာများသည် အတင့်မျှသာ ဖြစ်ကြသည်။ အဝတ်စထဲမှာ ထည့်လိုက် ထို့နောက် အစလေးဘက်ကို စုစည်းချည်နှောင်ကာ ဖြင့်ဆွဲ၍ မြေတွင်းထဲမှ တက်လာခဲ့လေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကျောက်သားပင်ကြီး၏ အခေါင်းပေါက်ဝမှ ပြန်ပြီးတော့ ထွက်လာခဲ့လေသည်။ သူတော်ဂန္ဓသည် မိုး၏ လက်ထဲက အထုတ်လေးကို ကြည့်လိုက်သည်။ ထို့နောက် ဘာမှမပြောတော့ဘဲ ကျောက်ဂူဆီကို လှည့်ပြီးတော့ ပြန်ခဲ့လေ သည်။

ကျောက်ဂူဆီကို ရောက်သောအခါ . . .

''ရွှေပုဆိန်ကြီးကို ထည့်လိုက်ပါဦးကွာ''

သူတော်ဂန္ဓက သတိပေးလိုက်သည်။ မိုးသည် ရွှေပုဆိန် ကိုထည့်ရန် အထုတ်ကို ဖြည်သည်။ အံ့အားသင့်စရာတစ်ခု ဖြစ်ပေါ်လာခဲ့လေသည်။ မိမိယူလာခဲ့သည့် ရတနာများသည် အနည်းငယ်မျှသာ ဖြစ်သော်လည်း အထုတ်ထဲမှာ သုံးဆမျှ ပြ နေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

''အဖိုး ကျွန်တော် ဒါလောက်အများကြီး ယူလာတာ မဟုတ်ဘူး၊ အခု ဘယ်လိုက ဘယ်လိုကြောင့် ဒီလိုဖြစ်သွား ရတာလည်း မသိဘူး''

''ငါသိပါတယ်ကွာ၊ရွှေပုဆိန်ကို ထည့်မှာထည့်လိုက်ပါ''

သူတော်ဂန္ဓက တိုက်တွန်းလိုက်သည်။ မိုးသည် နောက် ထပ်ဘာမှ စဉ်းစားမနေတော့ဘဲ ရွှေပုဆိန်ကို ထည့်လိုက်လေ သည်။ ထို့နောက် . . .

မိုးသည် ဒူးအစုံကို ထောက်ချလိုက်သည်။ လက်နှစ် ဖက်ကို ရှေ့သို့ဆန်းတန်း၍ ခါးကို ညွတ်ကာ မြေပြင်ကို လက် နှင့်ထိပြီး အရိုအသေပေးလိုက်လေ၏။

''ကဲ လာ၊ မင်းကို ငါလမ်းပြမယ်''





သူတော်ဂန္ဓက မိုးကို ကျောက်ဂူကြီးဆီသို့ မှုလလာသည့် အတိုင်း ပြန်ခေါ်သွားခဲ့သည်။ တစ်နေရာကိုရောက်သော ရှေ့မှာ သစ်ပင်ကြီးများကို မမြင်ရတော့လောက်အောင် များက ပိုမိုသိပ်သည်းများပြားစွာ ကျဆင်းလျက်ရှိနေသည်ကို လိုက်ရလေသည်။

''ကဲ သွားပေတော့''

သူတော်ဂန္ဓသည် မိုး၏ ကျောပြင်သို့ လက်ဖြင့်တွန်း လိုက်သည်။ မိုးသည် ရှေ့ကို ဟပ်ထိုးလဲကျသွားတော့မလို မှ သတိနှင့် ထိမ်းမိလိုက်လေ၏။ ချက်ခြင်းမှာပင် ခန္ဓာ သည် ပေါ့ပါးသွားပြီး ဖဝါးနှင့်မြေကြီး မထိသလို၊ ထိသလို လျှောက်နေမိသည်။

မိမိစိတ်ထဲမှာ ခရီးဝေးဝေးကို မည်မျှအထိ သွားရမလဲ တွက်ချက်နေမိသည်။ သူတော်ဂန္ဓနှင့်အတူ ပဒုမသောလ ကို လာခဲ့စဉ်က သိပ်ပြီးမကြာလိုက်သလိုပင်။ ယခုမိမိ တည်းဆိုလျှင် အလာတုန်းကလိုပင် မြန်မြန်မှရောက်နိုင် လားဟု တွေးနေမိသည်။ သို့သော် မိုး ထင်သလိုမဟုတ် မှာ နှင်းမြူတွေက တဖြည်းဖြည်းနှင့် ပါးလွှားလာခဲ့သည်။ ကျင်မြင်ကွင်းကိုလည်း ကောင်းစွာပင် ဖြစ်နိုင်ခဲ့စဉ်တွင် သည် ပီဖလန်းရွာကလေးဆီသို့ဝင်သော တောလမ်းပေါ်မှာ နေသည်ကို သိလိုက်ရလေသည်။

ရွာသို့ဝင်သောအခါ မိုးချုပ်စပြုနေလေပြီ။ ရွာသို့ ပြန် နွားအုပ်တစ်အုပ်ကြားထဲမှာ ရောနှောပြီး လိုက်ပါလာမိ မိမိရွာထဲသို့ ဝင်လာခဲ့သည်ကို မည်သူကမှ မသိကြ

www.burmeseclassic.com



မိုး ရုတ်တရက်ရွာသို့ ပြန်ရောက်လာသည့်အတွက် မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမများက အံ့အားသင့်သွားကြလေသည်။ မိုး ပြန်မလာသည့်အတွက် စိုးရိမ်ပူပန်နေကြသည့် မဟုတ်ပါလား။

"သားရယ် ဘာဖြစ်လို့ မိုးချုပ်ရတာလဲ၊ သားကောင်း ပါလာတာ၊ မပါလာတာထားပါ၊ ဒါက အကြောင်းမဟုတ်ပါဘူး အမေတို့က သားအသက်ဘေးအန္တရာယ်နဲ့ ကြုံတွေ့နေရပြီလား လို့ စိတ်ပူနေရတာ"

မိခင်က မိုးကို မြင်တွေ့လိုက်ရသည့်တိုင် မျက်နှာပြင် ထက်က စိုးရိမ်ပူပန်မှုက လျော့ပါးမသွားခဲ့ပေ။

"ငါ မပြောဘူးလား။ သားဟာ မိုးချုပ်ပေမယ့် ဘေးမသီ ရန်မခ ပြန်ပြီးတော့ ရောက်လာခဲ့လိမ့်မယ်ဆိုတာ"

ဖခင်ကလည်း မိုး ပြန်ရောက်လာသည့်အတွက် အားရ ဝမ်းသာစွာဖြင့် ဇနီးကို ပြန်ပြောနေလေသည်။

ထိုအခါကျမှ မိုးသည် မိမိက သူတော်ဂန္ဓအတွက် ဆောင်ရွက်ပေးခဲ့သည့်ကိစ္စသည် တစ်ရက်လောက်ပဲ ကုန်ခဲ့ ကြောင်း သိလိုက်ရလေသည်။ ညီငယ်နှင့်ညီမငယ်များကလည်း အစ်ကိုဖြစ်သူမိုးကို တွေ့လိုက်ရသည့်အတွက် စိတ်အေးကာ ပျော်ရွှင်သွားခဲ့ကြလေသည်။

"ကဲပါလေ ကျွန်တော်လည်း ပြန်ရောက်လာခဲ့ပြီပဲ စိတ်အေးအေးထားကြပါတော့၊ ကျွန်တော် အမေနဲ့အဖေတို့ကို အရေးကြီးတဲ့ကိစ္စ ပြောစရာရှိတယ်၊ ဒါပေမယ့် အခုပြောဖို့ အချိန်မရှိတော့ဘူး၊ ဒီကနေ ညတွင်းချင်းပဲ ကျွန်တော်တို့အား လုံး အမြန်ဆုံး ထွက်သွားကြရလိမ့်မယ်"





"ဟင် သား၊ ဒီကနေ ညတွင်းချင်းပဲ ထွက်သွားကြရမယ်၊ ဟုတ်လား၊ ဘာကြောင့်များလဲကွယ်၊ သား အမှားတစ်ခုခု များ ကျူးလွန်ခဲ့လို့လား၊ ပြောပြစမ်းပါဦးကွယ်၊ မထိတ်သာမလန့် သာ ရှိလိုက်တာကွယ်"

"ဟာ သား ဘာအမှားမှ မကျူးလွန်ခဲ့ပါဘူး အမေ၊ ကြုံတွေ့ရခဲ့ရတဲ့ အဖြစ်အပျက်တွေက ဆန်းကြယ်လွန်းလို့ တစ် ခိုင်တည်းနဲ့ ပြောပြလို့ပြီးမှာ မဟုတ်လို့ပါ၊ ကျွန်တော်တို့ ရေမြေ အသစ်၊ ပတ်ဝန်းကျင်အသစ်မှာ သွားပြီးအခြေချမှဖြစ်မယ့် ကိစ္စမို့ပါ"

မိဘနှစ်ပါးသည် မိုး၏ စကားကြောင့် တစ်ယောက်မျက် နှာတစ်ယောက် ကြည့်မိလိုက်ကြလေသည်။ ညီ ညီမများသည် လည်း မိုးပြောပြသည်ကို ဘာမှနားမလည်နိုင်ကြတော့။ သို့သော် အားလုံး၏ စိတ်ထဲမှာ အန္တရာယ်ဟူသော အသိက ဝင်လာခဲ့ကြ ခြင်း ဖြစ်သည်။ အန္တရာယ်တစ်ခုခုက ကပ်ပြီးပါလာ၍သာ မိုးသည် ဤရွာက ဆောလျင်စွာပင် ထွက်ခွာသွားကြရန် တိုက်တွန်းနေ ခြင်းပဲ မဟုတ်လော။

နောက်ဆုံးမှာတော့ . . .

မိုး၏ စကားကို လက်ခံလိုက်ကြလေသည်။ နောက်တစ် နေ့သို့မရောက်မီမှာပင်လျှင် မိုးနှင့်တကွ မိသားစုအားလုံးသည် ရွာမှထွက်သွားခဲ့ကြလေသည်။ နောင်အခါ သူတို့နှင့်ပတ်သက် သော အကြောင်းများကို မည်သူမှ မကြားသိကြရတော့ပါ။

\+ + + + +



www.burmeseclassic.com

www.burmeseclassic.com



မာနားသည် ရှေးဟောင်းဇာတ်ကြောင်းတစ်ခုကို စိတ်ရှည်စွာပင် ကံရာဇာအား ပြန်လည်၍ ပြောပြခဲ့သည်။ ကံရာဇာသည် လွန်စွာမှ နားထောင်၍ကောင်းသော ပုံပြင်တစ်ပုဒ်ကြောင့် နှစ်မျောသွားခဲ့ရသည်မှာ အမှန်ပင်။

မာနားသည် ဒဏ္ဍာရီဆန်ဆန် အဖြစ်အပျက်များကို မိမိဟိတ်ကူးဖြင့် ချဲ့ထွင်ကာ ပြောပြခဲ့သည်လည်း ဖြစ်နိုင်သည်။ တစ်ကယ့်ဖြစ်ရပ်များကို အခြေခံ၍ ပြောပြခဲ့သည်ဟုတ် မဟုတ်ကတော့ မသိနိုင်ပါချေ။ သူသည်လည်းပဲ တစ်ဆင့်စကားတစ်ဆင့် ကြားဖူးနားပနှင့် ပြောခဲ့ခြင်းဆိုသည့်တိုင် အပြစ်ဆိုဖွယ်ရာ မရှိပါ။

"ဦးပြောခဲ့တဲ့ အဖြစ်အပျက်တွေက အင်မတန်မှ စိတ်ဝင်စားစရာကောင်းလှပါတယ်၊ ဦးပြောချင်တဲ့စကားထဲမှာ ကျိန်စာဆိုတာနဲ့ပတ်သက်ပြီး မပါသေးဘူးနော်"

မာနားက တည်ငြိမ်သော မျက်နှာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။ နဖူးကြောကြီးတွေ ထောင်တက်နေသည်ကို မြင်ရခြင်းကြောင့် ကျိန်စာနှင့်ပတ်သက်ပြီး အလေးအနက်ထားကာ စဉ်းစားနေပုံရလေသည်။

"အေး၊ အဲဒါ ငါ မပြောဖြစ်သေးဘူး၊ ဒီလိုကွယ့် မိုးဟာ ပီဖလန်းရွာလေးက ထွက်သွားပြီး၊ နောက်နှစ်ရက်အကြာမှာပဲ ထူးဆန်းတဲ့အဝတ်အစားတွေ ဝတ်ထားကြတဲ့ လူတစ်စုဟာ ရွာကို ရုတ်တရက် ရောက်လာခဲ့ကြတယ်"

"အဓိကတော့ အဲဒီလူတွေဟာ မိုးကို လာရှာကြတာပဲ၊ ဒါပေမယ့် မိုးကတော့ ရွာမှာ မရှိတော့ဘူးလေ၊ မိသားစုနဲ့အတူ





ထွက်သွားခဲ့ကြပြီပေါ့၊ အဲဒီလူတွေထဲမှာ လူကြီးတစ်ယောက်က ညာဏ်ကြီးမကြီးပုံရတယ်၊ သူက ရွာသူရွာသားတွေကို ရန်မရှာမယ့် ပြောလိုက်တဲ့စကားတစ်ခွန်းကတော့ တော်တော်လေးကို ထိရောက်တယ်၊ စဉ်းစားစရာလည်းဖြစ်တယ်"

"ဘယ်လိုများ ပြောလိုက်လို့လည်း ဦး"

"အဲဒီလူကြီးဟာ မိုးပေါ်ကို မော့ကြည့်ပြီးတော့ ဒီအရပ်မှာ ရာသီဥတုကအစ ပြောင်းလဲမှု ဖြစ်ပါစေ၊ လူတွေလည်း နေ့မှာစ်၍ ညမှာငြိမ်သက်မှုအထိ ဖြစ်ပါစေလို့ ပြောလိုက်သတဲ့။

"အဲဒါ ဘယ်လိုအဓိပ္ပါယ်လဲ ဦး"

"မကြာခင်မှာပဲ ဒီအရပ်ဒေသမှာ ရာသီဥတုက ပြောင်းလဲလာတယ်၊ နှင်းတွေဟာ မိုးပေါ်ကနေ အဖတ်လိုက်၊ အဆုပ်လိုက် ကျလာသလိုပဲ၊ ပြီးတော့ အအေးဓါတ်က ပိုလာပြီး၊ တန်ရေ၊ မြစ်ရေ၊ ချောင်းရေမျက်နှာပြင်တွေတောင် ခဲလာခဲ့ကြတဲ့အထိပဲ၊ ဒါပေမယ့် ငါတို့ ခန္ဓလူမျိုးတွေဟာ ဘာတွေ ဘယ်လိုပဲပြောင်းလဲနေနေ၊ ဘယ်လောက်ပဲ အခက်အခဲတွေရှိနေနေ၊ ကိုယ့်နေရာကိုယ့်ဒေသက တဖဝါးမှကို မခွာနိုင်ခဲ့ကြဘူးလေ၊ အဲဒီတော့ . . . "

မာနားက စကားဆက်မည်ပြုစဉ်မှာ မိနူးတို့ မိသားစု ပြန်ရောက်လာခဲ့ကြ၍ မပြောဖြစ်ခဲ့ကြပေ။

"ဟော သူတို့တောင် ပြန်လာကြပြီ"

မာနားက နေရာမှ ထလိုက်လေသည်။ မီးနူးသည် ကံရာဇာကို ရွှန်းလဲ့သော မျက်ဝန်းမျူးဖြင့် ကြည့်လိုက်ပြီး . . .

"ဩော် ညီသည်က အဖနဲ့ စကားကောင်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုး''

''ဟုတ်တယ်၊ ညီမတို့တောင် အလုပ်ပြီးခဲ့မှကိုး''

''ဒီမှာက သိပ်ပြီးတော့အေးတယ်၊ ရှင် အအေးဒဏ်ခံနိုင်မှာ မဟုတ်ဘူး၊ ထင်းများများသုံးမှဖြစ်မှာ''

မီးနှုးက မီးပုံထဲသို့ ထင်းခြောက်တွေ တစ်ချောင်းပြီးတစ်ချောင်း ထိုးထည့်လိုက်လေသည်။ မီးရှိန်က တက်လာ၍ လုံလောက်သောအပူဓါတ်ကို ရလာခဲ့လေသည်။ မိုးချုပ်ကာနီးဖြစ်၍ ညစာထမင်းကို စားသောက်ဖို့ ပြင်ဆင်ကြသည်။ သူတို့စားသောက်နေကြပုံများမှာ အလျင်စလိုနိုင်လွန်းလှသည်ဟု ထင်မိသည်။

''စားလေ အ . . . အစ်ကို၊ စားပြီးရင် စောစောပဲ အိပ်ယာဝင်တော့၊ ခရီးလည်း ပန်းလာတယ် မဟုတ်လား''

''ရပါတယ်၊ ငါက စောစောမအိပ်တတ်ပါဘူး''

''အို ခါတိုင်းတော့ ဟုတ်တာပေါ့၊ သည်ကနေ့တော့ ပင်ပန်းလာတယ် မဟုတ်လား၊ စောစောသာ အိပ်ယာဝင်ပါ''

အိကျူးနှင့်အိဘူးတို့သည်လည်းကောင်း၊ မာနားနှင့်လီမားတို့သည်လည်းကောင်း ဂူအပြင်ဘက်ကိုထွက်ကာ မကြာခဏပင် မိုးကောင်းကင်ထက်ကို မော့ကြည့်နေကြသည်။

သူတို့သာလျှင်မဟုတ်၊ အပြင်ဘက်မှာရှိနေကြသော လူများသည်လည်း ကောင်းကင်ထက်သို့ပင် မော့ကြည့်နေကြသည်ကို တွေ့လိုက်ရလေသည်။

''သူတို့ ဘာကို ကြည့်နေကြတာလဲ၊ ဒီအရပ်မှာ နေကိုလည်းမမြင်ရဘူး၊ နှင်းတွေပိုပြီးကျလာလို့ ကြည့်နေကြတာလား။





နှင်းမုန်တိုင်းကျဖို့ အရိပ်အယောင်များ မြင်နေရလို့လား''

ကံရာဇာသည် နေရာတကာ မစပ်စုလို၍ မည်သူ့ကိုမှ မမေးတော့ပါ။ ပင်းပန်မှုဒဏ်ကြောင့် ငိုက်မြည်းလာသည်။ မိုးမချုပ်မီမှာပင် အိပ်ချင်စိတ်က အလိုလိုပင် ဖြစ်ပေါ်လာမိလေသည်။

ယောက်ျားတစ်ယောက်ဖြစ်ပြီး အိပ်ယာခပ်စောစော မဝင်သင့်။ အပျင်းထူသည်ဟု ထင်နေပေလိမ့်မည်၊ ထို့ကြောင့် မီနှုးပြင်ပေးသော အိပ်ယာထက်မှာ တခဏကျောခင်းမိလိုက်သည်။

သို့သော် . . .

ချက်ခြင်းလိုလိုပင် မျက်ခွံတွေလေးလာပြီး၊ အိပ်ပျော်သွားခဲ့လေတော့သည်။

ကံရာဇာသည် မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပါ။ ရုတ်တရက်ပင် လန့်ပြီးတော့ နိုးလာခဲ့လေသည်။ မိမိ၏ဘေးမှာ မီးလင်းဖိုက မီးတောက်နေလျက်ရှိဆဲ။ ကျယ်ဝန်းသော ဂူကြီးထဲ မိမိ၏အနားမှာ မည်သူတစ်ဦးတစ်ယောက်မှ မရှိကြ။

''ဟင် ဘယ်ရောက်ကုန်ကြပြီလဲ''

အံ့အားတသင့် ဖြစ်မိရသည်။ မိမိ၏ အိတ်ထဲမှ အားကောင်းသော လက်နှိပ်ဓါတ်မီးကို ထုတ်ယူလိုက်လေသည်။ နေရာမှထကာ ကျယ်ဝန်းသော ဂူထဲကို ဝင်လာခဲ့လေသည်။ မာနား(မီနှုး၏ဖခင်)သည် ဂူနံရံပေါ်ရှိ စင်တစ်ခုမှ တောင်ဆိတ်သားခြောက်ပြားလိပ်ကို လှမ်းပြီးတော့ ယူနေသည်။ သို့သော် စက္ကန့်တော်တော်ကြာသည်အထိ နေရာမှ မလှုပ်မယှက်နှင့် ရပ်နေသည်။ ထိုနေရာက မရွေ့၊ ကံရာဇာ အံ့အားသင့်သွားခဲ့ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟင် . . . ဒါ ဘယ်လိုဖြစ်တာလဲ"

ကံရာဇာသည် မီးထိုးကာ ကျော်သွားသည်။ မာနား၏ အနီးကို ရောက်လာလေသည်။ ထိုဟန်အတိုင်းပင် မာနားကား လုံးဝကို မလှုပ်မယှက်နှင့်ပင်။ မျက်နှာကို မီးထိုးကြည့်သည်။ မျက်တောင်တွေက မခတ်၊ ကြောင်တောင်ကြီး ဖြစ်နေသည်။

"ဦး . . . ဦး"

မာနား၏ လက်မောင်းကို ဖွဖွပင် ကိုင်ကာ ခေါ်လိုက်သည်။ မထူးပါ၊ မတ်တပ်အနေအထားနှင့် သတိလစ်နေသကဲ့သို့ပင်တည်း။

"ဟင်"

ကံရာဇာသည် ထိုနေရာမှ ချက်ခြင်းပင် ထွက်လာခဲ့သည်။ ကျန်ရှိနေသေးသော လူများကို လိုက်ရှာဖို့ပင်။

ဂူထောင့်တစ်နေရာမှာ လီမား(မာနား၏ဇနီး)ကို တွေ့လိုက်ရလေ၏။ မြက်ဖျာထူထူကြီးပေါ်မှာ ဝံသားရေကို ခင်းထားပြီး ထိုင်နေသည်။ လက်နှစ်ဖက်က သားမွေးဖြင့် ပြုလုပ်ထားသော အဝတ်အထည်များကို ကိုင်ထားသည်။ ဘေးမှာရှိသော အဝတ်အစားသုံးလေးထည်ကို သေသပ်စွာ ခေါက်ကာထပ်ထားသည်။ ထို့ကြောင့် အလုပ်လုပ်နေပုံရသည်။ သို့သော် သူမသည်လည်းပဲ ငြိမ်သက်လျက်ရှိသည်။ အဝတ်အစားများကို ခေါက်နေရင်းမှ ထိုသို့ဖြစ်သွားဟန်တူလေသည်။ သူမ၏ မျက်လုံးတွေက မွဲခြောက်နေခြင်းမရှိဘဲ ရှင်သန်နေလေသည်။ မျက်တောင်ကတော့ မခတ်။





"ဒါ ဘယ်လို ဖြစ်ကုန်တာလဲ"

ကံရာဇာသည် ထိုနေရာမှ လျင်မြန်စွာပင် ထွက်လာခဲ့လေသည်။ ကျယ်ဝန်းသော ဂူကြီးထဲမှာ ဂူလိုဏ်တွေကိုလည်း အခန်းများ ဖွဲ့ထားကြသည်။ ထို့ကြောင့် တစ်နေရာပြီးတစ်နေရာ လိုက်ရှာရာ၊ ဂူလိုဏ်ဂူတစ်ခုကို ပိတ်ကြမ်းစကြီးတစ်စဖြင့် ကာထားသည်။ ကံရာဇာသည် လိုက်ကာစနှင့် တူသောကြောင့် လက်ဖြင့် ဖယ်ရှားကာ အတွင်းသို့ မီးထိုးကြည့်လိုက်သည်။

"ဟင်"

တွေ့လိုက်ရပါပြီ။ မိန္နူးသည် မတ်တပ်ရပ်လျက် အနေအထားမှာ ရှိနေသည်။ လက်နှစ်ဖက်ကို ထုတ်ကာ လက်ဝါးတွေကို ဖြန့်ထားသည်။ မျက်နှာလေးက တည်နေပြီး၊ မျက်ဝန်းတွေကတော့ ရွှန်းလဲ့တောက်ပနေကြသည်။ ကျစ်ဆံမြီးနှစ်ခွ ကျစ်ထားသည်ဖြစ်ရကား နဖူးပြင်လေးမှာ တင်းတင်းလေးနှင့် ပြောင်ဝင်းနေသည်။

သူမ၏ အခန်းထဲကိုဝင်လာရင်းမှာပင် ယခုလို ဖြစ်သွားဟန်တူသည်။ ပန်းပုရုပ်ထုလေး ထုထားသလိုပင် ငြိမ်သက်နေသည်။ ဟန်ချက်ညီညီဖြင့် မတ်တပ်ရပ်နေသည်မှာ အံ့အားသင့်စရာကောင်းလှပေသည်။

"မိန္နူးရယ်"

ကံရာဇာက ညည်းတွားမိလိုက်သည်။ ကျောပြင်က အနောက်ကို အနည်းငယ် လန်နေသောကြောင့် မတော်တဆလဲကျသွားမည်ကို စိုးရိမ်လိုက်မိသည်။ ထို့နောက် အသာပွေ့ချီလိုက်ကာ အိပ်ယာထက်မှာ သိပ်လိုက်လေသည်။ စောင်ကိုလည်း

www.burmeseclassic.com



ခြုံပေးလိုက်သည်။

ထို့နောက် . . .

ဂူအပြင်ကို ထွက်လာခဲ့လေသည်။ အပြင်ဘက်မှာ နှင်းများက တဖွဲဖွဲနှင့်ကျနေကြသည်။ ဂူအနောက်ဖက်ကို လျှော လာခဲ့သည်။ လူနှစ်ယောက်ကို တွေ့လိုက်ရသည်။ အီကူးနှ အီဘူးတို့ပင်။ မြင်းစောင်းထဲမှာ မြက်ထုံးများကို ကျောမှီပြီးထေ ထိုင်နေကြသည်။ သို့သော် မလှုပ်မယှက်နှသင့် ငြိမ်သက်နေကြ သည်။ မြင်းလေးကောင်ကို တွေ့လိုက်ရသည်။ အံ့အားသင့်သွာ မိသည်က မိမိ၏မြင်းမှအပ အားလုံးသည် ရုပ်တုတွေလိုပ ငြိမ်သက်နေကြလျက်''

''ဘာ ဘာတွေ ဖြစ်ကုန်ကြပြီလဲ''

ကံရှာဇာလည်း မည်သို့မှ မတွေးတတ်တော့ပါ၊ အပြ ဘက်သို့ ပြေးထွက်လာမိခဲ့သည်၊ ခြေသလုံးတစ်ဝက်မျှထူထဲသော နှင်းဖတ်များကိုနင်းကာ ရှန်းကာ ဦးတည်ရာကို ထွက်လာမိ သည်။

လမ်းမှာ သမင်လှည်းတစ်စီးနှင့် အဖိုးအိုတစ်ယော ကို တွေ့လိုက်ရသည်။ အဖိုးအိုသည် လှည်း၏နောက်က လှည် သည် ပြေးနေရင်းက ရုတ်တရက် ရုပ်တန့်သွားဟန်တူသည် အဖိုးအို၏ လက်ထဲမှာ သမင်၏ကိုယ်ပေါ်မှာ ချည်နှောင်ထာ သော ကြိုးစကို ကိုင်ထားလေသည်။ လှည်းပေါ်မှာ သစ်သီးမျာ သစ်မြစ်၊ သစ်ဥများက ပါလာကြသည်။ အဖိုးအိုသည့် စိုက်ခင် ထဲက အပြန်မှာ အိမ်ကိုမရောက်မီ လမ်းတွင် ယခုလိုဖြစ်သွာ ဟန်တူသည်။





ထို့နောက် . . .

သစ်တုံးတစ်တုံးကို လူနှစ်ယောက်က ထမ်းလာရင်းလမ်း ရပ်နေကြသူများ၊ စကားတပြောပြောနှင့် လာနေကြရင်းက ယ်မောနေကြဆဲမှာပင် ရုတ်တရက်အမှောင်ရောက်လာ၍ ခြေအနေတစ်ခုမှာပင် ရပ်တန့်သွားခဲ့ကြသော မိန်းကလေး စ်ဦး၊ ပြေးလွှားနေရင်း ရပ်တန့်သွားသော တောင်ဆိတ်တစ် ကောင် စသည် စသည်တို့ကို လမ်းမှာ တွေ့လာခဲ့လေသည်။

''ဩော် သူတို့ပြောကြတဲ့ ကျိန်စာဆိုတာ ဒါများလား၊ ကျိန်စာမိလို့ ဒီလိုဖြစ်သွားကြတာ မဟုတ်ခဲ့ရင် ဘယ်လိုအကြောင်း ကြောင့် သတိလက်လွတ်ဖြစ်ကုန်ကြတာလဲ''

ကံရှာဇာသည် စိတ်မသက်သာစွာဖြင့် ခေါင်းကို ခါရမ်း လိုက်လေသည်။ ဂူထဲကို ပြန်ရောက်လာသည်နှင့် မိုးမလင်းမီ င် ဤရွာမှ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သည်။ ခဏ ကြာတွင် ကံရှာဇာသည် မိမိ၏ မြင်းပေါ်မှာ ရောက်နေလေပြီ။

မိုးချုပ်နေပေမယ့် ဖြူဆွတ်သော အလင်းဓါတ်ကြီးက ရာအားလုံးကို လွှမ်းခြုံထားသည်။ နှင်းဖတ်များက တဖွဲဖွဲ ကျဆင်းနေလျက် ရှိကြလေသည်။ ခရီးဆက်ထွက်လာသော် ည်၊ အရှိန်မလေး မိန်း၏ မျက်နှာလေးကိုသာ မြင်ယောင် မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၃)

## ရေခဲမြစ်ထဲကဆင်သေကောင်ကြီး

မိုးက တဖြည်းဖြည်းနှင့် လင်းလာခဲ့လေပြီ။ အလ... ရောင်က ပိုပြီးတော့ တောက်ပလာခဲ့သည်။ နေရောင်ကိုမြင်ရ... မဟုတ်၊ ပတ်ဝန်းကျင်မှ အရာဝတ္ထုများကို သိသာထင်ရှား... မြင်လာရသောကြောင့်ပင် ဖြစ်သည်။ နှင်းတွေက တဖွဲဖွဲ... ကျနေဆဲပင်။

ခန္ဓာကိုယ်ပေါ်မှာ ထူထဲသော သားမွေးအကျီကို ဝ... ဆင်ထားသော်လည်း အအေးဓါတ်က လွှမ်းကဲနေသည်။ ရှေ့... အေးခဲနေသော မြစ်ကြီးတစ်ခုကို တွေ့လိုက်ရသည်။

"ငါ ဘယ်လို နေရာမျိုးကို ရောက်နေတာလဲ"

ကံရာဇာသည် ထူးခြားစွာ ဖြစ်တည်နေသော ပတ်ဝ... ကျင်ကို နားမလည်နိုင်တော့။

"ငါ ရောက်နေတာ၊ အိန္ဒိယဘက်ပဲ၊ ဒါပေမယ့် ဒီ...





...ခဲပြင်ကြီး ဖြစ်နေရလောက်အောင် အေးခဲနေတဲ့ နေရာမျိုး ...နိုင်ပါဘူး"

သတိကတော့ ကြီးစွာထားနေရသည်။ သို့ဆိုလျှင် မိုမိ ...တည်နေခဲ့သည့် လက်ရှိကမ္ဘာကြီးသည် မည်သည့်ဇုန်မှာ ...နှန်ရစ်ခဲ့ပြီလဲ"

"မဖြစ်နိုင်ဘူး၊ ငါဟာ ဒီအာရှတိုက်ထဲမှာပဲ ရှိနေသေး ...ယ်၊ ဘယ်သူမှမရောက်သေးတဲ့နေရာကို ငါရောက်နေတာပဲ ...ဖြစ်ရမယ်"

ကံရာဇာသည် မိမိကိုယ် မိမိရော၊ ပတ်ဝန်းကျင် အခြေ ...နေကော သုံးသပ်မိလိုက်လေသည်။ စိတ်ထဲမှာလည်း ရေခဲ ...ကြီးပေါ်မှ ဖြတ်သန်းသွားလိုစိတ် ဖြစ်ပေါ်လာမိလေသည်။

"ယောက်ျားပဲ၊ ရောက်ရာပေါက်ရာပဲ ဒါပေမယ့် ဒီရေခဲ ...ကြီးပေါ်က ကျော်နင်းသွားလို့ ဖြစ်ပါ့မလား"

မြင်းပေါ်မှ ဆင်းလိုက်ပြီး၊ အေးခဲနေသော ရေခဲပြင်ကို ...က်နှင့် စမ်းကြည့်မိလိုက်သည်။

"အာ ကျောက်သားစိုင်ကြီးလိုပါပဲလား"

မာကျစ်ခဲနေသည်ကို ထိတွေ့ခံစားလိုက်ရသည်။ လူ ...ရာမြင်းပါ ဖြတ်ကျော်နင်း၍ရသည်။ ထို့ကြောင့် မြင်းပေါ်ကိုတက် ... တဖြည်းဖြည်းနှင့် နင်းလာခဲ့လေသည်။ မြင်းကလည်း မရဲ ...ရဲနှင့် နင်းလာသည်။ နောက်တော့ စိတ်ချသွားဟန်တူသည်။ ...တင်းဟင်းပင် ဖြတ်နင်းလာခဲ့လေသည်။ မြင်းခွာသံများက ...ကျောက်သားကို နင်းလာရသည့်ပမာ တဖျောက်ဖျောက်နှင့် ...က်ပေါ်လာနေကြသည်။ ယင်း အသံများသည် ပတ်ဝန်းကျင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပဲ့တင်သံပေးကာ ရိုက်ခတ်နေသည်။

တစ်နေရာကို ရောက်သောအခါ . . .

ရေခဲပြင်ထက်သို့ ထိုးထွက်နေသောအရာတစ်ခု မမျှော်လင့်ဘဲ တွေ့လိုက်ရလေ၏။ ကံရာဇာသည် ကျော်ပြင်ထ မှ အမဲလိုက်သေနတ်ကြီးကို ယူလိုက်ကာ ပစ်ခတ်ရန် ပြင်လို သည်။ မြင်းညိုကြီးကလည်း ဆက်ပြီးမလှမ်းတော့။ နေရာ တင် ရပ်တန့်သွားခဲ့လေသည်။

ရေခဲပြင်ထက်သို့ တစ်ထောင်ကျော်ကျော်ခန့် ထိုးထွ နေသော အရာကြီးက မလှုပ်မယှက်နှင့် ငြိမ်သက်လျက်ရှိသည် ခပ်လှမ်းလှမ်းက ကြည့်နေရသောကြောင့် ကျောက်တုံးကြီးတင် လား၊ သတ္တဝါတစ်ကောင်လားဟု ခွဲခြား၍မရ မသဲကွဲ။

"ငါတို့ကို အန္တရာယ်ပေးမယ့်ဟာ မဟုတ်ပါဘူးကွ ကကွာ သွားကြည့်ကြရအောင်"

မြင်းက လိမ္မာသည်။ လူစကားကို လူလောက်နီးပါ နားလည်သည်။ သူလည်း အကျိုးအကြောင်းကို အသိဉာ ဖြင့် ဆင်ခြင်နိုင်ပုံရသည်။ ထိုနေရာဆီကို တစ်လှမ်းချင်းပ ကျော်သွားသည်။ ငါးပေခန့်အကွာအဝေးကိုရောက်တော့ ပြန်ရပ်တန့်လိုက်လေ၏။

"ဟင်"

ရေခဲပြင်ပေါ်ကို ထိုးထွက်နေသော ယင်းအရာသည် မည်သည့်ဖြစ်သည်ကို သိလိုက်ရပါပြီ။ တောဆင်ရိုင်းကြီးတ ကောင်၏ ခေါင်းပိုင်းကြီးပင်တည်း။ ကံရာဇာသည် အံ့အားသ သွားကာ မြင်းပေါ်က ဆင်းလိုက်လေ၏။ ပိုင်းဖြတ်ကြိုးကိုတော





ိုင်ထားရသည်။ မြင်းကလန့်ပြီးတော့ ထွက်ပြေးသွားခဲ့လျှင် ိုးဆက်နိုင်တာမှာ မဟုတ်။

ဆင်ရိုင်းကြီး၏ ကိုယ်ထည်သည် ရေခဲပြင်အောက်မှာ မြှုပ်နေလျက်ရှိသည်။ လည်ပင်းအထိသာ ပေါ်နေပြီး၊ နှာ ောင်းကြီးနှင့် ကိုယ်ထည်ကြီးက အောက်မှာ၊ မယုံကြည်နိုင်စရာ ာင်းသည်က ကမ္ဘာဦးကာလက ဆင်ရိုင်းကြီးပင်တည်း။ သေဆုံးနေသည်မှာလည်း နှစ်သန်းပေါင်းများစွာချီ၍ ကြာမြင့်ခဲ့ ပြီ။

ရုတ်တရက် လက်စာလောမှာ သေဆုံးသွားခဲ့သည့် သား၊ မုန့်နွေး လက်ဆတ်လျက်ပင် ရှိသေးသည်မဟုတ်ပါ။ ကမ္ဘာဦးဆင်ရိုင်းကြီး သေဆုံးခဲ့သည်မှာ ကြာမြင့်ခဲ့လေပြီ သည်။

ဆင်ဦးကင်းထက်မှာ ဒဏ်ရာများကို တွေ့ရသည်။ ဦး ောက်အရိုးအဝက်ကိုပင် မြင်တွေ့နေရသည်။ တောခွေးများက ာက်စားသွားကြသည်ဟု ထင်ရသည်။

"ဒီအရပ်ဒေသမှာ ရာသီဥတုက မမျှော်လင့်ဘဲ ရုတ်တ ပြောင်းလဲလာလိမ့်မယ်၊ ရုတ်တရက်ကျလာတဲ့ အအေးဓာတ် သူတို့ရှောင်လွှဲဖို့ အချိန်မရလိုက်ကြဘူး။ ဒီဆင်ရိုင်းကြီးဟာ ကို ကူးရင်းမှာ သေခဲသွားတဲ့ ရေခဲကြောင့် ညှပ်မိပြီး၊ မရုန်း တော့ဘဲ သေဆုံးသွားခဲ့တာဖြစ်ရမယ်၊ အဲဒါအပြင် တစ်ခြား ကြောင်းက မရှိနိုင်တော့ဘူး"

တောဆင်ရိုင်းကြီးသည် လွန်စွာမှ အမွေးရှည်လှသည်။ ဦးခေါင်းက ကျက်စားသွားလာနေကြသော ဆင်ရိုင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင် အစစ်အမှန်ပင်တည်း။

ကံရာဇာသည် သေခုံးနေသော ဆင်ရိုင်းကြီး၏ေ
မြင်းကို အသော့နှင်လာခဲ့သည်။ ရေခဲမျက်နှာပြင်သည် အပေ
ထုက ငါးပေခွေလောက်ကို အေးခဲကာမာကျောလျက်ရှိသည်

ထိုစဉ် . . .

မရှုပေနှစ်ဆယ် အကွာလောက်မှာ အက်ကြောင်း
တစ်ခုက တဖြည်းဖြည်းနှင့် ဖြစ်ပေါ်လာလျက် ရှိလေသ
ကံရာဇာသည် မြင်းကို နှင်နေရာမှ ရပ်တန့်လိုက်သည်။ ရေ
သည် မည်သည့်အကြောင်းကြောင့် အက်ကြောင်းကြီး ဖြ
လာမှန်းမသိရ။ စိတ်ဝင်စားစွာဖြင့် ကြည့်နေဆဲမှာပင် . .

"ဂျွတ် . . . ဂျွတ် . . . ဂျွတ်"

အက်ကွဲကြောင်းများဆီက တဂျွတ်ဂျွတ်နှင့် မြည်
ကြလေသည်။ ကံရာဇာသည် ရေခဲပြင်အရည်ပျော်ကာ ဤ
ကျိုးပဲ့ခြင်းဖြင့် အစပြုလာခဲ့သလောဟု ထင်မိလိုက်သ
အတွေးက မဆုံးလိုက်ပါ။

ထိုစဉ်မှာပင်လျှင် . . .

"ဖြောင်း . . . ဝုန်း"

ပြင်းထန်သော အသံကြီးတစ်ခုက ထွက်ပေါ်လာသ
ငါးပေပတ်လည်ခန့်သည် ပွင့်ထွက်သွားကာ ရေထဲက သ
သတ္တဝါကြီးတစ်ကောင်သည်လည်း ရုန်းကန်ပြီးတော့ ထွ
လာခဲ့လေတော့သည်။ ရှည်မျော်မျောသတ္တဝါကြီးတစ်ကော
ပြီး မိကျောင်းကြီးတစ်ကောင်နှင့် တော်တော်လေးကို တူ
သည်။ ခြားနားချက်တစ်ခုကား နားယောင်အထက်မှာ ချ





ချောင်းပါ ရှိနေခြင်းပင်တည်း။

"ဟာ မိကျောင်းကြီး"

အရှည်ပေသုံးဆယ်ခန့်ရှိသော မိကျောင်းကြီးသည် ရေခဲ
ပြင်ပေါ်ကို ရောက်လာသည်နှင့် ပါးစပ်ကြီးကိုဖြဲကာ တဟဲဟဲ
အသံပြု၍ ကံရာဇာကို ရန်မူရန်ကြိုးစားလေတော့သည်။

ကံရာဇာသည် ဤမျှကြီးမားသော မိကျောင်းကြီးမျိုးကို
တစ်ခါမှ မတွေ့ဘူးပါ။ အံ့အားတသင့်ဖြင့် မင်တက်မိကာ ကြည့်
နေမိသည်။ မိကျောင်းကြီးကား ရေမျက်နှာပြင်ထက်က မြင်းခွာ
သံများကြောင့် ဒေါသတကြီးဖြင့် တိုက်ခိုက်ရန် တက်လာခဲ့ခြင်း
ပင်တည်း။ ဤမျှထုထဲလှသော ရေခဲထုကြီးကို ဖောက်ပြီး ထွက်
လာနိုင်သည့် မိကျောင်းကြီး၏ အင်အားကို လျှော့တွက်၍မရနိုင်
ပါ။ ရေခဲထုမျက်နှာပြင်ကြီး၏အောက်မှာ ရေပြင်ကြီးက ရှာနေ
သည်။ ရေသတ္တဝါများ ကျက်စားနေပေလိမ့်မည်။

မိကျောင်းကြီးကား ယခုမျက်မှောက်ခေတ်ကာလ
မိကျောင်းမျိုးနှင့်မတူ။ ပုံပန်းသွင်ပြင်က အစတမူထူးခြားလျက်
ရှိနေလေသည်။ ကမ္ဘာဦးခေတ်ကာလက သတ္တဝါကြီးပင်တည်း။

ယင်းမိချောင်းကြီးသည် ပါးစပ်ကြီးကိုဖြဲကာ ကံရာဇာဆီ
သို့ တဟုန်ထိုးပင်။ ပြေးလာခဲ့လေသည်။ အာခေါင်ကြီး
ခြင်ခြင်နီရဲတက်နေကော ကင်းလိပ်လျှောတစ်ကောင်ကဲ့သို့ပင်
လူ့ပ်ရှားပုံ မြန်ဆန်သွက်လက်လှပေသည်။ ဤမျှမြန်ဆန်စွာ
ပြေးလာနိုင်သည်။ မိကျောင်းမျိုးသည် ဤမိကျောင်းမျိုးပင် ဖြစ်
နိုင်သည်။ ကမ္ဘာပေါ် အခြားမည်သည့်နေရာမျိုးမှာမှ ရှိနိုင်လိမ့်
မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာသည် မြင်းပေါ်မှနေ၍ မိကျောင်းကြီး၏ပါးစပ်ထဲကို သေနတ်ဖြင့် ထိုးချိန်ကာ ပစ်ထည့်လိုက်လေ၏။

"ဒိုင်း"

ကော်ဒိုက်ယမ်းအား ပေါက်ကွဲသံသည် ကျယ်လောင်စွာပင် ထွက်ပေါ်လာခဲ့လေ၏။ ကျည်ဆံသည် အာခေါင်ကို ဖောက်ကာဝင်သွားပြီး၊ ခေါင်းနောက်မှ ဖောက်ထွက်လာခဲ့လေ၏။ မိကျောင်းကြီးသည် ကျည်တစ်ထောင့်နှင့်ပင် ကိစ္စချောသွားခဲ့လေ၏။

သို့သော် . . .

နောက်ထပ်ရေခဲပြင်အက်ကြောင်းများ ဖြစ်ပေါ်လာကာ မိကျောင်းကြီးတစ်ကောင်က ထွက်လာခဲ့ပြန်လေ၏။ နောက်ထပ် မိကျောင်းများ ထွက်ပေါ်လာရန် အလားအလာများစွာပင် ရှိနေကြသေးလော။

"မဖြစ်ဘူး"

ကံရာဇာသည် မြင်းကို ဒုန်းစိုင်း၍နှင်ကာ တဟုန်ထိုးပင် ထွက်လာခဲ့ရလေတော့သည်။ ရေခဲပြင်အောက်မှာ ကျက်စားနေကြသော ကမ္ဘာဦးမိကျောင်း၊ အုပ်စုကြီးရှိနေတာကတော့ ကျိန်းသေသည်။ တစ်မိုင်ခန့် ကျယ်ပြန့်သော ရေခဲမြင်ကြီးကို ကန့်လန့်ဖြတ်၍ ဖြတ်သန်းလာခဲ့လေရာ၊ မကြာမီ တစ်ဖက်ကမ်းဆီကို ချောမောစွာပင် ရောက်လာခဲ့လေ၏။

"ဖူး တော်ပါသေးရဲ့၊ တော်တော်ကြောက်စရာကောင်းတဲ့ မိကျောင်းတွေပါလား"

ကံရာဇာသည် ယခုမှပင် သက်ပြင်းချမိရလေတော့





သည်။ ညအမှောင်ကာလပေမယ့် ပန်းကျင်သည် မှောင်မနေပဲ၊ သဘာဝအလင်းဓါတ်ကြီးက ဖြူဆွတ်သော နှင်းထုကြီးကို ရိုက်ခတ်ကာ တောက်ပနေသည်။

သူရောက်နေသော နေရာသည် သစ်ပင်များထူထပ်သော တောအုပ်ကြီးတစ်ခု ဖြစ်နေသည်။ နှင်းများ ဖုံးလွှမ်းနေသော တောင်ကြီးတစ်တောင်က တောအုပ်ကြီး၏ အလယ်မှာ ရှိနေသည်။ တောလမ်းတစ်လမ်းကို ရှေ့မှာတွေ့လိုက်ရသည်။ အဖြူရောင်အစင်းကြောင်းကြီး ဖြစ်နေပြီး၊ ဘေးတစ်ဖက်တစ်ချက်မှာ အင်းများဖုံးလွှမ်းနေသော အနက်ရောင် ကျောက်တုံးများက ဝန်းရံထားကြသည်။

"ဒါ သဘာဝအလျောက် ဖြစ်ပေါ်နေတာ မဟုတ်ဘူး၊ လူတွေက တမင်တန်းစီထားကြတဲ့လမ်းပဲ"

ကံရာဇာက မှတ်ချက်ချလိုက်လေသည်။ ဤနေရာတွင် အသိဉာဏ်ရှိသော သတ္တဝါတွေနေထိုင်ခဲ့ဖူးကြသည်လောဟု ချင့်ချိန်ကာ တွေးနေမိရလေသည်။

ထိုစဉ် . . .

သူ စီးလာသောမြင်းသည် ရုတ်တရက် ဟီလိုက်လေသည်။

"ဟီး . . . ဟီး . . . ဟီး . . . ဟီး"

"ဟာင် . . . ရန်သူ"

မြင်းသည် အန္တရာယ်တစ်ခုခုကြောင့် ယခုကဲ့သို့ ဟီလိုက်သည်ဟု သဘောပေါက်သွားခဲ့ရလေ၏။ ကံရာဇာသည် မြင်းကို ခပ်သွက်သွက်ကလေးနှင်ရင်း ကျောက်လမ်းတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လာမိခဲ့သည်။ မြင်းခွာများ၏ ရုပ်တိုက်မှုကြောင့် လမ်းပေါ်မှ နှင်းများက ဖွာကနဲ ဖွာကနဲ ဖြစ်သွားခဲ့ကြလေသည်။

ကံရာဇာ၏ မျက်လုံးတွေက ဘေးဘီဝဲယာကို ကြည့်သွားခဲ့သည်။ သစ်ပင်များ၊ ကျောက်တုံးဖွေးဖွေးများကို အကာအကွယ်ယူ၍ ချောင်းမြောင်းကြည့်ရှုနေကြသော လူရိပ်သဏ္ဍာန်များ တိရစ္ဆာန်တွေကတော့ ဤကဲ့သို့ တစ်ကောင်ချင်း ချောင်းမြောင်းကာ ကြည့်နေကြမှာမဟုတ်။

"ငါ့ကို တိတ်တဆိတ်ချောင်းမြောင်းနေကြတယ်၊ ဒေသခံတွေပဲ ဖြစ်ရမယ်၊ အကောင်လားမသိ၊ အဆိုးလားမသိ၊ ငါ့ကို ဝိုင်းပြီးတော့ လိုက်ကြမှာ ကျိန်းသေတယ်၊ လူရိုင်းတွေဆိုရင်တော့ ငါ့အသက်ကို ချမ်းသာပေးကြမှာ မဟုတ်ဘူး"

ကံရာဇာသည် မသိကျိုးကျွန်ပြုပြီး မြင်းကိုမှန်မှန်နှင်နေရာက မထင်မှတ်ဘဲ တဟုန်ထိုးပင် ပြေးထွက်ခဲ့လေတော့သည်။

"ပြေးပြီ၊ လိုက်ကြ"

နောက်မှ အသံများက ထွက်ပေါ်လာခဲ့ကြလေသည်။ ကံရာဇာကကောင်းသွားသည်။ သူ့ကို မြင်းရိုင်းများ စီးထားကြသော လူတစ်စုက ဂငယ်သဏ္ဍာန် တဖြည်းဖြည်းဝိုင်းလာကြရာက စက်ဝိုင်းအဆင့်ကို ရောက်မလာမီ၊ လုံးဝပိတ်မိမသွားမီကပင် လွတ်ကွက်သွားခြင်းပင် ဖြစ်သည်။

လိုက်လာကြသောသူများသည် မြင်းရိုင်းများသည် မြင်းရိုင်းများကို ကျွမ်းကျင်စွာ ကိုင်တွယ်ကာ တဟုန်ထိုးပင် ပြေးလိုက်လာခဲ့ကြသည်။ ထိုသူတို့၏ ပြောစကားများကို ကံရာဇာ ကြားလိုက်ရသော်လည်း နားမလည်ပါ။





နောက်ကိုသာ သေချာစွာလှည့်ကြည့်မိလျှင် ထူးခြားသော ရုပ်သွင်များကို တွေ့ရလိမ့်မည် ဖြစ်သည်။ ထိုသူတို့၏ မျက်နှာကြီးများသည် လေးထောင့်စပ်စပ်ဖြစ်နေကြ နှုတ်ခမ်းတွေက ငှက်ကြီးတစ်ကောင်၏ နှုတ်ခမ်းများပမာ [ငှက်နှုတ်သီးများလိုပင် ချွန်နေကြသည်။ ပါးစောင်သည် ကျယ်ပြန့်ပြီး သိသာစွာပင် ပြူနေ၏] ရှိနေကြသည်။ နားခေါင်းသည် ပေါ်ရုံလေးသာ ပေါ်နေကြသည်။ ကြီးမားသော နားခေါင်းပေါက်များ ရှိနေကြသည်။

မျက်လုံးတွေက အမြှုသားခံကာ အနက်စက်လေးတစ်စက်သာလျှင်ရှိသည်။ တိမ်သလ္လာစွဲကပ်နေသော မျက်လုံးများကဲ့သို့ပင် ခေါင်းမှ ဆံပင်များကတော့ ကုပ်ပေါ်၊ ကျောပြင်ပေါ် ဝဲကျနေကြသည်။ အချို့ကော်တော်လေးကို ရှည်လျားနေကြသည်။ မျက်နှာပြားကြီးသည် ခွက်ဝင်နေပြီး မေးရိုးကြီးတွေက ချွန်ထွက်နေကြသည်။ အသားမရှိဘဲ အရည်ပြားများချည်းသာ ဖုံးအုပ်ထားကြသလိုပင်။ ထိုသူများ၏ လက်ထဲမှာ ရှည်လျားသော လှံတံကြီးများ၊ ဖျက်ကျယ်သောဓါးကြီးများ၊ ရဲခင်းကြီးများ နှင့်လေးမြားများသို့ ကိုင်ဆောင်ထားကြသည်။

မြင်းကြီးတွေကလည်း ကျောလျားရှည်လျားကြကာ အမွေးထူထူကြီးများ ရှိကြသည်။ သန်စွမ်းကြသည်။ အပြေးမြန်ကြသည်။ ကံရာဇာသည် နောက်ကိုတစ်ချက်သာ လှည့်ကြည့်မိလိုက်ရုံနှင့် ထိုသူများ၏ ပုံပန်းသဏ္ဍာန်ကို အမိအရ ဖမ်းယူနိုင်ခဲ့သည်။ မှတ်သားနိုင်ခဲ့သည်။ ဤကား သူ၏ အနည်းကျဉ်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘယ်လိုရုပ်ရည်မျိုးတွေလဲ၊ ဘာကောင်ကြီးတွေလဲ"

လူဟုသာ သတ်မှတ်လိုက်ရသည်။ မျက်နှာတွေက ငှက်ဟစ်ကောင်၏ မျက်နှာမျိုးပင်၊ တစ်ချို့က ကြမ်းတမ်းသော၊ ခက်ထန်သော၊ ရက်စက်သော မျက်နှာမျိုးများပင်။

"သင်းတို့သာ ငါ့ကို မိသွားကြရင်တော့ မလွယ်ဘူး"

ကံရာဇာသည် ပစ္စကိုသေနတ်ဖြင့် လှည့်ပစ်ကာ တစ်ယောက်ယောက်၏ ဗိုက်ကို ခြွေပစ်လိုက်မည်ဟု စဉ်းစားမိလိုက်သေးသည်။ သို့သော် မိမိက စပြီးတော့ပစ်လျှင် မှားယွင်းမှုတစ်ခု ဖြစ်သွားနိုင်သည်။ သူတို့၏ ဒေါသစိတ်ကိုဆွပေးလိုက်သလို ဖြစ်သွားလိမ့်မည်။

ထို့ကြောင့် . . .

မည်သို့မှ မတုန့်ပြန်တော့ဘဲ မြင်းကိုသာ ဒုန်းစိုင်းနှင်၍ အပြေးဟင် ထွက်လာခဲ့လေ၏။ နောက်မှာ လူများကို သေသေချာချာ ကြည့်မိပါက ကိုယ်ပေါ်မှာ ငှက်ကြီးကောင်များသဖွယ် ခြုံထားသော ဝတ်ရုံများကို တွေ့ရလိမ့်မည်။ ယင်းဝတ်ရုံကြီးများသည် နှစ်ထပ်ဖြစ်ကြပြီး ငှက်အတောင်များကို မြုလုပ်ထားကြခြင်းပင် ဖြစ်ကြသည်။

"ဟိတ် ပြေးပြီ၊ မြန်မြန်လိုက်ကြစမ်း"

ခေါင်းဆောင်နှင့်တူသူ အံပင်ရှည်ရှည်နှင့်လူကြီးက ဒေါသဟာကြီးဖြင့် အမိန့်ပေးလိုက်လေ၏။ သူ့ကိုယ်ပေါ်က ငှက်အတောင်ကြီးနှစ်ခုက ပိုပြီးတော့ ကြီးမားသည်။

ထိုစဉ် . . .





"စီ . . . စီ . . . စီ . . . စီ"

ငှက်မျက်နှာနှင့်လူများထံမှ တစီစီနှင့်အသံများက ထွက်ပေါ်လာခဲ့ကြလေသည်။ ရင်ခေါင်းထဲက ညှစ်ပြီးတော့ ထွက်ပေါ်လာသည့် အသံများက တောထဲတောင်ထဲမှာ တစ်ခါတစ်ရံထွက်ပေါ်လာတတ်သည်။ ငှက်တစ်မျိုး၏ အော်မြည်သံကဲ့သို့ပင်တည်း။

ကံရာဇာကား သူ၏မြင်းကို မညှာတာနိုင်တော့။ အားနာ ။းနာနှင့်ပင် တရကြမ်းပြေးခိုင်းရလေတော့သည်။

"အားတော့နာပါတယ်ကွာ၊ ဒီလိုမှ မလုပ်ရင် မဖြစ်လို့ပါ"

မြင်းညိုကြီးကလည်း အလိုက်သိသည်။ အင်အားကို အကုန်သုံးပြီးတော့ ပြေးသည်။ ထိုစဉ်မှာပင် . . .

"ဝှမ်း"

မြှားတစ်စင်းက ကံရာဇာ၏ ခေါင်းပေါ်မှ ဖြတ်ကျော်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၁၄)

## ငှက်မျက်နှာနှင့်လူများ

ကံ့ရာဇာ၏မြင်းက အားကောင်းမောင်းသန်မြင်းမျိုး အရေးကြုံက အားကိုးရမှန်းသိသာသည်။ နောက်မှထပ်ချပ်မကွာ လိုက်လာကြသည်။ မြင်းများကို ပြတ်ကျန်ခဲ့အောင် လုပ်နိုင်စွမ်း ရှိခဲ့သည်။

ထိုစဉ် . . .

မြင်းဟစ်စီးက ကံ့ရာဇာမြင်း၏နောက်ကို လိုက်လာနိုင်စွမ်းရှိခဲ့သည်။ မြင်းတွေကြားထဲမှ ကျွံပြီးတော့ ထွက်လာခဲ့သည် ကံ့ရာဇာက မသက်ာ၍ လှည့်ကြည့်မိလိုက်သည်။

"ဟင် တော်တော်ကောင်းတဲ့ မြင်းပါလား"

မြင်းပေါ်မှ ငှက်မျက်နှာနှင့်လူသည် လက်မှာကိုင်ထားသော လှံတစ်ချောင်းကို ပစ်လွှတ်လိုက်သည်။

"ဖုစ်"





ထိုသူသည် အားလုံးထဲမှာ အားကောင်းမောင်းသန်ရှိသုံးလူ သူလွှဲပစ်လိုက်သည့် လှံကြီးက လေထဲမှာ အရှိန်ပြင်းစွာဖြင့် ဝီခနဲပြီးတော့ ပြေးထွက်သွားသည်။ ကံ့ရာဇာ၏ နောက်က လိုက်လာခဲ့ပေသည်။ ကံ့ရာဇာသည် မြင်းကို ချက်ခြင်းပင် လမ်းကြောင်းလွှဲပစ်လိုက်ရသည်။ လှံတံကြီးက ကံ့ရာဇာနှင့်တစ္ပာ အကွာအဝေးလောက်က ပွတ်ကာသီကာပင် ထွက်သွားခဲ့လေ၏။

"တောက်"

ထိုသူသည် မကျေမနပ်ဖြင့် တက်တစ်ချက်ခေါက်လိုက်လေ၏။ မြင်းကိုလည်း တအားဒုန်းဆိုင်းကာ နှင်လာသောကြောင့် ကံ့ရာဇာနှင့် သိပ်မကွာဝေးတော့ပါ။ ထိုသူသည် ခါးမှာ ချိတ်ထားသော ရဲဒင်းကို လက်တစ်ဖက်က ဖြုတ်လိုက်သည်။ ကံ့ရာဇာကို အနီးကပ်တိုက်ခိုက်တော့မည်ဟုန်ပင်၊ ကံ့ရာဇာကလည်း နီးကပ်လာပြီဖြစ်သော ရန်သူကို အတော်ပင် သတိထားနေမိရလေပြီ။

"မဟုတ်တော့ဘူး။ ဒီကောင်က စလာမှတော့ ငါကလည်း တုန့်ပြန်ရမှာပဲ"

ကံ့ရာဇာသည် သားမွေးအကျီအောက်ကို လက်ထိုးနှိုက်လိုက်သည်။ ချိုင်းအောက်မှာ ပစ္စတိုသေနတ်ကြီးကို ထုတ်ယူလိုက်သည်။ နောက်ကလိုက်လာသော ငှက်မျက်နှာနှင့်လူကြီးသည် ကံ့ရာဇာဆီကို ရောက်လာလေတော့သည်။ ရဲဒင်းကြီးကို ညာလက်က မြှောက်ကာ တအားခုတ်ချလိုက်သည်။

ထိုအခါ . . .

ကံ့ရာဇာသည် မြင်းပေါ်မှနေ၍ နောက်ကို သက်ကနဲဆို



www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်ပြီ။

"မင်းကို ငါ ဒါလောက်ပဲ အခွင့်အရေးပေးတော့မယ်"

ပစ္စတိုသေနတ်ဖြင့် ပစ်ထည့်လိုက်လေ၏။

"ဒိုင်း"

"အား"

ထိုသူ့ထံမှ နက်ကျောသောအော်သံကြီးက ထွက်ပေါ်လာသည်။ အနီးကပ်ပစ်လိုက်သောကြောင့် မြင်းပေါ်မှ နောက်ပြန်လန်ထွက်သွားသည်။ အောက်ကို ကျသွားခဲ့လေသည်။ ထိုသူ၏ ကိုယ်လုံးသည် အင်ဖတ်ပြုဖွေးဖွေးများနှင့် လုံးထွေးသွားခဲ့သည်။

"စိတ်မကောင်းပါဘူးကွာ၊ မတတ်နိုင် အသက်လုရမှတော့၊ ကိုယ်ကအရင်လက်ဦးမှ ဖြစ်မှာ"

"နောက်က လိုက်လာကြတဲ့လူတွေကတော့ လမ်းမှာကျပြီး ကျန်ရစ်ခဲ့ကြတဲ့ သူ့လူတွေကို တွေ့သွားကြမှာပဲ"

ကံရာဇာတွေးမိသည့်အတိုင်း မှန်သည်။ လိုက်လာကြသူများသည် လမ်းမှာ သေနတ်ဒဏ်ကြောင့် သေဆုံးပြီး ကျကျန်ရစ်ခဲ့သောသူကို မြင်တွေ့လိုက်ကြရလေ၏။

"ဟာ ငါတို့လူ သေသွားပြီ၊ ဟိုအကောင် ဘယ်လိုလုပ်သွားသလဲမသိဘူး၊ ဆက်လိုက်ကြ"

ခေါင်းဆောင်လူကြီးက ဒေါသတကြီးဖြင့် ပြောလိုက်လေသည်။ ထို့ကြောင့် နောက်က တရုမန်းကြမ်းပင် လိုက်သွားကြလေတော့သည်။

+ + + + +





ထိုအချိန်တွင် . . . ၊

ကံရာဇာသည်ကား . . . ၊

"ငါ ဒီအတိုင်း ဆက်ပြေးနေလို့ မဖြစ်တော့ဘူး၊ တစ်နေရာမှာ ပုန်းအောင်းနေရတော့မယ်"

မြင်းညိုကြီးသည်လည်း ခွန်အားကုန်ကို သွန်ပြီးတော့ သုံးလာ၍ ပင်ပန်းလှလေပြီ။ အနားပေးရတော့မည်။ တောလမ်းလေးတစ်ခုကို လွန်မြောက်သွားသောအခါ ရှေ့မှာယှဉ်လျက်ရှိသော တောင်ကုန်းကြီးနှစ်လုံးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

မြင်းသည် ကျဉ်းမြောင်းလှသော တောင်ကုန်းကြီးနှစ်ခုကြားမှ ဖြတ်ထွက်သွားခဲ့လေသည်။

လမ်းက တစ်လမ်းတည်းသာရှိသည်။ ညာဘက်သို့ တွေ့သည့်လမ်း ဂူကြီးတစ်လုံးရှေ့မှာ ဘွားကနဲဆို ပေါ်လာခဲ့လေ၏။ နှင်းများပက်လာကြသဖြင့် ဂူမျက်နှာပြင်နံရံများသည် ဖွေးဖွေးထလျက်ရှိနေကြသည်။

မြင်းညိုကြီးသည် ဂူရှေ့က ဖြတ်သွားမည်ပြုရာ ကံရာဇာစိတ်ကူးရသွားသည်နှင့် . . .

"ဒီအထဲကို ဝင်ဟေ့"

မြင်းညိုကြီးက ဇက်ကြိုးကိုင်ထားသော ကံရာဇာ၏ အလိုကျ ဂူထဲကို ဝင်သွားခဲ့လေသည်။ ကံရာဇာဝင်သွားပြီး နောက်ခြင်းမှာပင် ဂူပေါ်ကနှင်းများက အောက်ကို ပြိုကျလာခဲ့ကြသည်။

"ဝေါ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဖတ်၊ နှင်းခဲများက ဂူပေါက်ဝကို ပိတ်ဆို့သွားခဲ့ကြလေသတည်း။ နောက်မှလိုက်လာကြသောသူများသည် ထိုဂူသေနားမှာပင်လျှင် ဖြတ်ကျော်တက်သွားခဲ့ကြလေသည်။ မြင်းညိုကြီးက ဂူထဲသို့ တောက်လျှောက်ပင်ဝင်လာခဲ့သည်။ ဂူလမ်းကြောင်းရှည်လျားပုံရသည်။ အထဲကိုဝင်လာလေလေ မှောင်လာလေလေဖြစ်၏။ ရှေ့ကို ဝိုးတဝါးသာ ဖြစ်ရတော့သည်။

ထို့ကြောင့် . . .

မြင်းပေါ်မှ ဆင်းလိုက်ရသည်။ ဤနေရာမှာ အချိန်တော်တော်ကြာကြာလေး နိုအောင်းပြီးတော့ နေရမည်ဟု နားလည်လိုက်ရသည်။ ဂူကြီး၏ အခြေအနေကိုသိရန်အတွက် ကျောအိတ်ထဲက လက်နှိပ်ဓါတ်မီးကို ထုတ်ယူလိုက်သည်။ မီးရောင်အောက်မှာ ဂူကြီး၏ အတွင်းသက်ကို ထင်ရှားစွာပင် မြင်လိုက်ရလေသည်။ တောက်လျှောက်ကျယ်ပြန့်သော ကျောက်ဂူကြီးတပုံးပင်တည်း။

"အထဲမှာ အကျယ်ကြီး ရှိသေးတာပဲ"

အပြင်မှ ရန်သူများက မိမိကိုမတွေ့လျှင် ကျနေရာပြန်လှည့်လာကြကာ အနီးပတ်ဝန်းကျင်စွင် လှည့်ပတ်ပြီးတောရှာကြဦးမှာ ကျိန်းသေသည်။ ထို့ကြောင့် ပိုပြီးတော့ စိတ်ချစေရန် အတွင်းသက်ကို ရနိုင်သမျှ တိုးပင်သွားမည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

ဂူထဲမှာ အေးစိမ့်နေသော်လည်း အသက်ရှူရှိုသည်လေအလုံအလောက် ရရှိနေသည်။ မြင်းညိုကြီးကလည်းအလိုက်သိသည်။ ငြိမ်သက်စွာ လိုက်ပါလာလေသည်။ တူးမြ





ည်မှာ မြေမှာစုပုံထားသော ထင်းခြောက်တုံးများကို အမှတ်မထင်တွေ့မြင်လိုက်ရသောကြောင့်ပင်တည်း။ ထင်းတုံးများကို တစ်ပေါ်တစ်ခု အလျားလိုက် ကန့်လန့်ဖြတ်ဆင်းကာ စနစ်တကျင့်လာခြင်းပင် ဖြစ်သည်။

"ဒီဂူထဲမှာ တစ်ယောက်ယောက် နေဖူးသလိုပဲ"

လူတွေ နေသွားဖူးဟန်လက္ခဏာမျိုးပင် ဖြစ်သည်။ ယုတ် လက်ရှိပဲနေနေသည်လား မပြောတတ်ပါ။ ထင်းတုံးက မှိုများတက်နေခြင်းမရှိ၊ ဆွေးမြည့်နေခြင်းလည်းမရှိ။

"ဘာပဲဖြစ်ဖြစ် ဒီနေရာဟာ ငါ နားခိုနေဖို့ အကောင်းပဲ"

ဂူကြမ်းပြင်သည် စိုထိုင်းမနေဘဲ ခြောက်သွေ့လျက်ရှိည်။ မြင့်မားသော ဂူမျက်နှာပြင်ထက်မှာ အောက်ကိုစိုက်ပြီးကျဆင်းနေသော ကျောက်သားအချွန်အတက်များကို တွေ့က်ရလေ၏။

ကံရာဇာသည် ထင်းတုံးများကို အောက်ကိုချကာ ထင်းချောင်းကို ဓါးမြှောင်ဖြင့်လှီး၍ အချောင်းလေးများရအောင်ပ်သည်။ မီးမွေးသည်။ ယင်းတုံးများကို ဖိုခနောက်ဆိုင်ပ်ကာ မီးပုံတစ်ပုံအဖြစ်ရအောင် ဖန်းတီးလိုက်လေသည်။ ဓါတ်တ ချက်ခြင်းပင် ရသွားခဲ့လေသည်။

ထင်းတုံးများ ဖြတ်တောက်ထားသည့်နေရာကို ကြည့်အခါ စိုမနေဘဲ ခြောက်သွေ့နေသောကြောင့် နှစ်ကာလင် ကြာမြင့်ခဲ့ပြီဖြစ်ကြောင့် ခန့်မှန်းမိရသည်။ ထို့ကြောင့်က်ရှိလူနေ နေနိုင်သည်ဟု အထင်မှာ သိပ်မသေချာပါ။



www.burmeseclassic.com

www.burmeseclassic.com



မြင်းကြီးကို ကောင်းစွာပင် အနားပေးထားသည်။ မြင်းစာအတွက်
ပါလာသော ပဲများကိုလက်ခုပ်ထဲထည့်ကာ ကျွေးလိုက်လေသည်
ရေပူးထဲက ရေကို လက်ခုပ်ထဲထည့်ပြီး တိုက်သည်
မိမိသည်လည်း ဆာလောင်နေပြီဖြစ်သည်။ ထို့ကြောင့် အသာ
ခြောက်တစ်မြောင်းကိုထုတ်ကာ မီးကင်လိုက်သည်။ ရေတ
ကျိုက်၊ နှစ်ကျိုက်လောက်နှင့် အစာကိုဝမ်းထဲရောက်အော
မျှောချလိုက်ရလေ၏။
ပြောင်းရှည်သေနတ်ကြီးကို သားရေအိတ်နှင့်အတူ ဂူ
သေးမှာ ချထားလိုက်ကာ နံရံကိုမှီပြီး ခေတ္တမျှ အနားယူလို
သည်။ ဗိုက်ထဲအစာရောက်သွားပြီဖြစ်လို့ အားအင်ပြည့်ဖြိုး
သည်။ ရန်သူ့အသံဗလံများကို နားစွင့်ရင်း မေ့ကနဲဆိုဖြစ်သ
သည်။ ငိုက်မြည်းနေရာမှ စိတ်ကို လိမ်းမရတော့ဘဲ နှစ်မြိုက်
အိပ်ပျော်သွားခဲ့လေသည်။ နေ့ဘက်ကာလဖြစ်သော်လည်း ဂူ
မှာတော့ ညဖြစ်နေသည်။ မီးဖိုမှ မီးတောက်အားက ပိုပြီးတေ
ကောင်းလာခဲ့လေသည်။
ကျောက်ဂူကြီးထဲမှာ မီးခိုးများက ပျံ့လွင့်လျက်ရှိနေ
လေသည်။ ထိုမီးခိုးများသည် သေးပတ်ဝန်းကျင်အနှံ့ဆီသို့သ
နေကြခြင်းမဟုတ်။ တစ်နေရာတည်းကို စုပြီးတော့ ရွေ့လျားသ
နေကြသည်။ သို့သော် မီးခိုးတန်းလမ်းကြောင်းကြီးသည် လေ
မှာ လွင့်ပျံသွားကာ ဂူအကွင်းတစ်နေရာကို ရောက်သွားခဲ့လေ
ကံရာဇာသည် မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သ
မသိ။ ဖျတ်ကနဲဆို လန့်ကြီးတော့ နိုးသွားခဲ့ရလေသည်။
"ဟာင် ငါ အိပ်ပျော်သွားခဲ့တာပါလား"





အမြဲတမ်းသတိရှိနေသည့်သူက ယခုလို အိပ်ပျော်သွားခဲ့
သည့်အတွက် မိမိကိုယ်မိမိ အပြစ်တင်မိလိုက်ပေသည်။ ထို့
နောက် အိပ်မက်ကို သတိရသွားမိသည်။ အိပ်မက်ထဲမှာ မီးခိုး
လမ်းကြောင်းကြီး၏ ရွေ့လျားသွားသည့်နေရာကို ကောင်းစွာပင်
တ်မိနေသည်။
"ငါ့အိပ်မက်က ဆန်းနေတာပဲ၊ ဒီဂူကြီးထဲမှာ ထူးခြားမှု
တစ်ခုခုက ရှိနေသလား"
ကံရာဇာသည် ထိုနေရာသို့ မသွားဘဲ မနေနိုင်အောင်
ဖြစ်လာခဲ့ရလေ၏။ ထို့ကြောင့် မီးပုံထဲကို ထင်းကုံးများအရင်
ထည့်လိုက်သည်။ မြင်းညိုကြီး၏ အခြေအနေကို ကြည့်သည်
သည်ငြိမ်အေးဆေးစွာ ရှိနေသော မြင်းညိုဘကြီး၏ အမူအရာ
စိတ်ချရတော့မှ ထိုနေရာက ထွက်လာခဲ့လေသည်။ မြင်းကြီး
လန့်ပြီး ရုတ်တရက်ထ၍ ဟီလိုက်မှာကို စိုးရိမ်မိသည်။
မှတ်တမဲ့ ဟီလိုက်ပါက သူ့အသံကို ဂူအဖြစ်က ရန်သူများ
တော်ကဆ ကြားသွားနိုင်သည် မဟုတ်ပါလား။ အလိုက်သိ
သော မြင်းကြီးက ထိုသို့ထ၍ဟီမှာ မဟုတ်ပါ။ လက်နှိပ်ဓါတ်မီး
ဆွဲကိုင်ကာ ထိုနေရာမှာ စိတ်ချလက်ချနှင့် ထွက်လာခဲ့မိ
သည်။ အားကောင်းသော မီးရောင်က ရှေ့ကိုက်နှစ်ဆယ်
သာလောက်အထိ ကောင်းစွာပင် မြင်နိုင်စွမ်းရှိနေခဲ့လေ
သည်။ ဂူကြီးက ကျယ်ဝန်းသည်။ နောက်ကို ရှည်လျားသည်
ရောင်သည် အောက်သို့ တဖြည်းဖြည်းနှင့် နိမ့်ဆင်းသွားခဲ့
သည်။ သေးတွက်ဂူလိုဏ်ပေါက်တစ်ခုသို့ အမှတ်မထင်တွေ့လိုက်
လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးခိုးတန်းကြီးသည့် ယင်းနေရာဆီသို့ ရွေ့လျားသွား သည်မဟုတ်ပါလား။ မိမိလက်မှာ ကိုင်ထားသော ဓါတ်မီးအလင် ရောက်ထက် ပို၍ပြီးတော့ လင်းနေသည်ဟု ထင်မိလိုက်သည်

ထို့ကြောင့် . . .

မီးရောင်ထွက်မလာစေရန် ခလုတ်ကို ပိတ်မိလိုက်သည် သေချာနေသည်။ ဂူလိုဏ်ထဲမှ အားကောင်းသော အလင်းရော က အပြင်သို့လျှံပြီးတော့ ထွက်နေသည်။ ဂူထွက်ပေါက်မျာ နေသလား။ ပြင်ပမှဝင်ရောက်လာသော အလင်းရောင်များပေ လား။ ကံရာဇာအံ့အားသင့်သွားခဲ့ရလေသည်။ သေနတ်ကြီး တော့ ထားခဲ့သည်။ ချိုင်းအောက်မှ ပစ္စတိုသေနတ်ကို ထုတ် လိုက်သည်။

အလင်းရောင်ထွက်နေသော ဓားတွက်ဂူလိုဏ်ပေါ် ဆီသို့ သတိနှင့်လှမ်းလာခဲ့သည်။ ဂူပေါက်ဝကိုရောက်သည်နှ ကံရာဇာလှမ်းပြီးတော့ မြင်လိုက်ရသည်ကား . . . ။

♛♛♛♛♛





(၁၅)

## ပေါက်ဆင့်အသက်ဘေးအန္တရာယ်များ

ဂူလိုဏ်ထဲတွင် တောက်ပသော အလင်းရောင်များက ဖြာထွက်လျက် ရှိနေလေသည်။ ထို့အပြင် လူတစ်ယောက်ကိုလည်း မျှော်လင့်ဘဲတွေ့လိုက်ရသည်။ သို့သော် အရိုးစုမျှသာတည်း။

အရိုးစု၏ ပါးစပ်ထဲမှ ထွက်ပေါ်လျက်ရှိသော အလင်း ရောင်များသာ ဖြစ်သည်။ ကံရာဇာသည် ပို၍ပြီးတော့ အံ့အားသင့် သွားခဲ့ရလေသည်။ ထိုသူသည် မည်သည့်အကြောင်းကြောင့် ဤဂူထဲမှာ သေဆုံးခဲ့ရပါသလဲ။ မည်သူများ ဖြစ်ပါသလဲ။

ကမြည်းမြည်းနှင့် ရှေ့ကိုတိုးကာ လေ့လာတော့မိခဲ့သည်။ ထိုသူသည် ပက်လက်အနေအထားဖြင့် ရှိနေသည်။ မျက်နှာက ဂူမျက်နှာကြက်ကို ကြည့်နေဟန်။ ဒဏ်ရာတစ်ခုခုရ၍ လဲ လျောင်းရင်း သေဆုံးခဲ့သည်ပဲလား။ သို့မဟုတ် ရောဂါကြောင့် မအိုနိုင် ကပ်၍ သေဖို့မြင်ဆင်မနေရင်း ဝိညာဉ်လွင့်ကျွေသွားသည်



www.burmeseclassic.com

www.burmeseclassic.com



ပဲလား။

ကံရာဇာသည် ထိုသူ၏ မျက်နှာကျပုံနှင့် အရိုးအဆစ်များကို ကြည့်ပြီး အသက်အရွယ်ကြီးရင့်သူတစ်ယောက်ဟု သိနားလည်လိုက်ရသည်။

"ဒီလူဟာ အိုမင်းရင့်ရော်လာပြီး၊ ဒီနေရာမှာ သေဖို့ကျိတင်ပြင်ဆင်ခဲ့တာပဲ"

ထိုလူကြီး၏ ညာဘက်မှာ ရွှေပုဆိန်ကြီးတစ်လက်ကို အမှတ်မထင်ပင် တွေ့လိုက်ရလေသည်။ ကံရာဇာ၏ ခေါင်းထဲကို ချက်ခြင်းလိုလို ဝင်လာခဲ့သည့်အကြောင်းကတော့ မားနားပြောပြခဲ့သည့် ဗီဖလန်ရှာသား မိုး၏အကြောင်းပင်။ ဤသူသည် မိုး ဖြစ်နိုင်သလော။

"ဗီဖလန်ရှာသားမိုးဟာ တကယ်သာရှိခဲ့ဖူးရင် နှစ်ပေါင်းထောင်ချီပြီး ကျန်ခဲ့ပြီပဲ၊ မာနားဟာ ဒီအဖြစ်အပျက်တွေကို ပြောပြခဲ့တာ ယုတ္တိယုတ္တာတော့ အရှိသားပဲ၊ ဒါပေမယ့် တိုက်ဆိုင်မှုကတော့ ရှိလာပြီ၊ ဒီလူကြီးဟာ မားနားပြောပြခဲ့တဲ့ 'မိုး' ဆိုတဲ့ လူပဲလား၊ ဒါဆိုရင် ဒီရုပ်ကြွင်းဟာ နှစ်တစ်ထောင်ထက်တော့ မအောင့်နိုင်တော့ဘူးပေါ့"

ကံရာဇာသည် ထိုဒဏ္ဍာရီဆန်ဆန်အဖြစ်အပျက်ကို ယုံချင်စိတ်က အလိုလိုပင် ဖြစ်လာခဲ့ရလေသည်။ ရွှေပုဆိန်ကြီးကလည်း သက်သေခံနေသည်မဟုတ်ပါလား။ ထို့အပြင် ပါးစပ်ထဲမှ တဝင်းဝင်းနှင့် အလင်းရောင်များထွက်နေသော ပစ္စည်းကိုလည်း သူအမှတ်ရသွားသည်။ မားနားပြောပြဖူးခဲ့သည့် သူတော်ဂန္ထ၏ စကျြုဗလသိဒ္ဓိဓါတ်မျှင်လုံးများ ဖြစ်နေမလား။





ကံရာဇာတစ်ကိုယ်လုံး တဖျင်းဖျင်းနှင့် ဖြစ်လာခဲ့ရလေသည်။ အရိုးစု၏ ပါးစပ်ထဲမှ ပစ္စည်းကို ကြည့်လိုစိတ်က အလိုလို ဖြစ်ပေါ်လာခဲ့လေသည်။ ထို့ကြောင့် ပါးစပ်ထဲသို့ လက်ကရောက်သွားသည်။ ပစ္စည်းတစ်ခုခုကို လက်က စမ်းလိုက်မိသည်။ သက်ထဲကိုပါလာခဲ့လေပြီ။ ပစ္စည်းကလုံးချောချောလေး ဖြစ်သည်။ တစ်ကြိမ်မှာတော့ လက်က လွတ်ထွက်သွားခဲ့သည်။ ပြန်ဖမ်းလိုက်ရသည်။ အသက်ဝင်နေသလို ထင်လိုက်ရလေသည်။ ပါးစပ်ထဲက ဆွဲအထုတ်မှာ လွတ်ထွက်သွားပြန်၍ အလျင်လိုဖြင့် ပြန်ပြီးတော့ ဖမ်းလိုက်ရသည်။

ထိုအခါ . . .

မထင်မှတ်သော အခြေနေတစ်ခုက ဖြစ်သွားခဲ့ရလေသည်။ အရိုးခေါင်းပါးစပ်ထဲက ခုန်ထွက်သွားသော ထိုလုံးလုံးလေးသည် ကံရာဇာ၏ပါးစပ်ထဲကို စွပ်ကနဲဆို ဝင်သွားခဲ့လေတော့သည်။

"ဟာ . . ."

"အွတ် . . ."

ကံရာဇာလည်ချောင်းဝမှာ တစ်ဆို့ဆို့ကြီး ဖြစ်သွားခဲ့ရသေး၏။ အမှတ်ကမဲ့မို့ မျက်လုံးမျက်ဆံ ပြူးထွက်သွားခဲ့ရလေသည်။ လည်ချောင်းထဲက ထိုအရာကို ပြန်ပြီးတော့အန်ထုတ်ရန် ကြိုးစားစဉ်မှာပင် ဝမ်းကဲ့သို့ လျောကနဲဆို ကျသွားခဲ့လေတော့သည်။

"အား . . .

ကံရာဇာလန့်ပြီးတော့ အော်မိလိုက်ခြင်းပါ။ ထိုသံကို



www.burmeseclassic.com

www.burmeseclassic.com



အရာလေးသည် ဝမ်းကဲ့သို့ သူ့ဖာသာသူ ခုန်ဆင်းသွားသည်ဟု ပင်မှတ်လိုက်ရသည်။

ဘာမှမတတ်နိုင်တော့ပါ။ ပါးစပ်ထဲမှာ စက္ကန့်ပိုင်းမျှ ဝင်းဝင်းလက်လက်ရှိနေရာမှ ဝမ်းထဲကို ရောက်သွားမှ အလင်းရောင်က ပျောက်ကွယ်သွားခဲ့လေသည်။ "ဟာ . . . ဘာကြီးမှန်းလည်း မသိဘူး၊ ဝမ်းထဲကိုရောက်သွားပြီ။

စိတ်ထဲမှာ မအီမလည်ကြီး ခံစားနေရသည်။ အာခေါင်ထဲ လက်ညှိုးထိုးပြီးတော့ အံချရန်ကြိုးစားသော်လည်း မရပါ။ ဝမ်းထဲမှာ . . . ထိုအလုံးလေးက လျှောက်ပြီးတော့ ပြေးနေသည်ဟု ထင်မိလိုက်ရလေသည်။ ကံရာဇာသည် အချည်းနှီးကြိုးစားမှုကို အားမထုတ်လိုပော့၊ ရွှေပုဆိန်ကို ကောက်ကိုင်ကာ နေရာမှ ချက်ချင်းပင် ထွက်လာခဲ့လေသည်။

"သို့သော် . . . "

မိမိ၏ခြေလှမ်းလေးများသည် ခါတိုင်းထက်မိုပြီးတော့ ပေါ့ပါးသွက်လက်နေသည်ကို သတိထားမိလေ၏။ မိမိနေရာသို့ ပြန်ရောက်လာသည်။ အပြင်ဘက်က အခြေအနေကို နားစွင့်နေသည်။ ပြီးတော့ သေချာစေရန် ဂူအဝနားကို ချည်းကပ်သွားသည်။ ဂူအဝကို နှင်းခဲကြီးတွေက ဖုံးအုပ်လျက်ရှိနေကြသည်။ ပိတ်ဆို့ထားကြသည်။ ရန်သူများ၏ အသံဗလံများကို လုံးဝမကြားရပါ။ သူတို့သည် ဖါမီကျနေရာမှာ ရှိနေလိမ့်မည်ဟု ထင်ကြမှာမဟုတ်၊ တစ်နေရာကို ထွက်သွားညပြီဟုထင်ကာ ဆက်လိုက်သွားကြဟန်တူသည်။

ဤသို့ လုံးဝစိတ်ချပြီး ဂူအပြင်သို့ ထွက်ရန်မဝံ့ပါ





ရန်သူသည် ပရိယာယ်များသောသူ ဖြစ်နိုင်သည်။ မိမိကို တစ်နေရာရာကနေ ချောင်းမြောင်းပြီး ကြည့်နေနိုင်သည် မဟုတ်ပါလား။

"ငါ . . . အလေတကြီးနဲ့ ထွက်သွားဖို့ မသင့်ဘူး၊ အန္တရာယ်က အချိန်မရွေး ကျရောက်လာနိုင်တယ်။

ကိုယ့်ကိုယ်ကိုယ် သတိပေးရသည်။ မကြာမီမှာပင် အမှောင်ကပျောက်ကွယ်သွားပြီး အလင်းရောက်လာခဲ့သည်။ မိမိသာ အပြင်ကိုရောက်နေခဲ့လျှင် နေ့အလင်းရောင်အောက်မှာ ရန်သူက လွယ်ကူစွာပင် တွေ့သွားနိုင်သည် မဟုတ်ပါလား၊ ထို့ကြောင့် နောက်ထပ် မိုးချုပ်သည်အထိ ဆက်လက်၍စောင့်ဆိုင်းနေရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။ တစ်နေ့လုံးလိုလို ဂူထဲမှာ ပုန်းခိုနေရသည်။ ဟိုစဉ်းစားသည်စဉ်းစားနှင့် တစ်နေ့တာကိုလွန်မြောက်စေရသည်။ ရေကိုခြွေတာပြီးတော့ သောက်ရသည်။ အိပ်ရေးဝဝအိပ်ထားရသည်။ မြင်းညိုကြီးသည်လည်း အနားရနေ၍ အားအင်တွေ ပြည့်ဖြိုးကာ တက်ကြွနေလေသည်။

"မကြာမီ . . . "

မိမိစောင့်ဆိုင်းနေသောည မိုးချုပ်ကာလကို ရောက်လာခဲ့လေ၏။ ကံရာဇာသည်လည်း အပြင်မှာမနေလိုတော့ ဂူထဲတွင် သူနှင့်အတူ လူတစ်ယောက်ကရှိနေသည်။ ယင်းအခြေအနေကို သူမကြိုက်၍ နေလည်းမနေခြင်။ မိမိဗိုက်ထဲကို ရောက်နေသည့်အလုံးလေးကို မသိမသာ စမ်းမိလိုက်သည်။ စမ်း၍မရပါ။ ထိုအလုံးလေးသည် မိမိနှင့်အတူ လိုက်ပါလာပေတော့မည်။

ဂူဝတွင် ပိတ်ဆို့နေသော နှင်းထုကြီးကို သူ၏အင်အားနှင့်တော်တော်ပင် ဖြိုပျူရမည်။ ထွက်ပေါက်ကို ရရှိခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဂူပေါက်ပွင့်သွားသည်နှင့် ဖြင်ပမှ လွန်ကဲသော အအေးဓာတ်က သူ့ကိုဆီးပြီးတော့ ဟွ့ရစ်လိုက်သည်။ မြင်းညိုကြီးနှင့်အတူ အပြင်ကိုထွက်လာခဲ့သည်။ မှောင်မိုက်နေသော်လည်း ရူးခြားစွာပင် ကံရာဇာ၏ မျက်လုံးတွေက အမှောင်ကိုထွင်းဖောက်ပြီးတော့ မြင်နိုင်စွမ်း ရှိနေသည်၊ အံ့အားသင့်မိရလေသည်။ အပြင်ဘက်ကို ရောက်သော် မည်သည့်ဘက်ကို သွားရမှန်းမသိ၊ တစ်ခဏတော့ ချင့်ချိန်နေမိရသေးသည်။ လမ်းမသိ၊ လမ်းမရှိ၊ လမ်းပျောက်နေသူပါတကား . . . ။

ခပ်လှမ်းလှမ်းတွင် တောင်ကြားလမ်းလေး တစ်ခုကို လှမ်းပြီးတော့ မြင်မိလိုက်လေသည်၊ အမှောင်ထဲမှာ ထိုမျှလောက် အကွာအဝေးကို လှမ်းပြီးတော့ မြင်လိုက်သည့်အတွက် မိမိကိုယ်မိမိ နားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။

'ငါ . . . အဲ့ဒီနေရာကိုပဲ သွားမယ်''

ဆုံးဖြတ်ချက်ချမိလိုက်လေ၏။ ထို့ကြောင့် မြင်းညိုကို တဟုန်ထိုးနှင်ကာ ထွက်လာခဲ့လေသည်။ ရန်သူကိုစိတ်မချရ ထို့ကြောင့် လျင်မြန်စွာပင် ထွက်လာခဲ့ရလေသည်။ ခွန်အားပြည့် နေသော မြင်းညိုကြီးသည် ချက်ချင်းမှာပင် တောင်ကြားဒေသကို ရောက်လာခဲ့လေသည်။

"ထိုစဉ် . . . "

"ဇီ . . . ဇီ . . . ဇီ . . . ဇီ . . . "

မမျှော်လင့်ပဲ ထွက်ပေါ်လာသော တစီစီနှင့် အသံများကို ကြားလိုက်ရသည်။ ကံရာဇာ၏ ရင်ထဲမှာ ထိတ်ကနဲ့ဆို ဖြစ်သွားခဲ့ ရလေသည်။ ယင်းအသံများကို ကြားဖူးထားခဲ့သည်။ လူငှက်များ





အချက်ပေး အော်မည်သံများပင်တည်း။ သူတို့၏ နှုတ်မှထွက် ပေါ်လာသော အသံများသည် ညပိုးကောင်များ အော်မြည်သံများ ကဲ့သို့ပင်တည်း။

သူ့ကို ရန်သူများက ဤနေရာမှာပင်လျှင် ဖွဲ့နပဲကြီးစွာ ဖြင့် စောင့်ဆိုင်းနေကြခြင်းပင်၊ ကံရာဇာ မည်သည့်ဘက်ကို ထွက်သွားမှန်း မသိလိုက်ကြ၍ တစ်နေရာစီ လူစုခွဲကာ စောင့်နေ ကြသောကြောင့် ထွက်ပေါက်မှန်သမျှ ပိတ်ဆို့ထားကြ လေပြီ။ ဟိုက် . . . ငါ့ကို စောင့်နေကြပါလား။

ကံရာဇာသည် မြင်း၏အရှိန်ကို မလျှော့ပဲ တစ်ရှိန်ထိုးပင် ထွက်သွားခဲ့သည်။ ကျဉ်အပြည့်ဖြင့် ထားသောပစ္စတိုသေနတ်ကို လည်းလက်ထဲမှာ အသင့်ကိုင်ထားလိုက်သည်။ မြင်းညိုကြီးသည် တောင်နှစ်လုံးကြားထဲကို ဖြတ်ဝင်သွားခဲ့လေသည်။ မကြာလိုက်ပါ နောက်ကလိုက်လာကြသော မြင်းခွာသံ တစ်ဖြောင်းဖြောင်းကို ကြားလိုက်ရလေ၏။

"လိုက်လာကုန်ကြပြီ ဒီတစ်ခါတော့ ငါလွတ်ဖို့ လွယ်ပါ့ မလား . . . "

အမှန်တစ်ကယ်ပင် လူငှက်များသည် ကံရာဇာ၏ နောက်က လိုက်လာခဲ့ကြပြီ ဖြစ်၏။ သူတို့သည် ကံရာဇာ မည်သည့်နေရာက ထွက်လာခဲ့သည်ကို သတိလိုက်ကြပါ။ ကံရာဇာ ကျောက်တောင်ဂူထဲမှ ထွက်လာခဲ့ပြီး မကြာမီမှာပင် ဂူထိပ်မှနှင်းတုကြီးများ ပြိုကျခဲ့ပြန်လေရာ ကျောက်ဂူဝကို တစ်ခါ ပြန်ပြီး ဖုံးအုပ်သွားခဲ့ ပြန်လေသည်။

လူငှက်များသည် ယင်းကျောက်ဂူကြီးထဲမှာ တစ်မုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရှိနေသည်ကို မသိလိုက်ကြပါ။ သိလည်းမသိလိုက်ကြပါ။ နောင်ကိုလည်း သိကြမည်မဟုတ်ပါ။

ကံရာဇာသည် ပြေးစရာမြေ ရှိနေသမျှ မြင်းညိုကြီးကို မနားတမ်းပင် နှင်နေလျှက်ရှိသည်။ နောက်မှလိုက်လာကြသော မြင်းခွာသံများကို ကြားနေရသော်လည်း လှည့်ကြည့်တိုင်း လူရော မြင်းတွေကိုပါ မမြင်ရသေးပါ။

"ထိုစဉ် . . . "

"ဂီး . . . ဂီး . . . ဂီး . . . "

ကျယ်လောင်စွာ ထွက်လာကသော အသံကြီးများက တဖတ်ဖတ်နှင့် တောင်ပံခတ်သံများကိုလည်း ကြားလိုက်ရသည်။ လေထဲမှာ ပျံဝဲပြီးလိုက်လာသော အသံများဖြစ်ကြသည်။ ကံရာဇာသည် မြင်းပေါ်မှနေ၍ နောက်သို့လှည့်ကြည့်မိလိုက်လေသည်။

"ဟာ . . . "

ကံရာဇာ အံ့အားသင့်သွားခဲ့ ရလေသည်။ သူတွေ့လိုက်ရသည့်ကား ကြီးမားသော ငှက်ကြီးနှစ်ကောင်ပင်။ ငှက်ကြီးများ၏ဦးခေါင်းခွံသည် လူတစ်ယောက်၏ ဦးခေါင်းခွံနှင့် တူနေသည်။ ငှက်နှုတ်သီးပါနေ၍ ငှက်တစ်ကောင်ဟု ပြောနိုင်သော်လည်း သေသေချာချာကြည့်သော် လူခေါင်းနှင့်ငှက်ကိုယ်ပမာ ဖြစ်နေလေသည်။ သို့သော် အကြည့်ရဆိုးလှသည်။ လည်တံရှည်ပြီး ခြေထောက်နှစ်ချောင်းမှာ ခြေချောင်းကလေးတွေကို အရှည်ပြားများက သက်စပ်နေကြသည်။ အကယ်၍သာ ကံရာဇာသာ သေသေချာချာ ကြည့်တတ်မိပါက ခြေချောင်းကလေးများသည်





လူတစ်ယောက်၏ ခြေချောင်းကလေးတွေနှင့် တူနေသည်ကို တွေ့မြင်နိုင်ပေသည်။

ငှက်ကြီးများ၏ တောင်ပံသည်လည်း ငှက်မွေးငှက်တောင်များကဲ့သို့မဟုတ် လင်းနို့ခွဲများ၏ အရေပြားများပမာ ရှိနေကြသည်။ မျက်နှာများသည် ဆွတ်ဆွတ်ဖြူနေလျှက် ရှိနေကြကာ လူသေမျက်နှာများနှင့်မခြား ရှိနေကြသည်။

ငှက်ကြီးနှစ်ကောင်သည် ကံရာဇာကို တိုက်ခိုက်ရန် လိုက်လာကြသည်မှာ သေချာသည်။ မလွဲနိုင်တော့၊ နှစ်ကောင်လုံး ကံရာဇာ့ဆီသို့ တစ်ဟုန်ထိုးပင် ရောက်လာခဲ့ကြလေရာ။

"ဒိုင်း . . . "

"ဒိုင်း . . . "

ကံရာဇာက မြင်းပေါ်ကနေ၍ နောက်ကိုလှည့်ပြီး စိချက်ဆင့်ကာ ပြစ်ထဲလိုက်သည်။ ငှက်ကြီးများ၏ မျက်နှာကို ကျည်တစ်တောင့်စီ ဝင်သွားခဲ့ကြလေရာ . . . တစ်ကောင်ပြီး တစ်ကောင် အောက်ကိုပစ်ကျ သွားခဲ့ကြလေ၏။

သွားပြီ . . . ဒီကောင်တွေ ကျဉ်သံကို မြင်ဖူးကြပုံ မပေါ်ဘူး။ တော်တော် အရေသာ ရှိသွားမှာပဲ . . . ။

"ဂီး . . . ဂီ . . . ဂီး . . . "

"လိုက်လာကြပြန်ပြီ . . . "

ငှက်ကြီးများ၏ အော်သံများကို ကြားလိုက်ရလေသည်။ အတူ မြင်းခွာသံများကိုလည်း နီးသထက်နီးစွာ ကြားလာခဲ့သည်။ ကံရာဇာကို လူရောငှက်ပါ ဝိုင်းပြီးတော့ တိုက်ခိုက်ဖို့ ကြိုးစားကြပြန်လေပြီ။ ကံရာဇာကို မီလာသောငှက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်သည် နှုတ်သီးဖြင့်လည်းကောင်း၊ ခြေသည်းများဖြင့် လည်းကောင်း၊ ထိုးဆိတ်ကုတ်ဖဲ့ရန် ကြိုးစားသည်။

"ဒိုင်း . . . "

"ဒိုင်း . . . "

နောက်ကို လှည့်ပြီးတော့ ပစ်ပဲ့လိုက်သည်။ ငှက်နှ ကောင်သည် မြေပြင်ပေါ်သို့ ပြုတ်ကျသွားခဲ့ကြလေသည် မြင်းညိုကြီးမှာ မနားတမ်းပင် ပြေးနေလျှက်ရှိသည်။ မြင်းမို ကိုယ်စီနှင့် နောက်မှလိုက်လာခဲ့ကြသော လူငှက်များက ကံရာဇ ကို မီလာခဲ့ကြလေပြီ။

ထိုစဉ် . . .

"ဝှစ် . . . "

မြှားတစ်စင်းက လေကိုခွင်း၍ ထွက်လာပြီး ကံရာဇ စီးလာသော မြင်းညိုကြီး၏ တင်ပါးကို လာမှန်သည်။ နက်နက် ကြီး စိုက်ဝင်သွားခဲ့သည်။ မြင်းညိုကြီးသည် ဆတ်ဆတ်ခါသွာ ခဲ့ရလေ၏။

သို့သော် . . .

အရှိန်မပျက်ဆက်၍ ပြေးသွားခဲ့လေသည်။ လူငှက်မျာ သည် ကံရာဇာနှင့်လွန်စွာမှ နီးကပ်လျှက် ရှိနေကြပေပြ ကံရာဇာသည် နောက်ကိုလှည့်ကာ ကျည်တစ်တောင့်ခြင်း ပ လွှတ်လိုက်လေ၏။

"ဒိုင်း . . . "

"ဒိုင်း . . . "

"အား . . . "





"အား . . . "

လူငှက်များသည် မြင်းပေါ်မှ တစ်ယောက်ပြီးတစ် ာက် ပြုတ်ကျသွားခဲ့ကြလေ၏၊ ခေါင်းဆောင်နှင့်တူသော င်ရှည်ရှည်နှင့်လူကြီးသည် ထူးဆန်းသော လက်နက်နှင့် ်ကုန်ကြသော သူ၏လူများကို အံ့အားတသင့် ဖြစ်သွားခဲ့ရ ည်။

မီးပေါက်လက်နက်နဲ့ ပစ်တယ်၊ ဒီကောင်ဟာ မိစ္ဆာ သိုး တစ်ကောင်ပဲ၊ သင်းကို မမိမိအောင် ဖမ်းမယ်။

ထိုလူကြီးသည် လွန်စွာမှပင် ဒေါသထွက်လျှက် ၏၊ မြင်းထက်မှ လိုက်ပါလာရင်းက မထင်မှတ်သော အပြု ကို ပြုလုပ်လိုက်လေ၏။ မြင်းထက်မှ လေထဲကို ခုန်တက် သောကြောင့်ပင်တည်း။ ဝှတ်ရှုံကြီးသဖွယ် ရှိနေသော င်ပံကြီးနှစ်ခုကို ဖြန့်ကာ လေထဲတွင် ငှက်တစ်ကောင်ပမာ ကာ တက်လာခဲ့လေသည်။ တစ်ကာယ်တော့ ဝှတ်ရှုံကြီးမ ပါ။

လင်းနို့တောင်ပံများပမာ တောင်ပံနှစ်ခုကို လက်မောင်း ာ တစ်ခုစီတပ်ဆင်ထားကြလေသည်။ လက်မမြှောက်ပဲ က်ကိုချထားစဉ်တွင် တောင်ပံနှစ်ခုက ကပ်နေသည်။ ည်းသွားပြီး ဝှတ်ရှုံကြီးတစ်ခုပမာ ဖြစ်သွားခဲ့လေသည်။

ငှက်လူ ခေါင်းဆောင်ကြီးသည်လည်း လေထဲတွင်ပျံ ာကာကံရာဇာကို လက်ထဲမှ ကိုင်ထားသော ရဲတင်းကြီး ပေါ်မှစီးမိုး၍ ဟအားပေါက်ချလိုက်လေရာ . . .။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com



(၁၆)

## အနန္တရာယ်မှ ပျောက်ပြောက်သွားခြင်း

ကံရာဇာသည် သတိကြီးစွာထားသူမို့ ထိုလူ၏လ...
ချက်တော့ အမိမခံ၊ နောက်ကိုလှည့်ကာ အောက်ကနေ...
နက်ဖြင့် ထိုးချိန်ကာ ပစ်ချလိုက်လေ၏။

"အိုင်း . . . "

"အူး . . . "

ထိုလူကြီး၏ လည်ပင်းကို ကျည်ဆံက ဖောက်ဝင်သွား...
သည်။ လူငှက်ကြီး၏ခေါင်းက လည်ထွက်သွားခဲ့သည်။ သို့သေ...
မြေပြင်ပေါ်သို့ တော်တော်နှင့်မကျ တောင်ပံကြီးကိုဖြန့်ကာ ...
လဲမှာဝဲနေသေးသည်။ ထို့နောက် . . . မျက်လုံးတွေက အ...
မတန်ပြူးထွက်လာကာ အောက်ကို တစ်ဟုန်ထိုးပင် ပစ်ကျသွ...
ခဲ့လေတော့သည်။

"အိုး . . . "

ကံရာဇာစီးလာသော မြင်းကြီးသည် မြားဆီတိတ...





...ဘပြီဖြစ်၍ ဆက်ပြီးပြေးနိုင်စွမ်း မရှိတော့ပြီ။ ထို့ကြောင့် . . .
...ပြေးရှိန် တဖြေးဖြေးနှင့် လျော့သွားသည်။ ထို့နောက် . . .
...ထောက်ပြီးတော့ လဲကျသွားခဲ့လေသည်။ ကံရာဇာသည်
...င်းညိုကြီးပေါ်မှ လွှင့်ထွက်သွားခဲ့လေ၏။

"အား . . . "

မြေပြင်ထက်မှာ ဒလိမ့်ကောက်ကွေး ဖြစ်သွားခဲ့သည်။
...င်းညိုကြီးက အရှိန်ကိုလျှော့ပစ်လိုက်၍ ကံရာဇာအကျမနာပါ။
...ည်းနည်းပါးပါးလောက်ပင်၊ အောက်မှာနှင်းများက ခံနေ၍
...တ်ပေသေးသည်။ ကံရာဇာသည် မြေပြင်ပေါ်မှ လူးလဲပြီးတော့
...လိုက်သည်။ မြင်းညိုကြီးဆီသို့ ပြေးသွားခဲ့သည်။

သို့သော် . . .

မြင်းညိုကြီးကား သေဆုံးခဲ့လေပြီ၊ မလှုပ်မယှက်နှင့်
...သက်သွားခဲ့လေပြီ၊ သေဆုံးသည်ကာပင် ဒူးထောက်လျက်
...နေအထား၊ ကံရာဇာ စိတ်မကောင်း ဖြစ်သွားခဲ့ရသည်။ သူ့ကို
...ကြမ်းတစ်လျှောက်မှာ ရန်သွယ်အမျိုးမျိုးကို ရင်ဆိုင်၍
...ဆောင်လာခဲ့သော ရဲဘော်ရဲဘက်တစ်ဦး၊ သေဖော်သေဖက်
...ဦး၊ ယခုတော့ သူ့ရဲကောင်းပီသစွာဖြင့် ကျဆုံးသွားခဲ့လေပြီ။

မင်းဟာဝန်ကျေပြွန်ပါတယ်၊ ရောင်းရင်းကြီးရယ်၊ ငါ
...ရဲ့ အသက်ကို မကယ်တင်နိုင်ခဲ့တာကိုတော့ ခွင့်လွှတ်ပါကွာ။

ကံရာဇာသည် အတော်လေးကို စိတ်မကောင်း
...သွားခဲ့ရလေ၏။ ဤနေရာမှာ ကြာကြာနေလို့မဖြစ်၊ ထို့
...ကြောင့် ချက်ချင်းပင် ပြေးထွက်လာခဲ့သည်၊ လမ်းမှာ ပစ္စ...
...နတ်ထဲ ကျည်တောင့်များ ဖြည့်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ လူစုခွဲပြီး ထပ်ချပ်မကွာ လိုက်လာကြသော ငှက်လူများ၊ ကံရာဇာကို မြင်တွေ့လိုက်ကြပြီ။

"ဟိုမှာ . . . ဟိုမှာ ငါတို့ခေါင်းဆောင်နဲ့ ငါတို့လူတွေကိုသတ်ဖြတ်သွားတဲ့ကောင်၊ မလွတ်စေနဲ့ ဒီတစ်ခါတော့ မိပြီကွ"

ကံရာဇာသည် နောက်မှတဟုန်ထိုး လိုက်လာခဲ့ကြသူများ၏ အော်၍ပြောဆိုနေကြသံများကို ကြားနေရသည်။ သို့သော် . . . သူတို့ပြောနေကြသည့် စကားများကိုတော့ နားမလည်ပါ။ မိမိကိုမိရင် အရခွဲပါ့ကြမည်ကတော့ ကျိန်းသေသည်။

လှံ၊ ဓါး၊ ရဲဒိုင်း အစရှိသည့် လက်နက်များနှင့် တိုက်ခိုက်ရန်မမီကြသေး၍ လေးပစ်ကျွမ်းကျင်ကြသူတွေက မြင်းပေါ်မှပင် ပြေးလွှားရင်း ပစ်ခတ်နေကြသည်။

"ဝှစ် . . ."

ဝှစ် . . ."

အမှောင်ထဲမှာလည်း သူ့ကိုကမြင်နိုင်စွမ်း ရှိကြဟန်တူသည်။ မြှားတန်များက ပြေးလွှားနေသော ကံရာဇာ၏ ခေါင်းပေါ်မှ၊ မေးမှပွတ်ကာသီကာပင် ကျော်ထွက်သွားခဲ့ကြ လေ၏။ ဟိုကြောင့် ယခင်ဖြောင့်အတိုင်း မပြေးပဲ သစ်ပင်များထူထပ်သော နေရာကို ဝင်ပြေးရသျ။

ရန်သူများကလည်း ကံရာဇာ ပြေးဝင်သွားသော နေရာကို မြင်းပေါ်မှ လေး မြှားများဖြင့် ပစ်ခတ်သွားခဲ့ကြသည်။

ဒီအတိုင်း လွှတ်ပေးလိုက်ရင် ဆက်ပြီး ဒုက္ခပေးနေဦးမှာပဲ . . .။





ကံရာဇာသည် ထိုသူတို့၏ အကြောင်းမဲ့တိုက်ခိုက်မှုရပ်တန့်သွားရန် တစ်နည်းပဲ ရှိတော့သည်ကို သဘောပေါက်သွားခဲ့ရလေ၏။ လမ်းနှင့်နီးသော သစ်ပင်ကြီးတစ်ပင်ကို ပြေး၍ကပ်လိုက်သည်။ လူငှက်များသည် မြင်းများနှင့်အတူ သေနတ်တစ်ကမ်းအကွာကို ရောက်လာခဲ့ကြသည်နှင့် . . .။

"ဒိုင်း . . ."

"ဒိုင်း . . ."

"အား . . ."

"အား . . ."

မြင်းပေါ်မှ တစ်ယောက်ပြီးတစ်ယောက် ထိုးပြီးတော့ ကျသွားခဲ့ကြသည်။ ကံရာဇာသည် သုံး လေးယောက်လောက်ကို ပစ်ချလိုက်လေ၏။ နောက်မှလိုက်လာကြသော သူများသည် စိတ်မထိန်းနိုင်ကြကာ လေကဲ့သို့ တောင်ပံကြီးများခတ်၍ ပျံတက်သွားခဲ့ကြလေ၏။ မြင်းတွေက လူမပါပဲ တစ်ဟုန်ထိုးပင် ပြေးထွက် သွားခဲ့ကြသည်။

လူငှက်များသည် ငှက်များကဲ့သို့ တောင်ပံခတ်ကာ ကံရာဇာ ရှိရာဆီသိုက တစ်ဟုန်ထိုးပင် ပျံသန်းလာခဲ့ကြလေသည်။

ဟော်တော် မိုက်မဲကြတဲ့ ကောင်တွေပဲ၊ ငါ့ဆီကို အနှံ့ခံပြီးတော့ ရောက်လာကြမလား . . .။

ကံရာဇာသည် ဆက်လက်၍ သည်းမခံနိုင်တော့၊ သစ်ပင်အကွယ်မှ ပြေးထွက်သွားကာ ထိုသူများဆီသို့ ကျည်ကာ တောင့်များကို ၁၀ လွှတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း . . ."

"ဒိုင်း . . ."

"အား . . ."

"အူး . . ."

လူငှက်ပျံများသည် အောက်ကိုတစ်ဦးပြီးတစ်ဦး ပြုတ်ကျသွားခဲ့ကြသည်။ နောက်ထက် တက်လာသော လူပျံများသည် ကံရာဇာ၏ လက်ထဲက သေနတ်ကြောင့် တွံ့သွားခဲ့ကြလေ၏ ထို့ကြောင့်ရှေ့ကိုဆက်လက် မပျံသန်းနိုင်ကြတော့ပဲ လေထဲမှာ ရပ်တန့်သွားခဲ့ကြသည်။ လက်ထဲက လှံများ၊ ရဲဒင်းများဖြင့် ပစ်ခတ်ရန် ကြိုးစားလိုက်ကြသည်နှင့် . . .။

"ဒိုင်း . . ."

"အား . . ."

"ဒိုင်း . . ."

"အား . . ."

မင်းတို့ရဲ့ လက်ချက်တော့ အမိမခံနိုင်ဘူးကွ ငါ့ကိုဘာကောင်လို့ ထင်နေလဲ . . .။

ကံရာဇာသည် ရုပ်တရက် ရှုးသွပ်သွားသူပမာပင် လူငှက်ပျံများကို သေနတ်ဖြင့် တစ်ယောက်ပြီးတစ်ယောက် ကိုးကားပစ်ချလိုက်လေသည်။ ကျဉ်ကုန်သွားသည်၊ ပြန်ပြည်းသည်။ နောက်မှ မြင်းများဖြင့် လိုက်လာကြသော လူငှက်များကိုလည်း သေနတ်ဖြင့် ပစ်ခတ်ပြီးတော့ ပြေးသည်။

ထိုစဉ် . . .

ငှက်ကြီးများသည်လည်း ကံရာဇာ၏ နောက်မှ လိုက်လာကြကာန်လေပြီ။





"အာ . . . ဒီမိစ္ဆာငှက်တွေက ကုပဲမကုန်နိုင်ပါလား"

ငှက်ကြီး သုံး လေးကောင်က သစ်ပင်တွေ အပေါ်မှာ ပျံသန်းလာခဲ့ကြရာက အောက်သို့နိမ့်ဆင်း လာခဲ့ကြသည်။ ကံရာဇာသည် ပစ္စတိုသေနတ်ဖြင့် တစ်ချက်ချင်းပင် ထိုးပြီးတော့ ပစ်ချလိုက်သည်။

"ချောက် . . ."

"ချောက် . . ."

"အား . . . ကျည်ကုန်သွားပြီ"

မသဒီစရာ လူမျက်နှာနှင့် ငှက်ကြီးများက ကံရာဇာနှင့် နီးသထက်နီးကပ်လာခဲ့လေရာ၊ ကံရာဇာသည် ပခုံးပက်က အမဲလိုက် သေနတ်ကြီးကို ဖြုတ်လိုက်သည်။ ဒင်ဂ်ုပခုံးမှာ ထောက်ပြီး ပစ်ထဲ့လိုက်သည်။

"ဒိုင်း . . ."

မိစ္ဆာငှက်ကြီးမှာ အော်ချိန်ပင်မရလိုက်၊ ခေါင်းပါပေါက်ထွက်သွားသည်၊ နောက်ထပ်တစ်ယောက်ကို ပစ်ထဲ့လိုက်ပြန်သည်။

"ဒိုင်း . . ."

ကျယ်လောင်သော ကော်ဒိုက်ယမ်းကား ပေါက်ကွဲသံကြီးက ကျယ်လောင်စွာပင် ထွက်ပေါ်လာခဲ့ ပြန်သည်။ ရှေ့ဆုံးက တစ်ယောက်၏ ရင်အုံတစ်ခုလုံး ပွင့်ထွက်သွားသည်။ နောက်မှ ကပ်ပြီးပါလာသော မိစ္ဆာငှက်ကြီး၏ မျက်နှာတစ်ခြမ်းပါ ပါသွားခဲ့သေးသည်။ ကျည်ကုန်သွား၍ သေနတ်ကြီးထဲကို ကျည်နှစ်တောင့် အမြန်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာသည် သစ်ပင်များကို အကာအကွယ်ယူ ဟစ်ဟုန်ထိုးပင် ပြေးထွက်လာခဲ့သည်။ လူငှက်များနှင့် မိစ္ဆာ များက နောက်ကပင် တရကြမ်းပင် လိုက်လာခဲ့ကြမြန်သ

"ဟာ . . . ကုန်ပဲမကုန်နိုင်တော့ပါလား"

ကံရာဇာသည် ပြေးနေရာက နောက်ကိုပြန်ပြီး လှည့်လိုက်သည်။ သေနတ်ကြီး၏ဒင်ကို ပခုံးမှာထောက် သေချာစွာချိန်ပြီးတော့ ပစ်ထဲ့လိုက်လေ၏။

"ဒိုင်း . . ."

"ဂိုး . . ."

တစ်ကောင်ကို ချက်ကောင်းထိမှန်သွားသည်။ အကောင်ကိုလည်း ကျဉ်ကထိမှန်သွားသည်။ နှစ်ကောင်စ ပြုတ်ကျသွားခဲ့လေ၏။ နောက်မှ လိုက်လာသော မြင်းသမား သည့် ကံရာဇာ၏ လက်နတ်ကို ထိတ်လန့်သွားခဲ့ကြသ နောက်ကို ချက်ချင်းပင် လှည့်၍ပြေးကြ၏။

သို့သော် . . .

ငှက်တွေကတော့ အမှောင်ထဲက တစ်ကောင်ပြီး ကောင် ပျံသန်းလာခဲ့ကြသည်။ ကံရာဇာသည် ကျန်သော တစ်တောင့်ဖြင့် တစ်ကောင်ကို လှမ်းချိန်လိုက်သည်။ အလ ဖောက်မျက်လုံးတွေက မိစ္ဆာငှက်ကြီး၏ ပစ်မှတ်ကို ကင်းက မြင်သာသွားခဲ့သည်။

"ဒိုင်း . . ."

မိစ္ဆာငှက်ကြီးမှာ အော်ချိန်မရလိုက်၊ ခေါင်းတစ်ခု ကြေမွသွားသောကြောင့်ပင် . . .။





ထိုစဉ်မှာပင် မထင်မှတ်သော အခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။ ရှေ့မှာ မီးခိုးလိုလို မြူလိုလို အရာများက ဖွားကနဲ ဖွားကနဲဆို တလိမ့်လိမ့်ဖြင့် ရောက်လာခဲ့ကြလေသည်။ လေထဲမှာ လှိုင်းလုံးကြီးများ တက်လာကြသကဲ့သို့ပင် ကန့်လန့် ကာကြီးတစ်ခုပမာ အောက်ကိုကျဆင်းလာခဲ့သည်။ ရှေ့ကိုဘာမှ မမြင်ရတော့ မြင်ကွင်းအားလုံးကို ကာဆီးကာ ပိတ်ဖုံးသွားလေ တော့သည်။

အလင်းရောင်တစ်ခုကလည်း နှင်းကမ္ဘာ ခြုထည်ကြီး ကိုထိုးဖောက်ပြီးတော့ ဝင်ရောက်လာခဲ့သည်။

ထိုစဉ် . . .

"ဝီ . . . ဝီ . . . ဝီ . . . ဝီ . . . "

ချောက်ချားသော အသံဆိုးကြီးတစ်ခုသည် မထင်မှတ်ပဲ ထွက်ပေါ်လာခဲ့လေသည်။ နားထောင်နေရင်းကပင် တဖြည်း ဖြည်းနှင့် ကျယ်လောင်လာခဲ့သည်။ ကံရာဇာသည် သေနတ်ကြီး ကို ပခုံးမှာလွယ်လိုက်ရပြီး နားကိုပိတ်ထား လိုက်ရလေသည်။ ပေါက်ကွဲသံကြီးများပါ တဖောင်းဖောင်းနှင့် ထွက်ပေါ်လာသည်ဟု ထင်လိုက်ရသည်။

လေဆင်နှာမောင်းကြီး တစ်ခုပမာ ကြီးမားသော အရာ ကြီးတစ်ခုကို နှင်းကမ္ဘာ၏ အထက်မှာ မြင်တွေ့လိုက်ရလေ၏။ ဝဲကတော့ကြီးပမာ အလိပ်လိပ် အရစ်ရစ်ဖြင့် အောက်ကိုထိုး ဆင်း လာခဲ့လေပြီတည်း။

ကံရာဇာသည် ယင်းအရာကြီး မကြာမီမှာပင် သူ့ဆီ ရောက်ရှိလာတော့မည်ကို သိလိုက်ရလေ၏။ ထို့ကြောင့် လွှတ်



www.burmeseclassic.com

www.burmeseclassic.com



မြောက်စေရန် အားစိုက်ပြီးတော့ ပြေးသည်။ သို့သော် နောက်က လျှင်မြန်စွာပင် လိုက်လာသော လေစုတ်ဝဲကြီးက ကံရာဇာ၏ တစ်ကိုယ်လုံးကို အဝေးမှနေ၍ပင် စုတ်မြိုကာ ဆွဲနေလေပြီ သည်။

ကြမ်းသော လေစုတ်ဝဲကြီးသည် အရှိန်ဖြင့် ပျံသန်းသော သော မိစ္ဆာငှက်ကြီးများကိုလည်း လှစ်ကနဲဆွဲယူသွားခဲ့သည်။ မတော်တဆ ကျွံပြီးတော့ဝင်လာသော လူငှက်နှင့်မြင်းရိုင်းများ ကိုလည်း ရှုတ်တရက် ပွေ့ရစ်ကာ လှစ်ကနဲ၊ လှစ်ကနဲဆို ခေါ်ယူ သွားခဲ့လေသည်။ လေစုတ်ဝဲကြီး၏ ဘေးမှာပါသွားသော ငှက် ကြီးများ၊ မြင်းရိုင်းများနှင့် လူငှက်များသည် စုတ်ပြတ်ထွက်သွား ခဲ့ကြသည်။ တစ်စစီ ဖြစ်သွားခဲ့ကြလေသည်။

ပွင့်ထန်မှာ ထွက်ပေါ်လျက်ရှိသော ပေါက်ကွဲသံကြီးများ တဝီဝီ အသံဆိုးကြီးများကြောင့် သတ္တဝါများ၏ အထိတ်တလန့် အော်လိုက်သံများကိုပင် မကြားလိုက်ရတော့ပါ။

"အား . . ."

ကံရာဇာကို လေစုတ်ဝဲကြီးက ရှုတ်တရက်စုတ်မြိုကာ သယ်ဆောင်သွားသည်။ ခန္ဓာကိုယ်သည် ဝဲကြီး၏ဗဟိုလမ်း ကြောင်းဟည့်တည့်ထဲကို ဝင်သွားသည်။ နံရံများနှင့် မထိတွေ့၍ ကံကောင်းသွားသည်။ မဟုတ်လျှင် တစ်ကိုယ်လုံးစုတ်ပြတ်သွား တော့မှာမလိုပင် လေဝဲကြီးထဲမှာ အတန်ကြာစွာပင် လိုက်ပါနေ ပြီးတော့မှ အောက်ကိုတဖြည်းဖြည်းနှင့် ကျလာလျက် ရှိနေသည် တကား။





(၁၇)

## အမြှောက်ပူးနဂါးနှစ်ကောင်

ကံရာဇာသည် သူတောစင်ကြီး အာစိဏ္ဏအား မိမိကြုံ တွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြေပြလိုက်လေ၏။ သူတော် စင်ကြီး အာစဏ္ဏသည် ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။

ကောင်းပါပြီ၊ ငါ အားလုံးကို သဘောပေါက်ပါပြီ၊ မင်းကြုံတွေ့ပြီး ဖြတ်သန်းလာခဲ့တဲ့ နေရာတွေဟာ ကမ္ဘာဦးအစ ကတည်းက မပြောင်းလဲပဲ ယခုတက်ထိ အမြဲတမ်းရှိနေတဲ့ နေရာတွေပဲကွယ့်။

အားလုံးဟာ ပြောင်းလဲမသွားကြဘူး၊ သူ့နေရာနဲ့သူ ရှိနေကြတယ်။ အဲ့သလို နေရာမျိုးကို လူသူတွေရောက်နိုင်ကြဖို့ ဆိုတာ သိပ်မလွယ်ကူဘူး လူကလေး၊ မင်းဟာ မတော်တဆ ကြောင့်သော်လည်းကောင်း၊ ကံတရားကြောင့်သော်လည်း ကောင်း၊ အဲဒီနေရာတွေကို ဖြတ်သန်းလာမိတယ်လို့ပဲ သဘော



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပါတော့။

အာစိဏ္ဏ သည် ကံရာဇာကို ရှိုးရှိုးရှင်းရှင်းလေး ပြော လိုက်သော်လည်း ပြည့်စုံစွာ နားမလည်နိုင်လိုက်ပါ။

မင်း ငါပြောတာကို နားမလည်သေးဘူးထင်တယ်။ ကံရာဇာ ငါမင်းကို ထပ်ပြီးတော့ ပြောဦးမယ်၊ မင်းတို့လောက အကြောင်း ပြောရမယ်ဆိုရင် ဒီဒွန်နရာကြီးမှာ ပြောင်းလဲစဉ်နှ ဖြစ်မြဲစဉ်ဆိုတာ နှစ်မျိုးရှိတယ်။ တစ်ချိန်လုံး . . . မိနစ်၊ စက္က မပြတ် ပြောင်းလဲနေကြတဲ့ နေရာတွေ။

မပြောင်းလဲကြပဲ နဂိုတည်မှုအတိုင်း မရွေ့မရှား ရပ် တည်နေကြတဲ့နေရာတွေ၊ ကိုယ်တွေ့ကြုံတွေ့ဖူးတဲ့ မျိုးစေ့ မျိုးစိတ်၊ ဗီဇသဘာဝတွေနဲ့ ကျက်စားနေကြတဲ့ နေရာတွေလို့ ဆိုလိုတာပါ။

"ကျွန်တော်သဘောပေါက်ပါပြီ ခင်ဗျာ"

ကံရာဇာသည် သူတော်စင်ကြီး၏ ဆိုလိုရင်းစကားကို လုံးစေ့ ပတ်စေ့မဟုတ်သော်လည်း ညာဏ်မီသလောက်သာ နားလည်နိုင်စွမ်း ရှိသွားခဲ့လေသည်။

ရှေ့ပိုင်းတွင် ကံရာဇာသည် မိမိခရီးထွက်လာရခြင်း အကြောင်းရင်းကို သူတော်စင်ကြီးအာစိဏ္ဏအား ပြောပြခဲ့ပြီး ဖြစ်လေသည်။ ယင်းအကြောင်းအရာများနှင့် ပတ်သက်ပြီး နောက်ပိုင်းမှာ သိလာရပါလိမ့်မည်။

မနက်ကျရင် . . . မင်းဒီကနေ ခရီးဆက်ထွက်ရလိမ့် မယ်။ ငါပြောတဲ့အရပ်ကိုသာ သွားပါ။ မင်းရဲ့ ရည်ရွယ်ချက် ပြည့်မြောက်ရပါစေ့မယ်။ အပြန် လမ်းခရီးကိုလည်း မင်းမှာတွေ့





ာပါ။ ဒါပေမယ့် မင်း အေးအေးဆေးဆေး မနေရဘူး၊ အသက် ရင်းပြီး အရာရာကို ရင်ဆိုင်ရဦးမည်။

သူတော်စင်ကြီးက နိမိတ်ဖတ်စကား ပြောကြားလိုက် လေသည်။

ထို့နောက် . . . မည်သည့် စကားကိုမျှမပြောတော့ ိုင်လျှက်ကဝင် မျက်လုံးတွေကိုမှိတ်ကာ, ငြိမ်သက်သွားခဲ့လေ ။ ကံရာဇာသည် အလိုက်သိစွာဖြင့် နေရာကထလိုက်လေ၏။ မိအတွက် အဆင်သင့်ဖြစ်နေသော အခန်းထဲသို့ ဝင်သွားခဲ့ သည်။ အိပ်ယာထက်မှာ ကျောခင်းလိုက်သည်နှင့် ပင်ပန်းခဲ့သမျှ က်ချင်းလိုလိုပင် အိပ်ပျော်သွားခဲ့လေသည်။

+++++

အိပ်ပျော်နေစဉ်မှာ အသေကောင်ကြီးလို ဖြစ်သွားခဲ့ရ သည်။ ဘာဆိုဘာမှ မသိဘာလေတော့၊ အိပ်ယာက နိုးလာသော ချိန်တွင် မိမိသည်ရန်ကုန်က တိုက်ခန်းထဲမှာဟု အထင်ရှိမိ ိုက်သေးသည်။ နောက်တော့မှ ကမ္ဘာ့ခေါင်မိုးဟု တင်စားခေါ် ေါ်ကြသော တိဗက်ပြည်ထဲသို့ ရောက်ရှိနေကြောင်း သိရှိလိုက်ရလေတော့သည်။ ထို့ကြောင့် အိပ်ယာမှ အလျှင်စလို ်ထလိုက်ရ လေတော့၏။

နိုးလာပြီလား လူလေး ခရီးတော်တော် ပန်းလာခဲ့တယ် ်တယ်၊ ဒါကြောင့်မို့ အိပ်ရေးဝဝ အိပ်စေတော့ဆိုပြီး မနိုးပ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တာ။

ဟာက်ကဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတဲ့အကွက် ပင်ပန်းမှုမှန်သမျှ မရှိတော့ပါဘူး၊ သူတော်စင်ကြီးရဲ့ မေတ္တာ စေတနာကြောင့်ပဲ ထင်ပါတယ်။

မေတ္တာတရားဆိုတာ ပို့သူနဲ့ခံယူသူရဲ့ စိတ်မှာမူတည်ပါ တယ်။ ပို့သူရှိပေမယ့် ခံယူထိုက်သူရှိမှသာ အစိမ့်ပွါးယ်ရှိတာပါ။ အစွမ်းထက်တာပါ။ မင်းဟာ ငါ့ရဲ့မေတ္တာကို ခံယူထိုက်လို့ ငါ့ရဲ့ နေရာမှာ အေးချမ်းစွာနဲ့ နားခိုနိုင်ခဲ့တာပါ။

ကံရာဇာသည် သူတော်စင်ကြီးက စပ်ပေးသော ရေနှင့် မျက်နှာသစ်သည်။ ထိုစဉ်မှာပင် သူ့ရင်ထဲမှာ ပျို့လာမိသည့် ဝမ်းဗိုက်ထဲကိုရောက်နေသော အလုံးလေးသည် ပတ်ချာလှည့်ပြီး လျှောက်ပြေးနေသလို ထင်ရသည်။

သူတော်စင်ကြီးသည် ကံရာဇာ၏ ကျောပြင်ကို လက် ပါးနှင့်ပုတ်လိုက်သည်။ ထိုအခါ ဝမ်းထဲမှာလျှောက်ပြေးနေသော အလုံးလေးသည် အစာအိမ်လမ်းကြောင်း ထဲကနေတစ်ဆင့် ပါးစပ်ထဲမှ ခုန်ထွက်သွားခဲ့လေသည်။ တပင်းဝင်း တလက်လက် နှင့်အခန်းထဲမှာ လျှောက်ပြီးတော့ ပြေးလျှက်ရှိသည်။ သူတော်စင် အာစိယ္တာက လေထဲမှာ လျှောက်ပြေးနေသော ထိုအလုံးလေးကို သပ်ကနဲဆို ဖမ်းယူလိုက်လေသည်။

ဒါ . . . သူတော်ဂန္ဓရဲ့ စကြာ့ဟာလသိဒ္ဓိဓါတ်လုံး၊ အမှန်ပဲ မင်းနဲ့ထိုက်လို့ သုံးခွင့်ရှိနိုင်တာပဲ၊ မထိုက်တဲ့သူရဲ့ ဝမ်းထဲကို ရောက်သွားခဲ့ရင် ဖမ်းထဲကက လီစာတွေအားလုံး မီးကျွမ်းသလို ဖြစ်ပြီး အနိစ္စသဘော ရောက်သွားနိုင်တယ်။





ကျွန်တော် ဒါကိုယူမသွား ပါရစေနဲ့တော့၊ သူတော်စင် ကြီးကို အပ်နှံခဲ့ပါတယ်။

ဒီမှာ လူလေး၊ ဒါ မင်းရဲ့ကိုယ်ထဲမှာ ရှိနေလို့ ရန်အာ ပေါင်းကို ရင်ဆိုင်နိုင်ခဲ့တာ၊ ခုလည်း မင်းဟာရှေ့မှာ ရင်ဆိုင် ရမှာတွေ အများကြီးပဲ ကျန်သေးတယ်။ ဒီပစ္စည်းလေးဟာ မင်းနဲ့ ဆက်နွယ်မှုရှိနေတယ်။ နောက်တော့ မင်းသိလာရလိမ့်မယ်။ ငါ သိခြင်လို့ မင်းရဲ့ဗိုက်ထဲက ထုတ်ယူလိုက်တာ၊ ဒါ သူတော်ဂန္ဓရဲ့ ပစ္စည်းအစစ်အမှန်ပဲ။

"သူတော်ဂန္ဓကို သိလို့လား ခင်ဗျာ"

"သူ့ကို ငါကောင်းကောင်းသိတာပေါ့၊ ငါတို့ရဲ့ ဆရာ သခင်ဂုရုကြီးပဲ တူလေး"

ကံရာဇာ အံ့အားသင့်သွား ခဲ့ရလေသည်။ သူတော်ဂန္ဓ ကား နှစ်ပေါင်းထောင်ချီမက လွန်လေပြီးသော အတိတ်ကာလ ကြမြင့်စွာ ရှိမူခဲ့သော သူပင်တည်း။ ယခု သူတော်စင်ကြီး အာစိယ္တာ၏ ဆရာသခင်ဟု ပြောနေသည့်အတွက် နားမလည် နိုင်အောင် ဖြစ်သွားခဲ့ရလေသည်။

သို့ဆိုလျှင် . . .

သူတော်စင်ကြီးအာစိယ္တာ၏အသက်သည် မည်မျှရှိနေ သည်လဲ . . .

"ကဲပါ မင်းကို သာမန်သူတွေနားမလည်နိုင်တဲ့ အကြောင်းတွေပါ၊ ငါမင်းကို ထပ်ပြီးမှာလိုက်မယ်၊ ဒီမဟာမွေနယ် မြေကြီးကား လွန်စွာမှ ကျယ်ပြန့်လှပါကတယ်၊ သူတော်စင်တွေက အမျိုးမျိုးသော ကျင့်စဉ်တွေနဲ့ ပညာရေးကျင့်ကြံ အားထုတ်ရာ



www.burmeseclassic.com

www.burmeseclassic.com



နေရာပါ''

''မင်းအခု ရောက်နေတဲ့နေရာမှာ၊ မြေပေါ်မှာရော၊ မြေအောက်မှာပါ သူ့နေရာနဲ့သူ၊ ကျင့်ကြံအားယုတ်နေတဲ့သူတွေ ရှိနေကြကယ်၊ ဒီနေရာဟာ ကားဟားကျောင်းပေါက်ကြီးတွေမှာ သတင်းသုံးနေကြတဲ့နေရာနဲ့ အဝေးကြီးမှာ ရှိနေတယ်၊ အင်မတန်ကို ကျယ်ပြန့်တဲ့ နေရာကြီးပါ''

''အဲဒီတော့ မင်းတကယ်သွားရမယ့် နေရာကို ငါသေသေချာချာ ညွှန်ပြပေးလိုက်ပါမယ်၊ ငါညွှန်လိုက်တဲ့လမ်းဟာ မင်းရဲ့ရည်ရွယ်ချက် ပြည့်မြောက်ရာနေရာပဲ ဖြစ်တယ်၊ အကြံအစည် နိဂုံးကမ္ဘက်အဆုံးသပ်ရာပဲ ဖြစ်တယ်ဆိုတာ ငါ ကြိုပြီးတော့ ပြောလိုက်မယ်''

သူတော်စင်ကြီး အာစိရှုသည့် ရှေ့မှာကြိုပြီးတော့ မြင်နေရသည့် အကြောင်းတစ်ခုကြောင့် ကံရာဇာအား နိမိတ်စကားပြောကြားနေခြင်းပဲ ဖြစ်သည်။

''ဒီ မဟာဓမ္မနယ်မြေထဲမှာ လက်နက်တွေ ယူသွားလို့ ဖြစ်ပါ့မလား သူတော်စင်ကြီး ခင်ဗျား''

''ကောင်းမှုနယ်မြေမှာ မကောင်းမှု ပြုလုပ်သူတွေလည်း ရှိတတ်ပါတယ်၊ ဘယ်နေမှာမဆို အဆိုးထဲမှာ အကောင်းရောနေကြသလို အကောင်းထဲမှာလည်း အဆိုးတွေရှိနေကြတာပါပဲ၊ အဆိုးတွေကို ဦးစားပေးလိုက်ရင် မင်းဘာဖြစ်သွားမယ်ထင်သလဲ၊ အရေးကြီးတာက သူတစ်ပါးကို ဘိုယ်က မတရားမပြုမူဖို့ပဲ လူလေး။ အဲဒီတော့ ယူသွားပါ''

သူတော်စင်ကြီး အာစိရှုအား စကားသည် ခရီးရောက်





သွားသည်။ ရှေ့မှာ မိမိအတွက် အခက်အခဲများရှိနေဦးမှာ ကျမ်းသနေလေပြီ။ ပါလာသောကျောပိုးအိတ်နှင့် သေနတ်ကြီးကို ...းမှာ လွယ်လိုက်သည်။ သူတော်စင်ကြီးကိုလည်း ရှိသေစွာ ... ကန်တော့လိုက်လေသည်။ သူတော်စင်ကြီးက ကံရာဇာ၏ ...ေါင်းကိုကိုင်ပြီး . . .

''သာဓု . . . သာဓု . . . သာဓု၊ ဘေးအပေါင်း ...အပေါင်း ကင်းပါစေ၊ လိုရာသန္တခရီး ပြီးမြောက်ပါစေ''

ဟု ဆုပေးလိုက်သည်။ ကျောင်းမှ ထွက်လာခဲ့ကြသည်။ ...ကားအတိုင်း ဆင်းလာခဲ့ကြသည်။ ကျောင်းအောက်သို့ ...က်သောအခါ ကံရာဇာက ကျောင်းပေါ်ကို မော့ပြီးတော့ ...ည့်မိလိုက်သည်။ တကယ်တော့ ကျောင်းကြီးမဟုတ်ဘဲ၊ ...ရုံကြီးနှင့် တူနေလေသည်။ ညက အမှတ်တမဲ့မို့ ကျောင်းကြီး ...စ်ဆောင်နှင့် တူနေလေသည်ဟုထင်မိဟာကား၊ ကျောင်းစောင့် ...ကြီးနှစ်ကောင်ကို အောက်ကနေလှမ်းကြီးတော့ မြင်နေရ ...သည်။ နဂါးကြီးတွေသည် အစိမ်းရောင်သို့ ပြောင်းလဲနေကြ ...သည်။

''ဒီအဆောက်အဦကြီးဟာ ကျောင်းလည်းမဟုတ်ဘူး၊ ...ရုံကြီးလည်း မဟုတ်ဘူးကွယ့်၊ ဇရပ်ကြီးတစ်ဆောင်သာ ...တယ်၊ ဒီနေရာမှာ လာရောက်ပြီး တရားကျင့်ကြံအားထုတ် ...တဲ့သူတွေများလှပြီ၊ ဒီဇရပ်ကြီးရဲ့ သက်တမ်းက နှစ်ပေါင်း ...ထောင်မကရှိတော့မယ်၊ ငါဟာ အဲဒီနှစ်တွေထဲမှာ ရောက် ...ကြသူတွေအနက် ဆယ့်တစ်ယောက်မြောက်သော ... ဖြစ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ကြီး အာစိဏ္ဏသည် ကံရာဇာ၏ စိတ်အတွေ
သိနေသည့်အလား အဖြေပေးလိုက်လေသည်။ နှစ်ဦးအ
လျှောက်လာခဲ့ကြရာ ဇရပ်ကြီးနှင့် တော်တော်လေးကို ဝေးလာ
လေပြီ။ ဗုဒ္ဓမြတ်စွာပင် ပွင့်တော်မမူမီကတည်းက တည်ဆော
ထားခဲ့ဟန်တူသည့် ဇရပ်ကြီးကား ဝိသုကာလက်ရာဆန်း တ
မျိုးနှင့် ဖြစ်သည်။ သူတော်စင်ကြီး၏ သက်တမ်းမည်မျှရှိလေ
နည်း။ နှစ်ပေါင်းလေးထောင်အတွင်းမှာ သူသည် ဤဇရပ်ကြီး
၁၁-ယောက်မြောက် ရောက်လာသူဟု ဆိုထားသည့်မဟုတ်
လား။

"ငါ့ရဲ့အသက် ဘယ်လောက်ရှိတယ်ဆိုတာ အရေးမ
ပါဘူး။ ဒါတွေကို လျှောက်ပြီးတော့ တွေးမနေပါနဲ့၊ ဝိဇ္ဇာမိုရ်
ထဲမှာ ကောင်းတဲ့ဝိဇ္ဇာမိုရ်တွေ ရှိကြသလို၊ မကောင်းတဲ့ဝိဇ္ဇာ
တွေလည်း ရှိကြတယ်၊ ကုမ္ဘာန်၊ ယက္ခတွေလည်း ထိုနည်း
လည်းကောင်း၊ ရက်စက်ကြမ်းကြုတ်တဲ့ ဘီလူးမျိုးတွေရှိကြသ
သူတော်ကောင်းဘီလူးတွေလည်း ရှိကြတယ်"

သူတော်စင်ကြီးသည် အခက်ကိုဆိုလိုချင်၍ ဤသို့ စကာ
မလွှင်ခံနေရပါသနည်း။

"ဒီလိုကွယ့်၊ နဂါးဆိုတာကလည်း ဆိုးသွမ်းတဲ့ နဂါး
သလို ဥပုသ်သီတင်းစောင့်ပြီး သူတော်ကောင်းတရားကို နာ
ကြားတဲ့သူ၊ သူတော်ကောင်းကျင့်စဉ်ကိုကျင့်တဲ့ နဂါးတွေလည်း
ရှိကြတယ်လေ"

"ဟုတ်ကဲ့"

သူတော်စင်ကြီးသည် ယော်ထိပ်မှာချိတ်ထားသည့်ရှိ လွယ်အိတ်





ာ အရာတစ်ခုကို ထုတ်ယူလိုက်လေသည်။ လက်ဝါးကို ဖြန့်ပြီး
င်ထားလိုက်သောအခါ အမြွှာပူးနဂါးနှစ်ကောင် ဖြစ်နေသည်။
တစ်ကောင်က အနီရောင်၊ တစ်ကောင်က အစိမ်းရောင်၊
စ်ကောင်စလုံး ပူးကပ်နေကြသည်။ အရှည်က လက်တစ်ဆစ်
ခန့်ပဲရှိမည်။ ကိုယ်လုံးဖြောင့်တန်းနေကြပြီး ကိုယ်ချင်းထိကပ်
ာ ခေါင်းတွေက ထောင်နေကြသည်။ အနီရောင်အကောင်က
းပျဉ်းထောင်လျက်ရှိသည်။ အစိမ်းရောင်အကောင်ကတော့
းပျဉ်းမထောင်ပေ။

"ဒါကို ဆောင်ယူသွားပါ၊ လမ်းမှာ မင်းအတွက်
အထောက်အကူ ပေးလိမ့်မယ်"

ကံရာဇာသည် နဂါးအမြွှာကို တရိုတသေဖြင့်ယူကာ
တ်ထဲသို့ ထည့်လိုက်လေသည်။ သူတော်စင်ကြီးက ညှက
ထားသည့် အလုံးလေးကို ဆံကျစ်ထဲမှာပင် ထုတ်ယူလိုက်ပြီး-

"ကဲ . . . မင်းမစွည်းကို မင်းပဲ ပြန်ယူသွားပါ"

ကံရာဇာက မလွှဲမရှောင်သာတော့ပဲ ဂါးစပ်ကိုဟပေး
က်လေသည်။ သူတော်စင်ကြီးသည် ဂါးစပ်ထဲကို ပစ်ထည့်
က်လေ၏။ ချက်ခြင်းဆိုသလိုလိုပင် ပမ်းထဲကိုလျှောကနဲ့ဆို
သွားခဲ့လေသည်။ မျက်လုံးတွေ ပြာဝေသွားခဲ့သည်။ နားထဲ
လည်း လေတဟူးဟူးဖြင့် ထွက်သွားသည်။ အူထဲတလိမ့်လိမ့်
ဖြစ်လာပြီး၊ နောက်ကိုပင် ဒီယိမ်းဒယိုင် ဖြစ်သွားခဲ့ရလေ
ည်။ မျက်လုံးတွေထဲမှာလည်း သူနှင့်မျက်နှာချင်းဆိုင်ရပ်နေ
သူတော်စင်ကြီးသည် တစ်ယောက်က နှစ်ယောက်၊ နှ
ာက်က သုံးယောက်၊ လေးယောက်စသည်ဖြင့် ဖြစ်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

"ကျ . . . ကျွန်တော်"

"မင်း ဘာမှမဖြစ်ဘူး၊ လူလေး ဒီကနေတည့်တည့် ကြီး ဆင်းသွားလိုက်ပါ၊ လိုရာခရီးကို ချက်ခြင်းလိုလို ရောက် သွားလိမ့်မယ်"

သူတော်စင်ကြီး အာစိဏ္ဏလက်ညှိုးထိုးရာ အရပ်ဆီသို့ ကံရာဇာက မျက်နှာမူလိုက်သည်။ လက်ညှိုးနှင့်အတူ လေထ မှာ မြှောက်ကာနဲ့ဆို ပါသွားသည်။ ခန္ဓာကိုယ်သည် ပေါ့ပါးလျှက် ရှိသည်။ စိတ်ကို ပြောင်းလဲသွားစေရန် သူတော်စင်ကြီးက လှ အောင်ပြုလိုက်သလား မသိပေ။

တစ်ဖန် . . .

တက်ကြွမှုက အလိုလိုပင် ဖြစ်ပေါ်ခံစားလာခဲ့ရပြန်ပြ တောင်ကုန်းတက်က ပြေးဆင်းသွားခဲ့လေသည်။ တောက်လျှော ပြေးဆင်းလာခဲ့သော်လည်း ခြေထောက်သည် မြေနှင့်ထိသည် မထင်ရ။ မောပ်ဟိုးလည်း လဲကျမသွားပေ။ တကယ်တော့ သ ရောက်ရှိခဲ့သည့် တောင်ကုန်းကြီးသည်ကား မြင့်မားမတ်စော လွန်းလှသည်တကား။ အောက်သို့ ဤအတိုင်းဆင်းရန်ပ မလွယ်ကူလှပေ။

သို့သော် . . .

ကုပ်ကပ်ပြီးဆင်းရန်ပင် မလွယ်ကူလှသော တောင်ကု မတ်မတ်စောက်စောက်ကြီးပေါ်က ကံရာဇာသည် ပြေးဆင်းလ ရှိနေလေသည်တကား။ တကယ်တော့ လေဆင်နှာမောင်း သည့် ကံရာဇာကို တောင်ကုန်းကြီးအမြင့်ပေါ်သို့ ညက ပို့ဆော





ပေးခဲ့သည်။ မြေပြန့်ဟုပဲ ထင်မိခဲ့သည်။ ယခုကျမှပင် မြေပြန့် မဟုတ်မှန်း သိလိုက်ရလေသည်။

သူတော်စင်ကြီး အာစိဏ္ဏသည် ကံရာဇာကို မည်သို့ ပြုလုပ်လိုက်သလဲမသိပါ။ တောင်ခြေကိုရောက်ကာနီးမှာမှ အေးခဲသော လေလုံးကြီးတစ်လုံးက ဝင်ပြီးတော့ ဆောင်သွားခဲ့ ရာ လွင့်ထွက်သွားခဲ့ရန်ပြန်လေသည်။ ဤအရပ်ဒေသတွင် ဖြစ် တတ်လေ့ရှိသော သဘာဝများပေလား။ တောင်ပေါ်မှ တိုက်ခတ် လာသော နှင်းမုန်တိုင်းတစ်ခုကြောင့်ပေလား။ ကံရာဇာကိုဝင်ပြီး ဆောင်သွားသော လေလုံးကြီးထဲမှာ ထူထပ်သိပ်သည်းသော နှင်းတွေပါပါသွားသည်။ ကံရာဇာသည် လေလုံးကြီးနှင့် ရောထွေး သွားခဲ့လေ၏။

သတိကတော့ မလစ်ပါ။ မိမိကို ခေါ်ဆောင်သွားသော လေလုံးကြီးကို သေချာစွာ ကြည့်မိလိုက်သည်။ နဂါးကြီးတစ် ကောင်ကျော် အလျားရှည်ရှည်ကြီးဖြင့် ဆန့်တန်းနေသည်နှင့် တူနေသည်။

နဂါးအစိမ်းကြီး၏ ကျောပြင်ပေါ်ကို ကံရာဇာရောက်ရှိ နေသကဲ့သို့ပင် . . . ။

"ဟင်"

ကံရာဇာ အံ့အားသင့်သွားခဲ့ရသည်ကား သူ့ရှေ့တည့် တည့်တွင် နဂါးစိမ်းကြီးက ခေါင်းထောင်ပြီး လေထဲမှာ ပြေးနေ သကဲ့သို့ပင်တည်း။ တကယ်တော့ ကံရာဇာသည် လေစီးကြောင်း စီးနေခြင်းသာ ဖြစ်သည်။ လေထုထဲမှာ ဖြစ်ပေါ်နေသော အလင်း ရောင်များက နှင်းလုံးကြီးကို ရိုက်ခတ်၍ အစိမ်းရောင် လှိုင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဖြစ်ပေါ်သွားခြင်းပါ။ ယင်းလေစီးကြောင်းထဲမှာ လွင့်မျော ပြီး ပါသွားခြင်းပင်။ ကံရာဇာသည် မည်မျှကြာအောင် လိုက်ပါ သွားသလဲမသိပါ။ တစ်နေရာကို ရောက်သောအခါ အောက်ကို ပြုတ်ကျသွားခဲ့လေတော့သည်။

"အား"

သည်တစ်ခါတော့ သွားပြီဟု ထင်လိုက်ရလေသည်။ မည်မျှအမြင့်ရှိသလည်းတော့မသိ။ အောက်မှာလည်း ဘာရှိ သလည်းမသိ။ အမာခံတစ်ခုခုနှင့်သာတွေ့လျှင် သက်သာလှမှာ တော့မဟုတ်ပါ။ ကိစ္စချောသွားနိုင်သည်။

"ဘုံး"

"အား"

ဟန်မဆောင်နိုင်တော့ဘဲ ထိတ်လန့်စွာဖြင့် အော်မိ လိုက်ပေသည်။ အသက်ထွက်ဖြစ်သွားပြီဟုလည်း ထင်မိလိုက်လေ သည်။

သို့သော် . . .

ကံရာဇာရောက်သွားခဲ့သည်ကား ထူထဲသော နှင်းပုံကြီး တစ်ပုံပေါ်ကိုသာ၊ အရှိန်ဖြင့် ပစ်ပြီးကျခြင်းဖြစ်၍ ခန္ဓာကိုယ်သည် နှင်းပုံကြီးထဲကို အိပြီးတော့ ဝင်သွားခဲ့လေသည်။ တခဏတာ ငြိမ်သက်စွာ စောင့်ဆိုင်းနေပြီးမှ နှင်းပုံကြီးအောက်မှ လူးလဲကာ ထလိုက်လေတော့သည်။

♛♛♛♛♛





(၁၈)

## ရှူပုကလေးအမိုးအိုးဟာတစ်ဦး

ရှေးဦးစွာ ကံရာဇာသည် မိမိကိုယ်မိမိ စမ်းသပ်ကြည့် လိုက်သည်။ အကျိုးအပဲ့ကမရှိ၊ ပွန်းရာပဲ့ရာမျှပင်မရှိ၊ စိတ်အေး သွားခဲ့ရသည်။ အောက်မှခံနေသော နှင်းကမ္ဘလာကြီးသည် ထူထဲထဲနှင့်မို့ သူသက်သာသွားခဲ့ခြင်းပင်ဟည်း။

ထို့နောက် . . .

ကိုယ်ပေါ်မှ ပစ္စည်းများကို စမ်းကြည့်မိလိုက်သည်။ ကျာပိုးအိတ်၊ သေနတ်ကမှအစ အားလုံးထွက်ကျသွားကြခြင်း မရှိကြ။ ကိုယ်ပေါ်မှာ ပါလာခဲ့ကြလေသည်။

"အား . . . အစိမ်းရောင် နဂါးကြီးကတော့ ငါ့ကို ဒီရာခရီးကိုရောက်အောင် မှုပေးလိုက်တာလား မပြောတတ်ဘူး"

ကံရာဇာသည် ဒူးထောက်လျက် အနေအထားမှ ဝေ့ ကြည့်မိလိုက်သည်။ သူ့ရှေ့မှာ မြင်လိုက်ရသည်ကား နှင်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖုံးလွှမ်းနေသော တောင်ကြီးတစ်တောင်ပင်တည်း။

ထိုတောင်ကြီးကို ကြည့်ပြီးတော့ ကံရာဇာက ပါးစ

အဟောင်းသားနှင့် ဖြစ်သွားခဲ့ရလေသည်။

အဘယ်ကြောင့်ဆိုသော် . . .

ယင်းတောင်ကြီးကား နဂါးကြီးတစ်ကောင်အဆင့်ဆ

ခွေထားပုံထားသည့်သဏ္ဌာန် ဖြစ်ပေါ်နေသောကြောင့်ပင်တည်

"ဒါ . . . ဒါ အဖိုးအို မာနားပြောတဲ့ နဂါးမော

တောင်ကြီးပါလား"

ကံရာဇာသည် သူ့မျက်လုံးတွေမှိုပင် မယုံကြည်နိ

လောက်အောင် ဖြစ်သွားခဲ့ရလေသည်။ အဖိုးအိုမာနား၏ ဒဏ္ဍာ

လာ စကားများကား တစ်စွန်းတစ်စတော့ မှန်နေလေပြီတည်

သူတော်စင်ကြီး ပေးလိုက်သော အမြှာပူးနဂါးနှစ်ကောင်အန

တစ်ကောင် [အစိမ်းရောင်နဂါး]သည် ကံရာဇာကို ဤနေရာ

သို့ ရောက်အောင် ပို့ဆောင်လိုက်လေသလားဟူ၍ . . .

"ငါ . . . ဒီ နဂါးမောက်တောင်ကြီးဆီကို ရောက်လ

တော့ရော ဘာလုပ်ရမှာလဲ၊ ဘယ်လိုဆက်ပြီး သွားရမှာလ

"မင်း အဲဒီ နဂါးမောက်တောင်ကြီးဆီကိုပဲ ဆက်

တော့သွားရမှာပဲ"

မမျှော်လင့်ဘဲ ထွက်ပေါ်လာသော အသံတစ်သ

ကံရာဇာသည် ပါဠိပျက်စကားဖြင့် ပြောလိုက်သော သူကို ရှာ

လိုက်လေ၏။

ခပ်လှမ်းလှမ်းတွင် ကျောက်ဂူလေးတစ်ခုကို မမျှော်လ

ဘဲ တွေ့လိုက်ရလေ၏။ ဂူရှေ့မှာ တစ်ကိုယ်လုံး အနီရောင်အဝ





များကို ဝတ်ဆင်ထားသော လူတစ်ယောက်က ရောက်နေသည်။ ခေါင်းပေါ်မှာလည်း ဦးထုတ်နီချွန်ချွန်လေးကို ဆောင်းထားသည်။

ရှည်လျားသေမုတ်ဆိတ်မွေးနီနီကြီးများသည် ရင်ဘတ်အထိ ရောက်နေကြသည်။ ပါးမြိုင်းမွေးတွေက မဟုတ်သော်လည်း နီနေကြသည်ပင်၊ မျက်နှာကလည်း နီစပ်စပ်နှင့်ပင်။ ထိုသူ၏ အရုပ်အမောင်းကား သုံးပေလောက်ပဲ ရှိလိမ့်မည်။

"ဘယ်သူပါလိမ့်၊ တစ်ကိုယ်လုံး အနီရောင်ဖြစ်နေပါလား"

ကံရာဇာသည် အံ့အားတသင့်ဖြင့် ကြည့်နေမိသည်။ ထိုလူပုလေးအဖိုးအိုက ကံရာဇာကို လက်ပိုက်ကာ ကြည့်နေပြီး

"ငါ မင်းကို စောင့်နေတာပါ၊ ကဲ . . . ကဲ၊ လာခဲ့"

"ငါ့ကို စောင့်နေတာ ဆိုပါလား"

ကံရာဇာသည် လူပုလေးအဖိုးအိုဆီကို လျှောက်သွားခဲ့သေလည်။

"အဖိုးက ကျွန်တော့်ကို စောင့်နေတယ်၊ ဟုတ်လား၊ ကျွန်တော်ရောက်လာမယ်ဆိုတာ သိလို့လားဗျာ"

"သိလို့ပေါ့ကွာ၊ ကဲ ကဲ ဒါတွေနောက်မှမေးပါ၊ အပြင်မှာ သိပ်ပြီးတော့အေးတယ်၊ လာ . . . လာ အထဲကိုဝင်"

လူပုလေးအဖိုးအိုက ဂူထဲကို ဝင်သွားသည်။ ဂူပေါက်က လွန်စွာမှ သေးငယ်ပြီး ကျဉ်းမြောင်းလှသည်။ နိမ့်လည်းနိမ့်သည်။ ကံရာဇာ လေးဘက်တောက်ပြီးဝင်သည့်တိုင်မလွယ်။

"ဘာလုပ်နေတာလဲကွ ဝင်လေကွယ်"

"မလွယ်ဘူးထင်တယ် အဘိုး"

"လောကမှာ မလွယ်ဘူးဆိုတာ မရှိဘူးကွယ်၊ ဘာက



www.burmeseclassic.com

www.burmeseclassic.com



တော့ ခက်ခဲရင်ခက်ခဲမယ်၊ နောက်တော့ အဆင်ပြေသွားတာပဲ၊ မကြိုးစားသေးပဲနဲ့ အားလျော့စကားမပြောနဲ့၊ ရအောင်ဝင်လာခဲ့''

''ဟာ ဖွတ်ကြီးပါဖဲလား၊ ဒါလောက်အပေါက်ကျဉ်းကျဉ်းလေးထဲကို ငါ ဘယ်လိုလုပ် ဝင်ရမလဲ၊ ကဲ . . . ဒါလောက်တောင်ဖြစ်လှတာ သူ့ကို လက်တွေ့ပြလိုက်ဦးမယ်''

ကံရာဇာသည် နေရာမှ ထိုင်ချလိုက်ကာ ခေါင်းကို အရင်ဝင်ပြလိုက်သည်။ လူပုလေးအဖိုးအိုက အထဲမှာ လက်ပိုက်ပြီး သူ့ကို ကြည့်နေသည်။

''ဟုတ်ပြီ၊ ခေါင်းဝင်ရင် ကိုယ်ဆံ့တယ်၊ ဝင်လိုက် ဝင်လိုက်''

ကံရာဇာလည်း စိတ်ပေါက်ပေါက်နှင့် ကိုယ်လုံးကြီးကိုပါ ဖွတ်တိုးပြီးတော့ အတင်းတိုးဝင်ပြလိုက်လေရာ . . .

''ဟင်''

မည်သည့်အခက်အခဲမှမရှိဘဲ တစ်ကိုယ်လုံး ချောင်ချောင်ချိစွာဖြင့် ဝင်သွားနိုင်ခဲ့လေသည်။ အထဲကို ဝင်သွားနိုင်၍ အံ့အားသင့်နေမိသည်။ ဂူပေါက်ကိုပြန်ပြီးတော့ ကြည့်လိုက်တော့လည်း သေးသေးပင်။ ဘယ်လိုမှ နားမလည်နိုင်တော့။

''လာ လာ အံ့အားသင့်မနေနဲ့၊ လောကမှာ အံ့အားသင့်စရာဆိုတာ မရှိဘူး၊ မျက်လှည့်သမားလိုပဲ၊ သူလုပ်ပြတော့ ပါးစပ်အဟောင်းသားနဲ့၊ ဘယ်လိုလိမ်သလဲဆိုတာကိုလည်း သိလိုက်ရရော၊ အော် . . . ဒါပါလားဆိုတာ ,သိသွားရတယ် ဘယ်အရာမဆို အဖြေရှိတယ်''

လူပုလေးအဖိုးအိုက ကံရာဇာကို ခပ်ယုယယု ကြည့်ပြီး





တော့ ပြောလိုက်သည်။

''ဒူးထောက်မနေနဲ့လေ၊ မတ်တပ်ရပ်လို့ ရပါတယ်ကွယ့်''

''ဂူသေးလေးလေးကို မတ်တပ်ထရပ်နိုင်းနေပြန်ပြီ''

ကံရာဇာမော့ကြည့်လိုက်သောအခါ ပိုပြီးတော့ အံ့အားသင့်သွားခဲ့ရပြန်လေသည်။

မိမိ၏ခေါင်းထက်မှာ လက်ခုပ်တဖောင်လောက်မကမြင့်မားနေသောကြောင့်ပင်။ မျက်လှည့်လား၊ ပဉ္စလက်လားမပြောတတ်ပါ။ ကံရာဇထပြီးတော့ ရပ်လိုက်ရသည်။

''ကဲ . . . လာ မင်းနဲ့ဆွေးနွေးစရာရှိတယ်''

လူပုလေးအဖိုးအိုက ရှေ့မှ ဦးဆောင်ပြီးတော့ခေါ်သွားသည်။ ကံရာဇာက နောက်မှလိုက်သွားခဲ့လေသည်။ ဂူထဲမှာ ညီညာပြေပြစ်သော ကြမ်းပြင်နှင့်နံရံများ ရှိကြသည်။ မှောင်မနေဘဲ လင်းလင်းချင်းချင်းရှိသည်။ ထင်ရှားစွာပင် မြင်နိုင်လေသည်။ လူပုလေးအဖိုးအိုသည် လွန်စွာမှပုသော်လည်း ခြေလှမ်းတွေကသွက်လက်လှသည်။ လျှင်မြန်စွာဖြင့် သွားနိုင်လေသည်။

''ဘာဖြစ်လို့ ဒီလောက်တောင် ပုရသလဲမသိဘူး''

''ငါလား ပုချင်လို့ ပုတာပေါ့ကွ၊ ငါ့လို လူတိုင်းပုချင်လို့ ပုနိုင်တာမဟုတ်ဘူး''

''ဟင်''

ကံရာဇာ၏ စိတ်အတွေးကို သိသွားဟန်တူသည်။ လူပုလေးအဖိုးအိုက ပေါက်ဆတ်ဆတ်နှင့် ပြောလိုက်လေ၏။ မင်းလိုတွေးနေမှာသိလို့ ငါက အတတ်ပြောလိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာသက်ပြင်းချမိလိုက်သည်။ နောက်ထပ် ဘာကိုမှ မတွေးရဲတော့"

ဂူထဲကို တော်တော်ကလေး ဝင်လာခဲ့ပြီးသောအခါ စားပွဲပုလေးတစ်လုံးကို တွေ့လိုက်ရသည်။ မြေပြင်ပေါ်မှာ ကော်ဇောနီနီလေးတွေကို ခင်းထားသည်။ စားပွဲပေါ်မှာ ဖလ်လုံးနှင့်တူသော နို့နှစ်ရောင်ဖြူဖြူလုံးကြီးတစ်လုံးကို တွေ့လိုက်ရသည်။ ရွှေကလပ်တစ်ခုပေါ်မှာ တင်ထားလေသည်။

ထို့အပြင် . . .

အငွေ့ချောင်းချောင်းထနေသော နွားနို့တစ်ဖန်ခွက်နှင့် ဂျုံနှင့်လုပ်ထားသော မုန့်တစ်မျိုးကိုလည်း တွေ့လိုက်ရသည်။

"ကဲ . . . အဆာပြေသောက်၊ စားလိုက်ပါဦးကွယ်"

ကံရာဇာသည် ကိုယ်ပေါ်မှ ကျောပိုးအိတ်နှင့် သေနတ်ကြီးကို ဖယ်ရှားကာ အောက်မှာ ချထားလိုက်သည်။ ထို့နောက် ဆာဆာလောင်လောင်နှင့် စားသောက်ပစ်လိုက်လေ၏။ ဝမ်းထဲမှာ အစာဝင်သွား၍ထင့်၊ အင်အားများ ပြည့်ဖြိုးလန်းဆန်းသွားခဲ့ရလေသည်။

"မင်းက နဂါးစိမ်းကြီးကို စီးလာခဲ့ရတော့ လိုရာခရီးကို မြန်မြန်ပဲရောက်လာကရော မဟုတ်လား"

"ကျွန်တော် နဂါးစိမ်းကြီးကို စီးလာတယ်၊ ဟုတ်လား။ အဲဒါ ကျွန်တော့်စိတ်ထဲက ထင်နေမိတာ မဟုတ်လား၊ ဒီအရပ်မှာ လေစီးကြောင်းတွေရှိတယ်၊ ကျွန်တော် လေစီးကြောင်းတစ်ခုကို မတော်တဆမိပြီးတော့ ရောက်လာခဲ့ရတာပါ"

"အေးပေါ့လေ၊ မင်းတို့လို သိပ္ပံသမားတွေကတော့





ဒီလိုပဲ တင်ပြမှာပေါ့၊ မင်း နဂါးစိမ်းကြီးကို စီးလာတယ်ဆိုတာ အမှန်အကန်ပဲ၊ အခုလည်း သူ့တာဝန်ကျေပြွန်သွားလို့ မြေကြီးထဲကို ပြန်ဝင်သွားပြီ"

"အဖိုးက ဘယ်လိုသိသလဲ"

"ငါ ဖန်တီးထားတဲ့အကောင်တွေမို့ သိတာပေါ့ကွ၊ ငါက သူတော်စင်ကြီး အာစိဏ္ဏကို ပေးထားတာ၊ မင်းမှာရှိသေးသလား၊ ပြန်စစ်ကြည့်ပါဦး"

ကံရာဇာက အိတ်ထဲကို လက်နှိုက်ကြည့်လိုက်သည်။ အမြှာပူးနဂါးနှစ်ကောင်ကို စမ်းမိလိုက်၏။

"ရှိ ရှိပါသေးတယ်၊ ဘယ်ကိုမှ မရောက်ပါဘူး၊ ဟောဒီမှာ ဟင်"

ကံရာဇာ အံ့အားသင့်သွားခဲ့ရလေသည်။ လက်ထဲမှာ ပါနေသည့် အမြှာပူးနဂါးရုပ်လေးက နှစ်ကောင်မဟုတ်တော့။ အနီရောင်တစ်ကောင်တည်း ဖြစ်နေသည်။ အစိမ်းရောင်က ပျောက်သွားပြီ။

"ဒါ . . . ဒါ ဘယ်လို ဖြစ်တာလဲ"

"မင်းကို ငါပြောသားပဲ၊ အစိမ်းရောင်နဂါးက ပြန်သွားပါပြီလို့ဆိုတာ မင်းကမှ မယုံဘဲကိုး"

ကံရာဇာကတော့ နဂါးရုပ်လေးတစ်ရုပ်သည် တစ်နေရာမှာ ပြုတ်ပျက်ပြီးတော့ ကျန်ခဲ့သည်ဟု ထင်မိလိုက်သည်။ ထိုသို့ထင်မိလိုက်ပြီးသည်နှင့် လူပုလေးအဖိုးအို၏ မျက်နှာကို ဖျတ်ကနဲဆို ကြည့်မိလိုက်လေသည်။ ယခုလို တွေးမိသည်ကိုက မလုံမလဲ ဖြစ်သွားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါလေ၊ ထားပါတော့၊ ငါ မင်းကို အငြင်းအခုန် မလုပ်လိုတော့ပါဘူး၊ မင်းထင်ချင်သလိုထင် ရတယ်၊ ဘ မင်းရှေ့ဆက်ရမယ့် ခရီးအတွက် ငါ စီစဉ်ပေးမယ်"

ဤလူပုလေးအဖိုးအိုသည် ကံရာဇာနှင့် ပတ်သက်ပြီး အရာရာအားလုံးကို သိနေသူပါတကား။

"မင်းလည်း အားပြည့်သွားပြီပဲ၊ ခဏပဲနားချိန်ရလိုက် တာကို ငါ စိတ်မကောင်းပါဘူး၊ လူဆိုတာဟာ အလုပ်လုပ်နေ ရင်းက နားလိုက်ရင် ပျင်းသွားတတ်တယ်၊ မင်းကတော့ ဒီလို လူစားမျိုးမဟုတ်ပါဘူး၊ ကံရာဇာ"

ကံရာဇာ၏ မျက်ခုံးများသည် မြင့်တက်သွားခဲ့ကြလေ၏ သူ့ကို တရင်းတနှီးနှင့်က ကံရာဇာဟု ခေါ်လိုက်သောကြောင့်ပင်

"ဟုတ်ကဲ့၊ အဖိုး ကျွန်တော်လည်း တာဝန်ကို ပြီးဆုံး ချင်လှပါပြီ၊ လမ်းစပျောက်နေပါတယ်၊ ကူညီပါ"

"လမ်းစမပျောက်ပါဘူးကွယ်၊ မင်းလိုက်ရှာနေတဲ့လူ သုံးယောက်ဟာ ငါ့ဆီကို ရောက်လာကြတယ်ကွယ်"

"ဟင် ဟုတ်လား၊ အဖိုးဆီကိုရောက်လာကြတယ် ဟုတ်လား"

"ဟုတ်တယ်၊ သူတို့ကလည်း အခက်အခဲအကြပ် အတည်းနဲ့ ရောက်လာခဲ့ကြတာ အမှန်ပဲ၊ မင်းလမ်းမှာ တွေ့ခဲ့ ရတဲ့ လူငှက်တွေရဲ့ရန်ကိုတော့ မကြုံခဲ့ရဘူး"

ဘာကြောင့်လည်းဆိုတော့ သူတို့ဟာ လမ်းကြောင်းတစ် ခုကနေ အမှတ်မထင် ဝင်ရောက်လာကြတဲ့အတွက်ပဲ။ ဒါပေမယ့် ခက်ခက်ခဲခဲနဲ့ တခြားအန္တရာယ်တွေဆို ရင်ဆိုင်ခဲ့ကြရတယ်





"သြော် . . . သင်းတို့က ဒီနေရာအထိ ရောက်လာခဲ့ ကြတာလား၊ ကျွန်တော်ကတော့ သူတို့ရဲ့နောက်ကိုလိုက်ရင်း ဘယ်လိုကြောင့် နယ်ကျွံသွားသလဲမသိဘူး၊ အိန္ဒိယဘက်လို့ ထင်နေတာ၊ အခုတော့ တိဗက်ကို ရောက်နေတယ်"

"ဒါမျိုးကတော့ ဖြစ်တတ်ပါတယ်လေ၊ ယုန်တောင်ပြေး ခွေးမြောက်လိုက်ဆိုတဲ့ စကားလည်းရှိတယ် မဟုတ်လား"

လူပုကလေးအဖိုးအို၏ စကားကြောင့် ကံရာဇာ၏ မျက်နှာမှာ ရှုံ့မဲ့သွားခဲ့ရလေသည်။

"အေးပေါ့လေ၊ မင်းကို သူတော်စင်ကြီး အာစိရှ ပြော ခဲ့သလိုပေါ့၊ လောကကြီးမှာ ပြောင်းလည်းမှုဖုန်နဲ့ ဖြစ်မြဲဖုန်ဆို တာရှိတယ်လေ၊ မင်းရောက်ခဲ့တာ ဖြစ်မြဲဖုန် ဖြစ်နေလို့ပေါ့၊ သူတို့က ကမ္ဘာကြီး တိုးတက်မှု၊ ဆုတ်ယုတ်မှုတွေနဲ့ ဘာမှမဆိုင် ဘူး။ လက်ရှိနေရာမှာပဲ လက်ရှိဘဝနဲ့နေမြဲတိုင်းနေ နေကြတယ်"

ရှေးရှေးမခေတ်ကို မင်းရောက်သွားချင်သလား၊ ရတယ်၊ အိန္ဒိယက တပ်ချ်မဟာ အဆောက်အဦးဆောက်လက်စ အချိန်ကိုရောက်သွားချင်သလား ဖြစ်တယ်၊ အီဂျစ်က ဖာရိုဘုရင် ငယ်လေး တူတန်ခမင်ကို ဂူသွင်းတဲ့အချိန်ကို သွားလည်ချင်သ လား။ ဖြစ်တယ်၊ အဲဒါတွေကတော့ မပြောင်းမလဲ ဖြစ်မြဲဖုန်တဲ့ များရှိနေကြတယ်"

ကံရာဇာသည် မိမိလိုက်မမီနိုင်သော စကားများကို ကြား နေရ၍ ဦးနှောက်ခြောက်သွားမိသည်။

"အေးလေ၊ ငါကလည်း လိုရင်းသို့မရောက်ဘဲ လျှောက် ပြောနေမိပြန်ပြီ၊ ကဲ အချိန်လည်း သိပ်မရှိပါဘူး၊ လုပ်ငန်းစမယ်"



www.burmeseclassic.com

လူပုလေးအဖိုးအိုသည် စားပွဲထက်မှ ဖလ်လုံးလေးလိုလက်နှင့်ကိုင်လိုက်လေသည်။

♛♛♛♛♛





(၁၉)

## နဂါးပြည်သို့ဖြတ်လမ်း

လူပုကလေးအဖိုးအိုက . . .

ဖလ်လုံးကလေးကို လက်နှင့်ထိလိုက်သည်နှင့် ဂူထဲမှာအလိုလိုနေရင်း အမှောင်ကျသွားခဲ့လေသည်။ မည်သည့်အကြောင်းကြောင့်လည်းတော့ မသိပါ။ လူပုကလေးအဖိုးအို၏မျက်လှည့်ပညာပေလော။ ပဥ္စလက်အတတ်ပညာပေလော။ မပြောတတ်ပါ။

လူပုကလေးအဖိုးအို၏ မျက်လုံးများသည် ဖလ်လုံးဆီသို့သာ မှုးရိုက်၍ ကြည့်နေခဲ့ပြီး မျက်တောင်မခတ်ပဲ ရှိနေလေသည်။ မျက်နှာသည်လည်း တည်ငြိမ်သွားခဲ့သည်။

ဖလ်လုံးကြီးသည် အမှောင်ထဲမှာ ပျောက်မသွားပဲ ဖြည်းဖြည်းနှင့် လင်းလက်လာခဲ့လေသည်။ ထိုအလင်းရောင်ကြောင့်ပင်လျှင် အခန်းထဲမှာ မှုန်ပြပြက်သပ်ရော်ပင် မြင်ရတာ

www.burmeseclassic.com



ခဲ့ရလေသည်။

ကံရာဇာသည် ဖလ်လုံးကို အလိုလိုပင် ကြည့်နေမိလိုက်
သည်။ ကြည့်နေရင်းမှာပင် ထူးခြားမှုများက ဖြစ်လာခဲ့ရလေ
သည်။ ဖလ်လုံးမျက်နှာပြင်မှာ အရိပ်သဏ္ဍာန်များက ထင်ဟပ်
လာခဲ့ရသည်။ လူသုံးယောက်ပင်တည်း။

ကံရာဇာသည် သူ့မျက်လုံးများကိုပင် မယုံကြည်နိုင်
လောက်အောင် ဖြစ်သွားခဲ့ရသည်။ တကယ်မှ ဟုတ်ပါ၏လော
စိတ်အထင်များလောဟု ထင်မိယောင်မှားဖြစ်သွားသည်အထိပင်

မိုက်ခဲသုံးယောက် . . .

နှုတ်က အလိုလိုပင် ထွက်သွားခဲ့ရသည်။ မြင်ကွင်း
ကြောင့် အသက်အန္တရာယ်ပင် မေ့လျော့သွားခဲ့ရလေသည်။
သူတွေ့လိုက်ရသည်ကား မိုက်ခဲတိမ်နီ၊ မိုက်ခဲဇောတိနှင့် မိုက်ခဲ
ဒေဝေါတို့ပင်တည်း။

''သူတို့သုံးယောက်ပူးပေါင်းသွားကြတာကိုး''

ကံရာဇာသည် လက်ရှိအခြေအနေကို မေ့သွားသည်။
ဖလ်လုံးကြီးထဲက ပုံရိပ်များ၏လှုပ်ရှားမှုကိုသာ စိတ်ဝင်စားလျက်
ရှိနေသည်။ မိုက်ခဲသုံးယောက်သည် မြင်းတွေကိုယ်စီနှင့်
နှင်းတောင်ကြီးတွေကြားမှာ ပြေးလွှားနေလျက် ရှိနေကြသည်။

အန္တရာယ်တစ်ခုခုကို ကြုံတွေ့နေရ၍ ပြေးနေကြဟန်
များ ဖြစ်ကြသည်။ ကံရာဇာထင်သည့်အတိုင်းပင်၊ နောက်
မြင်းအုပ်စုတစ်စုက အပြေးပင်လိုက်လာခဲ့ကြလေသည်။ မြင်းပေါ်
မှာ လိုက်ပါလာကြသောသူများကိုကြည့်ပြီး အံ့အားသင့်သွား
ရလေသည်။ ထိုသူများသည် လူရယ်ဟု သာမာန်အသိဖြင့်





သိနိုင်သော်လည်း မျက်နှာတွေက လူဝံတစ်ကောင်၏ မျက်နှာ
များ ဖြစ်နေကြသည်။ လက်တွေ၊ ခြေထောက်တွေမှာလည်း
ရှည်လျားသော အမွေးအမှင်များကို တွေ့လိုက်ရလေသည်။

ကိုယ်ပေါ်မှာ တိရစ္ဆာန်ကောင်များ၏ အရည်ကိုဝတ်ဆင်
ထားသည်။ ကိုင်ဆောင်ထားကြသည့် လက်နက်များကား
ကျောက်သားလက်နက်များ ဖြစ်ကြသည်။ ပုဆိန်များ၊ တင်းဘုတ်
များ၊ ကျောက်သွားလှံများ ဖြစ်ကြလေသည်။

ထိုထူးဆန်းသော လူသားများသည် မြင်းရိုင်းကြီးများကို
စီးကာ ရှေ့မှလူသုံးယောက်ကို တရကြမ်းပင် လိုက်နေကြသည်။
ထိုသူများ တကယ်တော့ မျောက်များ၊ လူဝံများမဟုတ်ကြပေ။
ယင်းသတ္တဝါများနှင့် ဆင်ဆင်တူကြသော၊ သူများပင်တည်း။
မြင်းရိုင်းများကဲ့သို့သော တိရစ္ဆာန်များကို နိုင်းစေနိုင်ကြသည်။
အသုံးပြုတတ်ကြသည့် သူများဖြစ်ကြသော အသိဉာဏ်ရှိသည့်
သူများ၊ ကမ္ဘာဦးလူသားများကဲ့သို့ပင်တည်း။

သို့မဟုတ် . . . ၊

ကမ္ဘာဦးလူသားများနှင့် ဆင်ဆင်တူကြသော မျိုးနွယ်
စုများလည်း ဖြစ်နိုင်လေသည်။ မည်သို့သော အကြောင်းကြောင့်
ပင်လည်းမသိ၊ ကံရာဇာ၏ အသိထဲကို အမှတ်မထင်ဝင်ရောက်
လာသည်မှာ မိုက်ခဲသုံးယောက်တို့သည် ထိုသူများထံမှ မြင်းရိုင်း
များကို ခိုးယူပြီးထွက်ပြေးလာကြခြင်းပင်တည်း။ ကံရာဇာသည်
မိုက်ခဲသုံးယောက်တို့၏ အဖြစ်မှန်ကို သိလိုက်ရခြင်းသည် ဖလ်
လုံးကြီးထဲမှ ထွက်ပေါ်လာသော အလင်းရောင်များက မျက်လုံး
များထဲကို ထင်ဟပ်နေခြင်းကြောင့်လေလား၊ ဖလ်လုံးကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာသော တန်ခိုးအာနိသင်ရှိ၍လော။

ဖလ်လုံးကြီးကြောင့် မဟုတ်ခဲ့လျှင် . . . ၊

မိမိခန္ဓာကိုယ်ထဲသို့ ရောက်နေသော သိဒ္ဓိဖလခါတ်ရှင် လုံးကြောင့်လော . . . ။

ကြံရန်ဖန်ရည်ကောင်းလှသော မိုက်ခဲသုံးယောက်တို့သည် နောက်ဆုံးမှာတော့ နောက်မှလိုက်လာကြကုန်သော ရန်သူများ၏လက်ထဲမှ လွတ်မြောက်သွားခဲ့ကြလေသည်။

ဖလ်လုံးကြီးထဲမှာ ထင်ဟပ်နေကြသော သဏ္ဌာန်များလည်း တဖြည်းဖြည်းမှေးမှိန်ကာ ပျောက်ကွယ်သွားခဲ့ကြသည်။

တစ်ခဏအကြာတွင် . . .

ဖလ်လုံးမှာ အဖြူထည်ကြီးသက်သက်သာ ကျန်ရစ်ခဲ့ရာက အရိပ်သဏ္ဌာန်များက ထင်ဟပ်လာခဲ့ကြ ပြန်သည်။ ကောင်မြင့်ကြီးတစ်ခုသည်။ မှုံခါးခါးအသွင်မှ တဖြည်းဖြည်းနှင့် ထင်ရှားလာခဲ့လေသည်။ အပေးက လှမ်း၍မြင်လိုက်ရသော အနေအထားပင် ဖြစ်သည်။ ခွေရစ်ကာ ကိုယ်ထည်ကြီးကို တစ်ဆင့်ပြီး၊ တစ်ဆင့်ထပ်ထားသောကြောင့် တောင်ကြီးသည် အထစ်အယစ်များ ဖြစ်ပေါ်နေလျက်ရှိသည်။ တောင်ထိပ်ပိုင်းသည် နဂါးခေါင်းသဏ္ဌာန်ဖြစ်ပြီး အမောက်ကြီးက ထောင်နေဟန်ပင်။

တကယ့်နဂါးကြီးတစ်ကောင်က နိုးကြားနေသည့်အသွင် နဂါးမောက်တောင်ကြီးပင်တည်း။

မိုက်ခဲသုံးယောက်သည် နဂါးမောက်တောင်ကြီး၏ တောင်ခြေကို ရောက်သွားခဲ့ကြသည်။ ကြည့်နေရင်းမှာပင် မြင်





ကွင်းမှာသည့် လျှင်မြန်စွာပင် ပြောင်းလဲသွားခဲ့ကြသည်။

နဂါးမောက်တောင်ကြီး၏ အောက်ခြေတစ်နေရာ ပတ်ကြားအက်ကြားများထဲက လူတစ်ချို့က ထွက်လာခဲ့ကြသည်။ ခေါင်းထက်မှာ နဂါးတစ်ကောင်၏ အမောက်သဏ္ဌာန် ဦးထုပ်များကို ဆောင်းထားကြသည်။

ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော အင်္ကျီများသည် နဂါးတစ်ကောင်၏ အကြေးခွံများပမာရှိနေကြသည်။ ပခုံးကွက်များပင် ပြောင်ပြောင်လက်လက်နှင့် ရှိနေကြသည်။ လက်ထဲမှာလည်း ဓါး၊ လှံ၊ ပုဆိန်မျိုးစုံကို ကိုင်ဆောင်ထားကြသည်။

ပထမတော့ လူတစ်စုဟုပဲ ထင်မိရသည်။ နောက်တော့ တောင်ခြေပတ်ကြားအက်များကြားထဲက တစ်ယောက်ပြီး တစ်ယောက် ထွက်ထွက်လာခဲ့ကြသည်မှာ အယောက်သုံးဆယ်မက ရှိလာကြသည်။ ထိုသူများသည် အဝေးမှနေ၍။ မြားများဖြင့် ပစ်ခတ်ကြသည်။

မိုက်ခဲသုံးယောက်စီးလာကြသော မြင်းများကို ထိမှန်ကာ ပစ်လဲကျကုန်ကြသည်။ မြားဆိပ်က ပြင်းထန်လှသည်ဖြစ်၍ မြင်းများလည်း ပစ်လဲကျကုန်ကာ သေဆုံးသွားခဲ့ကြလေသည်။

မြင်းပေါ်မှ မိုက်ခဲသုံးယောက်လာသည်။ အရှိန်ဖြင့် လွင့်ထွက်သွားကုန်ကြသည်။ မြေပြင်ထက်မှာ ဒလိမ့်ခေါက်ကွေးနှင့် ဖြစ်ကုန်ကြသည်။ နဂါးစစ်သည်များသည် မိုက်ခဲသုံးယောက်ကို ဝိုင်းထားလိုက်ကြသည်။ မိမိတို့သာဆိုလျှင် နာလိမ့်မည်ကို သိလိုက်ရသောကြောင့် လက်မြှောက်လိုက်ကြဟန်တူသည်။

နဂါးများသည် မိုက်ခဲသုံးယောက်တို့ကို ဖမ်းဆီးကာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်သွားခဲ့ကြသည်။ နဂါးမောက်တောင်ခြေပတ်ကြာ အက်ကြားများမှပင် ပြန်လည်ပြီးတော့ ဝင်ရောက်သွားခဲ့ကြေ သည်။

တို့နောက် . . .

ဖလ်လုံးကြီးပေါ်မှာ ပေါ်နေကြသော အရိပ်သဏ္ဍာန်မျ သည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့ကြလေသည်။ ဖလ် လုံးကြီး၏ တောက်ပမှုအရှိန်အဝါသည်လည်း မှေးမှိန်သွားခဲ့ရသည်

"ကဲ . . . မင်းမြင်တဲ့အတိုင်းပဲ ကံရာဇာ၊ ဒီလူသ ယောက်ဟာ နဂါးတွေရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ကြရပြီ၊ န မောက်တောင်ကြီးဆီကို မသွားဖို့ ငါ အတန်တန်သတိပေးပြ တားဆီးခဲ့ပါသေးတယ်၊ သူတို့က တဖွတ်ထိုးသမားတွေကွယ် ငါ့စကားကို မနာခံကြဘူး၊ အခုတော့ ထိကုန်ကြပြီပေါ့"

ငါ့ဆီမှာ တစ်ထောင့်နားခဲ့ပေမယ့် ကောင်းကောင်းမွ မွန်ပဲ ကျွေးမွေးညှိခံလိုက်ပါတယ်"

လူပုကလေးအဖိုးအိုက အဖြစ်အပျက်များကို အေးအေ စွာပင် ပြောပြခဲ့လေသည်။ ဖလ်လုံးကြီးထဲမှာ ပေါ်လာခဲ့ကြသော သဏ္ဍာန်များသည် လူပုကလေးအဖိုးအို၏ ပဉ္စလက်အတတ်ပညာ များပင်လား၊ သို့မဟုတ် မိမိ၏ အတွေးပုံရိပ်များကို ဖလ်လုံ ကြီးထဲမှ ထွက်ပေါ်လာသော အလင်းရောင်က ဆွဲဆောင်မှုအာ ကောင်း၍ ဖန်တီးမှုကို နေပေးခဲ့ခြင်းပေလား။

စိတ်ကူးရုံနှင့်ပင် မသိနိုင်သော အခြေအနေများကို တွေ ၍ပေါ်လာစေရန် မိမိကိုယ်ထဲရှိ စကြာဝဠာသိဒ္ဓိ ဓါတ်ရှင်လုံး အယောက်အကူ ပေးခဲ့လေသည်။





"ကဲ . . . သူတို့ရဲ့ အခြေအနေကတော့ မင်းသိတဲ့ အတိုင်းပဲလေ၊ ရှေ့တက်မှာလား နောက်ဆုတ်မှာလား"

"ကျွန်တော့် ရည်ရွယ်ချက်က သူတို့ကိုရှာဖွေဖို့ပဲ၊ အဲဒီ တော့ လိုက်သွားရမှာပဲ"

ကံရာဇာက ပြတ်သားစွာပင် ပြောလိုက်သည်။ ဆုံးဖြတ် ချက်ပြီးသားလည်း ဖြစ်သည်။ လူပုလေးအဖိုးအိုက ခေါင်တညိတ် ညိတ်နှင့် ရှိနေလေသည်။

"ကောင်းပြီလေ ဒီလိုပဲဖြစ်ရမှာပေါ့၊ ဒါယောက်ျားတို့ရဲ့ ခွဲ ငုတ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်တဲ့ လာရင်းရည်ရွယ်ချက် ကိုတော့ မပျောက်စေနဲ့ပေါ့၊ ဒါပေမယ့် နဂါးတွေနဲ့တွေ့ရမှာ အန္တရာယ်ကတော့ ကြီးတယ်နော် လူလေး၊ မင်းတော်တော်ကို သတိထားရမှာ"

"ကျွန်တော် သူတို့ကို ရအောင်ဆွဲထုတ်ရမှာပဲ၊ ဘာမဆို ဖြစ်လာသမျှ ရင်ဆိုင်ရမှာပဲ"

"ဒီအချိန်မှာ နဂါးတွေဟာ အိပ်နေကြပြီကွယ့်၊ သူတို့ရဲ့ နဂါးမျိုးရိုး အစဉ်အဆက်တွေဟာ နေ့ဘက်မှာ အစောင့်အချို့ချ ထားတာကလွဲပြီး၊ အားလုံးအိပ်ကျတယ်၊ အရေးကြုံမှသာ အိပ်ယာကနိုးထလာကြပြီး၊ ကစွကိုဆောင်ရွက်တတ်ကြတယ်၊ အိပ်ကြပြီဆိုရင်လည်း အသေကောင်ကြီးတွေလိုပဲ၊ နဂါးတွေဟာ ဒီလိုပဲ အအိပ်ကြီးကြတယ်"

"သူတို့ကိုယ်သူတို့ နဂါးမျိုးဆက်တွေဆိုပြီး ယုံကြည် လက်ခံထားကြတယ်၊ အမှန်ကတော့ လူသားတွေပါပဲ၊ ဒီခရီးကို သွားဖို့ ငါအကူအညီပေးပါ့မယ်၊ ကဲ လာ"



www.burmeseclassic.com

www.burmeseclassic.com



လူပုကလေးအဖိုးအိုသည် နေရာမှ ထလိုက်သည်။ ထို့နောက် . . .

ဂူအတွင်းဘက်ကို ဆက်ပြီးတော့ လျှောက်သွားခဲ့လေသ ကံရာဇာ အံ့အားသင့်သွားခဲ့ရလေသည်။ နဂါးမောက်တောင် သွားရန် ဂူအပြင်ကို မထွက်ဘဲ မည်သည့်အကြောင်းကြော ဂူထဲကိုသာ တိုးပြီးတော့ ဝင်ခဲ့ရပါသလဲ၊ ဂူလမ်းကြောင်းသည မထင်မှတ်ပဲ ရှည်လျားလွန်းနေသည်။

"ငါ့နာမည် အဖိုးနီတဲ့ မှတ်ထား။ ငါ့ဆီကို ဘယ်သူ မရောက်နိုင်ကြဘူး၊ အကျိုးအကြောင်းနဲ့ ဟိုက်ဆိုင်မှ တစ်ခုခု သာ ရောက်နိုင်ကြတယ်၊ မင်းနဲ့ငါ နောက်ထပ်ဆုံတွေ့ဖို့ဆိုတာ အကြောင်းမရှိတော့ဘူး"

"ငါဒီလိုဘဝမျိုးကို ရောက်နေရတာ အတိတ်ဘဝ ကြောင်းကြောင့်ပဲ၊ ဝဋ်ကြွေးကိုပေးဆပ်နေရတာ ငါ့မှာငွေကြ ပြည့်စုံလျက်နဲ့ အလှူလှူတာလဲ တိုရေရှားရေး သူများတ အလှူလုပ်ကြလဲ ငါကအကုန်အကျမခံကြဖို့ အချိန်တိုကိုတော တောင်းနဲ့ ပြီးပြတ်အောင်လုပ်ကြဖို့ တိုက်တွန်းမိခဲ့တယ်၊ နေရာ ကာမှာ ကိုယ်ကိုယ်တိုင်က သဒ္ဓါပေါက်ပေမဲ့လည်း တွန့်တို လုပ်ကိုင်ဆောင်ရွက်ခဲ့တာကများတယ်"

"ဒါကြောင့်မို့ ငါဒီဘဝမှာ အခုလိုဝိုနေ(အဲလေ ပုနေရတာပဲ အဲ သူတော်ကောင်းတရားကို ပွားများနိုင် ဆုတောင်းကောင်းခဲ့လို့ ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်ခဲ့ ကျွဲခြေရာ၊ နွားခြေရာခွက်တွေထဲကိုလည်း မကျခဲ့ပါဘူ နောက်ဟမ်ဘဝမှာ ငါကလူစဉ်မိပြီး ဆက်လက်ကျင့်ကြ





အားထုတ်နေရမှာပဲ၊ ငါ့အကြောင်းကို မင်းသိချင်နေလို့ အကြမ်းဖျဉ်း ပြောပြရတာပါ၊ ဒါလောက်ပါပဲလေ"

လူပုလေးအဖိုးအိုက သူ့ဘဝနှင့်ပတ်သက်ပြီး ကံရာဇာကို ပြန်ပြောပြလိုက်သည်။ ကံရာဇာသည် စိတ်ထဲမှာသနားသွားခဲ့၏။

"ငါ့ကို မသနားပါနဲ့ ကိုယ်ပြုတဲ့ကံ ကိုယ့်ထံပြန်တဲ့ တုံ့ပြန်မှုဆိုတာရှိတယ်၊ ကောင်းတာလုပ်ရင် ကောင်းကျိုးပြန်လာ မယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးသက်ရောက်မယ် ဒါပဲ"

ကံရာဇာသည် သက်ပြင်းတစ်ချက် ချလိုက်မိလေ၏။

"ပီဖလန်ရွာသားမိုးဟာ၊ သူ့တော်ဂန္ထရဲ့ လွတ်မြောက် ရေးအတွက် နဂါးတွေဆီက ရွှေပုဆိန်ကြီးကို ယူလာခဲ့တယ်၊ နဂါးတွေဟာ မကျေမနပ်ဖြစ်ပြီးတော့ ကျန်ရစ်ခဲ့တယ်"

"အခု အဲဒီရွှေပုဆိန်ဟာ မင်းရဲ့လက်ထဲမှာ ရှိနေတယ်၊ နဂါးတွေဆီကိုရောက်ရင် မင်းပြန်ထားခဲ့ပါ"

ကံရာဇာ အံ့အားသင့်သွားခဲ့ရလေသည်။ ဤအဖြစ်အပျက်သည် နှစ်ပေါင်းထောင်ချီမကကြာမြင့်ခဲ့ပြီ ဖြစ်သည်။ မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သလိုပင် လူပုကလေးအဖိုးနီက ပြောနေလေသည်တကား။ ဤသို့ဆိုပျင်နှင်းများဖုံးလွှမ်းလျက် ကျောက်ဂူကြီးထဲမှာ ကံရာဇာတွေ့ခဲ့ရသော အရိုးစုသည် . . . ။

"အဲဒါ ပီဖလန်ရွာသားမိုးပဲ လူကလေး၊ သူဟာ အသက်တစ်ရာကျော်ကျော်အထိ နေသွားခဲ့ရတယ်၊ သူ့ကိုယ်ထဲမှာ ရှိနေတဲ့ စကျွဲဖလသိဒ္ဓိဝါတ်ရှင်လုံးနှင့် ရွှေပုဆိန်ကြောင့် လူတွေမသိပုလေအောင် အဲဒီဂူထဲမှာ လာနေပြီး ဘဝကိုစွန့်လွှတ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



လူပုလေးအဖိုးနီသည် ကံရာဇာ၏ စိတ်အတွေးကို နှုတ်နှင့် အဖြေပေးလိုက်လေတော့၏။

တစ်နေရာကို အရောက်တွင် . . .

ဝူး . . . ဝူး . . . ဝူး . . . ဝူး

တဝူးဝူးနှင့် အသံများကို ကြားလိုက်ရလေသည်။ ဂူထဲကထွက်ပေါ်လာနေကြသော အသံများပင်။

''ဘာသံတွေလည်း အဖိုး''

''ဖါနဲ့သာလိုက်ခဲ့ပါ မင်းသိရမှာပါ''

အသံများက ပိုပြီးတော့ ကျယ်လောင်လာခဲ့လေသည်။ ကံရာဇာကိုယ်ပေါ်သို့ လေများကတိုးဝှေ့လာခဲ့ကြသည်။ အဝတ်အစားများက တဖျတ်ဖျတ်နှင့် ရိုက်ခတ်နေကြလေသည်။ လေများက တိုးဝှေ့နေကြသံများပင်ဖြစ်သည်။ ရှေ့မှာ တွင်းကြီးတစ်တွင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ တွင်းကြီး၏ အချင်းသည် ပေနှစ်ဆယ်ပတ်လည်ခန့် ရှိမည်ဖြစ်သည်။ တွင်းကြီးထဲက ဆောင့်တက်လာကြသော လေလုံးကြီးများက တဝူးဝူးတဟူးဟူးဖြင့် လုံးထွေးပြီး အသံတွေမြည်ဟည်း နေကြလေသည်။ ကံရာဇာသည် တွင်းပေါက်ဝနားကိုပင် မကပ်နိုင်တော့ပဲ ရောက်သည့်နေရာမှာပင် ရပ်လိုက်ရသည်။ လူပုလေးအဖိုးနီသည်လည်း ထိုအတူပင် ကံရာဇာနှင့် မလှမ်းမကမ်းမှာ ရပ်နေလိုက်လေသည်။

''ဒါ ဘာတွင်းကြီးလည်း အဖိုး''

''နဂါးပြည်ကို သွားတဲ့ဖြတ်လမ်းပဲ ကွယ့်''





(၂၈)

## နဂါးပြည်သို့ကံရာဇာရောက်သွားခြင်း

ကံရာဇာသည် လူပုကလေးအဖိုးအို၏စကားကြောင့် အံ့အားသင့်သွားခဲ့ရလေသည်။ ဤတွင်းပေါက်ကြီးသည် နဂါးပြည်သို့ မည်သို့သောနည်းဖြင့် ဆက်စပ်နေပါသလဲ၊ ကွေးမရနိုင်ပါ။

''ဟောဒီတွင်းကြီးထဲက အားကောင်းတဲ့လေလုံးကြီးတွေ ဆောင်ဆောင်ပြီးတော့ တက်လာကြလိမ့်မယ်၊ အဲဒီလိုတက်လာပြီး အောက်ကို တဖြည်းဖြည်းနဲ့ ပြန်ပြီးတော့ ကျသွားတယ်၊ လေလုံးကြီးတွင်းပေါ်ကို ဆောင့်ပြီးတော့ တက်လာတဲ့အခါမှာ မင်းခုန်ဆင်းလိုက်ပါ''

''ဗျာ . . . ကျွန်တော်က ဒီတွင်းကြီးထဲကို ခုန်ဆင်းရမယ်၊ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ခုန်ဆင်းရမှာပေါ့၊ ဘာဖြစ်လို့လဲ မင်းက ကြောက်နေသလား"

"ကြောက်တော့ မကြောက်ပါဘူး၊ ဒါပေမယ့် တစ်ခြား နည်းလမ်း မရှိဘူးလား ခင်ဗျာ"

"မရှိဘူး၊ ဒီတစ်လမ်းပဲရှိတယ်၊ မင်း မဆင်းဝံ့ဘူး ကြောက်နေတယ်ဆိုရင်တော့ လာရာလမ်းအတိုင်း လှည့်ပြီးပြန် လို့ရတယ်"

ကံရာဇာသည် မခံချင်စိတ်များ ဖြစ်ပေါ်သွားခဲ့ရလေ၏။

"ဒီအထိတောင်ရောက်ပြီးမှတော့ နောက်ကြောင်းကို ပြန်ပြီးလှည့်ဖို့ မကြိုးစားပါဘူး"

"ကောင်းပြီ၊ ဘယ်လောက်သတ္တိကောင်းတဲ့သူဖြစ်ဖြစ် ဒီလိုတွင်းထဲကို ခုန်ချရမယ်ဆိုရင် ရုတ်တရက်တော့ နောက်တွန့် သွားကြမှာ အမှန်ပဲ၊ မင်းဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့် ရှိတဲ့ လူပါ၊ ငါ မင်းကို မြှောက်ပြောတာတော့ မဟုတ်ဘူးနော် ကဲ အချိန်ဆိုတာ တန်ဖိုးရှိတယ် လူကလေး၊ ကွင်းဝနဲ့ငါးပေ အကွာလောက်မှာ လာရပ်နေ"

ကံရာဇာသည် တွင်းဝနှင့် ငါးပေအကွာလောက်မှာ ရပ် နေလိုက်သည်။ တွင်းထဲက ဆောင့်တက်လာကြသော လေလုံး ကြီးများသည် ကစ်စက္ကန့်ကို တစ်ကြိမ်ဖြစ်သည်။ ကံရာဇာက ကောင်းစွာပင် မှတ်သားမိလိုက်သည်။

လေလုံးကြီးတစ်လုံးက ဆောင့်တက်လာခဲ့သည်။

"ဝုန်း"

ကံရာဇာကို မှုတ်ထုတ်သွားသည်။ ဘေးသို့ယိုင်လဲကျသွား





မတတ် ဖြစ်သွားခဲ့ရသည်။ တစ်ဖန် လေလုံးကြီးက ဝေါကနဲဆို အသံမြည်ပြီး ပြန်ဆင်းသွားခဲ့လေသည်။ တဖြည်းဖြည်းနှင့် ဆင်း သွားခဲ့ခြင်းပင်။

"နောက်တစ်လုံးတက်လာရင် ခုန်ဆင်းလိုက်ပေတော့၊ အတက်နဲ့အဆင်းဟာ သိပ်မကွာဘူး၊ သတိထား"

လူပုလေးအဖိုးအိုက သတိပေးလိုက်လေသည်။ ကံရာဇာ သည် ရင်တထိတ်ထိတ်နှင့် ရှိလာခဲ့ရသည်။ သတိကြီးစွာပင် ထားလာခဲ့ရလေပြီ။ ကိုယ်ပေါ်မှာ ရှိနေသော ကျောပိုးအိတ်နှင့် သေနတ်ကြီးကို နေသားတကျပင် ပြင်လိုက်ရလေ၏။

ထိုစဉ် . . .

"ဂူး . . . ဂူး . . . ဂူး . . . ဂူး"

တွင်းကြီး၏အောက်မှ လေလုံးကြီးက အပေါ်ကို တက် လာခဲ့ပြန်လေပြီ။ တဂူးဂူးနှင့်အသံကြီးကို ကြားလာခဲ့ရလေသည်။

"ဝေါ . . . ဂူး . . . ဂူး"

လေလုံးကြီးက အပေါ်ကို ရုတ်တရက် ဆောင့်ပြီးတော့ တက်လာခဲ့လေသည်။ ကံရာဇာကို ဗုန်းကနဲဆို တိုက်ခတ်သွားခဲ့ သည်။ ခန္ဓာကိုယ်သည် ဘေးကိုပင် ယိုင်ထိုးသွားခဲ့ရလေသည်။

"ခုန်ဆင်းတော့လေ"

လူပုလေးအဖိုးအိုက လပ်ပြီးတော့ သတိပေးလိုက်သည်။ ကံရာဇာသည် ထိုတစ်စက္ကန့်အချိန်အတွင်းမှာ တွင်းကြီးထဲကို ခုန်ဆင်းလိုက်လေသည်။ လေလုံးကြီးက အောက်ကိုပြန်ပြီး ဆင်းနှင့် ကျသွားခဲ့ရသည်။ ကံရာဇာ၏ ရင်ထဲမှာ အေးကနဲ ဖြစ်သွားခဲ့ရလေသည်။ တွင်းနက်ကြီးထဲသို့ ပစ်ထိုးကျသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီဟု ထင်လိုက်ရသည်။

သို့သော် . . .

သူ ထင်သလိုမဟုတ်ပါ။ လေလုံးကြီးက အောက်မှတ ဆင့်ပင်အားတစ်ခုကြောင့် အောက်သို့ ထိမ်းပြီးတော့ ကျသွား သလိုပင်။ ကံရာဇာသည် မမြင်နိုင်သောလေလုံးကြီးပေါ် ရောက်သွားခဲ့ရသော်လည်း သိပ်သည်းသော ဒြပ်ထုကြီးတစ် ပေါ်မှာ တင်သွားသည့်အလား ထိုင်လျက်အနေအထားဖြင့် အောက်ကိုလိုက်ပါသွားခဲ့ရလေသည်။

လေလုံးကြီး အောက်ကို ကျဆင်းနေသည်မှာ အရှိန် သော်လည်း သိပ်ပြီးတော့ မြန်မြန်ဆန်ဆန်ကြီး မဟုတ်ပါ။ အောက်ကို မြေဆွဲအားအတိုင်းသွားလျှင် လျှင်မြန်မြန်ဆန်လိ မည်ဟု ထင်ရသော်လည်း သိပ်ကို မြန်မြန်ဆန်ဆန်ကြီး မဟုတ် ပါ။ တွင်းနက်ကြီးထဲကို ကျဆင်းနေချိန်မှာ သာမာန်အနေအထာ အားဖြင့် မှောင်နေသည်ဖြစ်နေသော်လည်း ကံရာဇာ၏ မျက်လုံး များ ထူးခြားစွာပင် မြင်နေရလေသည်။

ကံရာဇာ၏ ခေါင်းထဲမှာ အသိတရားတစ်ခုက ဝင်လာ သည်။ ယင်းမှာ လေလုံးကြီးက အောက်ခြေအထိ ရောက်သွား ခဲ့လျှင် နောက်ထပ်တစ်ဖန် တွင်းပေါ်ဆီသို့ ဆောင့်အတက် ပြန်မြီးတော့ လိုက်ပါသွားနိုင်သည်ဟု . . . ။ ထို့ကြောင့် အောက်ကို ငုံ့ပြီးတော့ ကြည့်လိုက်သောအခါ အောက်ခြေ သိပ်မဝေးတော့ဟု သိမြင်လိုက်ရသည်။

တွင်းကြီးထဲမှာ ဟာဝေါဝေါဖြင့် အသံများက ညံစီလျ ရှိပေသည်။ မျက်လုံးတွေက အောက်ခြေကြမ်းပြင်ကို မြင်လို





ရသည်နှင့် ဘေးကိုလိမ့်ပြီးတော့ ဆင်းလိုက်လေသည်။

''ဘုတ်''

''အင့်''

ငါးပေလောက်အကွာ အမြင့်က လိမ့်ချလိုက်၍ ထင် သည်။ ပုခုံးတစ်ဖက်သည် နာကျင်သွားသည်။ ဘေးကို ထပ်ပြီး တော့ လိမ့်ထွက်သွားသည်။ ပုခုံးမှာ လွယ်ထားသော သေနတ် ကြီးက ပြုတ်ကျကျန်ရစ်ခဲ့၍ ဘေးဘက်တွားသွားပြီး အမြန်ဆွဲယူ လိုက်ရသေးသည်။

ကံရာဇာ ဘေးကို လိမ့်ချသည်မှာ မှန်သွားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် လေလုံးကြီးသည် အောက်ကို ဆက် လက်၍ကျဆင်းသွားသောကြောင့်ပင်တည်း။ တကယ်တော့ မိမိ သည် တွင်းကြီး၏ဘေးပတ်ပတ်လည်ရှိ ငါးပေသာသာကျောက် သားပြင်ကြီးထက်မှာ တည်းတည်းလေးတင်လျက်ရှိနေသည်ကို သိလိုက်ရလေသည်။ လူပုကလေးအဖိုးအိုကား အောက်ကိုမည်သို့ ဆင်းပါဟု သတိပေးစကားမပြောခဲ့။ မိမိ၏ ဆင်ခြင်ဉာဏ်ကို ယုံကြည်၍ပဲလား၊ မလိုအပ်၍ မပြောခဲ့သည်ပဲလား။ ကံကောင်း ထောက်မ၍သာ ဘေးအစွန်းတစ်ဘက် မြေအောက်ချောက်ကြီး ထဲကို ကျမသွားခဲ့ခြင်းပင်။

ကံရာဇာမျက်လုံးများသည် အမှောင်ထဲမှာ ထူးခြားစွာ ပင် မြင်နေရသော်လည်း ကျောပိုးအိတ်ထဲက ငါးတောင့်ထိုး လက်နှိပ်ဓါတ်မီးကို ထုတ်ယူလိုက်ရသည်။

မီးရောင်မြင့် ပတ်ဝန်းကျင်တို့က ဝေ့ဝဲပြီးတော့ ကြည့် လိုက်သည်။ တွင်းပေါက်ကြီးကို ဘေးမှာတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ကိုဆက်လက်၍ ကျဆင်းသွားခဲ့သည်။ အမိုစ်အထိပင် ရောက်သွားသလားမသိပေ။

ဒိုက် ဒုတ်ကပဲနှိုးဆော်လိုက်၍လားမသိ။ မိမိခုန်ဆင်းလိုက်တာ မှန်သွားသည်။ အကယ်၍သာခုန်ပြီး မဆင်းမိခဲ့လျှင် ဟိုးအောက်ခြေအထိ တောက်လျှောက်ကြီး ပါသွားနိုင်သည်။

"ဩ ခုန်ပြီးဆင်းလိုက်တာ မှန်သလား၊ မှားသလား မသိဘူး၊ မြေအောက်တော့ မြေအောက်ထိပဲ"

မီးရောင်အောက်မှာ ညာဘက်၌လမ်းတစ်လမ်းကို တွေ့လိုက်ရသည်။ တွင်းကြီးနှင့်ကပ်လျက်ပင်၊ ယင်းလမ်းကိုတွင်းကြီး၏ ဘေးမှကပ်ပြီးတော့သွားရန် လမ်းကျဉ်းကျဉ်းလေးကို ဖြစ်ပေါ်နေသည်။ ဘယ်ဘက်မှာတော့ ချောက်ကြီးတစ်ခုက ဆီးပြီးတော့ခံနေလေရာ လမ်းမရှိ။

အပိုစိမှဆောင့်တက်လာဟန်တူသော လေလုံးကြီးများသည် တစ်စက္ကန့်ပွင့် တစ်ကြိမ်မှန်မှန်ပင်၊ တဝူးဝူးတစ်ဝေါဝေါဖြင့် အသံမျိုးက ဂူလိုဏ်ကြီးထဲမှာ ဆူညံနေကြလျက် လေလုံးကြီး ဆောင့်တက်လာတိုင်း အောက်ကိုပြန်ပြီးတော့ ဆင်းသွားတိုင်း ကံရာဇာကို လေကဟပ်သွားခဲ့သည်။

ဤနေရာမှာ ကြာကြာနေ၍မဖြစ်၊ ကံရာဇာသည် နေရာက ထရပ်လိုက်လေ၏။ ခန္ဓာကိုယ်ပေါ်မှာ မကျိုးမပဲ့၊ အကြော မတင်လျှင် တော်ပေသေးသည်။ ကောင်းကောင်းလျှောက်နိုင်သည်။ ထို့ကြောင့် တွင်းကြီး၏ဘေးမှ တဖြည်းဖြည်းနှင့်ကပ်ပြီးတော့ လျှောက်လာခဲ့ရလေသည်။ ထိုသို့သွားနေစဉ်မှာ တွင်းကြီးထဲက ဆောင့်တက်လာသော လေလုံးကြီးက သူ့ကိုယ်ပေါ်





ဟပ်သွားခဲ့သေးသည်။

လမ်းပေါ်သို့ရောက်ရန် တော်တော်သတိထားပြီးတော့ လျှောက်လာခဲ့ရသည်။ ကျောက်လမ်းလိုဖြစ်နေသော လမ်းအကျယ်က နှစ်ပေလောက်ပဲ ရှိသည်။ မတော်တဆ ခြေချော်ပြီး တွင်းကြီးထဲကို ပြန်ကျသွားနိုင်သည်။ သတိထားပြီးတော့ လျှောက်သွားခဲ့သောကြောင့် တစ်ဖက်ဂူလိုဏ်လမ်းပေါ်ကို ချောမောစွာပင် ရောက်သွားခဲ့ရလေသည်။ ထိုအခါကျမှပဲ သက်ပြင်းချမိရလေတော့သည်။

မိမိဆက်ပြီးသွားရန် ဤတစ်လမ်းပဲရှိတော့သည်။ လက်ထဲရှိ ဓါတ်မီးကို ပိတ်ကြည့်မိလိုက်သည်။ မှောင်မသွားပဲ လမ်းကျင်းကို ကောင်းစွာပင်မြင်နိုင်စွမ်း ရှိနေခဲ့သည်။ ထူးခြားသော မိမိမျက်လုံးတွေကို အံ့အားသင့်နေမိရလေသည်။ သတိထားပြီး သွက်လက်သော ခြေလှမ်းတွေဖြင့် လျှောက်သွားသည်။ ဖြစ်ချင်ရာဖြစ်၊ ရောက်ချင်ရာရောက်၊ ကံ၊ ဉာဏ်၊ ဝီရိယအားတို့နှင့် ကြံစည်ရတော့မှာပဲ ဖြစ်သည်။

လိုဏ်ဂူလမ်းကြောင်းကြီးက ရှည်လျားပြီး သိပ်သည်းသောအအေးဓါတ်က ရှိနေသည်။ မည်သည့်အန္တရာယ်မျိုး ကြုံတွေ့လာနိုင်မလဲ၊ သွားရင်းလာရင်း သေနတ်နှစ်လက်ထဲမှာ ယမ်းတောင့်တွေ အပြည့်ထိုးထားရသည်။

တော်တော်ကလေးလျှောက်လာပြီးသောအခါ သစ်ပင်ကြီးနှစ်ပင် ယှဉ်ပြီးပေါက်နေသောနေရာကို ရောက်လာခဲ့သည်။ တစ်ပင်နှင့်တစ်ပင်သည် ဆယ်ပေခန့်ကွာဝေးသည်။ သို့သော် သစ်ပင်ကြီးများ၏ အပေါ်ပိုင်းကို မမြင်ရ။ ဂူအထက်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်သွားပြီး မြေသားထဲမှာ နစ်မြုပ်ပျောက်ဆုံးသွားကြသည်။ အောက်မှာ ပင်စည်ကြီးသာ ကျန်ရစ်ခဲ့သည်။

သို့သော် . . .

အပင်ကြီးနှစ်ပင်စလုံးကား ကျောက်သားအတိ ဖြစ်နေကြလေသည်။ ကံရာဇာသည် သစ်ပင်ကြီးနှစ်ပင်ကြားကို ဝင်သွားသည်။

ထိုစဉ် . . .

ရှေ့မှာ လှုပ်ရှားမှုသဏ္ဍာန်များကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ ကံရာဇာက ရုတ်တရက် သစ်ပင်ကြီးတစ်ပင်၏ အကွယ်မှာ ပုန်းလိုက်ရသည်။ သူ၏ အလင်းဖောက်မျက်လုံးတွေက အမှောင်ထဲက လှုပ်ရှားမှုများကို ကောင်းစွာပင် မြင်သွားခဲ့လေသည်။

"ဟင်"

ကံရာဇာအံ့အားသင့်သွားခဲ့သည်။ လူများပင် ဖြစ်ကြသည်။ ထိုသူများသည် အကြေးခွံများပါသော ကိုယ်ကြပ်အင်္ကျီများကို ဝတ်ဆင်ထားကြသည်။ ဦးထုပ်များသည် ထိပ်မှာ ချွန်ချွန်နှင့် နဂါးတစ်ကောင်၏ အမောက်သဏ္ဍာန်များပင် ဖြစ်ကြသည်။ အောက်ပိုင်းကား အစိမ်းရောင် ဘောင်းဘီရှည်များ။

"နဂါးစစ်သည်တွေပါလား"

ကံရာဇာ သဘောပေါက်သွားခဲ့ရလေပြီ။ သူသည် မြေအောက်နဂါးပြည်ကို ဝင်တော့မည်ပဲ။ လူပုလေးအဖိုးအို၏ စကားက မှန်ခဲ့လေပြီ။ ဤနေရာကား နဂါးပြည်သို့ဝင်သည့် ဖြတ်လမ်းတံခါးပေါက်ပင်တည်း။





"ငါ ဒီနစ်ယောက်ကိုကျော်ပြီး ဝင်သွားရမှာပဲ၊ ဒီအတိုင်းင်လို့ကတော့ မဖြစ်ဘူး"

ကံရာဇာသည် အမှတ်မထင်တွေ့လိုက်ရသော ကျောက်လေးတစ်လုံးကို ကောက်ယူလိုက်သည်။

"ဟာ ဒါရှားပါးပစ္စည်းပဲ"

ကျောက်ခဲတုံးလေးကို သစ်ပင်ကြီးနှစ်ခုကြားအတွင်းက်ကို ပစ်ထည့်လိုက်သည်။

"ဒေါက်"

အထဲမှာ နဂါးစစ်သည်နှစ်ဦးသည် ဝင်လာသော ခဲတစ်းကြောင့် အံ့အားသင့်သွားကြဟန်တူသည်။ တစ်ယောက်မျက်တစ်ယောက် ကြည့်လိုက်ကြသည်။ ထို့နောက် ဓါးရှည်များကိုပ်ကိုင်ကာ အပြင်ကို ထွက်လာခဲ့ကြသည်။

"ခွပ်"

"ခွပ်"

"အင့်"

"အင့်"

နစ်ယောက်စလုံးထဲမှ ညည်းညူသံများ ထွက်ပေါ်လာကြသည်။ ဒူးညွှတ်ပြီးတော့ ကျသွားခဲ့ကြလေသည်။ ကံရာဇာက သနတ်ကြီး၏ဒင်ဖြင့် ဆောင့်ချလိုက်ခြင်းပင်။ အစောင့်နှစ်ယာက်ပဲထားသည်ကို သိလိုက်ရသည်နှင့် အထဲကို ဝင်လာခဲ့သည်။

+ + + + +



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာသည် မိမိတွေ့ချင်နေသောသူများကို လိုက် နေရသည်မှာ မရေမရာပင်။ တစ်နေရာသို့ ရောက်သွား အခါ အဆောက်အဦးကြီးတစ်ခုကို တွေ့လိုက်ရလေသည်။

တကယ်တော့ . . .

ယင်းအဆောက်အဦးကြီးသည် ဂူကြီးတစ်လုံးနှင့်တူ လေသည်။ ဂူပေါက်ဝနားသည် နဂါးကြီးတစ်ကောင်က မြေပြင်ထ မှာ မေးတင်ကာ ပါးစပ်ကြီးကို ဟဖြဲထားသည်။

နဂါးကြီး၏ မျက်လုံးတွေမှာ မီးကျီခဲများပမာ ရဲရဲတော နေကြသည်။ ဘေးဘီကိုပင် ရောင်လျှံတွေက ဖြာပြီးတော့ က ကြလေသည်။ နဂါးရုပ်ကြီး၏ မျက်လုံးတွေသည် အရည်အသွေ ကောင်းသော ပတ္တမြားကြီးများကို တပ်ဆင်ထားခြင်းပင်။

"ဒါ . . . ဒါ ဟိုးအရင်က ဗိုဖလန်ရွာသားမိုး ရောက်ခဲ့တဲ့ နဂါးခံတွင်းဂူကြီးပဲ၊ ဒီဂူသာမှန်ရင်တော့ အထဲ နဂါးရုပ်ကြီး ရှိနေမှာပဲ"

သို့သော် . . .

ကံရာဇာ ဂူထဲကို ဝင်ဖို့ရန် မလွယ်ပါ။ အကြောင်းက

♛♛♛♛♛





(၂၁)

## ကံရာဇာနှင့်မိုက်ခဲသုံးယောက်

နဂါးခံတွင်းဂူရှေ့မှာ အစောင့်သုံးယောက်က ရှိနေကြ သည်။ အစောင့်များသည် ငိုက်မြည်းနေကြသည်။ ငိုက်ကြပေ မပေါ့။ အိပ်ချိန်မှာ မအိပ်ကြရပေပဲကိုး။

"ငါ အကြောင်းမဲ့ ဒီနဂါးခံတွင်းဂူထဲကို ဘာကြောင့် ဝင်ရမှာလဲဟ စိတ်ကူးက ထွက်ပေါ်လာခဲ့လေရာ"

ထိုစဉ် . . .

"ကံရာဇာ ဒီနဂါးခံတွင်းဂူထဲမှာ မင်းတွေ့ချင်နေတဲ့ လူတွေရှိနေတယ်၊ ထွက်မသွားနဲ့"

နားထဲကို တစ်ယောက်ယောက်က သတိပေးလိုက်သလို အသံက ဝင်ရောက်လာခဲ့လေသည်။ လူပုကလေးအဖိုးအိုက ကံရာဇာ၏ နားဝမှာ ကပ်ပြီးတော့ ပြောလိုက်သကဲ့သို့ပင်ဖြစ်သည်။

"ဟင် လူပုကလေးအဖိုးအိုရဲ့အသံပါလား၊ ငါ့နားကြား



www.burmeseclassic.com

www.burmeseclassic.com



လွဲတာတော့ မဖြစ်နိုင်ပါဘူး''

ကံရာဇာလည်း အလိုလိုနေရင်း နဂါးခံတွင်းဂူထဲမှာ မိုက်ခဲသုံးယောက်ရှိနေလိမ့်မည်ဟု ထင်လာခဲ့လေသည်။

ထို့အပြင် . . .

တစ်ခါက မိုး ယူလာခဲ့သော ဤဂူကြီးထဲက ပုဆိန်ကို မိမိပြန်ပြီး ထားခဲ့ဖို့ လူပုကလေးအဖိုးအိုကပင် မှာလိုက်သေးသည်မဟုတ်ပါလား။

''ဟုတ်သားပဲ၊ ရွှေပုဆိန်ကြီးကို ငါ ဒီဂူကြီးထဲမှာ ပြန်ပြီးတော့ ထားရဦးမှာပါလား''

ကံရာဇာသည် ထိုသို့စိတ်ကူးဖြစ်ပေါ်လာခဲ့သည်နှင့် တစ်ကိုယ်လုံး တဖျင်းဖျင်းနှင့် ဖြစ်လာခဲ့သည်။ စိတ်ရောလူပါ ဝါဂွမ်းစလေးပမာ ပေါ့ပါးသွားသည်။ နဂါးခံတွင်းဂူကြီးထဲကို မရမအဝင်မည်ဟု ဆုံးဖြတ်ချက်ချမိလိုက်သည်။

[မည်သည့်အကြောင်းကြောင့် ယိုသို့ဖြစ်သွားရသလဲဆိုသည်ကို ကိုယ်တိုင်လည်း ပြောမပြတတ်ပါ။ မိမိခန္ဓာကိုယ်ထဲကို ရောက်နေသော စက္ကူဗလသိဒ္ဓိဓါတ်ရှင်လုံးကြောင့်ပင်လား။]

ထို့စဉ် . . . .

ကံရာဇာ၏နောက်ကျောကို တစ်ယောက်ယောက်က လက်ဝါးကြီးနှင့် ပစ်ကွန်းလိုက်သည်ဟု ကင်လိုက်ရသည်။

ကံရာဇာသည် လေထဲမှာ ကဟုန်ထိုး ဝင်ပြေးသွားခဲ့သည်။ လျှင်မြန်လွန်းလှ၍ တစ်ချက်တည်းနှင့်ပင် နဂါးခံတွင်းဂူဆီကို ရောက်သွားခဲ့လေသည်။ မိမိကိုယ်မိမိ အံ့ဩသင့်ချိန်ပင် မရလိုက်။





အစောင့်သုံးယောက်မှာ ရိုပ်ကနဲဆိုကျလာသော သဏ္ဌာန်တစ်ခုကြောင့် လေးဟပ်သွားသလို ခံစားလိုက်ကြရသည်။ ဘာရယ်မှန်းမသိ၊ မျက်လုံးပြူးကြီးတွေဖြင့် ကြည့်နေကြဆဲမှာပင် . . . ။

''ဖြောင်း''

''ခွပ်''

''ဖြောင်း''

အစောင့်သုံးယောက်မှာ အော်ချိန်ပင် မရလိုက်ကြ။ လက်ရောခြေပါ တိုက်ခိုက်ခြင်း ခံလိုက်ရသောကြောင့် ငှက်ပျောတုံး၊ လက်ပံတုံးများပမာ တဖုန်းဖုန်းနှင့် ပစ်လဲပြီးတော့ ကျသွားကုန်ကြသည်။ တစ်ယောက်မှ မလှုပ်ရှားကြတော့။ အစောင့်တစ်ယောက်၏ကိုယ်ပေါ်မှ ပစ္စည်းတစ်ခုက လျှောကနဲဆို ထွက်လာသည်။ နဂါးတစ်ကောင်၏သဏ္ဌာန် ရှည်မျောမျော ကြေးသော့ကြီးတစ်ချောင်းပင်။

''ဪသော့ကျတော့ ကြေးနဲ့လုပ်ထားတယ်၊ ဘာကြောင့်ပါလိမ့်''

စဉ်းစားနေဖို့အချိန်မရ၊ နဂါးခံတွင်း၏ တံခါးဆီသို့ ပြေးသွားသည်။ ကြေးသော့ခလောက်ကြီးကလည်း နဂါးခေါင်းသဏ္ဌာန်၊ သော့ပေါက်ထဲကို သော့တံထိုးယှင်းလိုက်ပြီး၊ လျှင်မြန်စွာပင် လှည့်၍ဖွင့်လိုက်ရလေသည်။

သော့ပွင့်သွားသည်နှင့် အထဲကိုတန်းပြီးတော့ ဝင်သွားခဲ့သည်။ မှောင်နေသော်လည်း ကံရာဇာ၏ မျက်လုံးထဲမှာတော့ မှောင်ပနေပါ။ အပင်းဖောက်မျက်လုံးတွေက အားလုံးကို မြင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရသည်။

သူ၏ မျက်စိရှေ့မှာ ရှိနေသည်က အရစ်ရစ်အထပ်ထပ် ခွေရစ်ထားသော နဂါးရုပ်တုကြီးတစ်ခုပင်တည်း။ ပါးပျဉ်းကြီး ထောင်ထားလိုက်သည်မှာ ဂူအမိုးကို ထိလုမတတ်ပင်။ ပါးပျဉ်း ကြီး၏အောက်မှာ ရွှေကလပ်ကြီးတစ်ခုသာ ရှိနေသည်။

ယင်းရွှေကလပ်ကြီးပေါ်တွင် တစ်ချိန်က ရွှေပုဆိန်ကြီး တစ်ခုက ရှိခဲ့သည်။ ယခုတော့ ကွက်လပ်ဖြစ်နေလေသည်။

''ဒီရွှေကလပ်ကြီးပေါ်မှာ ရွှေပုဆိန်ကို ငါ ပြန်ပြီးတော့ ထားရမှာပဲ''

ကံရာဇာသည် ကျောပိုးအိတ်ထဲက ရွှေပုဆိန်ကြီးကို ထုတ်ယူလိုက်သည်။ နဂါးအခွေကြီးပေါ်ကို ခဲယဉ်းစွာ တက်ရမည် ဖြစ်ကြောင်း သဘောပေါက်သွားခဲ့ရသည်။

''တော်တော့်ကို ခဲရခဲဆစ်တက်ရမှာပဲ''

စိတ်မောသွားမိသည်။ သို့သော် တခဏအတွင်းမှာပင် စိတ်ထဲမှာ တက်ကြွလာခဲ့သည်။ ကိုယ့်ကိုယ်ကို ထိမ်းမရဖြစ်သွား ခဲ့ရလေသည်။

''ဟာ ဒါလောက်ကတော့ကွာ''

ကံရာဇာသည် ကိုယ့်စိတ်ကိုယ် ထိမ်းမရဖြစ်သွားခဲ့ လေသည်။ ထို့ကြောင့် နဂါးရုပ်တုကြီးဆီသို့ တဟုန်ထိုးပင် ပြေး သွားခဲ့လေသည်။ အနီးသို့ ရောက်သောအခါ နဂါးကိုယ်ထည် ကြီးကို လက်ချောင်းများဖြင့် ကုပ်ကပ်ကာ တက်သွားခဲ့လေ တော့သည်။

တခဏအတွင်းမှာပင် . . .





ပါးပျဉ်းခွက်ကြီးပေါ်ကို ရောက်သွားခဲ့လေတော့၏။

''ငါ ဘယ်လိုဖြစ်သွားပါလိမ့်''

ကိုယ့်ကိုယ်ပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွား ခဲ့ရလေသည်။ ပုဆိန်ကြီးကို ကလပ်ခွက်ကြီးပေါ်မှာ တင်ရန် ကြိုးစားလိုက်သည်နှင့် . . . ။

ကံရာဇာ့မျက်လုံးတွေက တစ်နေရာကို ရောက်သွားခဲ့ လေသည်။ သဏ္ဍာန်သုံးခုသည် ဂူအမိုးမျက်နှာကြပ်မှာ တန်း လန်းကြီး ဖြစ်နေကြသည်။

''ဟာ သွားပြီ''

ကံရာဇာ၏နှုတ်မှ အာမေဋိတ်သံက ထွက်သွားခဲ့ရလေ ၏။ ထိုတန်းလန်းကြီးဖြစ်နေသော အရာများကား လူသုံးယောက် ပင်တည်း။

''ဒီလူတွေကို အဆုံးစီရင်ပစ်လိုက်ကြပြီ ထင်တယ်''

သို့သော် . . .

ထိုလူသုံးယောက်၏ ကိုယ်လုံးနှင့်ခြေထောက်များသည် အမှတ်မထင် လှုပ်ရမ်းလာကြလေသည်။

''ဟာ မသေကြသေးဘူး''

ကံရာဇာဝမ်းသာသွားခဲ့သည်။ ထိုသူများသည် နဂါးရုပ် တုကြီးပေါ်ကိုရောက်လာသော ကံရာဇာကို အံ့အားတသင့်ဖြင့် စိုက်ကြည့်နေကြသည်။ သို့သော်ကံရာဇာမှန်းမသိကြ။ သူတို့၏ မျက်လုံးတွေထဲမှာ အရိပ်သဏ္ဍာန်လောက်သာ မြင်နိုင်ကြလေသည်။

''ငါ သူတို့ကို အမြန်ကယ်မှ ဖြစ်မယ်''

မိုက်ခဲသုံးယောက်သည် မြေပြင်မှ အမြင့်ပေလေးဆယ်



www.burmeseclassic.com

www.burmeseclassic.com



အကွာလောက်မှာ ရှိနေကြသည်။ ဂူအမိုးမျက်နှာကြက်မှာ မည်သို့တက်ပြီး ချိတ်ဆွဲထားမှန်း မသိပေ။ ဂူနံရံမှ ကျောက်အစွန်းကြီးတစ်ခုက ထွက်နေသည်။ အကယ် ငါးပေလောက်ရှိသည်။ မိုက်ခဲသုံးယောက် အောက်တည့်တည့် ငါးပေးလောက်ပဲ ကွာဝေးသည်။ လက်နှစ်ဖက်ကို နောက်ပြန်ပူးကာ ချည်နှောင်ထားသည်။ ကြိုးကို ချိုင်းမှ ဆွဲမြှောက်ကာ ချည်ထားခြင်းပင် ဖြစ်သည်။

နဂါးရုပ်ကုကြီးနှင့် ဆယ်ပေခန့်ကွာဝေးလေသည်။ သို့သော် ကံရာဇာသည် ထိုမျှလောက်အဝေးကို အရေးစိုက်စရာမလိုဟု အလိုလိုပင် ထင်လာခဲ့ရလေသည်။ ထို့ကြောင့် လွှားကနဲဆိုတစ်ချက်တည်းပင် ခုန်ကူးလိုက်လေသည်။ ကံအားလျော်စွာပင် ကျော်ဖျားသယ္တာနှင့်ပြီးတော့ ထွက်နေသော ကျောက်စွန်းကြီးပေါ်ကို ရောက်သွားခဲ့လေသည်။

မိုက်ခဲသုံးယောက်သည် ကြောင်တစ်ကောင်လို ပေါ့ပါးလှစွာ ကျရောက်သော သူ့ကို အံ့အားသင့်သွားမိကြသည်။ မည်သူမှန်းလည်း မသိကြပေ။ ကံရာဇာသည် သူတို့ကိုယ်ပေါ်က ကြိုးများကို မည်ကဲ့သို့ ဖြတ်တောက်ရမည်မှန်းမသိ။ နည်းနည်းတော့ မြင့်နေသေးသည်။

ဖြတ်တောက်လိုက်ရင်တော့ သူတို့သည် အောက်က ကျောက်ဖျာပေါ်ကို မှောက်ကျကြမည်သာ။ ကျောက်သားနံရံများက ချောနေကြတာ ကုပ်တွယ်စရာလည်းမရှိ။ ထို့ကြောင့် ကယ်တင်ရန် အခက်အခဲက ရှိနေသည်။

"ငါ ခုန်တက်သွားနိုင်ရင်တော့ သူဝဲ့ကို ချည်ထားတဲ့ကြိုးတွေကိုတော့ ဖြတ်ပေးလိုက်နိုင်မှာပဲ၊ ဒီတစ်နည်းပဲ ရှိတယ်"





ထို့ကြောင့် . . .

ရွှေပုဆိန်ကြီးကို မြှောက်ကာ ခုန်တက်ရန် ကြိုးစားလိုက်သည်နှင့် ထူးခြားချက်မှုက ဖြစ်ပေါ်လာခဲ့လေသည်။ ကံရာဇာ၏ လက်ထဲက ရွှေပုဆိန်ကြီးသည် တဖျတ်ဖျတ်နှင့် မီးပွင့်များ ထွက်လာသည်။ ထက်မြတ်လှသော ပုဆိန်၏အသွားက ဝင်းကနဲ လက်ကနဲ ဖြစ်သွားသည်။ စူးလက်သော အလင်းတန်းတစ်ခုသည် အပေါ်ကို တရှိန်ထိုးတက်သွားပြီး၊ မိုက်ခဲသုံးယောက်တို့ကို ချည်နှောင်ထားသော ကြိုးများပေါ်သို့ ကျရောက်သွားခဲ့ကြလေရာ

"ထောက်"

"ထောက်"

အလိုလိုပြတ်တောက်သွားကြသည်၊ လက်မှာချည်နှောင်ထားသော ကြိုးများသည်လည်း ပြတ်တောက်ထွက်သွားခဲ့ကြသည်။ ထို့ကြောင့် သုံးယောက်စလုံး အောက်ကို ပြုတ်ကျသွားခဲ့ကြလေသည်။

"ဘုတ်"

"ဘုတ်"

"အား"

"အား"

"တော်ပါသေး၏။ ဂူနံရံမှ စွန်းထွက်နေသော ကျောက်ဖျာပေါ်ကို ကျမိလို့ပင်၊ အောက်ကိုသာ တိုက်ရိုက်ကျလျှင်မလွယ်။ သုံးယောင်စလုံး ပွဲချင်းပြီးသွားနိုင်သည်။ ကံရာဇာသည် ပုဆိန်ကြီး၏ ထူးခြားမှုကို အံ့ဩအားသင့်သွားခဲ့ရလေသည်။ ဤဂူကြီးသို့ ဝင်လာခါစက ပုဆိန်ကြီးနှင့်ထိတွေ့ပြီး၊ လျှပ်စစ်ဓါတ်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာသလား၊ ခါတ်တုစွမ်းအင်ပြောင်းလဲသွားကြသည်လား၊ မည်သည့်အကြောင်းကြောင့်မှန်းမသိ၊ တွေးရှုလည်း အဖြေက မပေါ်နိုင်ပါ''

''ဩော် . . . ပီဖလန်ရွာသားမိုးဟာ သူတော်ဂန္ဓရဲ့ အနှောင်အဖွဲ့ကို ဒီပုဆိန်ကြီးနဲ့ ဖယ်ရှားပေးလိုက်တာပဲ၊ ဘယ်လို ဓါတ်သဘာဝတွေနဲ့ စီရင်ထားမှန်းမသိဘူး၊ ထူးခြားမှုကတော့ တစ်ကယ်ရှိတဲ့ ပုဆိန်ကြီးမဲ့''

ကံရာဇာသည် လဲကျနေသော လူသုံးယောက်ဆီကို ပြေးသွားခဲ့သည်။

''ကဲ မင်းတို့ဘာမှ မဖြစ်ကြဘူး မဟုတ်လား၊ မြန်မြန်ထကြ၊ ဒီကနေ မြန်မြန်ပြေးကြမယ်၊ အချိန်မရှိတော့ဘူး''

''ခင် ခင်ဗျားက ဘယ်သူလဲ''

မိုက်ခဲတိမ်နီက အလောတကြီး မေးလိုက်လေသည်။

''ငါ့ကို မင်းတို့ မသိကြဘူးလား''

ကံရာဇာသည် ပြောပြီးမှ သတိရသွားခဲ့သည်။ မှောင်ရိရိထဲမှာမို့ သူ့ကိုမြင်မှ မမြင်နိုင်ကြပဲ။

''ငါလား ကံရာဇာလေကွာ၊ စုံထောက်အင်စပက်တာ ကံရာဇာ သိပြီလား''

''ဟင် ကံရာဇာ၊ ကံရာဇာ ဟုတ်လား၊ ဒီအထိတောင် ရောက်လာနိုင်ခဲ့တာကိုး၊ တော်တော့်ကို စွမ်းတဲ့လူပဲဗျာ''

မိုက်ခဲဇောတိက တအံ့တသြဖြင့် ပြောလိုက်လေသည်။

မိုက်ခဲဒေဝါက . . .

''ကံရာဇာ ကျွန်တော်တို့နောက်ကို လိုက်လာတာလား''





''အမှန်အကန်ပေါ့ကွာ၊ မင်းတို့ တော်တော်ဒုက္ခပေးကြတာပဲ''

ကံရာဇာက သူ့မျက်နှာကို လက်နှိပ်ဓါတ်မီးဖြင့် ထိုးပြ ိုက်လေသည်။

''တော်တော့်ကို ထူးတဲ့လူပဲဗျာ၊ ဒီလို ဂမ္ဘီရဆန်တဲ့ ယ်မြေကြီးထဲကို ထိုးဖောက်ပြီးတော့ ဝင်ရောက်လာနိုင်တယ်''

''ကဲ နောက်မှ စကားပြောကြ၊ နဂါးတွေ သိသွားကြ င် အားလုံးပြေးပေါက်မှားကုန်ကြမယ်''

''ကျွန်တော်တို့ ဒီကနေ ဘယ်လိုထွက်ကြမလဲ၊ အမြင့် ြီးပဲဗျာ၊ ခင်ဗျားကတော့ ဒီအပေါ် မရောက်ရောက်အောင် ာနိုင်တယ်၊ ကြောင်ကလေးတစ်ကောင်လိုပဲ၊ ပေါ့ပါးလိုက်တာ''

မိုက်ခဲတိမ်နီ၏စကားကို ကံရာဇာ နားမဝင်၊ သူတို့သုံး ောက်ကို ဤနေရာက မည်သို့ခေါ်ထုတ်သွားရမည်လည်းဟု မ်းကိုရှာနေမိသည်။ မိမိစိတ်ထဲမှာ ခုန်ဆင်းလာချင်မိသည်။ ွားကြောထဲမှာ ကြွရွလာနေလေပြီတည်း။

ကံရာဇာမျက်လုံးများသည် မိမိတို့ရပ်နေသော ကျောက် ကြီး၏ တစ်ဖက်စွန်း ရောက်သွားခဲ့လေသည်။ လူတစ်ရပ်စာ ြင့်တွင် ထောင်လိုက်ပတ်ကြားအက်ကြီးတစ်ခုကို မမျှော်လင့် တွေ့လိုက်ရလေသည်။ ထူးခြားသော ကံရာဇာ၏ မျက်လုံး က အမှောင်ကို ဖောက်ထွင်းပြီးတော့ မြင်နိုင်ခဲ့ခြင်းပင် လေ၏။

ယင်းဒေါင်လိုက် ပတ်ကြားအက်ကြီးသည် လူတင် ာက်တော့ ချောင်ချောင် ဝင်နိုင်သည်။ တစ်ဘက်မှာ ဘာရှိ



www.burmeseclassic.com

နိုင်မလဲမသိ။ လာရာလမ်းအတိုင်း ပြန်ပြီးထွက်ဖို့ကတော့မလွယ်။ ခုလောက်ဆိုလျှင် သူမေ့ဆေးပေးထားခဲ့သောသူများ သတိပြန်ပြီးတော့ ရလောက်ပြီ။

ကံရာဇာသည် လက်နှိပ်ဓါတ်မီးကို မသုံးချင်သော်လည်း မိုက်ခဲသုံးယောက်မြင်နိုင်စေရန်အတွက် ထိုပတ်ကြားအက်ကြီးဆီကို မီးထိုးပြလိုက်သည်။

"မြင်ကြလား၊ အဲဒီကိုသွားကြ၊ ပတ်ကြားအက်ကြီးရဲ့ ဟိုဘက်မှာ ဘာရှိမလဲတော့မသိဘူး။ မရရအောင်တက်ပြီး ကိုယ်ရောင်ဖျောက်နေကြ၊ ထင်ရာစွပ်ပြီး မပြေးကြနဲ့ဦးနော်၊ အမှောင်ချထားတယ်၊ နဂါးတွေနဲ့ဝင်ပြီး တိုးနေကြဦးမယ်"

ကံရာဇာက သတိပေးလိုက်သည်။ လက်နှိပ်ဓါတ်မီးကို ပါ ပေးလိုက်လေသည်။

"ကံရာဇာ ခင်ဗျားက"

"ငါ လက်နှိပ်ဓါတ်မီး မလိုဘူး။ မင်းတို့သာ ဂရုစိုက်ပြီးတော့ သွားကြ"

မိုက်ခဲသုံးယောက်တို့သည် ကံရာဇာကို အံ့အားတသင့်ဖြင့် ကြည့်ရင်း ထွက်သွားခဲ့ကြလေသည်။

ကံရာဇာသည် အမှောင်ထဲမှာသည် မျက်လုံးတွေကို မြင်နိုင်စွမ်းရှိသည်။ ထို့ကြောင့် သွေးကအလိုလိုကြွလာခဲ့ပြန်သည်နှင့် ကျောက်စွန်းပေါ်မှနေ၍ နဂါးရုပ်ဆီကို ခုန်ကူးသွားခဲ့လေသည်။ နဂါးရုပ်ထုကြီး၏ ကလပ်နားကို ရောက်သွားခဲ့သည်နှင့် မထင်မှတ်သည်များက ဖြစ်လာခဲ့လေတော့သည်။





(၂၂)

## နဂါးမယ်များ

နဂါးခံတွင်းဂူကြီးထဲကို လူတစ်စုက ဝင်လာခဲ့ကြသည်။ ...ဆုံးက လူ၏လက်ထဲမှာ မှန်အိမ်ကဲ့သို့သောအရာကလေးကို ...င်ထားသည်။ အထဲမှာ အလုံးလေးတစ်လုံး၊ ယင်းအလုံးလေးသည် ထူးခြားသော အလင်းရောင်များကို ဖြစ်ပေါ်စေသည်။ ...နှစ်ဖြူရောင်အလင်းတန်းများက အထက်၊ အောက်၊ ဘေးများ ...ဖြာထွက်သွားစေခဲ့သည်။ ဂူကြီးတစ်ခုလုံး ထိန်ထိန်လင်းသွားသည်။

ထိုသူများသည် နဂါးရုပ်တုကြီးပေါ်၌ရှိနေသော ကံရာဇာ ...ကို တွေ့သွားခဲ့ကြလေသည်။

"ဟာ ဟိုမှာ ဘယ်သူလဲ"

"ငါတို့ ဖမ်းထားတဲ့လူတွေလည်း မရှိတော့ဘူး၊ ဘယ်...ရောက်သွားကြသလဲ၊ ဒီလူက ဘယ်လိုရောက်လာခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူလက်ထဲက ဟာကြီးဟာ ရွှေပုဆိန်ကြီး မဟုတ်လား၊ ငါတို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက ပျောက်သွားခဲ့ကြတဲ့ ရွှေပုဆိန်ကြီးပဲ၊ ဒီလူလက်ထဲကို ဘယ်လိုရောက်နေတာလဲ"

တစ်ယောက်တစ်ပေါက်နှင့် ပြောနေကြသည့် အသံများက ဆူညံသွားကြလေသည်။ သူတို့ပြောနေကြသည့်စကားများကို ကံရာဇာနားမလည်ပါ။ သို့သော် ထိုသူများက လက်ညှိုးတထိုးထိုးနှင့် ရှိနေကြသည်။ ကံရာဇာလက်ထဲက ရွှေပုဆိန်ကြီးကို ရည်ရွယ်ပြီးတော့ ပြောနေကြကြောင်း သိသာလှသည်။

"ဟာ သူကို ပြောတာတွေကိုလည်း ငါနားမလည်ဘူး"

ကံရာဇာသည် လက်ထဲက ရွှေပုဆိန်ကြီးကို မြှောက်ပြကာ ရွှေကလပ်ကြီးပေါ်မှာ ထားလိုက်သည်။

"ဟေ့ ဒီလူဟာ ရွှေပုဆိန်ကြီးကို ဘယ်ကနေ တိတ်တဆိတ်ယူလာခဲ့တာလည်း မသိဘူး၊ သူ့ကို စစ်မေးရမယ်၊ ဟိုလူတွေကို လွှတ်ပေးလိုက်တာလဲ သူပဲ ဖြစ်ရမယ်၊ ဖမ်း ဖမ်း မိအောင်ဖမ်း"

ခေါင်းဆောင်နှင့်တူသူက ဒေါသတကြီးဖြင့် လက်ညှိုးထိုးကာ အမိန့်ပေးလိုက်လေ၏။ ထို့ကြောင့် လေးမြားများပါလာကြသူများက အောက်မှနေ၍ ပစ်ခတ်ကြလေတော့သည်။

"ဝှန်း"

"ဝှန်း"

"ဟာ ပစ်ပြီ၊ ပစ်ကြပြီ၊ ငါ ဒီလူတွေ နားလည်အောင် ဘယ်လိုရှင်းပြလို့ရမှာလဲ၊ ငါ့စကားလည်း သူတို့က နားလည်ကြမှာမဟုတ်။ သူ့ ငါ့စကားကိုလည်း ငါနားမလည် . . ."





ကံရာဇာသည် သူ့အပေါ်ကို မြားတစ်စင်းကတော့ မလွဲ ာန်ထိမှန်တော့မည်ဟု သိနေမိသည်။

"မဖြစ်တော့ဘူး ကြာရင် ငါ ဒုက္ခရောက်လိမ့်မယ်"

ကံရာဇာသည် ပစ္စတိုသေနတ်ကို ဆွဲထုတ်လိုက်ကာ းပစ်သူတစ်ဦးကို ထည့်လိုက်သည်။

"ဒိုင်း"

ကျည်ဆန်က လေးကိုင်သောလက်ကို မှန်သွားသည်။ ာက်တစ်ချက်ထပ်ပြီးတော့ ပစ်လိုက်သည်။

"ဒိုင်း"

မီးအိမ်ကို ထိမှန်သွားခဲ့လေသည်။ အထဲက မီးလုံးလိုလို ဲနှစ်ဝင်းဝင်းလေးကိုပါ ထိမှန်သွားသည်။ မီးလုံးလေးသည် အိမ်ထဲက ခုန်ထွက်သွားကာ အခန်းထဲမှာ လျှောက်ပြီးတော့ လျှက်ရှိသည်။ ကံရာဇာက လျှောက်ပြေးနေသော မီးလုံးလေး သေနတ်တဆဆဖြင့် ပစ်ထည့်လိုက်ပြန်ရာ . . .။

"ဒိုင်း"

"ဖောင်း"

ထိုပုလဲနှစ်အလုံးလေးကို ထိမှန်ပြီး ပေါက်ကွဲသွားလေ ာ့သည်။ ထူးဆန်းသည်မှာ ပေါက်ကွဲပြီး ထွက်လာကြသော းစများသည် အောက်မှာနဂါးများ၏ ကိုယ်ပေါ်ကို ကျကုန် လေတော့သည်။

"အား"

"အား"

မီးပွားစလေးများသည် သာမာန်မဟုတ်၊ ချက်ခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ပင် ကိုယ်ပေါ်မှာ မီးစွဲလောင်နိုင်သော အခြေအနေရှိမှန်းသိလိုက်ရလေတော့သည်။ ကိုယ်ပေါ်မှာ တောက်လောင်သွားသော မီးတောက်များကို ငြိမ်းသတ်ကြရင်း အလုပ်ရှုပ်ကုန်ကြလေတော့သည်။ အော်ဟစ်ပြီး ပြေးသူတွေက ပြေးကြနှင့် ဇရုံပွက်သွားကြသည်။

"သင်းတို့ အလုပ်ရှုပ်ကုန်ကြပြီ၊ ငါ့ကိုလည်း ဂရုမစိုက်နိုင်ကြတော့ဘူး၊ လစ်မှ"

ကံရာဇာသည် နဂါးရုပ်တုကြီးပေါ်မှနေ၍ တစ်ဘက်ကျောက်ဖျာစွန်းကြီးပေါ်ကို လွှားကနဲဆို ခုန်ကူးသွားခဲ့လေ၏။ ထို့နောက် ပတ်ကြားအက်ကြီးဆီကို ဆက်၍ပြေးသည်။ အနီးကိုရောက်မှ မော့ကြည့်လိုက်ရာ လူတစ်ရပ်လောက်ပဲ မြင့်သည်။ မိုက်ခဲသုံးယောက်ကတော့ ဤပတ်ကြားအက်ပေါက်ကြီးထဲကိုရောက်အောင် တက်သွားဖို့ရန်မှာ ခဲယဉ်းလှမည်မဟုတ်။

သူ့အတွက်လည်း ခဲယဉ်းသည်မဟုတ်၊ ယခုအချိန်မှာ ကံရာဇာသည် စွမ်းအင်ထူးကို ရရှိထားခဲ့သည်ပဲမဟုတ်လား။ ထို့ကြောင့် ငါးပေကျော်ကျော်အမြင့်ကို လွှားကနဲဆို ခုန်တက်သွားခဲ့လေသည်။ ပက်ကြားအက်ပေါ်ကို ရောက်သွားခဲ့လေသည်။

ပက်ကြားအက်သည် လူတစ်ယောက်ကပ်ပြီး ဝင်သွားနိုင်အောင်သာ ကျယ်ဝန်းသည်။ အမြင့်က ငါးပေနီးပါးလောက်ပဲရှိပေလိမ့်မည်။ တစ်ဖက်တွင် စကြံလမ်းလေးတစ်ခုလို ဖြစ်နေသည်။

တကယ်တော့ . . .

ယင်းနေရာသည် လျှို့ဝှက်စောင့်ကြည့်မနေရာ ဖြစ်နိုင်





သည်။ ပျက်စီးယိုယွင်းသွားရာ မပြင်ဆင်နိုင်ပဲ ရှိနေခြင်းပင်လား။

"ဟို သုံးယောက်ကို မတွေ့ရတော့ဘူး"

မိုက်ခဲသုံးယောက်ကို မတွေ့ရတော့။ ဤလမ်းအတိုင်းထွက်သွားကြခြင်းပင်၊ ကံရာဇာကလည်း ပဇွတ်သေနတ်ကိုလက်မှာကိုင်ကာ တောက်လျှောက်ပင် လိုက်ရလေတော့သည်။

မကြာမီ . . .

ထောင့်ချိုးတစ်နေရာအရောက်တွင် . . .

"ကံရာဇာ ကျွန်တော်တို့ ဒီမှာ"

မိုက်ခဲဒေဝေါ၏အသံ သုံးယောက်စလုံးကို ထောင့်အကွယ်တစ်ခုမှာ တွေ့လိုက်ကြရသည်။

"တော်ပါသေးရဲ့၊ မင်းတို့ ထွက်ပြေးသွားကြပြီလို့ ထင်တာ၊ နို့ နေပါဦး မင်းတို့က ငါ့ကို မြင်လို့မေးတာလား"

"မမြင်ပါဘူး၊ ရေးတေးတေးပါပဲ၊ ခြေသံကိုမှန်းပြီးတော့မေးလိုက်တာပါ"

"ကောင်းတယ်၊ နဂါးတွေဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ ကဲလာ သွားကြမယ်၊ ငါ နောက်ကလိုက်ခဲ့ကြ၊ မင်းတို့လက်နှိပ်ဓာတ်မီးမသုံးတာ မှန်တယ်၊ ဟိုမှာတော့ အခြေအနေဆိုးပြီးကျန်ခဲ့ကြပြီ၊ ငါ လစ်ထွက်လာခဲ့တာ"

ကံရာဇာက ရှေ့ကနေဦးဆောင်ပြီးတော့ ပြေးသွားသည်။

"မင်းတို့မှာ လက်နက်တွေ မပါဘူးကြဘူးလား"

"ပါလာတယ်၊ နဂါးတွေ သိမ်းထားကြပြီ၊ ကံရာဇာ ခုံးပေါ်က သေနတ်ကြီး ကျွန်တော့်ကို ပေးပါလား"

"ဒေဝေါ၊ မင်းကို ငါစိတ်ချရပါ့မလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဇာတ်တူသား မစားဘူးဗျ။ ကုလား... တွေအပေါ်မှာသာ မကောင်းကြံတာ၊ ပြီးတော့ ကိုယ့်အသက်... လာကယ်တဲ့သူအပေါ်မှာ သစ္စာဖောက်ပါ့မလား"

"ကောင်းပြီလေ၊ ဒါ သစ္စာတရားလို့ မင်းပြောလိုက်... ပဲ၊ ရော့"

ကံရာဇာက ပခုံးထက်က သေနတ်ကြီးကို ဖြုတ်... မိုက်ခဲဒေဝေါကို ပေးလိုက်သည်။ ကျည်ဆန်တွေကိုပါ ထု... ပေးလိုက်လေ၏။

မိုက်ခဲဇောတိကို ခါးကြားထဲမှ ဓါးမြှောင်ရှည်ကြီးတစ်... နှင့် မိုက်ခဲတိမ်နီကိုတော့ . . . ၊

ကံရာဇာသည် ဘောင်းဘီကို မတင်လိုက်ကာ အ... ဝှက်ယူလာသော ပစ္စတိုသေနတ်ကို ထုတ်ပေးလိုက်လေ... မိုက်ခဲသုံးယောက်စလုံး ကံရာဇာ၏ အပြုအမူကြောင့် အံ့... သင့်သွားခဲ့ကြရလေသည်။ သုံးယောက်စလုံးသည် ကံရာဇာ... နောက်က မီးထိုးကာ လိုက်လာခဲ့ကြလေသည်။

ရှည်လျားလှသော စကြံလမ်းကြောင်းအတိုင်း ထွက်... ခဲ့ကြသည်။ လမ်းမှာ မည်သူ့ကိုမှ မတွေ့ကြရ။

"ဒီ နဂါးတွေက ငါတို့ကို ဒီအတိုင်း လွှတ်ထား... မဟုတ်ဘူး၊ ခန့်မှန်းပြီး လိုက်လာကြမှာပဲ"

"ဟုတ်တယ်၊ ကံရာဇာ လိုက်လာကြမှာကတော့ ... သေတယ်၊ ခုယောက်ဆို သတင်းတွေ ပျံ့ပြီးတော့၊ ကျွန်... တို့ကိုဖမ်းဖို့ လှုပ်ရှားနေကြရောပေါ့"

မိုက်ခဲဇောတိက ပြောလိုက်လေသည်။





စကြံလမ်း၏ ထောင့်ချိုးတစ်ခုကို အရောက်မှာ . . .

လူတစ်စုက ဘွားကနဲဆိုပေါ်လာကြလေသည်။ နဂါးစစ်သည်များပင်တည်း။ မမျှော်လင့်ပဲ တွေ့လိုက်ကြရ၍ နှစ်ဖက်စလုံး ကြောင်သွားခဲ့ကြလေရာ . . .

"ဒိုင်း"

"ဒိုင်း"

"အား"

"အား"

နဂါးနှစ်ဦးကို ထိသွားသည်။ မိုက်ခဲဇောတိက မရှေးမနှောင်းမှာပင် ပြေးဝင်သွားပြီး၊ ဓါးမြှောင်နှင့် ဝင်ထိုးသည်။

"အင့်"

"ဒိုင်း"

မိုက်ခဲတိမ်နီ၏ ပစ္စတိုသေနတ်က မီးပွင့်သွားသည်။ တစ်ဦးထိသွားသည်။ လျှင်မြန်သွက်လက်လိုက်ကြသည့်ဖြစ်ခြင်း၊ မိုက်ခဲသုံးယောက် နာမည်ကြီးကြသည်မှာ အဲဒါတွေလည်းပါသည်။

"ငါတို့နောက်ကို လူဖြန့်ပြီးတော့ လိုက်နေကြပြီ၊ ဒီနဂါးမောက်တောင်ကြီးထဲက အမြန်လွတ်ကြမှ ဖြစ်မယ်"

မကြာမီ . . .

စကြံလမ်းအဆုံးကို ရောက်သွားသည်။ အောက်ကိုဆင်းသည်။ ကျောက်လှေကားထစ်များကို တွေ့လိုက်ရသည်။ ကံရာဇာဦးဆောင်ပြီး တောက်လျှောက်ပင် ဆင်းလာခဲ့ကြလေသည်။

အောက်ခြေကို ပြန်ပြီးတော့ ရောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် . . .

"ရှူး"

"ဖောင်း"

မမျှော်လင့်ဘဲ ထွက်ပေါ်လာသောအသံနှင့်အတူ မီး
က လင်းထိန်သွားခဲ့လေသည်။ မီးကျည်ကဲ့သို့အရာကို ပစ်
လိုက်သောကြောင့်ပင်။ နဂါးတွေမှာလည်း လက်နက်ဆန်းတွေ
ပါလား။ ပတ်ဝန်းကျင်ကို အားလုံးမြင်မြင်ထင်ထင်ပင် ဖြစ်သွား
ခဲ့စေသည်။

"သတိထားကြ"

ကံရာဇာသတိပေး၍မှမဆုံးမီ တစ်အုပ်စုက ပြေးဝင်
ခဲ့ကြပြန်သည်။

"ဟင်"

"ဟာ"

အားလုံးအံ့အားသင့်သွားခဲ့ကြသည်၊ သူတို့တွေ့လိုက်
ရသည်ကား နဂါးမယ်များ၊ စသည်နဂါးမယ်များပင်တည်း။
ထားကြသော အဝတ်အစားများသည် အစိမ်းရောင်အကြေးခွံ
ကို အကျႌ၊ ဘောင်းဘီများအဖြစ် တန်ဆာဆင်ကာ ဝတ်
ကြသည်၊ အသားကပ်ပါးလွှာသောကြောင့် ပြည့်ဖြိုးသော
ပဋ္ဌကတို့ကို ဖော်ပြထားကြသလိုပင် . . . ။

သူမတို့၏ လက်ထဲမှာ လေးမြားများကိုသာ ကိုင်
ထားကြသည်။ မျက်နှာများသည် လှပပြေပြစ်ချောမောကြ
လည်း ဇာတိမာန်အပြည့်ရှိနေကြသည်။

"ဘယ်ကနေ ထွက်လာခဲ့ကြတာလဲ၊ မယုံနိုင်စရာ





မိုက်ခဲဇောတိက လေသံဖြင့် ပြောလိုက်သည်။

"မယုံနိုင်စရာလုပ်မနေနဲ့ ဇောတိ၊ သူတို့လက်ထဲက
ဟာတွေကို မြင်သလား၊ ယုံသွားအောင် လက်တွေ့ပြသွားလိမ့်
မယ်"

"ကံရာဇာ ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"ဒေဝါ မေးမနေနဲ့၊ ပြေး ပြေး၊ သူတို့နဲ့ဖက်ပြီး တိုက်
ဦးမလို့လား"

"ဖက်လို့ရရင်တော့ ကောင်းတာပေါ့ဗျာ၊ ဟဲ ဟဲ"

ထိုစဉ် . . .

"ဝှစ် . . . ဝှစ် . . . ဝှစ်"

နဂါးမယ်များထဲမှ လေးများက အလုပ်ရှုပ်သွားခဲ့ကြ
သည်။ မြားတံများသည် လေးညှို့မှ တစ်စင်းပြီးတစ်စင်း ပလူပျံ
နေအောင် ထွက်လာခဲ့ကြလေသည်။

"ဟ ပစ်ပြီ"

လေးယောက်စလုံး ဝမ်းလျားမှောက်လိုက်ကြရသည်။

လေးညှို့ကို တင်လိုက်ကြသော နဂါးမယ်များ၏ ခွန်
အားသည် မသေးလှ။ မြားတံများသည် လေကို ခွင်းကာ ပြင်း
ထန်သော အဟုန်ဖြင့် ရောက်လာခဲ့ကြခြင်းပင် ဖြစ်ကြသည်။

ကံရာဇာသည် ပစ္စတိုသေနတ်ကို နဂါးမယ်များထံ ဆက်
ကနဲဆို ထိုးချိန်လိုက်သည်။

"ဟာ ကံရာဇာ၊ မ မလုပ်ပါနဲ့ဗျာ၊ နှမြောစရာကြီး"
မိုက်ခဲတိမ်နီက တားလိုက်သည်။ နောက်သွားခဲ့ပြီ"

"ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"အိုး"

မိန်းကလေးများထံက အထိတ်တလန့် အော်ဟစ်သံများက ထွက်ပေါ်လာခဲ့ကြသည်။ ကျည်ဆံသည် ရှိခနဲမြည်ကာ သူတို့ ခေါင်းပေါ်က ကပ်ပြီးတော့ ကျော်ဖြတ်သွားသည်။

ထို့နောက် ...

နောက်ကြောင်းကို လှည့်ကာပြေးကြလေတော့၏။

"တွေ့လား၊ ဘာတတ်နိုင်ကြသေးသလဲ၊ တစ်ယောက်မှ မကျန်ကြတော့ဘူး၊ အားလုံးပြေးကုန်ကြပြီ၊ သူတို့က မြေတွင်းထဲအောင်းနေကြဟာဆိုတော့ သေနတ်ကိုလည်း ပွေးတွေ့လို့ မမြင်ဘူးကြဘူး၊ သေနတ်သံလည်းပဲ မကြားဖူးကြဘူး၊ ဒါကြောင့် လန့်ပြီးတော့ ပြေးကြတာပေါ့"

"ဟုတ်ပါ့ဗျာ၊ ကြောက်တတ်လိုက်ကြတာ"

ဆက်ပြီးတော့ ပြေးလာခဲ့ကြသည်။ မီးရောင်းကမရှိတော့ပြန်၊ လုံးဝအမှောင်ကြီးမဟုတ်သော်လည်း မှောင်ရီရီကလေး

ကံရာဇာသည် မိမိလာရာကမ်းဆီကို ပြန်သွားမည်၊ လေမှုတ်တွင်းကြီးဆီကို ပြန်ပြီးရောက်လျှင် တွင်းထဲခုန်ဆင်းကြကာ အထက်ကို ပြန်ပြီးတော့ တက်မည်ဟု စိတ်ကူးရှိသည်။

သို့သော် ...

ထိုနေရာကို မရောက်နိုင်တော့ပါ။ အခန်းကြီးတစ်ခုထဲကို မမျှော်လင့်ဘဲ ရောက်သွားခဲ့ကြပြန်သည်။ ထိုအခါ နဂါးစစ်သည်များနှင့် ပက်ပင်းတိုးကြပြန်လေတော့သည်။

သူတို့တွေ့လိုက်ကြရသည်ကား နဂါးစစ်သည်များက ကံရာဇာတို့ကို လိုက်ရှာကြရင်း ယင်းခန်းမကြီးထဲကို ရောက်





အလား ခပ်လှမ်းလှမ်းတွင် အမြင့်တစ်နေရာ၌ လွန်စွာမှကြီးမားသော ကြေးမောင်းကြီးတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရလေသည်။

တစ်ယောက်က ကြေးမောင်းကြီး၏ ဘေးမှ ကျောက်လှေကားထစ်ပေါ်မှာ ရှိနေသည်။ ထိုသူသည် လက်ထဲက ဘုလုံးကြီးဖြင့် မောင်းကြီးကို ထုခတ်ပါလေတော့သည်။

"ဒူ ... ဒူ ... ဒူ"

ယင်းမောင်းကြီးမှ ထွက်ပေါ်လာသော အသံသည် တစ်စင်းလုံးကို ဟိန်းထွက်သွားစေလေသည်။

ထို့ကြောင့် ...

နဂါးစစ်သည်များက ကြေးမောင်းသံကို ကြားလိုက်ကြရရန် ထွက်လာခဲ့ကြခြင်းပင် ဖြစ်ကြသည်။ ကံရာဇာတို့နှင့် ပက်ပင်းတိုးကြပြန်လေသည်။

"ဟာ ဟိုမှာ နဂါးတွေ ဝင်လာခဲ့ကြပြန်ပြီ"

နဂါးများက လှံတို၊ လှံရှည်များ၊ လေးမြားများဖြင့် ပစ်ခတ်ကြသည်။

"ဝှစ် ... ဝှစ် ... ဝှစ်"

"ဟ တွေ့တာနဲ့ ပစ်တော့တာပဲ"

ကံရာဇာသည် လက်ထဲက ပစ္စတိုသေနတ်ကို ရန်သူများဆီထိုးကာ ချိန်လိုက်သည်။

"ဒိုင်း"

"အူး"

တစ်ယောက်ကို ထိသွားသည်နှင့် နောက်ကပါလာ

www.burmeseclassic.com



သော သုံးလေးယောက်ကိုပါ ကျည်က ဖောက်ထွင်းသွားခဲ့သည်။ မိုက်ခဲတိမ်နီနှင့် မိုက်ခဲဒေဝေါတို့ကလည်း ပစ္စတိုသေနတ်နှင့် သေနတ်ကြီးကို အားပြုကာပစ်ခတ် ကြလေသည်။

''ဒိုင်း''

''ဒိုင်း''

''အူး''

''အား''

ထိမှန်သွားကြသောသူများမှာ အရုပ်ကြိုးပြတ်ပစ်လဲကျသွားခဲ့ကြသည်။ မပစ်ချင်ဘဲနှင့် ပစ်ကြရသည်။ သူတို့မမြင်ဖူးကြသော လက်နက်ဆန်းများကြောင့် တော်တော်လေးကို ထိတ်လန့်သွားခဲ့ကြရသည်။ အခိုက်အတန့်တော့ သွေးကြောင်သွားကြကာ နောက်ကိုဆုတ်ခွာပြီးတော့ ပြေးကြသည်။ ဘဏာပင်။

နောက်တော့ ပြန်ပြီးတော့ တက်လာခဲ့ကြပြန်သည်။ လေးမျ၊ လှံများဖြင့် ပစ်ခတ်ကြပြန်သည်။ အနီးကိုတော့ မကပ်ရဲကြ။ ကံရာဇာသည် ချက်ခြင်းလိုလို အကြံရသွားခဲ့သည်။ ကြေးမောင်းကြီးကို လှမ်းပြီးတော့ သေနတ်ဖြင့် ပစ်ထည့်လိုက်လေသည်။

''ဒိုင်း . . . ဒိုင်း''

ကျည်နှစ်တောင့်စလုံး ကြေးမောင်းကြီးကို ချည်ထားသော ကြိုးများကို ပြတ်တောက်သွားစေခဲ့သည်။ ထိုအခါ အထိန်းမရှိတော့သော ကြေးမောင်းကြီးသည် အောက်ကို ပြုတ်ကျသွားခဲ့လေတော့သည်။

''ဒုန်း''

မြိုက်စာပေ



ပြုတ်ကျလာသော ကြေးမောင်းကြီးသည် လဲကျမသွားဘဲ၊ လိမ့်ပြီးဆင်းလာခဲ့သည်။ တဖြည်းဖြည်းနှင့်အရှိန်က ရလာခဲ့လေသည်။

ယင်းအချိန်တွင် . . .

နဂါးများက ကံရာဇာတို့ကို အဝေးကနေ လေးများဖြင့် ပစ်ခတ်နေကြချိန် . . .

''ဝှစ်''

''ဝှစ်''

''ဟေ့ ဟေ့ ဒီကို အမြန်လာကြဟေ့''

ကံရာဇာသည် ကြေးမောင်းကြီးဆီသို့ ပြေးသွားခဲ့သည်။ မိုက်ခဲသုံးယောက်တို့ကလည်း လိုက်ပြီးတော့ ပြေးသွားခဲ့ကြသည်။ ကြေးမောင်းကြီးအကွယ်ကိုရောက်သွားခဲ့ကြသည်အထိ တစ်ယောက်မှ ထိခိုက်မှုမရရှိကြ။

ကြေးမောင်းကြီး လိမ့်ဆင်းသွားရာကို ဘေးမှ ကွယ်ပြီးတော့ လိုက်သွားခဲ့ကြသည်။ လိမ့်ထွက်သွားသော ကြေးမောင်းကြီး၏အရှိန်က ပိုပြီးတော့ မြန်လာသလို ယှဉ်ပြီးတော့ မြန်မြန် ပြေးကြရသည်။

နဂါးများ ပစ်ခတ်လိုက်ကြသော မြားတံများ၊ လှံများသည် ကြေးမောင်းကြီးကို တဒုန်းဒုန်းဖြင့် လာရောက်ထိမှန်ကြသည်။ အနိမ့်ပိုင်းကို ကြေးမောင်းကြီးက ဆင်းသွားခဲ့လေရာ အရှိန်သည် မြန်သထက်မြန်လာခဲ့လေသည်။ လိုက်ပြီးပြေးနေကြရသောသူများအတွက် မသက်သာလှပါ''

မကြာမီ . . .

မြိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြေးမောင်းကြီးသည် နံရံကြီးတစ်ခုကို ဝင်ပြီးတော့ ဆောင့်မိသွားခဲ့လေ၏။

"ဒုန်း"

"ကြေးမောင်းကြီး လဲကျတော့မယ်ဟေ့၊ ဘေးကို မြန်မြန်ရှောင်ကြ"

ကံရာဇာက သတိပေးလိုက်သည်။ လေးယောက်စလုံး ဘေးကို ခုန်ရှောင်လိုက်ကြသည်။ ကြေးမောင်းကြီးက တစ်ဘက်ကိုလဲကျသွားခဲ့လေသည်။

"ပြောင်း"

ကံရာဇာတို့ ခုန်ရှောင်လိုက်၍ လေးယောက်စလုံးကျသွားကြသောနေရာသည် ရေအောက်တူးမြောင်းကြီးတစ်ခုလို ဖြစ်နေသည်။ နဂါးမျိုးနွယ်စုများက ပြင်ပမှနေ၍ နဂါးမောက်တောင်ကြီး၏ အောက်ကို တစ်သွင်းသော်ရေလုံးရေင်းများသည် အဆက်မပြတ်ပင် စီးဆင်းလျက်ရှိနေကြသည်မှာ တဝေါဝေါဖြင့် မြည်ဟည်းလျက်ရှိနေကြသည် ဖြစ်လေရကား။



(၂၃)

**နဂါးများဆီက လွတ်မြောက်ဖို့**

ကံရာဇာနှင့်မိုက်ခဲသုံးယောက်တို့သည် ရေမြောင်းကြီးထဲသို့ ပစ်ကျသွားခဲ့ကြသည်နှင့် တရှိန်ထိုးမျောပြီးတော့ ပါသွားခဲ့လေတော့သည်။

"သတိထားကြဟေ့၊ အပေါ်မှာ အမိုးလိုလိုရှိနေတယ်၊ ဆောင့်မိကြလိမ့်မယ်"

ကံရာဇာက အော်ဟစ်ပြီးတော့ သတိပေးလိုက်လေသည်။ ထို့ကြောင့် အားလုံးခေါင်းကို ငုံ့ချလိုက်ကြသည်။ အမှောင်ထဲမှာပေမဲ့ ကံရာဇာက မြင်နိုင်စွမ်းရှိနေ၍ တော်ပေသေးသည်။ ဤသို့သာ သတိမပေးနိုင်ခဲ့လျှင် ခေါင်းနှင့်ဝင်ဆောင့်ကြပြီး ပွဲချင်းပြီး သေသွားနိုင်ကြသည်။ ကံရာဇာသည် သူတို့၏ အသက်ကို ကယ်လိုက်နိုင်ပြန်လေပြီတကား။

နဂါးများသည် နောက်က မြားများဖြင့် လိုက်ပြီးပစ်ခတ်

www.burmeseclassic.com



ကြသည်။ လုံ့မျှားဖြင့် ပစ်ခတ်ကြသေးသည်။ ရေစီးအရှိန်အား ကောင်းလွန်းကြ၍ အားလုံးမျောပါသွားကြသည်ဖြစ်ရကား မြား တစ်ကမ်းစာမက လွန်သွားခဲ့ကြလေပြီ။

ရေဆန်ကတဝေါဝေါဖြင့် တရှိန်ထိုးစီးဆင်းနေလျက်ရှိသည်။ မှောင်ထဲမှာ တစ်ယောက်ကိုတစ်ယောက်လည်း မမြင်ကြရတော့ပါ။ ရေမြောင်ကြီး၏ အမိုးသာ သည့်ထက်ပိုပြီးတော့ နိမ့်ခဲ့လျှင် နဖူးတွေတဒိုင်းဒိုင်းနှင့် ဟတ်အော်ကုန်ကြမှာမလွဲ။ သို့သော် ကံရာဇာကတော့ အမှောင်ကြီးလေလေ၊ ပိုပြီးတော့ မြင်နိုင်စွမ်းရှိလေလေ၊ မိုက်ခဲသုံးယောက်ကို သတိပေးရင်း ရေစီးထဲသို့ တရှိန်ထိုးမျောပါရင်း . . . ။

ကံရာဇာ့မျက်လုံးတွေထဲမှာ အမိုးသည် တဖြည်းဖြည်းနှင့် မြင့်တက်လာနေသည်ကို တွေ့နေရသည်။ သဘာဝအလျောက် ဖြစ်ပေါ်နေသော မြေအောက်တူးမြောင်းကြီးတစ်ခုဆိုသည်ကို သိလိုက်ရလေသည်။

"ဂူအမိုးက မြင့်တက်လာပြီးဟေ့၊ ကျယ်လည်းကျယ်တယ်၊ အားလုံးအခြေအနေကောင်းကြရဲ့လား"

"ကောင်းပါတယ်"

မိုက်ခဲဖောဘိ၏အသံ . . . ။

"ကျန်နှစ်ယောက်ကကော"

"ကောင်းတယ်"

"ကောင်းတယ်၊ ကောင်းတယ် ဘာမှမဖြစ်ဘူး"

အားလုံးအခြေအနေကောင်းနေကြသည်။ ရေစီးကြောင်းထဲမှာ ကိုယ်ကိုဖော့ကာ မျောပါလာရင်း ဖြေလိုက်ကြသည်။





တ်ပါသေး၏။ ရေကူးကျွမ်းကျင်ကြလို့ပင်၊ မိုက်ခဲသုံးယောက်တော့ ကံရာဇာ၏ မျက်လုံးများကို အံ့အားသင့်နေကြသည်။

ထိုစဉ် . . . ။

မည်သည့်အကြောင်းကြောင့်လည်းမသိ၊ ရေစီးက ပိုပြီးတော့ မြန်လာခဲ့သည်။ နောက်မှဖိအားက တအားကောင်းလာခဲ့သည်။

ထို့ကြောင့် . . .

နောက်ကနေဆောင့်ပြီး အတွန်းခံနေရသလို တရှိန်ထိုးမျောပါသွားနေကြသည်။ နောက်တစ်ချက်က ရေသည်တော့အေးမြလာနေခြင်းပင်တည်း။ ပထမတော့ ခံနိုင်ရည်ရှိကြသေးသည်။ အေးသထက်အေးလာသောအခါ မခံနိုင်ကြတော့။

"အား . . . အေးလိုက်တာ"

"ဟုတ်ပါရဲ့ကွာ"

ညည်းကုန်ကြသည်။ ပြင်းထန်သော ရေစီးအရှိန်ကြောင့် ယောက်ကိုတစ်ယောက် ဝင်ပြီးတော့ တိုက်ကုန်ကြသည်။ ဇာ့ကျွအစ ကိုယ်ကိုဖော့ကာ လိုက်ပါရင်း လက်ထဲက နတ်ကို မြှောက်ထားသည်။ အားလုံး ကံရာဇာနည်းတူပင်။ ယောက်နာမည်ကို တစ်ယောက်ခေါ်ကြရင်း ရေစီးထဲမှာ ပါသွားခဲ့ကြလေ၏။

အအေးဓာတ်က ပိုပြီးတော့ သိဝ်သည်းလာခဲ့သည်။ တိုင်းသာ ကြာကြာလိုက်ပါသွားရလျှင် သေးခဲပြီး ဒုက္ခရောက်နိုင်ကြသည်။ မည်သို့သော အကြောင်းကြောင့် ယခု



www.burmeseclassic.com

www.burmeseclassic.com



သဘာဝပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့ရသလဲဆိုသည့်ကို မည်သူ
မှ မသိနိုင်ကြပါ။

ထိုစဉ် . . .

သူတို့၏နောက်က တဝေါဝေါဖြင့် မြည်သံကြီးများ
ထွက်ပေါ်လာခဲ့ကြလေသည်။

''ဝေါ . . . ဝေါ . . . ဝေါ . . . ဝေါ''

လှိုင်းများလည်း ဖြစ်ပေါ်လာခဲ့ကြသည်။ ရေစီးထဲမှ
မျောပြီးတော့ လိုက်ပါသွားနေကြသူများကို နောက်ကလူ
အားဖြင့် တစ်ချက်တည်း ဆောင့်တွန်းလိုက်သလို ဖြစ်သွားခဲ့ကြ
သည်။

''အား''

''အို''

အေးစက်နေသောရေထဲမှ မြောက်တက်သွားကြကာ
မြောင်းကြီး၏ အပြင်ဘက်ကို ရောက်သွားခဲ့ကြလေ၏။ နဂါး
မောက်တောင်ကြီး၏ အတွင်းထဲက လေဖိအား၊ တွန်းအားပြောင်း
လဲမှုပဲ ဖြစ်ဟန်တူသည်။ သူတို့အားလုံး တောင်ကြီး၏အောက်
လွင့်ထွက်လာခဲ့ကြသည်။ အရှိန်ဖြင့် လွင့်လာခဲ့ကြရသည်ဖြစ်
ကား အောက်ကိုတဘုတ်ဘုတ်နှင့် ကျသွားခဲ့ကြသည်။

''အား''

''အား''

ခန္ဓာကိုယ်အသီးသီးသည် အောက်ကအေးစက်သော
အမာခံတစ်ခုပေါ်သို့ ပစ်ကျသွားခဲ့ကြသည်။ လျှောထွက်သွား
ကြသည်။ ကိုယ့်အရှိန်ကို ကိုယ်ထိန်း၍ တက်သွားခဲ့ကြသည်





သူတို့အောက်က အရာကြီးသည် အငြိမ်မနေဘဲ ရွေ့မျောနေ
သည်။ သေချာစွာ ကြည့်လိုက်ကြသောအခါ . . .

''ဟာ''

''ဟာ''

အားလုံးအံ့အားသင့်သွားခဲ့ကြလေသည်။

ယင်းအရာကြီးကား အခြားမဟုတ်။ ရေခဲတုံးကြီးသာ
တည်း။ လေးထောင့်စပ်စပ် ပြင်ညီချောရေခဲတုံးကြီးဖြစ်ပြီး ရေစီး
ကြောင်းပေါ်မှာ အရှိန်ဖြင့် မျောပါလျက်ရှိနေသည်။ ကံရာဇာ
ကား သေချာစွာရပ်ပြီးတော့ ကြည့်လိုက်ရာ နဂါးမောက်တောင်
ကြီးနှင့် မလှမ်းမကမ်းမှာ ရေခဲမြစ်ကြီးတစ်ခုကို တွေ့လိုက်ရ
သည်။

ယင်းရေခဲမြစ်ကြီးသည် တောင်အောက်မှ ထွက်လာ
သော ရေချိုမြစ်ကြီးနှင့် လာရောက်ပေါင်းဆုံသွားခြင်းပင် ဖြစ်ပါ
လေ၏။

အကြောင်းကြောင့် ကျိုးပဲ့သွားကြသော ရေခဲတုံးကြီး
ငယ်တို့သည် မြစ်တဲမှာ ပေါလောပေါ်ကာ မျောနေကြလျက်၊

''ကံရာဇာ ကျွန်တော်တို့တော့ လွတ်မြောက်လာကြပြီး၊
နဂါးတွေရဲ့ရန်က လွတ်ခဲ့ကြပြီဗျ''

မိုက်ခဲတိမ်နီက အားရဝမ်းသာပင် ပြောလိုက်လေ၏။

''နဂါးတွေ လိုက်မလာကြတော့ဘူး၊ ဒီကောင့်တွေ
ကိုယ့်နေရာကွက်ကွက်လေးကိုပဲ တမှာကြီးလို့ ထင်နေသလား
မသိဘူး''

မိုက်ခဲဇော်တိ၏စကားကို မိုက်ခဲဒေဝေါက ရှုံ့မဲ့ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . .

''လောလောဆယ် အရှင်လတ်လတ် ရေခဲရိုက်ပြီးသား ဖြစ်နေပြီ၊ ရေခဲတုံးပေါ် ဖင်ခုထိုင်တယ်ဆိုတဲ့စကားက ကျုပ်တို့အတွက် ဖြစ်နေပြီ၊ နဂါးတွေရဲ့လက်ချက်နဲ့ မသေဘဲ၊ အပြင်ရောက်မှ အေးခဲပြီးတော့ သေရမယ့်အဖြစ်ပဲဗျ''

''မင်းတို့ တော်တော်တုံးကြတဲ့ ကောင်တွေပဲ၊ မင်းတို့ရဲ့ ပဉ္စလက်အတတ်ပညာတွေ ဘယ်ရောက်ကုန်ကြပြီလဲ၊ ဒီနေရာမှာ အစွမ်းအစထုတ်ကြပါတော့လား''

''ကံရာဇာ ကျွန်တော်တို့ ဒီနယ်မြေကို ရောက်လာကြတာနဲ့ တတ်ထားသမျှပညာတွေလည်း ပျောက်ကုန်တော့တာပဲ၊ သုံးယောက်အတူ ပူးပေါင်းပြီး ပြေးလာကြရင်း လှူပံတွေလိုမျက်နှာနဲ့လူမဟုတ် 'တိရိစ္ဆာန်လည်းမဟုတ်တဲ့နေရာကို ရောက်သွားခဲ့ကြတယ်''

သူတို့ကို ပဉ္စလက်အတတ်ပညာနဲ့ လှည့်စားကြည့်ကြသေးတယ်။ အဲ . . . ဘာမှဖြစ်မလာကြတော့ဘူးဗျာ၊ အဲ့ပါရဲ့ ဒါနဲ့ပဲ အဲဒီသတ္တဝါတွေဆီက ခြင်းတွေကိုလုပြီးတော့ ပြေးလာခဲ့ကြတာ။

''မထူးပါဘူးဗျာ၊ သူတို့ရဲ့လက်ထဲက လွတ်သွားကြပေမယ့်နဂါးတွေရဲ့လက်ထဲမှာ ကွဲကနဲဆို အမိခံလိုက်ရတော့တာပဲ''

မိုက်ခဲဇောတိက အအေးဒဏ်ကို ခံစားရင်း စကားတွေထဲမှာ အာရုံကို နှစ်ထားလိုက်သည်။ မရပါ၊ တစ်ကိုယ်လုံးလည်း ဆုံလာကြပြီဖြစ်၏။

ထိုစဉ် . . .





သူတို့စီးနင်းလိုက်ပါလာသည့် ရေခဲတုံးကြီးနှင့်ယှဉ်ကာ ရေခဲတုံးကြီးနှစ်တုံးက လိုက်ပါလာနေကြသည်။

''ကဲ ငါတို့ရဲ့ရေခဲတုံးကြီး . . . နဲ့ . . . အဲ ဒီရေခဲတုံးကြီးနှစ်တုံး တစ်ပြေးတည်း ယှဉ်မိလိုက်ကြတာနဲ့ ငါလုပ်သလိုလိုက်လုပ်ကြပေတော့''

ကံရာဇာက သူတို့ကို သတိပေးစကား ပြောလိုက်သည်။

မကြာမီ . . .

ဘေးမှလိုက်ပြီးမျောလာကြသော ရေခဲတုံးကြီးနှစ်တုံးသည် တစ်ပြေးညီ ယှဉ်မိသွားခဲ့ကြလေရာ . . .

''ကိုင်းဟေ့''

ကံရာဇာက လှစ်ကနဲဆို ပြေးဆင်းသွားသည်။ ရေခဲတုံးကြီးတစ်တုံးပေါ်မှ နောက်တစ်တုံးနင်းကာ ကျော်ဖြတ်သွားခဲ့သည်။ ကမ်းပေါ်ကို ဖျတ်ကနဲဆို ခုန်တက်လိုက်လေသည်။ လျှင်မြန်ဖြတ်လတ်သော ကံရာဇာကိုကြည့်ပြီး အားတက်သွားခဲ့ကြသည်။

မိုက်ခဲသုံးယောက်လည်း သတ္တိခေကြသူများမဟုတ်ကြ။ ကံရာဇာလုပ်နည်းကဲ့သို့ ဘေးမှယှဉ်ပြီးလိုက်လာကြသော ရေခဲတုံးများပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် ပြေးဆင်းသွားခဲ့ကြသည်။ ကမ်းပေါ်ကို အသီးသီးရောက်သွားခဲ့ကြလေသည်။

ကံရာဇာသည် နှင်းများဖုံးလွှမ်းလျက်ရှိနေသော ကျောက်တုံးကြီးတစ်တုံးကို မှီကာ ရပ်ပြီးစောင့်နေသည်။

''တော်ပါသေးရဲ့ ဒီရေခဲတုံးကြီးပေါ်မှာသာ ဆက်ပြီးတော့ လိုက်သွားရင် အရှင်လတ်လတ်ဘဝက သေသွားတော့ ရေခဲ



www.burmeseclassic.com

www.burmeseclassic.com



ရိုက်လှူသားဖြစ်ပြီး ဘယ်အထိရောက်သွားကြမလဲပဲ''

မိုက်ခဲတိမ်နီက ပြောလိုက်သည်။ အားလုံးခြေပစ်လက်ပစ် ဖြစ်သွားခဲ့ကြလေသည်။

ကံရာဇာသည် ပတ်ပန်းကျင်အခြေအနေကို လိုက်ပြီးတော့ လေ့လာနေလျက်ရှိသည်။ တောင်တန်းကြီးများက ပတ်ချာလည်ဝန်းရံလျက် ရှိနေကြလေသည်။ နှင်းတွေကလည်း ဖုံးလွှမ်းနေကြကာ ဖွေးဖွေးလှုပ်လျက်ရှိနေကြသည်။

နဂါးမော်ကတောင်ကြီးသည် အဝေးမှာ ကျန်ရစ်ခဲ့ပြီဖြစ်သည်။ နဂါးကြီးတစ်ကောင် ရစ်ခွေထားသကဲ့သို့ပင်။

ဟိမဝန္တာ၏ တောင်စဥ်လေးဆယ်ကျော်ထဲမှာ ဤနဂါးမောက်တောင်ကြီးသည် ပါဟာန်မတ္တူ။ တိဗက်လမ်းကြောင်းဝင်ကာဆက်စပ်နေသလား၊ တရုတ်ပြည်ဘက်မှ ဝင်ကာ ဆက်စပ်နေသလား၊ တွေးတောနေမိသည်။

''ကံရာဇာ ကျွန်တော်တို့နောက်ကို လိုက်လာခဲ့ရတဲ့အကြောင်းရင်းက . . . ''

မိုက်ခဲတိမ်နီက ရေစိုနေသော ကိုယ်လုံးကို လက်နဲ့ဖက်နှင့်မိုက်ကာ မေးလိုက်သည်။

''အထက်က အမိန့်ပေးလို့ မင်းတို့သုံးယောက်နောက်ကို ငါလိုက်ခဲ့တာကွ၊ မျက်နှာဖြူတွေက မင်းတို့သုံးယောက်စလုံးကို အလိုရှိနေကြတယ်၊ ဆုငွေတောင် ထုတ်ထားပြီးပြီ''

''ဒီခွေးဖြူတွေက ကျွန်တော်တို့ တစ်မျိုးသားလုံးကိုဒုက္ခပေးနေကြလို့ ကိုက်ဟန်တဲ့နည်းနဲ့လိုက်ပြီး ဆုံးမနေရတာပါဗျာ၊ သူတို့ရဲ့လက်ပါးစေတွေရော့ပဲ၊ အထူးသဖြင့် ကျွန်တော်တို့





သီက အဖိုးတန်ရတနာတွေ၊ သံယံဇာတပစ္စည်းတွေကို မတရားခိုးထုတ်နေကြတာဗျ''

''ကျွန်တော်တို့က လက်ပိုက်ပြီး ကြည့်မနေနိုင်ကြဘူးလေ''

''ဟုတ်တယ် မိုက်ခဲတိမ်နီ ပြောတာမှန်တယ်၊ ဒီကုလားဖြူတွေကို တတ်နိုင်ရင် မျိုးတောင်ဖြုတ်ပစ်လိုက်ချင်တယ်၊ သူတို့လူကိုထိတော့ ဥပဒေရှိတယ်၊ ကျွန်တော်တို့ တစ်မျိုးသားလုံးကို သူတို့စော်ကားနေတာကျတော့ ဥပဒေမရှိဘူး''

''အဲဒီအတွက် မင်းတို့က တရားဥပဒေကို ချိုးဖောက်တယ်ပေါ့၊ ဟုတ်လား၊ မိုက်ခဲဖောတီ''

''ကံရာဇာ ကျွန်တော်တို့က ဥပဒေကို နဂိုကတည်းက လေးစားပြီးသားပါ၊ သူတို့ကို အကြောင်းသိအောင် ဆုံးမနေတာ၊ သူတို့ဆီက သိမ်းထားတဲ့ပစ္စည်းတွေကိုလည်း ကျွန်တော်တို့ တစ်ပြားမှမသုံးကြဘူး၊ လုံခြုံတဲ့နေရာမှာ သိမ်းထားတယ်၊ အဲဒါကိုယ့်နိုင်ငံရဲ့ အရေးအတွက်ပဲ''

''မင်းက ကြီးကြီးကျယ်ကျယ် ပြောနေတယ်၊ ယုံရမှာလား''

''စောင့်ကြည့်ပေါ့ဗျာ''

''ဒီမှာ ကံရာဇာ မိုက်ခဲဖောတီပြောတာ မှန်တယ်၊ ကျွန်တော်တို့က ဓာတ်တူသားမစားကြဘူးဗျာ၊ ကိုယ့်လူမျိုးကို တန်ဖိုးထားတယ်၊ ချစ်တယ်၊ ဒါပေမယ့် ခင်ဗျားက ကျွန်တော်တို့ကို ဖမ်းဖို့လိုက်လာတယ်ဆိုရင်လည်း ဖမ်းပေါ့ဗျာ၊ အဖမ်းခံပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



မိုက်ခဲဒေဝေါက က်ရာဇာကို အေးစက်သောအကြည့်ဖြင့်ကြည့်ကာ ပြောလိုက်သည်။

ထို့နောက် . . .

မိုက်ခဲဒေဝေါသည် ပခုံးထက်က သေနက်ကြီးကို ဖြုတ်ကာ က်ရာဇာကို ထိုးပြီးတော့ ချိန်လိုက်သည်။ မိုက်ခဲဒေဝေါနှင့် မိုက်ခဲတိမ်နီတို့သည် မျက်လုံးပြူးသွားခဲ့ကြသည်။ က်ရာဇာကတော့ ဘာမှမထူးခြားသလို ခပ်ပြုံးပြုံးပင်။

''ဒိုင်း''

''ဒိုင်း''

သေနတ်ခံနှစ်ချက်က ဆင့်ပြီးတော့ ထွက်လာခဲ့သေးသည်။

''ဟာ''

''ဟာ''

က်ရာဇာသည် ပစ္စတိုသေနတ်ကိုထုတ်ကာ နောက်ကိုလှည့်ပြီးတော့ ပစ်ထည့်လိုက်သလို မိုက်ခဲဒေဂေါကလည်း သေချာစွာချိန်ပြီးတော့ ပစ်ထည့်လိုက်လေသည်။ ကျန်မိုက်ခဲနှစ်ယောက်မှာ လွှန်မင်းစွာပင် အံ့အားသင့်သွားခဲ့ကြသည်။

ဆယ်ပေလောက်ပဲ ကွာဝေးသည့် ကျောက်တုံးကြီးထက်က ဝက်ဝံဖြူကြီးတစ်ကောင်၊ က်ရာဇာကို ဒေါသတကြီးဖြင့် ခုန်အုပ်တော့မည့်အပြုမှာ မိုက်ခဲဒေဝေါက လှမ်းမြင်လိုက်၍ ပစ်ချလိုက်ခြင်းပင်၊ က်ရာဇာကလည်း ကျောဘက်မှ ဝက်ဝံကြီး၏ လှုပ်ရှားမှုကို ကြားလိုက်၍ သေနတ်ဖြင့် ပစ်ထည့်လိုက်ခြင်းပင်။





ဝက်ဝံကြီးသည် တောင်ကုန်းထက်မှ ဒလိမ့်ခေါက်ကွေးနှင့် ကျလာခဲ့လေသည်။ လေးယောက်စလုံး ဝက်ဝံကြီးဆီကို ပြေးသွားခဲ့ကြသည်။ သို့သော် ဝက်ဝံဖြူကြီးကား အသက်ပျောက်နေလေပြီ။

၁



www.burmeseclassic.com

www.burmeseclassic.com



## (၂၆)
## နှင်းမှုန်တိုင်းထဲမှာ

ဝက်ဝံအသေကောင်ကြီးကို ရေခဲမြင်ထဲ မျောပစ်လိုက်ကြသည်။

"တော်ပါသေးရဲ့ဗျာ၊ ဒီဝံသနတ်ကြီးက ရေမနိုဘူး၊ ဒါကြောင့် ဂျမ်းမဖြစ်ဘူး၊ ယမ်းအားကောင်းကောင်းပြင်းတာပဲ ကံရာဇာ"

"မင်း ပစ်လိုက်တဲ့တစ်ချက်တည်းနဲ့ သေလောက်ပါတယ်ကွာ၊ လက်ဖြောင့်သားပဲ ဒေဝေါ်၊ ဘယ်ဆိုးလို့လဲ"

"မိုက်ခဲဒေဝေါ်ပဲဗျာ၊ ဒါယောက်ကတော့ ရှိမှာပေါ့"

ထိုအခါကျမှ . . .

မိုက်ခဲဇောတိနှင့် မိုက်ခဲတိမ်နီတို့လည်း အက်ပြင်းကောင်းကောင်းချနိုင်ကြလေတော့သည်။

ကံရာဇာက ဦးဆောင်ပြီး ခရီးဆက်ထွက်ခဲ့ကြသည်။ တစ်ကာယ်တော့ ကံရာဇာသည် အဖြစ်နိုင်ဆုံး အပြန်လမ်းကြောင်း





ကို ရှာဖွေကာ ဆုံးဖြတ်လိုက်ခြင်းပင်။ မိုက်ခဲသုံးယောက်တို့သည် ကံရာဇာ၏ တွေးတောကြံစည်မှုကို သိထားကြသူများပီပီ မမေးမြန်းတော့ပဲ နောက်ကလိုက်သွားခဲ့ကြလေသည်။

နှင်းတောကြီးထဲမှာ တရွေ့ရွေ့နှင့်ဖြတ်သန်းလာခဲ့ကြသည်။

"နဂါးတွေရဲ့လက်ထဲကို ရောက်ခဲ့ပြီးတဲ့နောက်၊ ဗိုက်ထဲမှာ ဘာအဆာမှမရှိတော့ဘူး။ ပြေးရလွှားရနဲ့ တော်တော်လေးကို ဆာလောင်လာပြီ"

မိုက်ခဲတိမ်နီက မအောင့်အည်းနိုင်တော့ပဲ ထုတ်ဖော်ပြီးတော့ ညည်းမိလိုက်လေ၏။

ကံရာဇာသည် စိုထိုင်းဖွဲသော ကျောပိုးအိတ်ထဲမှာ ပါလာခဲ့သည်။ အစားအစာအချို့ကို ထုတ်ယူကြည့်လိုက်သည်။ အသားသွပ်ဗူး သုံးဗူးနှင့် မုန့်ကြွပ်များက ထွက်လာကြသည်။ မုန့်ကြွပ်များကတော့ ကျိုးကြေလျှက်ရှိနေလေပြီ။

"ကဲ ကံရာဇာ ဒါတွေက စားလို့ရသေးတယ်၊ မေ့စရာလားဗျာ"

မိုက်ခဲတိမ်နီက ဝမ်းသာအားရနှင့် ပြောလိုက်လေ၏။ လေးယောက်စလုံး သစ်ပင်ကြီးတစ်ပင်အောက်မှာထိုင်ကာ အစားအစာများကို မျှတပြီးတော့ နားလိုက်ကြလေ၏။

ဝမ်းပြည့်သွားသောအခါ ကြာကြာမနားရဲ၊ အအေးဓါတ်က လွှမ်းကဲလွှမ်းလုံ၍ သွေးအေးသွားကာ ခဲသွားမည်ကို စိုးရိမ်မိရလေသည်။

ထို့ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ချက်ခြင်းလိုလိုပင် ထွက်လာခဲ့ကြသည်။ မြေကြီးမြေသားကို မမြင်ရင် နှင်းဖွတ်၊ နှင်းပုကြီးများကသာ ဖုံးလွှမ်းနေကြသည့်နေရာ၊ တွင်းကြီး၊ ချိုင့်ကြီးများကို မမြင်နိုင်ကြ။ ထို့ကြောင့် သတိထားပြီးတော့ သွားနေကြရသည်။

ထိုစဉ် . . .

မလှမ်းမကမ်းရှိ တောင်မြင့်ကြီးပေါ်က နှင်းထုကြီးက ပြိုကျလာလေသည်။

''ဝုန်း . . . ဝုန်း''

များပြားလှသော နှင်းများက တဝုန်းဝုန်းဖြင့် ကျလာခဲ့ကြပြီး တောင်ခြေကိုအရောက်မှာ စုပုံသွားခဲ့ကြကာ လမ်းကိုလည်း ပိတ်ဆို့သွားခဲ့ကြလေသည်။

''လမ်းပိတ်သွားပြီ''

ကံရာဇာသည် မိမိတို့ဦးတည်ပြီးတော့ သွားသည့်လမ်းကို နှင်းထုကြီးက ပိတ်ဆို့သွားသည်ကို မြင်တွေ့လိုက်ရလေသည်။

''ကံရာဇာ နှင်းထုကြီးက တောင်ပူစာလေးတစ်ခုကို မောက်နေတာ လမ်းရှင်းလို့ မလွယ်ဘူး''

''ဟုတ်တယ်၊ ဖောတိ မလွယ်တာတော့ အမှန်ပဲ''

ကံရာဇာသည် ခေတ္တခဏရပ်ကာ အခြေအနေကို သုံးသပ်မိလိုက်လေသည်။ ညာဘက်တွင် ကျဉ်းမြောင်းသော လမ်းကြောင်းရှည်ကြီးတစ်ခုကို အမှတ်တမဲ့ပင် တွေ့လိုက်ရလေ၏။

''ကဲ အဲဒီလမ်းကပဲ သွားကြမယ်''

ကံရာဇာက ဆုံးဖြတ်လိုက်ပြန်သည်။ သူတို့က အပေါ်စီးမှဆီးပြီး မြင်လိုက်ရသော ကွေ့ကောက်သောလမ်းကြောင်းကြီး





၏ဘေးမှ နှင်းတောင်ကြီးနှစ်ခုက တစ်ဖက်တစ်ချက်စီ ကာဆီးနေကြသည်။ ထို့ကြောင့် လမ်းကြောင်းဖွေးဖွေးကြီးဆီကို ဦးတည်ပြီး ဆင်းလာခဲ့ကြလေသည်။

မကြာမီ . . .

လမ်းပေါ်ကိုရောက်လာခဲ့ကြသည်။ ဒူးဆစ်ခန့်နက်သော နှင်းထုကြီးကို ဖြတ်နင်းပြီးတော့ လျှောက်လာခဲ့ကြသည်။

တော်တော်ကလေး လျှောက်လာပြီးသောအခါ . . .၊

''ဂူး ဂူး ဂူး ဂူး''

ထူးခြားစွာ ထွက်ပေါ်လာသော အသံကြီးတစ်ခု၊ အားလုံးက ကြားလိုက်ကြရလေသည်။

''ဘာသံတွေလဲ''

အားလုံးက နားစွင့်နေမိကြသည်။ ကံရာဇာသည် ချက်ခြင်းမှာပင် သဘောပေါက်သွားခဲ့ရလေသည်။

''ဒါ နှင်းမုန်တိုင်းကျလာတာပဲ၊ မကြာမီ ဒီဘက်ကို ရောက်လာတော့မယ်၊ မြန်မြန်သွားကြ''

အတွေ့အကြုံရှိသော ကံရာဇာက ပြောလိုက်သည်။ ထို့ကြောင့် လျှင်မြန်သွက်လက်သော ခြေလှမ်းများဖြင့် နှင်းထုထဲက ရုန်းကန်ကာ ထွက်ခဲ့ကြသည်။ စိတ်ကသာ ဆောင်နေကြသည်။ နှင်းထဲ ကျွံဝင်နေကြသော ခြေထောက်တွေကို ရုန်းနေကြ၍ ခရီးက မတွင်ပါ။

ဂူးဂူးနှင့် တိုက်ခတ်လာသော လေများက နှင်းဖတ်များကိုပါ တစ်ပါတည်း သယ်ဆောင်လာကြသည်။ သူတို့၏ ကိုယ်ပေါ်ကို နှင်းများက ပက်ဆမ်းသွားခဲ့ကြသည်။ လေတိုးသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တဘုန်းဘုန်းနှင့် ပစ်ပြီးတော့လဲကျကြသည်မှာလည်း အကြွမ်ကြမ်အဖန်ဖန်။

"ဝေါ ဝေါ ဝူး ဝူး"

တိုက်ခတ်လာသော နှင်းမုန်တိုင်းက ပွဲကြမ်းလာခဲ့ပြီ ဖြစ်သည်။ ကံရာဇာသည် မည်သို့ဖြစ်လာခဲ့သလဲမသိ၊ ပြေးနေရင်းက အလိုလိုနေရင်း တက်ကြွလာမိသည်။ ထို့နောက် တစ်နေရာအရောက်တွင် ရပ်လိုက်ကာ . . . ၊

ကျောပိုးအိတ်ထဲမှ နိုင်လွန်ကြိုးတစ်ခွေကို ခဲယဉ်းစွာပင် ထုတ်ယူလိုက်လေသည်။ ကူစ္သရအိတ်ကြီးပင်။

"ကဲ မင်းတို့သုံးယောက်စလုံး တစ်ယောက်ချင်းတွဲပြီးတော့ ချည်ထားလိုက်ကြစမ်း"

"ဗျာ ကျွန်တော်တို့ကို ဖမ်းခေါ်သွားတော့မလို့လား"

"မဟုတ်ပါဘူး ဖောတိရာ၊ အကြောင်းရှိလို့ပါ၊ ခါးမှာ ချည်ကြနော်၊ လေးပေခြားပြီးတော့ ချည်"

ကံရာဇာ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ကြသည်။ လေကတော်တော် ပြင်းပြင်းလေးကို တိုက်ခတ်လာပြီ ဖြစ်သည်။ ကံရာဇာသည် နှင်းထုထဲနစ်မြုပ်နေသော ခြေထောက်များကို ရုန်းကာပြေးသည်။

ခန္ဓာကိုယ်က ဖက်ရွက်လေးတစ်ရွက်လို ပေါ့ပါးနေကာ တဟုန်ထိုး ပြေးထွက်သွားနိုင်သည်။ နောက်က ပါလာကြသော မိုက်ခဲသုံးယောက်တို့သည်လည်း ကံရာဇာ၏နောက်က ပြေးလိုက်သွားခဲ့ကြလေသည်။ ကံရာဇာ ခြေထောက်များသည် နှင်းတွေထဲမှာ မနစ်တော့ဘဲ အပေါ်ယံမှာသာလျှင် လျှပ်တိုက်ပြီးတော့





ပြေးသွားနေသည်။ မိုက်ခဲသုံးယောက်တို့သည် ပထမသော် ကံရာဇာ၏နောက်ကို အမီလိုက်နိုင်ကြသေးသည်။

"ဟ ကံရာဇာ မြန်လှချည်လား၊ ဘယ်လိုဖြစ်လို့ ဒါလောက်တောင် ထူးခြားနေရတာလဲ"

ကံရာဇာကို တအံ့တဩဖြစ်ကြရသည်။ နောက်က အပြေးလိုက်ကြရင်းက မလိုက်နိုင်ကြတော့။

"ဝေါ ဝေါ ဝေါ ဝေါ"

"ဝူး ဝူး ဝူး"

နှင်းမုန်တိုင်းကြောင့် အော်သံကြီးက ချောက်ချားစရာပင် ကောင်းလှလေတော့သည်။ ထွက်ပေါ်လာသော နှင်းပွင့်၊ နှင်းဖတ်များသည် လေထဲမှာ လွင့်ပျံပြီးတော့ ပါလာခဲ့ကြလေသည်။ ကံရာဇာသည် နှင်းမုန်တိုင်း မမိစေရန် ရှေ့ကနေ ပြေးလျက်ရှိနေသည်။ ကံရာဇာနှင့်တတွဲတည်းဖြစ်နေသည့် မိုက်ခဲသုံးယောက်တို့သည်လည်း ခြေထောက်နှင့်မြေကြီးထိသည်ဟု မထင်ရပဲ လေထဲမှာ မြောက်ပြီးတော့ ပါသွားခဲ့ကြလေသည်။

နှင်းမုန်တိုင်းကား နောက်က လိုက်လာခဲ့လေပြီတည်း။

"ဝေါ ဝေါ ဝူး ဝူး ဝူး"

နှင်းတောင်ကြီးများပေါ်က နှင်းခဲကြီးများက ပြိုကျလာခဲ့ကြသည်။ အချို့လေထဲမှာ လွင့်ပါသွားခဲ့ကြသည်။

ကံရာဇာတို့၏နောက်မှာ တဝုန်းဝုန်းဖြင့် ကျဆင်းလာလျက်ရှိနေကြလေသည်။ မိုက်ခဲသုံးယောက်ကား နောက်ကို လှည့်ကြည့်ပြီး အထိတ်တလန့်ခံစားနေကြရလေသည်။

"ရှေ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော တောင်ကြီးတစ်တောင်ကို တွေ့လိုက်ရသည်။ တောင်ခြေမှာ အပေါက်ကြီးတစ်ခု၊ ဂူပေါက်ဝကြီးပင်။ ကံ့ရာဇာသည် လေကဲ့သို့သော လျှင်မြန်ခြင်းနှင့်အတူ တောင်ခြေဆီကို ပြေးသွားခဲ့သည်။ တခဏအတွင်းမှာ ရောက်သွားခဲ့ပြီး ဂူထဲကို ဝင်သွားခဲ့လေသည်။

ဂူထဲကိုရောက်သွားကြပြီး ချက်ခြင်းမှာပင် နှင်းမုန်တိုင်းကြီးက သူတို့ဆီကို ရောက်လာခဲ့လေပြီတည်း။

''ဝေါ ဝေါ''

ကြောက်မက်ဖွယ်ရာ မြည်ဟည်းပြီး တိုက်ခတ်လာသော နှင်းမုန်တိုင်းကြီးက ပတ်ဝန်းကျင်ကို ပြင်းထန်စွာပင် ရိုက်ခတ်သွားသည်။ နှင်းလုံးကြီးများ၊ မြေသားမှုံများ၊ အစိုင်အခဲများသည် ဂူထဲသို့ အလုံးလိုက် အရင်းလိုက် ဝင်လာခဲ့ကြသည်။

ကြီးမားသော မြေစိုင်ခဲကြီးများသည်ပင် လွင့်ပြီးပါသွားခဲ့သည်ကို မြင်တွေ့နေကြရသည်။ ဤဂူကြီးထဲကိုသာ အလျှင်အမြန်ရောက်မလာခဲ့ကြလျှင် မုန်တိုင်းထဲမှာ ပါသွားကြမည်သာ။

''လက်[illegible]တင်လေးပါလား ကံ့ရာဇာ၊ ဒီဂူထဲကိုသာ ချက်ခြင်းလိုလို ရောက်မလာခဲ့ကြရင် နှင်းမုန်တိုင်းနဲ့အတူ ပါသွားပြီး အားလုံးအစ ပျောက်သွားခဲ့ကြမှာပါလား''

မိုက်ခဲဖောတိက တုန်လှုပ်သောလေသံဖြင့် ပြောလိုက်လေသည်။ ကိုယ်ပေါ်က ကြိုးများကို ဖြည်ကြရသည်။ ကံ့ရာဇာသည် ထူးခြားသော စွမ်းအင်ထူးများကို ရရှိသားကြောင်းကို မိုက်ခဲသုံးယောက်က သိသွားခဲ့ကြလေပြီ။

နှင်းမုန်တိုင်းကား မည်မျှကြာအောင် တိုက်ခတ်နေမည်





လဲမသိသေးပါ။ ဤဂူကြီးထဲမှာ အနိုက်အတန့်တော့ နေကြရပေဦးမည်။

ထိုစဉ် . . .

ဂူထဲမှာ လျှပ်ပြက်သလို လင်းလက်သွားသည်ဟု ထင်လိုက်ကြရသည်။ တကယ်လည်း အလင်းရောင်အချို့က သူတို့နှင့် တဖြည်းဖြည်း နီးကပ်လာလေသည်။

အလင်းရောင်လာရာဆီကို လှည့်ကြည့်မိလိုက်ကြသည်။

ထိုအခါ . . .

တစ်ကိုယ်လုံး ဝတ်ဖြူစင်ကြယ်နှင့် လူကြီးတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရလေသည်။

\+ + + + +

ထိုပုဂ္ဂိုလ်ကြီးကား . . .

ရှည်လျားသော ဆံပင်များကို ကျောပြင်ပေါ်မှာဖြန့်ပြီးတော့ ချထားသလို အချို့ဆံပင်များသည် ခွေလိပ်လျက်ရှိနေကြသည်။ တည်ကြည်ခန့်ညားသော မျက်နှာနှင့် သူတို့ကို အေးဆေးစွာပင် ကြည့်လျက်ရှိနေသည်။ အသက်ကြီးပြီးဖြစ်သော်လည်း သန့်မာသော အရိုးအဆစ်များဖြင့် တည်ဆောက်ထားသော ခန္ဓာကိုယ်ကြီးသည် တောင့်တင်းကြံ့ခိုင်နေဆဲပင်။

သူ၏ အဝတ်မဲ့မျက်နှာ၊ လက်မောင်း၊ လက်ဖျံများက အလင်းရောင်များ ထွက်နေလျက်ရှိသည်။ ထို့ကြောင့် သူတော်စင်



www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ ပုံပန်းသဏ္ဌာန်ကို ကောင်းစွာပင် မြင်နိုင်ရခြင်းပင် ဖြစ်သည်။

ကံရာဇာနှင့် မိုက်ခဲသုံးယောက်တို့သည် ထိုသူတော်စင်ကြီးကို အလိုလိုပင် လက်အုပ်ချီမိလိုက်ကြလေသည်။

သူတော်စင်ကြီးက ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေသည်။

''အချိန်တန်တော့ နောက်ဆုံးမှာ ငါ့ဆီကို ရောက်လာခဲ့ရတာပဲ မဟုတ်လား မိုး''

သူတော်စင်ကြီးက ကံရာဇာကို ကြည့်ပြီးတော့ ပြောလိုက်လေသည်။

ကံရာဇာသည် သူတော်စင်ကြီး၏စကားကြောင့် အံ့အားသင့်သွားခဲ့ရလေသည်။

''မိုး ဟုတ်လားအဖိုး၊ ကျွန်တော့်အမည် ကံရာဇာပါခင်ဗျား''

''အေးပေါ့လေ၊ မင်းက ဇာတိဿရဉာဏ်မရတဲ့သူဆိုတော့ ဘယ်သိပါ့ဦးမလဲ၊ ကဲ ကဲ လာကြ''

သူတော်စင်ကြီးက နောက်ကြောင်းကိုလှည့်ကာ သူတို့ကို ဦးဆောင်ပြီးတော့ ခေါ်ဆောင်သွားခဲ့သည်။ ကံရာဇာတို့လည်း နောက်မှ လိုက်ပါသွားကြလေ၏။ ဂူ၏အတွင်းပိုင်းသည် ရှည်လျားပြီး ဘေးကိုလည်း တဖြည်းဖြည်းနှင့် ကျယ်ပြန့်လာလေသည်။

သူတော်စင်ကြီးသည် တစ်နေရာကို ရောက်သောအခါ မြက်ခြောက်ဖျာပေါ်မှာ ထိုင်လိုက်သည်။ ချက်နှာက သန့်စင်ပြီး အရေးအကြောင်းများသည်လည်း ထင်ထင်ရှားရှားမရှိပေ။





''ကဲ လူလေးတို့ ထိုင်ကြပါ၊ ခရီးပန်းလာကြတယ်၊ ဟောဟိုမှာ အစားအစာတွေ၊ မင်းတို့ရဲ့ ဆာလောင်မွတ်သိပ်နေကြတဲ့ ဆန္ဒအာသီသကို ဖြည့်ကြပါ''

ကံရာဇာသည် သူတော်စင်ကြီး၏ ထူးခြားသော ရုပ်သွင်ကို ကြည့်နေမိသည်။ မိမိနှင့် ရင်းနှီးစွာ သိဖူးခဲ့သည်ဟု ထင်လာမိခဲ့လေသည်။

''ကျွန်တော်တို့ ဒီရောက်လာလိမ့်မယ်လို့ သိနေတယ်ဆိုတော့ အဖိုးက ဘယ်သူများပါလဲခင်ဗျာ''

''မင်းကကော ငါ့ကို ဘယ်သူလို့ ထင်နေသလဲကွယ့်''

''ကျွန်တော် မထင်တတ်ပါဘူးခင်ဗျာ၊ ဒါပေမယ့် မြင်တော့ မြင်ဖူးထားတယ်လို့ ထင်နေမိပါတယ်''

သူတော်စင်ကြီးက ပြုံးလိုက်လေသည်။

''သူတော်ဂန္ဓဆိုတာ ငါပဲ''

''ဗျာ သူတော်ဂန္ဓ ဟုတ်လား၊ ပီဖလန်ရွာသားမိုးနဲ့ ဆုံတွေ့ခဲ့တဲ့သူတော်ဂန္ဓ၊ ဟာ အဲဒီသူတော်စင်ကြီးရဲ့ အဖြစ်အပျက်တွေဟာ နှစ်ပေါင်းတောင် အတော်ကြာပြီးခဲ့ပြီပဲ၊ အနှစ်ငါးရာ တစ်ထောင်မက ရှိလိမ့်ရောမယ်၊ သူတော်ဂန္ဓဟာ အခုအချိန်အထိ ရှိနေနိုင်ပါဦးမလား''

''ဟုတ်တယ်၊ ရှိနေတယ်၊ အခု မင်းရဲ့ရှေ့မှာ ထိုင်နေတဲ့သူပေါ့၊ မင်းတို့လို လူသားမာန်တွေဟာ ကိုယ့်အသက်ကိုတွက်ချက်ပြီးတော့ နေကြတယ်၊ သက်တမ်းကို သတ်မှတ်ကြတယ်၊ ငါတို့ကတော့ သက်တမ်းဆိုတာကို ထည့်မတွက်ကြဘူး၊ မိမိစိတ္တအတွက် လိုချင်သမျှလောက် နေလို့ရအောင် ဆန့်ထုတ်ထား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြတယ်''

''အေး မင်းတို့လိုနတဲ့ ပုထုဇဉ်တွေကို ငါ နားလည်သလို ရှင်းပြနိုင်ပေမယ့်၊ ဉာဏ်မမီလို့ လက်ခံဖို့ခဲယဉ်းကြလိမ့်မယ်''

မိုက်ခဲသုံးယောက်တို့သည် သူတော်ဂန္ဓ၏စကားကို နားလည်နိုင်ရန် ကြိုးစားနေကြသည်။

''ပီဖလန်ရွာသားမိုးဟာ ငါ့ကို ကယ်တင်ခဲ့တယ်၊ ...ငါး တွေအိုက ရွှေပုဆိန်ကိုယူပြီး ငါ့ရဲ့ဝဋ်ကြွေးကို ဖြည်ပေးခဲ့တယ် အဲဒီအတါက် မင်းကိုငါ ကျေးဇူးတင်ခဲ့ရတာပေါ့''

''ဗျာ ကျွန်တော့်ကို ကျေးဇူးတင်တယ် ဟုတ်လားအဖိုး အဖိုးကို ကယ်တင်ခဲ့တာက ပီဖလန်ရွာသားမိုးပဲ၊ ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူး''

''ဆိုင်တာပေါ့၊ မင်းဟာ တစ်ခြားလူမဟုတ်ဘူး၊ မိုးပဲ''

''ဗျာ . . . မိုး ဟုတ်လား၊ ကျွန်တော်က မိုး၊ ဟုတ် ဟုတ်ပါ့မလား အဖိုးရယ်''

''ငါ့ကို မင်းက မယုံလို့ မေးနေတာလား''

''မဟုတ်ပါဘူး ခင်ဗျာ၊ အဖိုးပြောတာကို ကြားရတော့ အံ့အားသင့်ပြီးတော့ မေးမိလိုက်တာပါ''

''မင်း ကျောက်ဂူကြီးထဲမှာ လူအရိုးစုတစ်ခုကို တွေ့ခဲ့ တယ်မဟုတ်လား၊ ရွှေပုဆိန်ကိုလည်း ရလာခဲ့တယ် မဟုတ်လား ပြီးတော့ စကြဝဠာလသိဒ္ဓိပါတ်ရှင်လုံးကိုလည်း မင်းရခဲ့တယ်၊ အဲဒီ ပါတ်ရှင်လုံးဟာ မင်းရဲ့ပါးစပ်ထဲကို အလိုလိုရောက်သွားခဲ့တယ်''

''ဂူထဲကလူဟာ တစ်ခြားလူမဟုတ်ဘူး၊ ပီဖလန်ရွာ သား မိုးပဲ၊ သူသေသွားခဲ့ပြီး သူသိမ်းထားခဲ့တဲ့ ရွှေပုဆိန်ကြီး





ဝမ်းထဲက ပါတ်ရှင်လုံးကို သူများလက်မှာစိုးလို့ အသက်ကြီးကာမှ ကျောက်ဂူကြီးထဲမှာ လျှို့ဝှက်ပြီးတော့ နေခဲ့တယ်၊ သေတော့ လည်း လူမသိသူမသိပေါ့''

''မင်းရဲ့နောက်ကို မိစ္ဆာကောင်တွေက လိုက်လာကြ တယ်၊ မင်းအဲဒီဂူကြီးထဲကို ဝင်ပြီးပုန်းအောင်း၊ ငါပဲစီစဉ်ပေး လိုက်တာ၊ ဒါမှ မင်းရဲ့ဘဝဟောင်းက မိုးကိုလည်း တွေ့ရမယ်''

''အဲဒီပစ္စည်းတွေကိုလည်း မင်း ပြန်ရမယ်၊ ဒါမှ ငါ့ဆီကို ယူလာနိုင်မယ်မဲ့ဟုတ်လား''

သူတော်ဂန္ဓသည် ကံရာဇာ၏နောက်ကို လိုက်ပြီးတော့ ကြည့်နေသကဲ့သို့ အတိတ်ပြောနေသည်က စိတ်ဝင်စားစရာ ကောင်းလာလေသည်။

''သူတော်ဂန္ဓ၏ အကြည့်သည် မိုက်ခဲသုံးယောက်ဆီ ကို ရောက်သွားခဲ့သည်။

''သူတို့သုံးယောက်နောက်ကို မင်းလိုက်ရှင်း ဒီဘက်ကို နယ်ကျွံလာအောင် ငါပဲ ဖန်တီးလိုက်တာပဲ၊ ဘာဖြစ်လို့လည်းဆို တော့ ကျောက်ဂူထဲက ရွှေပုဆိန်နဲ့ပါတ်ရှင်လုံးကို ကာယကံရှင် ဖြစ်တဲ့မင်းပဲ ရယူနိုင်မှာကိုး၊ ရွှေပုဆိန်ကိုတော့ မင်း နဂါးတွေဆီ မှာ ပြန်ထားခဲ့ပြီ မဟုတ်လား''

အားလုံးအပြောကိုသိနေသော သူတော်စင်ကြီးကို တအံ့ တသြဖြစ်နေမိကြသည်။

''မင်းတို့လေးယောက်စလုံးဟာ လူပုကလေးအဖိုးအိုက နေဘစ်ဆင့် နဂါးတွေဆီကို ရောက်သွားခဲ့ကြပေယ်''

ကံရာဇာ မင်းကတော့ သူတော်စင်ကြီး အားမိုလွှန်နေပေ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံခဲ့ကယ်၊ နောက်တော့မှ လှုပုကလေးအဖိုးအိုဆီကို ရောက်သွားခဲ့တယ်''

သူတော်ဂန္ဓသည် မိုက်ခဲသုံးယောက်၏ ဖြစ်စဉ်အကြောင်းကို ဖေဖန့်ချက်မပေးပါ။ သိနေဟန်တူသော်လည်း ဝမ်းထဲမှာပဲ ထားဟန်တူလေသည်။

♛♛♛♛♛





(၂၅)

## ဓောင့်နေသူ ရှန်းရှင်

သူတော်စင်ကြီးဂန္ဓသည် ကံရာဇာကို ကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။

''လှုံဆိုတာ အဲတိတ်ဘဝပေါင်းများစွာကို ပိုင်ဆိုင်တယ်လူလေး၊ သတ္တဝါမှန်သမျှ အတိတ်ကာလကို ဖြတ်သန်းခဲ့ကြရတာပဲ၊ မင်းလည်းလူထဲကလူပဲ၊ ငါနဲ့မင်းဟာ ဖခင်နဲ့သားဘဝနဲ့အတူနေခဲ့ရတာ ဘဝပေါင်းများစွာပေါ့လေ၊ ပီဖလန်ရွာသားမိုးကလည်း ဘဝဟောင်းတွေက ဘဝတစ်ခုပဲပေါ့''

''ကဲပါလေ၊ မင်းက အသိဉာဏ်ကြွယ်ဝပြီး သတ္တိရှမ်းပကားရှိတဲ့သူပါ၊ ဘဝဆက်၊ ပဋ္ဌာန်းဆက်ဆိုတာကို မင်းယုံကြည်ပါတယ်၊ မင်းဟာ အကြောင်းမဲ့ယုံကြည်ထားသူပါလေ''

ကံရာဇာမှာ သက်ပြင်းတစ်ချက် ချမ်ပိုက်သည်။ ထူးခြားစွာ ကြုံတွေ့လာခဲ့ရသည်။ မိမိဘဝကိုလည်း အံ့အားသင့်ဝ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မယုံကြည်နိုင်သလိုပင်၊ မိုက်ခဲသုံးယောက်တို့သည်လည်း သူတော်ဂန္ဓပြောခဲ့သည်များကို ကြားကြရ၍ အံ့အားသင့်မဆုံးပင်။

ကံရာဇာ၏ ခေါင်းထဲမှာ အတွေးတစ်ခုက ဖျတ်ကနဲဝင်လာခဲ့လေသည်။

"အဘိုးခင်ဗျား၊ ကျွန်တော် ပြောစရာတစ်ခုရှိပါတယ်။ သည်းခံပြီးတော့ နားထောင်ပေးပါ"

"ပြောပါလူလေး၊ ဘာများပါလဲ"

"အရာရာကို မြင်နိုင်စွမ်းရှိနေတဲ့ အဖိုးရဲ့ အသိစွမ်းအင် လက်နက်ဟာ ကျွန်တော့်ရဲ့ဘဝဟောင်းကို မြင်ပြီးပြန်ပြောင်းပြောပြခဲ့ပါတယ်၊ ဒါပေမယ့် မြင်နိုင်စွမ်း မရှိခဲ့တာလား၊ ဥပေက္ခာတရားကြောင့်လားမသိပါဘူး၊ ပီဖလန်ရွာသားမိုးကြောင့် နဂါးတွေရဲ့ကျိန်စာမိနေတဲ့ ရွာကလေးကတော့ နေ့စဉ်ညခံဘဝနဲ့ နေနေရတာ နှစ်ပေါင်းရာချီပြီးရှိခဲ့ပါပြီ၊ ကျွန်တော် အဲဒီရွာကို ရောက်သွားတော့ . . ."

ကံရာဇာသည် မိမိရောက်ခဲ့သော ရွာကလေးအကြောင်းကို ပြန်ပြောင်းပြီးတော့ ပြောပြလိုက်လေသည်။

ယင်းရွာကလေးသည် ပီဖလန်မျိုးဆက်ရွာကလေးပဲ ဖြစ်ဟန်တူသည်။ ယခုအခါ အခြားအမည်ဖြင့် ရှိနေသည်ပဲလား၊ ပီဖလန်ရွာအမည်ကိုပဲဆက်ပြီး သုံးနေခဲ့သလားမသိပါ။ ကံရာဇာကား ပေါ်ညည့်တာမျှ တည်းခဲ့ရသူမို့ အဖိုးမောနားထံမှ မသိခဲ့ရပါ။

ကံရာဇာစကားအဆုံးတွင် သူတော်ဂန္ဓ၏ ကိုယ်လုံးသည် ဆတ်ကနဲဆို ဖြစ်သွားခဲ့ရလေသည်။

"ဒါတွေကို ငါလုံးလုံး မသိခဲ့ရပါလား လူလေး၊ ငါဟာ မိုးနဲ့တွေ့ပြီးနောက်ပိုင်းမှာ ဒီပဒုမသေလတောင်ကြီးပေါ်မှာပဲ တရားကျင့်ကြံအားထုတ်လာခဲ့တယ်၊ တောင်အောက်ကိုတောင် မဆင်းခဲ့ဘူး"

"ငါဟာ ငါ့ရဲ့ကျင့်ကြံအားထုတ်မှုအပေါ်မှာပဲ နစ်မြောနေခဲ့သူပါလား၊ ငါကြောင့် ဖြစ်ပေါ်လာခဲ့ရတဲ့ အကျိုးဆက်တွေကို မြင်နိုင်စွမ်းမရှိခဲ့ဘူး၊ အို သူတော်ကောင်းတို့ရဲ့အတ္တဟာ ကိုယ့်မို့ပဲ ကိုယ်သိကြပါလား၊ ဒါဟာ ပွဲများမှုပဲ၊ ချို့ယွင်းချက်ကြီးတစ်ခုပဲ"

သူတော်ဂန္ဓသည် ညည်းညူမိလိုက်လေသည်။

"ငါ အခုချက်ခြင်း အဲဒီကျိန်စာကို ဖြည်ပေးလိုက်ပါမယ်"

သူတော်ဂန္ဓသည် လက်နှစ်ဖက်ကို ပေါင်ပေါ်တင်ကာ တခဏအတွင်းမှာပင် ငြိမ်သက်သွားခဲ့လေသည်။ မျက်ခွံတွေကိုလည်းပိတ်ထားသည်။ သူ၏ကိုယ်မှ ထွက်ပေါ်လျက်ရှိသော အလင်းရောင်များသည် ပြာလဲ့လဲ့အရောင်များ ရောနှောလာခဲ့သည်။ ပိုပြီးတော့ပင် တောက်ပလာလေသည်။

ထို့စဉ် . . .

အနီပိပ်သဏ္ဌာန်တစ်ခုသည် ကိုယ်ထဲမှ ထွက်ခွာသွားသည်။ မီးခိုးငွေ့လို ပါးပါးလျလျပင် ဖြစ်သည်။ ဂူအပြင်ကို ပွက်သွားသည်။ နှင်းမှုန်တိုင်းကြားထဲမှ ပျောက်ကွယ်သွားခဲ့သည်။







www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာနှင့်မိုက်ခဲသုံးယောက်သည် ရှေ့မှာမျက်ဝါးထင်ထင် မြင်လိုက်ကြရသော်လည်း ဤကဲ့သို့သော အဖြစ်မျိုးကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့ကြချေ။ ထူးဆန်းနေမိကြလေသည်။

တခဏအကြာတွင် . . .

သူတော်ဂန္ထသည် မျက်လုံးတွေ ပွင့်လာခဲ့သည်။

''ကဲ . . . ကဲ၊ ပညာရှိသတိဖြစ်ခဲ့ဆိုသလိုပဲ၊ သူတော်ကောင်းတရားပွားများနေပေမယ့်လဲ ကိုယ့်အလုပ်ကိုသာမဲပြီး အာရုံစိုက်နေမိခဲ့လို့ သတိလစ်ဟင်းမှုတွေ ဖြစ်ပေါ်လာမိခဲ့ရတယ်၊ ငါလည်း အတွက်နဲ့မကင်းသေးပါလား''

သူတော်ဂန္ထသည် မိမိကိုယ်မိမိ အသိနှင့်ဆင်ခြင်နေမိလေသည်။ ထို့နောက် . . .

''မင်းတို့သုံးယောက်က အမျိုး၊ ဘာသာ၊ သာသနာအတွက် ဒုစရိုက်မှုတွေကို ကျူးလွန်ခဲ့ကြတယ်၊ သူတစ်ပါးကို စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုမိခဲ့ကြဘယ်၊ ဒါဟာ လွဲမှားမှုပဲ၊ နောင်ကို ဘည်လိုမဖြစ်ပါစေနဲ့''

''ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း အသိတရားရကြပါပြီ အဖိုး၊ ဆင်ခြင်ကြပါတော့မယ်''

မိုက်ခဲတိမ်နီက အားလုံးကိုယ်စား ပြောလိုက်လေသည်။

ကံရာဇာကိုတော့ . . .

''မင်းဟာ ငါနဲ့နောက်ထပ် တွေ့ဆုံနိုင်ဖို့ရှိပါသေးတယ်၊ မင်းရဲ့ဒီဘဝမှာတော့ မဟုတ်ဘူး၊ နောင်လာမယ့် ဘဝတွေထဲက တစ်ခုပဲ၊ နိဗ္ဗာန်ကို ရောက်မချင်းပေါ့၊ အမျိုးကောင်းသားပီသပါစေ၊ သူတော်ကောင်းတရားလည်း ပွားများနိုင်ပါစေ''





''ကဲ . . . ကဲ၊ မင်းတို့ ကောင်းစွာအနားယူကြဦး၊ စားကြသောက်ကြဦး၊ ပြီးရင် မင်းတို့ပြန်ဖို့လမ်းကို ငါ သေသေချာချာပြောမယ်၊ ရေးမှတ်ပြီး ယူသွားကြပေတော့''

လေးယောက်စလုံး သစ်သီးတစ်လုံး၊ ရေတစ်ခွက်စီကို သောက်၍စား၍ ဝမ်းပြည့်သွားကြသည်။

သူတော်ဂန္ထကား နေရာမှာပင် ငြိမ်သက်စွာထိုင်နေဆဲ။

\+ + + + +

ဂူအပြင်ဘက်မှာ နှင်းမှုန်တိုင်းက အားလျော့သွားခဲ့လေပြီ။ သို့သော် . . .

လေတိုင်ခတ်သံများကတော့ သိသာစွာပင် ကြားနေရဆဲ။

သူတော်ဂန္ထက ဦးဆောင်ပြီးတော့ ရှေ့ကသွားနေလျက်၊ ဂူအနောက်ဘက်ဆီကို ဖြစ်သည်။ ကံရာဇာနှင့်မိုက်ခဲသုံးယောက်မှာ နောက်ကနေ ဖြည်းညင်းစွာဖြင့် လိုက်နေကြသည်။

မကြာမီ . . .

လိုဏ်ဂူလမ်းကြောင်းကြီးတစ်ခုက ပေါ်လာသည်။ လျှောက်သွားကြရာ တစ်ဘက်ဂူဝကို ရောက်သွားခဲ့ကြလေသည်။

သို့ရှိစဉ် . . .

ကံရာဇာ၏ရင်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်လာခဲ့လေသည်။ ဝမ်းဗိုက်ထဲမှာလည်း အရာဝတ္ထုတစ်ခုက လျှောက်ပြီးတော့ ပြေးနေသည်ဟု ထင်လာမိရသည်။ အော်ကလီဆန်လာ



www.burmeseclassic.com

www.burmeseclassic.com



သော ဝေဒနာမျိုးကို ခံစားလာခဲ့ရသည်။ ယင်းအိုးရာဝတ္ထုလေး
သည် ဝမ်းထဲကတစ်ဆင့် လည်ဝဆီသို့ ရောက်လာသည်။

"အွတ်"

အသက်ရှူမဝသလို ဝေဒနာမျိုး ဖြစ်ပေါ်လာပြီး၊ အလုံး
လေးတစ်လုံးသည် ပါးစပ်ထဲမှ အပြင်ကို ခုန်ထွက်သွားခဲ့လေ
သည်။ ဝင်းဝင်းလက်လက်နှင့် မြောက်တက်သွားပြီး လေးထဲမှာ
ရှေ့လျှောက်ပြေးနေသည်။ သူတော်ဂန္ဓ၏ရှေ့ကို ရောက်သွားသည်။
သူတော်ဂန္ဓက လက်နှင့်ဖမ်းယူထားလိုက်လေသည်။

"ဒါလေးဟာ ငါ့ဆီကို ပြန်ပြီးတော့ ရောက်လာပြီ၊
မင်းကို ပံ့ပိုးဖို့မလိုတော့ဘူး"

ဂဏ္ဍဗလသိဒ္ဓိဓါတ်ရှင်လုံးက သူတော်ဂန္ဓ၏လက်ထဲကို
ပြန်ရောက်သွားခဲ့လေပြီ။ ကံရာဇာသည်လည်း ရင်ထဲမှာ ပေါ့ပါး
သွားခဲ့လေသည်။

ထိုအခါကျမှ

မိုက်ခဲသုံးယောက်တို့သည် ကံရာဇာ၏ ထူးခြားစွမ်းအင်
ဖြစ်ပေါ်နေခြင်းသည် ဤဓါတ်ရှင်လုံးကြောင့်ဆိုသည်ကို သိသွား
ခဲ့ကြရလေသည်။ သူတော်ဂန္ဓသည် မိုက်ခဲသုံးယောက်ကို ကယ်
တင်နိုင်ဖို့အတွက် ဤပစ္စည်းလေးကို ကျောက်ဂူတစ်ခုထဲက
မရမကယူစေခဲ့သည်ပဲလား။ သူတော်ဂန္ဓကိုလည်း ကံရာဇာနည်း
တူ များစွာပင် ကျေးဇူးတင်မိရလေသည်။

ဂူဝတွင် . . .

"ကဲ . . . မင်းတို့ ဟာဒီနေရာကနေ တည့်တည့်ကြီး
လျှောက်သွားကြပေတော့၊ ကံရာဇာရှေးမှတ်ထားတဲ့ မြေပုံညွှန်းလေး





ကိုလည်း ကြည့်သွားပေါ့၊ ဒါပေမယ့် ဒီမြေပုံညွှန်းလေးဟာ မင်း
တို့အတွက် သည်တစ်ကြိမ်ပဲ အသုံးဝင်လိမ့်မယ်"

သူတော်ဂန္ဓကို ဝိုင်းပြီးတော့ ကန်တော့ကြလေသည်။
သူတော်မင်ကြီးက ဆုများပေးသည်။ ထို့နောက် နေရာမှထွက်
လာခဲ့ကြလေသည်။

တစ်ခုထူးခြားသည်ကား . . .

နှင်းများ ဖုံးလွှမ်းလျက်ရှိနေသောနေရာ ဖြစ်လင့်ကစား
ဝန်းကျင်သည်သာတောင် သာယာရှိလျက်ပင်။ ဂူ၏အခြားတစ်
ဖက်မှာ နှင်းမုန်တိုင်းက အရှိန်မသေသေး။ ဤနေရာမှာတော့
တစ်မျိုးတစ်ဖုံ ပြောင်းလဲလျက်ရှိနေသည်။ မတူညီကြသော
အခြေအနေပင်တည်း။

"ဒီ ပဒုမသေလတောင်ကြီးရဲ့ ဟိုဘက်နဲ့ဒီဘက်က
ဘာမှမဆိုင်သလိုပါပဲလား"

"ဟုတ်တယ် ကံရာဇာ၊ တစ်ခြားဆီပဲ"

အခြေအနေကို နားမလည်နိုင်ကြတော့၊ ခရီးစတင်ထွက်
လာခဲ့ကြပြီး မကြာမီမှာပင် . . .

"ဝေါ့"

မြေပြင်သည် သိမ့်သိမ့်တုန်သွားခဲ့ရသည်။ ထွက်ပေါ်
လာသော အသံကြီးက သူတို့၏ စိတ်ကို စိုးမိုးသွားခဲ့လေသည်။
မတ်မတ်ရပ်မနေနိုင်ကြတော့ဘဲ ပစ်လဲကျသွားခဲ့ကြသည်။ လေး
ယောက်စလုံး နှင်းတောထဲမှာ ဒလိမ့်ခေါက်ကွေး ဖြစ်သွားခဲ့ကြ
သည်။ ကုန်းစောင်းအတိုင်း အောက်ကိုလျောကျသွားခဲ့ကြသည်။

အားလုံးမျက်လုံးတွေ ပြာဝေသွားခဲ့ကြသည်။ ငွေနှစ်စွာမှ



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းသောချောက်ကြီးတစ်ခုဟု ထင်မိလိုက်ကြသည်။

''အား''

''အား''

ဒလိမ့်ခေါက်ကွေးဖြစ်ပြီး တစ်ပတ်ပြီးတစ်ပတ် လိမ့်သွားခဲ့ကြသည်။ စိတ်ထဲမှာ အချိန်တော်တော်ကြာသွားခဲ့သည်ဟု ထင်မိလိုက်ကြလေသည်။

နောက်ဆုံး . . .

တောင်ကုန်းအောက်ကို ရောက်သွားခဲ့ကြတော့မှ အရှိန်က ရပ်တန့်သွားခဲ့ကြလေသည်။

\+ + + + + :

လေးယောက်စလုံး မနီးမဝေးမှာ လဲကျနေလျက်ရှိနေကြသည်။ အားလုံးထက်ပိုပြီးတော့ သတိကြီးစွာထားသော ကံရာဇာက နေရာမှလူးလဲထပြီးတော့ ထလိုက်လေသည်။

ရုတ်တရက်မြင်တွေ့လိုက်ရသော မြင်းကွင်းကြောင့် ကံရဇာ၏ မျက်လုံးအစုံမှာ ဝိုင်းစက်သွားခဲ့ရသည်။

သူတွေ့လိုက်ရသည်ကား . . .

ရှေ့မှာ စီးဆင်းလျက်ရှိသော မြစ်ကြီးတစ်မြစ်ပင်။

''ဟာ . . . ဒီနေရာက အစက ရေခဲပြင်ကြီးပါ၊ ငါ မြင်းနဲ့ဖြတ်ကူးလာဖူးတာပဲ''

ဤနေရာသည် ယခင်က ရေခဲပြင်ကြီးပင်တည်း။





ကံရာဇာသည် ရေခဲပြင်ထက်ကနေ၍ မြင်းညိုကြီးနှင့်ဖြတ်သန်းခဲ့သည်မှာ ဘာမှမကြာသေး။ ကမ္ဘာဦးကာလက ဆင်ရိုင်းကြီးတစ်ကောင်လည်း ရေခဲထဲမှာ ညှပ်ပြီးသေဆုံးလျက်သား တွေ့ခဲ့ရသေးသည်။

ရေခဲပြင်အောက်က ကမ္ဘာဦးမိကျောင်းများသည်လည်း ရေခဲထဲက ဖောက်ထွက်လာပြီး သူတို့ကို တိုက်ခတ်ခဲ့ကြသေးသည်မဟုတ်ပါလား။

''အေးခဲနေတဲ့ ရေခဲမြစ်ကြီးဟာ ဘယ်လိုကြောင့် ပြောင်းလဲသွားပါလိမ့်''

ကံရာဇာ နားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။

ပိုပြီးတော့ နားမလည်မိသည်မှာ သူကော်ဂန္ဓနေထိုင်သော ပဒုမ်သေလတောင်မှ ဤနေရာသို့ မည်သို့မှ မကြိုးစားလိုက်ရ၊ မပင်ပန်းလိုက်ရဘဲ လျှင်မြန်စွာ ရောက်လာခြင်းအကြောင်းပင်တည်း။ ထားတော့ ဖြစ်စဉ်များသည် သူ့နေရာနှင့်သူ သူ့အစီအစဉ်နှင့်သူ ရှိနေကြလေသည်။

ထိုစဉ် . . .

''အစ်ကို''

မိန်းကလေးတစ်ယောက်၏ ခေါ်သံကို မမျှော်လင့်ဘဲ ကြားလိုက်ကြရသည်။ လှည့်ကြည့်လိုက်ရာ ရှေးဆန်သော လှေတစ်စီးသည် သူတို့ဆီကို လှော်လာနေသည်။ လှေပေါ်မှာ လာကြသူတွေကတော့ မိန်းကလေး မဖူးနှင့်အစ်ကိုများ ဖြစ်ကြသော အီကူနှင့်အီဘူးတို့၊ မိန်းနုးက ကံရာဇာတို့ကို လှေပေါ်ကနေ လှမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ လက်ပြန္နတ်ဆက်နေလေသည်။

"ကံရာဇာ သူတို့က ဘယ်သူတွေလဲ"

"ငါ ဒီဘက်ကို ရောက်ခဲ့တုန်းက တစ်ညတာနားခဲ့တဲ့ ရွာကလေးပေါ့၊ ငါနောက်တော့မှ ရှင်းပြမယ်"

လှေက ကမ်းကိုကပ်မိသည်နှင့် မီးနူးကအရင်ပြေးဆင်း လာခဲ့လေသည်။

"ရှင် . . . အဲ အစ်ကိုတို့ ဒီကိုရောက်လာကြတော့ မယ်ဆိုလို့ မီနူးတို့ လာစောင့်နေကြတာ"

"ငါတို့ကို လာစောင့်နေတာ၊ ဟုတ်လား၊ ဘယ်သူက ဒီလိုပြောလိုက်တာလဲ မီနူး"

"သိပ်ပြီးတော့ ထူးဆန်းတာပဲ၊ အသက်ကြီးကြီး လူကြီး တစ်ယောက်က လာပြောသွားကာ၊ ကြာပြီ နင်တို့ဆီမှာ တစ်ည တာတည်းသွားတဲ့ ကံရာဇာဆိုတဲ့ လူတစ်ယောက်နဲ့အတူ လူသုံး ယောက် မကြာခင်မှာ ရောက်လာကြလိမ့်မယ်"

"အဲဒီလူဟာ နင်တို့ရွာအတွက် ကောင်းသောကြမ္မာကို အပ်နှင်းလိုက်ပြီ၊ နင်တို့ ကျိန်စာဆိုးက လွတ်မြောက်ကြပြီ၊ ဒီဒေသ၊ ဒီနေရာမှာ နေရေးထိုင်ရေးကအစ အားလုံးအဆင်ပြေ သွားကြလိမ့်မယ်တဲ့"

"ဟုတ်တယ် အစ်ကိုတော်၊ အဲဒီလိုပြောပြီး သူလည်း ရေခဲတောင်ကြီးတွေဆီကို ပြန်လျှောက်သွားတယ်၊ နောက်တော့ ဘယ်လိုပျောက်သွားသလဲ မသိဘူး"

"မကြာပါဘူး၊ သူပြောတဲ့အတိုင်း ဖြစ်လာတယ်၊ မတ ရားဖုံးလွှမ်းနေတဲ့နှင်းတွေဟာ အရည်ပျော်ပြီးတော့ မြေသားတွေ





ပေါ်လာတယ်၊ တစ်သက်လုံး မမြင်နိုင်ခဲ့တဲ့ နေရောင်ခြည်ကို လည်း မြင်ခွင့်ရလာခဲ့တယ်၊ ကျွန်တော်တို့က အရင်က တောင် ယာကို အဝေးကြီးမှာ သွားစိုက်ရတာ"

အဘိုးက ဝမ်းသာအားရ ဝင်ပြောသည်။ အဘွားကလည်း

"အခုတော့ စိုက်ပျိုးရေးလုပ်ငန်းကို အဝေးကြီးမှာ စိုက် ဖို့မလိုတော့ဘူး၊ အနီးမှာပဲ စိုက်လို့ရပြီ၊ ဟောဒီရေခဲမြစ်ကြီးက လည်း ကျွန်တော်တို့ မမွေးမီကတည်းက ရှိခဲ့တာ"

"ကြည့်နေရင်းက တအိအိနဲ့ အရည်ပျော်လာခဲ့တယ်၊ နောက်တော့ ရေခဲတွေပျောက်သွားကုန်ကြပြီ၊ မြစ်ရေပြင်ကြီး ဖြစ်သွားတော့တာပဲဗျာ၊ ကျွန်တော်တို့ ငါးဖားရှာလို့ လွယ်ကူသွား ကြပြီဗျ"

အားရဝမ်းသာစွာပင် ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂၆)

## ကျိန်စာဆိုးကလျှတ်မြောက်ကြပြီ

မိုက်ခဲသုံးယောက်တို့မှာ . . .

ထိုသူတို့ပြောနေကြသည့် ဘာသာစကားများကို နားလည်မိသလို၊ နားမလည်မိသလိုလိုပင်။

[ကံရာဇာသည် ယင်းကိစ္စနှင့်ပတ်သက်ပြီး ထိုအကြောင်းကို နောင်အခါမှာ မိုက်ခဲသုံးယောက်အား ရှင်းပြခဲ့လေသည်။]

"လာ အစ်ကို လှေပေါ်တက်ကြစို့"

မီနူးက ကံရာဇာကို လက်ဆွဲပြီးတော့ ခေါ်သွားသည်။ လှေက နောက်တွင် အပိုလှေတစ်စီးကို ချည်ပြီးတော့ ယူလာခဲ့လေသည်။ ကံရာဇာ၊ မီးနူးနှင့်အီကူးက လှေတစ်စီး၊ မိုက်ခဲသုံးယောက်နှင့်အီဘူးတို့က လှေတစ်စီး။ ကမ်းမှ တရွေ့ရွေ့နှင့် ခွာခဲ့ကြလေသည်။ ရေခဲအတိ ဖုံးလွှမ်းလျက်ရှိခဲ့သော ဤနေရာကြီးသည် ချက်ခြင်းမှာပင် ရေပြင်ကြီးအတိ ပြောင်းလဲသွား





သည်မှာ မယုံနိုင်စရာပင်တည်း။

မီနူးသည် ကံရာဇာ့အပေါ်မှာ ယခင်ကထက်ပို၍ပြီးတော့ လိုက်လျောကာ ဆက်ဆံလာခဲ့လေသည်။

မကြာမီ . . .

ကမ်းကို ဆိုက်ကပ်ကြလေသည်။ ထိုအချိန်တွင် အမှောင်က ကျရောက်လာခဲ့ပြီဖြစ်လေရာ . . .

'အစ်ကို မှောင် မှောင်လာတော့မယ်၊ မိုးချုပ်တော့မယ်''

မီနူး၏မျက်နှာလေးမှာ ရုတ်တရက် ဖြူဖျော့သွားသည်။ နူးသာမက အီကူးနှင့်အီဘူးတို့သည်လည်း ထိတ်ပျာလျက် ရှိနေကြလေသည်။ အမှောင်ကျိန်စာ ကျရောက်လာကြတော့မည်ကို ထိတ်နေမိကြသောကြောင့်ပင်တည်း။

"ဟော်ပါ မီနူးရယ်၊ ဒီတစ်ခါ ညဘက်မှာ မီနူး မတ်တပ်လးအိပ်ပျော်နေခဲ့ရင်လည်း ကိုယ်က အိပ်ယာထဲမှာ သိပ်ပေးာပေါ့"

ကံရာဇာက မီနူး၏ နားမှာကပ်ပြီးတော့ ပြောလိုက်လေ . . .

"ဟင် . . . ဒါဆို အစ်ကိုက မီနူးကို အိပ်ယာထဲမှာ ပ်ပေးခဲ့တာပေါ့ . . . ဟုတ်လား သွား"

"ကိုယ် မီနူးကို လက်ဖျားနဲ့တောင် မတို့မိခဲ့ပါဘူး မရယ်"

မီနူးသည် ကံရာဇာကို အထင်ကြီးလေးစားသွားခဲ့ရလေ ည်။

ကမ်းပေါ်မှာလည်း လူတော်တော်များများက ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ မီနူး၏ မိဘများဖြစ်ကြသော မာနားနှင့်လီမားကိုလည်း ပါဝင်ကြလေသည်။

သူတို့သည် . . .

ကံရာဇာတို့ကို ပြန်တွေ့လိုက်ကြ၍ ဝမ်းသာသွားမိသော်လည်း တဖြည်းဖြည်းမှောင်လာသောကြောင့် ပြည့်ဝစွာ ဝမ်းမသာနိုင်ရှာကြ။ ရွာသူရွာသားများ အားလုံးသည်လည်း ထိုနည်းလည်းကောင်းပင်။

သို့သော် . . .

မိုးချုပ်သထက်ချုပ်လာခဲ့သည့်အထိ မိမိတို့၏ ခန္ဓာကိုယ်ကြီးသည် မည်သို့မျှ မပြောင်းလဲ၊ လှုပ်ရှားနိုင်ဆဲပဲရှိနေကြသောရာ တဖြည်းဖြည်းနှင့် အံ့အားသင့်သွားခဲ့ကြရသည်။

ထို့ထက်ပိုပြီးတော့ အချိန်တွေ ကုန်ဆုံးလာခဲ့ပြီးသောအခါ ညဉ့်လယ်ပိုင်းသို့ ရောက်လာခဲ့သည်နှင့် . . . ။

''အောင်ပြီ၊ အောင်ပြီ၊ ငါတို့ ကျိန်စာဆိုးက လွတ်မြောက်ပြီ''

ဟု လူကြီးတစ်ယောက်က ဝမ်းမြောက်ဝမ်းသာ၊ အားပါးတရအော်ဟစ်လိုက်သော အသံကြီးကို အားလုံးကြားလိုက်သည်။

ချက်ခြင်းလိုလိုပင် . . .

''ငါတို့တစ်ရွာလုံး ကျိန်စာဆိုးက လွတ်မြောက်သွားပြီ ပြီဟေ့''

ဟု တစ်ခဲနက် အော်ဟစ်လိုက်သော အသံကြီး ဘဝင်ထိအောင်ညံကာ ထွက်သွားပါလေတော့သည်။





ရွာအပြင်ဘက်မှာ မီးပုံကြီးများက တစ်ပုံပြီးတစ်ပုံ ဖြစ်ပေါ်လာခဲ့ကြသည်။ ရွာသူရွာသားများသည် မီးပုံကြီးကို ဝန်းရံကြပြီးတော့ ကခုန်ကြလေသည်။ သူတို့အားလုံး ကျိန်စာဆိုးက လွတ်မြောက်သွားခဲ့ကြလေပြီ။ နေ့စဉ်ညခံဘဝမျိုး မဟုတ်ကြတော့ပါ။

အထူးသဖြင့် . . .

ကံရာဇာကို ကောင်းသောကြမ္မာကို ယူဆောင်လာသောသူဟု ဆိုကြကာ ဂုဏ်ပြုပွဲ ပြုလုပ်ခြင်းလည်း ပါလေသည်။ ကံရာဇာတွေးမိသည်မှာ သူတို့နှင့်ဆုံတွေ့ခဲ့သော ပုဂ္ဂိုလ်ကြီးသည် သူတော်ဂန္ဓမှလွဲ၍ မည်သူမှမဖြစ်နိုင်ဟူ၍ . . . ။

မီနူးသည် ကံရာဇာဆီကို ပြေးလာပြီး . . .

''အစ်ကို လာ၊ မီနူးနဲ့အတူ ဘွဲကကြမယ်''

''နေဦး မီနူး၊ ငါ့လူတွေ''

''အို သူတို့လည်း ဟိုမှာ အတွဲတွေနဲ့ ကနေကြတယ်၊ အစ်ကိုကသာ နောက်ကျနေတာ''

''ဟုတ်လား''

''ဟိုမှာ''

ကံရာဇာကို မီနူးက လက်ညှိုးထိုးပြလိုက်သည်။

တခဏအကြာတွင် . . .

ကံရာဇာသည် မီနူးနှင့်အတူ မီးပုံပွဲ ကျင်းပနေကြလေသည်။ ရွာသူရွာသားများ အပျော်လွန်နေကြပြီး တစ်ညလုံး မအိပ်ကြတော့ပါ။

မိုက်ခဲသုံးယောက်ကို ဖမ်းဖို့ရောက်လာခဲ့သည့်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အတွက် မိမိဖာသာမိမိ ဆုံးဖြတ်ချက် ချရပေလိမ့်မည်။ မိမိသည် မျက်နှာဖြူအစိုးရ၏ တစ်ဖက်စောင်းနင်းအုပ်ချုပ်မှုကို အားပေးမည့်လူလော၊ အမှန်တရားကို လိုလားသူလော။

သူတော်ဂန္ဓပေးလိုက်သော အပြန်လျှို့ဝှက်လမ်းကြောင်းမြေပုံကို အသုံးပြုကာ မိုက်ခဲသုံးယောက်ကို ခေါ်ဆောင်သွားခဲ့ရပေမည်။

''အစ်ကို ဘာတွေ စဉ်းစားနေတာလဲ၊ မီနူးနဲ့ကတာ မပျော်လို့လားဟင်''

အမှတ်မထင် ထွက်ပေါ်လာသော မီနူး၏အသံကြောင့် မိမိအတွေးလွန်သွားမှန်း သိလိုက်ရသည်။

''ဪ . . . မီနူး၊ ပျော် ပျော်ပါတယ်၊ တစ်ရွာလုံးရဲ့ အပျော်တွေကို မြင်ရတော့ ကိုယ်လည်းပျော်နေမိတာပေါ့''

မီနူးနှင့်အတူ တွဲပြီးတော့ ကနေမိသည်။ မီးရောင်အောက်မှာ မီနူး၏ မျက်နှာလေးက ဆွဲဆောင်မှုအပြည့်ရှိနေသည်။ သူမသည် ကံရာဇာကို တွယ်တာနေလေပြီတည်း။

ထိုစဉ် . . .

အလင်းတန်းကြီးတစ်ခုက နှင်းတောင်တစ်နေရာမှ ထွက်ပေါ်လာပြီး ကောင်းကင်ထက်သို့ ထိုးတက်သွားသည်။ ပဒုမသေလတောင်ဘက်ဆီကဟု ထင်မိလိုက်သည်။ ကောင်းကင်ထက်မှာ အတန်ကြာ လင်းထိန်လျက်ရှိနေလေသည်။ သူတော်ဂန္ဓသည် ရွာသားများ၏ အပျော်ကိုသိကြောင်း ပြလိုက်လေသလားဟု၍

ကံရာဇာသည် မဟာမေ့နယ်မြေကြီးအတွင်းမှာ ဖြစ်ပွားခဲ့သော ထူးဆန်းဖြစ်ရပ်များကို ဤတစ်သက်မှာ ဘယ်တော့မှ မမေ့နိုင်တော့ပြီတည်း။

သူ့ကို ရွှန်းလဲ့သောမျက်ဝန်းတွေဖြင့် ကြည့်နေသော မီနူး၏မျက်နှာလေးကို ကြည့်ရင်း ရင်ခုန်လာမိပါတော့သည်။

ကြိုးစားပါဦးမည်။
မင်းစက္က







BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းအကျဉ်း

မင်းစက္က

## ကံရာဇာနှင့်မိုက်ခဲသုံးယောက်

ကံရာဇာသည် တာဝန်တစ်ရပ်နှင့် ခရီးထွက်လာရင်း တိဗက်နယ်ထဲကို ရောက်လာခဲ့လေသည်။ သူရောက်ရှိခဲ့သော နယ်မြေသည် ထူးခြားမှုများနှင့် ပြည့်နေလျက်ရှိသည်။

ကံရာဇာကို ငှက်မျက်နှာမျိုးရှိသော လူများက လိုက်လံတိုက်ခိုက်ကြသည်။ ထိုသူများကို ရင်ဆိုင်တိုက်ခိုက်ရင်း ထွက်ပြေးရသည်။ ဤသို့ပြေးရင်း မဟာဓမ္မနယ်မြေကြီးထဲကို ရောက်သွားခဲ့ကြလေသည်။

ရှေးဟောင်းကျောင်းကြီးတစ်ခုတွင် နေထိုင်သော သူတော်စင်ကြီး အာစိဏ္ဏနှင့် မမျှော်လင့်ဘဲ ဆုံမိသည်။ လမ်းပျောက်နေသော ကံရာဇာကို အာစိဏ္ဏက လမ်းညွှန်ပေးခဲ့သည်။

ခရီးဆက်ပြီး ထွက်ခဲ့ရာ ဂူတစ်ဂူအတွင်းမှာ နေထိုင်သော လူပုကလေးအဖိုးအိုနှင့် ဆုံမိလေသည်။

လူပုကလေးအဖိုးအိုသည် ကံရာဇာကို ထပ်ဆင့်လမ်းညွှန် ပေးလေသည်။ ဂူတွင်းတစ်နေရာရှိ လေမှုတ်တွင်းကြီးထဲကို ဆင်းစေရာ နဂါးမျိုးနွယ်များ နေထိုင်ကြသော နဂါးမောက်တောင်ကြီးထဲသို့ ရောက်ရှိသွားခဲ့လေသည်။

နဂါးမောက်တောင်ကြီးထဲတွင် နဂါးမျိုးနွယ်များသည် မိုက်ခဲသုံးယောက်ကို ဖမ်းဆီးထားကြသည်။ ကံရာဇာသည် နဂါးမျိုးနွယ်စုများ၏လက်ထဲက မိုက်ခဲသုံးယောက်ကို ကယ်တင်ကာ





ထွက်ပြေးလာခဲ့ကြသည်။ ထိုသူများနှင့် ရင်ဆိုင်တိုက်ခိုက်ရင်း လွတ်မြောက်သွားခဲ့ကြလေသည်။

ကံရာဇာသည် မိုက်ခဲသုံးယောက်တို့နှင့်အတူ ခရီးထွက်လာခဲ့ကြရာ နှင်းမုန်တိုင်းကြောင့် အသက်လုပြီးတော့ ပြေးကြရသည်။ နောက်ဆုံးမှာ ပဒုမသေလတောင် တောင်ခြေဂူထဲမှာ ရှိနေသည့် သူတော်ဂန္ဓနှင့် တွေ့ဆုံမိလေသည်။

သူတော်ဂန္ဓနှင့်ပတ်သက်သည့် နောက်ကြောင်းကား။

\+ + + + +

BURMESE CLASSIC .com

ကံရာဇာသည် မိုက်ခဲသုံးယောက်ဆီကို မရောက်မီ ထူးဆန်းသော ရွာကလေးတစ်ရွာကို အရင်ရောက်ခဲ့သည်။ ထိုနေရာဒေသသည် နေရောင်ကို မမြင်နိုင်ကြ။ နှင်းများက ထာဝရကျဆင်းလျက် ရှိနေကြလေသည်။

ရွာသူရွာသားများသည် နေ့ဘက်တွင် အလုပ်လုပ်ကြသည်။ ညဘက်ရောက်သည်နှင့် မည်သူမှမလှုပ်ရှားနိုင်ကြတော့ပဲ ရုပ်တုကြီးများပမာ ဖြစ်သွားခဲ့ကြလေ့သည်။

ကံရာဇာသည် ယင်းရွာသားအဖိုးအို မာနာက ပြောပြသော ဒဏ္ဍာရီဇာတ်လမ်းတစ်ပုဒ်ကို ရရှိခဲ့သည်။ ယင်းကား -

တောထဲအမဲလိုက်ထွက်ရင်း မြေတွင်းကြီးထဲ၌ရှိနေသော သူတော်ဂန္ဓကို မမျှော်လင့်ဘဲ တွေ့ခဲ့ရလေသည်။ သူတော်ဂန္ဓက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို နဂါးမျိုးနွယ်တွေက ဒဏ်ခတ်ထားကြောင်း ပြောပြသည်။

သူ့ကို ချည်နှောင်ထားသော နဂါးပတ်ကြိုးများကို နဂါးမျိုးနွယ်စုများ အလွှတ်အမြှတ်ထားသော ရွှေပုဆိန်ဖြင့် အသုံးပြုမှသာ ရနိုင်ကြောင်း ပြောပြသည်။

မိုးကို သူ၏ စကျူဗလသိဒ္ဓိဓါတ်လုံးပေးလိုက်သည်။ မိုးသည် ယင်းဓါတ်လုံးဖြင့် စွမ်းအားတွေ မြစ်ပေါ်လာကာ နဂါးများ၏နေရာကို ဖောက်ထွင်းဝင်ရောက်နိုင်ခဲ့သည်။

ရွှေပုဆိန်ကို အရယူပြီး သူတော်ဂန္ဓ၏ အနှောင်အဖွဲ့များကို ဖြတ်တောက်ပေးနိုင်ခဲ့လေသည်။ သူတော်ဂန္ဓလွတ်မြောက်သွားခဲ့သည်။ ထိုဓါတ်လုံးနှင့် ရွှေပုဆိန်ကိုလည်း မိုးအား ပိုင်ဆိုင်ခွင့် ပေးလိုက်သည်။

မိုးသည် နဂါးမျိုးနွယ်စုတို့၏ ရန်ငြိုးကို ကြောက်ပြီး ရွာကလေးမှ ထွက်ပြေးသည်။

မကြာမီ . . .

နဂါးမျိုးနွယ်စုတို့ ရောက်လာကြပြီး ပီဖလန်ရွာကလေးကို ကျိန်စာတိုက်ခဲ့လေသည်။ ယင်းရွာကလေးရှိ လူအားလုံးသည် နေ့စဉ်ညခံ ရုပ်တုများဘဝကို ရောက်သွားခဲ့ကြရသည်။

ကံရာဇာသည် ယင်းအဖြစ်အပျက်များကိုသိပြီးနောက် ရွာမှ ထွက်လာခဲ့သည်။ ငှက်လူများ၏ တိုက်ခိုက်မှုကို ခံခဲ့ရသည်။

ကံရာဇာသည် မြင်းနှင့်ထွက်ပြေးရင်း ဂူကြီးတစ်ခုထဲကို ရောက်သွားခဲ့လေသည်။ ဂူထဲမှာ လူတစ်ယောက်၏ အရိုးစုနှင့် ရွှေပုဆိန်ကြီးကို တွေ့လိုက်ရသည်။ အရိုးစု၏ ပါးစပ်ထဲမှ လုံးလုံးအရာကလေးတစ်ခုကို နှိပ်မိကာ ချော်သွားပြီး ကံရာဇာ၏





ပါးစပ်ထဲမှတစ်ဆင့် ဝမ်းထဲကို ရောက်သွားခဲ့သည်။

ကံရာဇာ ဂူမှအထွက် လူငှက်များ၏ တစ်ဖန်အတိုက်ခံခဲ့ရကာ ထွက်ပြေးရင်း မဟာခမ္မနယ်မြေကြီးထဲကို ရောက်သွားခဲ့ခြင်းပင်။

\+ + + + +

ကံရာဇာသည် နဂါးမျိုးနွယ်များ ဖမ်းဆီးထားသော မိုက်ခဲသုံးယောက်ကို သွားရောက်ကယ်တင်ရာ ရွှေရဲဒင်းကြီးကို မှုလနေရာမှာ ပြန်ပြီးတော့ ထားလိုက်သည်။

သူကို့လေးယောက်စလုံး ပဒုမသေလတောင်ရှိ သူတော်ဂန္ဓဆီကို ရောက်သွားခဲ့ကြသည်။ သူတော်ဂန္ဓသည် ကံရာဇာသည် ဘဝဆက်တစ်ခုက သူ၏သားဖြစ်ခဲ့ကြောင်း ပြောပြသည်။ ပီဖလန်ရွာသားမိုးသည်လည်း ကံရာဇာပင် ဖြစ်ခဲ့ကြောင်း ပြောပြသည်။

ကံရာဇာတို့ပြန်လာခဲ့ကြရာ ပီဖလန်ရွာကလေးကို ပြန်ရောက်လာကြသည်။ ထိုရွာသားများသည် သူတော်ဂန္ဓကြောင့် ကျိန်စာပြေပျောက်သွားကြသည်။ နေ့စဉ်ညခံဘဝမှ လွတ်မြောက်သွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အညွှန်း

* နဂါးကြီးတစ်ကောင် ခွေနေသည့်ကဲ့သို့ သဏ္ဌာန်သူသော နဂါးမောက်တောင်ကြီး။
* နဂါးမောက်တောင်ကြီး၏အတွင်းမှာ နေထိုင်ကြသော နဂါးမျိုးနွယ်စုများ။
* ပီဖလန်ရွာသားမိုးနှင့် မတော်တဆတွေ့ဆုံခဲ့သော သူတော်ဂန္ဓ၊ ကမ္ဘာ့မြေပြင်အောက်မှာ အကျဉ်းကျခံနေရသော သူတော်ဂန္ဓ။
* နဂါးများ ပိုင်ဆိုင်သော ရွှေပုဆိန်ကြီးကို မိုးက ဘယ်လိုရယူခဲ့သလဲ ?
* စကြဝဠာလသိဒ္ဓိခါတ်ရှင်လုံးနှင့်မိုး၊ မြေအောက်မှာ အနှစ်သုံးဆယ်လုံးလုံး အကျဉ်းကျခံနေရသော သူတော်ဂန္ဓ၏ အတိတ်ဘဝက ဝဋ်ကြွေး။
* နဂါးပတ်ကျောက်ကွင်းသံကြိုးနှင့်ရွှေပုဆိန်ကြီး၏ သိဒ္ဓိတန်ခိုး။
* ကာလဖုန်တစ်ခုအတွင်းသို့ ကျရောက်သွားခဲ့သော ကံရာဇာ၊ လူမျက်နှာသဏ္ဌာန်လှုင်ကျက်များ၊ ငှက်မိစ္ဆာများကို ကံရာဇာ ရင်ဆိုင်တိုက်ခိုက်ရခြင်း။
* မဟာခမ္မနယ်မြေရှိ သူတော်စင်ကြီး အဲဝိတ္တာ။
* လူပုကလေးအဖိုးအိုနှင့် ကံရာဇာတွေ့ဆုံရခြင်းအကြောင်းက
* ကံရာဇာသည် နဂါးပြည်ထဲကို မည်သို့စင်ခဲ့သလဲ ?
* မြေတွင်းကြီးထဲမှာ တက်လိုက၊ ကျလိုက်နှင့် ရှိနေကြသော လေလုံးကြီးများ။





* အမြွှာပူးနဂါးစိမ်းနှင့်နဂါးနီတို့က ကံရာဇာကို မည်သို့ကူညီခဲ့သလဲ ?
* နဂါးမယ်လေးများ၏ တိုက်ခိုက်မှုကို ခံလိုက်ကြရသော ကံရာဇာနှင့် မိုက်ခဲသုံးယောက်။
* မိုက်ခဲသုံးယောက်က ဘယ်လိုလူစားတွေလဲ ?
* နှင်းတောင်ဂူကြီးထဲက အရိုးစုတစ်စုနှင့် ရွှေပုဆိန်။
* နေ့စဲ၊ ညခံဘဝနှင့် ကျိန်စာသင့်နေကြသော ရွာသူရွာသားဆီကို ကံရာဇာရောက်သွားသောအခါ။
* နှင်းမုန်တိုင်း အတိုက်ခံရသော ကံရာဇာနှင့် မိုက်ခဲသုံးယောက်။
* ပီဖလန်ရွာသားမိုးနှင့် ကံရာဇာဘယ်လို ဆက်စပ်မှုရှိနေခဲ့သလဲ ?
* စသည့် စသည်ဖြင့် ကံရာဇာနှင့်မိုက်ခဲသုံးယောက်က စာဖတ်သူများကို ဘဝင်တသိမ့်သိမ့် ရင်တငြိမ့်ငြိမ့်ဖြစ်အောင်လိုက် ဖိုမောဖွယ် ခံစားရမအောင် ဝတ္ထုအစမှသည် အဆုံးအထိ ခေါ်ယူသွားပါလိမ့်မည်။



www.burmeseclassic.com